www.burmeseclassic.com

# ဆုမြတ်မွန်မွန်

အလွမ်းတွေနီစွေးဖို့ နှလုံးသား
တစ်ခုလုံးရဲ့ပေးရတယ်



BURMESE CLASSIC .com

Design L လင်း

www.burmeseclassic.com

www.burmeseclassic.com

# ဆုပြတ်မွန်မွန်

အလွမ်းတွေနှီးခွေဖို့ နှလုံးသားတစ်ခုလုံးငှဲပေးရတယ်

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၂၃၀၇၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၉၃၅၀၇၀၉

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၀၀၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

ဆုပြတ်မွန်မွန်
အလွမ်းတွေနှီးခွေဖို့ နှလုံးသားတစ်ခုလုံးငှဲပေးရတယ်/ဆုပြတ်မွန်မွန်-ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၂၀၈- စာ၊ ၁၂x၁၈ စင်တီ၊
(၁) အလွမ်းတွေနှီးခွေဖို့ နှလုံးသားတစ်ခုလုံးငှဲပေးရတယ်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး၊ ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ဆုမြတ်ပွန်ပွန်

## အလွမ်းတွေနှီစွေးပို့
## နှလုံးသားတစ်ခုလုံး ရဲပေးရတယ်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







တစ်ခါတစ်ရံမှာတော့ အချစ်ဦးဆိုတာ ပထမဦးဆုံးနဲ့ နောက်ဆုံးအချစ်ဆိုတာ ဖြစ်တတ်ပါတယ်။ ဘယ်နောက်အချစ်ကမှအတိတ်ရဲ့အမှတ်ရစရာတွေကို မမေ့မှိန်စေနိုင်တဲ့ အချစ်မျိုးဆိုတာ ရှိတတ်ပါတယ်။ ဒါပေမဲ့လည်း တို့တွေရဲ့ ဘဝယဉ်ကျေးမှုလည်ပတ်ပုံမှာ လူတစ်ဦးတိုင်းဟာ သူ ပါဝင်ရမယ့်အခန်းကို သရုပ်ဆောင်ကြရတာမို့ အမှတ်တရပန်းပွင့်တိုင်းဟာ သူ့မွေးရပ်နဲ့ကို နလုံးသားမှာ ချန်ရစ်ခဲ့ကြစမြဲပါ။ ။

www.burmeseclassic.com

www.burmeseclassic.com







## ၁

"ကျူး ... ဟိုတစ်ယောက် နင့်ကိုခိုးငေးနေတယ် သိလား"

သဒ္ဒါက ကျူးအနားသို့ ခပ်တိုးတိုး ကပ်ပြောလျှင် ကျူးက မျက်မှောင်တစ်ချက် ကျုံ့သွားသည်။ ဘယ်တစ်ယောက်လဲလို့ ပြန်မေးနေရစရာ မလိုပါ။ သဒ္ဒါတစ်ယောက် ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောတယ်ဆိုတာ ကျူး သိပြီးသားဖြစ်သည်။ အဲဒီတစ်ယောက်ဟာ ဘာသဘောမှန်းလဲ မသိ။ လူကို ပေါ်တင်ကြည့်တာမျိုး၊ ပြုံးပြမိတ်ဖွဲ့တာမျိုး၊ တစ်ခုခု အကြောင်းပြပြီး ခင်မင်အောင် လုပ်တာမျိုး ဘာတစ်ခုမှ မလုပ်ဘဲ မသိမသာပဲ ခိုးငေးနေတတ်သည်မှာ ကျူးတို့ ဒီသင်တန်း စ,တက်တည်းက ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်စာရင်း ထွက်ပြီးကတည်းက ကျူး နဲ့ သဒ္ဒါတို့နှစ်ယောက် Golbal English သင်တန်းသို့ တက်ရောက်ခဲ့ကြခြင်းဖြစ်ကာ သင်တန်းစတက်တည်းက သူ့ကိုသတိထားမိခဲ့ခြင်းဖြစ်သည်။ သတိထားမိဆို နေရာတကာမှာ ရှပ်ပျာရှပ်ပျာနိုင်သော သဒ္ဒါက သူ့ဖိနပ်ကို နောက်ကနေ၍ တက်နင်းမိခဲ့တာ ဖြစ်သည်။ ရှေ့ကို ဟပ်ထိုးလဲမလို ဖြစ်သွားသော သူက နောက်သို့ပြန်လှည့်ကြည့်ရင်း သဒ္ဒါကို စိတ်မဆိုးခဲ့သည်မှာ သဒ္ဒါက ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်သောကြောင့်လည်းမဟုတ်။ သဒ္ဒါဆောက ကျူးသည်လည်း စတိုင်လ်မိုက်မိုက် မိန်းကလေးတစ်ယောက် ဖြစ်နေလို့လည်းမဟုတ်။ သူ့ပုံစံကကို အေးဆေးတည်ငြိမ်သော ကောင်လေးတစ်ယောက်ပုံစံ ဖြစ်နေ၍ပင်။

ဆောရီးနော် ... တကယ် မတော်လို့ပါ ဟူသော သဒ္ဒါရဲ့အပြောကို သူက "ရပါတယ်"ဟူသောအပြောနှင့် ခေါင်းတစ်ချက် ဆတ်ပြသွားရုံမှလွဲ၍ အပိုစကား ဘာမှမပြောခဲ့ပါ။ သဒ္ဒါက ကျူးကို ပခုံးတစ်ချက်တွန့်ပြကာ "မိုက်တယ်နော်"ဟု ပြောခဲ့တာကိုလည်း ကျူး မှတ်မိသေးသည်။ အဟုတ်ကိုပင် နောက်တော့လည်း သူက ကျူးတို့သင်တန်း၏ ခပ်မိုက်မိုက်စာရင်းဝင်တစ်ယောက် ဖြစ်လာခဲ့သည်။ သူ့ရုပ်က အချောစားကြီး





မဟုတ်သော်လည်း သူ့မျက်လုံးတွေက ထူးထူးခြားခြား ယောကျ်ားလေးတန်မဲ့ လှပလွန်းနေတာကိုတော့ ကျူးက အသိအမှတ်ပြုရသည်။ သင်တန်းမှာ တခြားယောကျ်ားလေးတွေလို ရွှတ်ရွှတ်နောက်နောက် ပုံစံမျိုး၊ ပေါ့လားဝါးလားပုံစံမျိုး သိပ်မတွေ့ရဘဲ သူ့သူငယ်ချင်းတစ်ယောက်နဲ့သာ ခင်အေးအေးနေတာ များသည်။ ခပ်အေးအေး ဆိုသော်လည်း သူ့ပုံစံက ဘယ်သူနဲ့မှ မရောချင်သော သီးသန့်စတိုင်လ်ကြီးလည်းပဲ မဟုတ်။ စကားပြောစရာရှိတာပြော၊ ကူညီစရာရှိတာ ကူညီတတ်ပြီး အေးအေးဆေးဆေးနေတတ်သူတစ်ယောက်သာ ဖြစ်သည်။

အဲဒီလို အေးအေးနေတတ်သူကို စိတ်ဝင်စားကြသော ကောင်မလေးတွေ၊ ဓာတ်လမ်းရှာကြသော ကောင်မလေးတွေကလည်း မရှား။ သို့သော် သူကတော့ အေးအေးဆေးဆေးမှ အေးအေးဆေးဆေး။ အဲဒီ အေးအေးဆေးဆေးရဲ့ မျက်ဝန်းတွေသည် ကျူးကို ခိုးခိုးငေးနေတတ်တာကို သိခဲ့ရတာတော့ သိပ်မကြာခင်ကမှ ဖြစ်သည်။ ကျူးကို အမြဲတမ်း သိသိသာသာ လှမ်းကြည့်နေတာလည်း မဟုတ်။ သို့သော် မျက်လုံးချင်းက အမှတ်တမဲ့လိုလို ဆုံဖြစ်နေတာ ကြာပြီဆိုတော့ ကျူးဟာလည်း သူ့အကြည့်တွေကို စိတ်ထဲကတော့ တိတ်တဆိတ် အသိအမှတ်ပြုထားပြီးသားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"မျက်ဝန်းက နင့်ကို ကြွေနေတာတော့ သေချာတယ်"

သဒ္ဒါက ခပ်ကျိတ်ကျိတ် ထပ်ပြောသည်။ သူ့မျက်လုံးတွေဟာ ယောကျ်ားတန်မဲ့ လှပလွန်းသဖြင့် သဒ္ဒါကပဲ သူ့ကို "မျက်ဝန်း"ဟု nick name ပေးထားခြင်းဖြစ်သည်။

ကျူးက မနေ့က သင်ထားသော သင်ခန်းစာများကို ပြန်ဖတ်နေရင်းမှ ...

"ဘာတွေလဲ။ လျှောက်ပြောမနေစမ်းပါနဲ့"

"ကျွတ် ... နင် မယုံဘူးလား။ လောင်းမလား"

"ဟက် ... နင်က ဘာကိုကြည့်ပြီး ပြောနေရတာလဲ။ တစ်ယောက်ချင်းစီရဲ့ ကစားကွက်တွေကို သိနေတဲ့ ဘောလုံးပွဲတွေမှာတောင် အနိုင် အရှုံး လောင်းရတာကို ဘယ်သူကမှ သေချာမသိဘူး"

"ဩော် ... မသိလို့ပဲ လောင်းနေကြတာပေါ့။ သူ့မျက်ဝန်းတွေက နင့်ကို ငြိနေတဲ့အရိပ်တွေ အသိသာကြီးပဲ"

"နင်က မျက်ကဲခတ်တော်သူကြီးပေါ့လေ"

"ရက်စ် ... ဟုတ်ပါတယ် ဆိုမှဟာ။ ဟဲ့ ... နင်ကရော။ နင်ကရော ... ဘယ်လိုလဲဟင်"

ကျူးသည် သဒ္ဒါရဲ့အမေးကို စိတ်ရှုပ်သလို ရယ်မိသော်လည်း မျက်လုံးထဲမှာတော့ ဆံပင်အညိုရောင် အလန့်လေးများနှင့် စပို့ရှပ်အဆင်အသွေး အရောင်စုံစွာကို ဖက်ရှင်ကျကျစွာ ဝတ်တတ်သော အပြုံးအေးအေးပိုင်ရှင် ရင်ခုန်ချင်စရာ ကောင်လေးကို ဖျတ်ခနဲ မြင်ယောင်မိလျှင် နှလုံးသားက နွေးနွေးကလေးဖြစ်သွားသလို ခံစားရသည်။ ကျူးတို့အရွယ်သည် ဆယ်တန်းအောင်ပြီးခါစ ရည်ရွယ်ချက်၊ ရင်မှန်းချက်တွေ ကိုယ်စီဖြင့် သင်တန်းတွေတက်ကာ ဘဝအတွက် မျှော်လင့်ချက်အပြည့်ဖြင့် စတင်ကြိုးစားနေပြီဖြစ်သော်လည်း တစ်ဖက်ကလည်း နုငယ်သော နှလုံးသားပိုင်ရှင်လေးတွေပီပီ အချစ်ဆိုတဲ့ အရာကို စတင်ရှူးစမ်းချင်စိတ်တွေ ရှိလာသော အရွယ်ဖြစ်သည်။

ဖူးပွင့်စ နှလုံးသားလေးသည် ကိုယ့်နှလုံးသားကို ခပ်ပြင်းပြင်း လာရောက်တိုက်ခတ်မည့် လေပွေတစ်ချက်နဲ့ ကြုံလျှင်တော့ မွေ့ခနဲ ဖြစ်သွားမည် ထင်သည်။ အဖြူဦးစ ရင်ခုန်တတ်စအရွယ်မှ နှလုံးသားလေးသည် အချစ်ကို တိတ်တိတ်လေး ခံစားတတ်နေတာကတော့ အသေအချာပဲ ဖြစ်တော့သည်။

"အံမယ်လေး ... ဘောပင်ကြီးကိုက်ပြီး ပီတိတွေ ဖြာနေလိုက်တာ။ ပြောစမ်း ... နင်ကရော မျက်ဝန်းကို ထိနေတယ် မဟုတ်လား"

"အို ... တော်စမ်းပါဟာ။ ဘာဆိုင်လို့ ထိရမှာလဲ။ သူက ဖြင့် ငါ့ကို ရင်ခုန်အောင် ဘာလုပ်သေးလို့လဲ"





www.burmeseclassic.com

www.burmeseclassic.com

"အံမယ် ... အံမယ်။ ဒါဖြင့်ရင် ရင်ခုန်အောင်လုပ်ရင်တော့ ရင်ခုန်မယ်ပေါ့လေ၊ ဟား ဟား ... စိတ်ရင်းအမှန်တွေ ပေါ်ပြီဟေ့"

"ကျွတ် ... သဒ္ဒါကလည်းဟာ။ အဲလို မဟုတ်ပါဘူး။ နင် လျှောက်လျှောက်ပြောမနေနဲ့နော်။ တော်ကြာ သူများတွေ ကြားသွားလို့ တစ်မျိုးထင်ကုန်မယ် ...

ငါတို့ကပဲ သူ့ကို တစ်ဖက်သတ် ကြွေနေသလို ဖြစ် နေမယ်"

"သြော် ... ဘာဖြစ်လဲ။ နင်က Blue Berry သီချင်းတွေကို ကြိုက်တာပဲ မဟုတ်လား။ အဲဒီအတိုင်း ခံစားလိုက်ပေါ့။ ချောချောလေးမို့ ချစ်တာ ... ရိုးရိုးလေးမို့ ချစ်တာ ... စတွေ့တည်းက ချစ်တာ မင်းပါ ... မင်းပါ ... ငါ့ဘဝထဲ အရာရာ မင်းလေးပါ ... မင်းနဲ့ ဝေးရရင်တော့ ငါ့အသည်းတွေ ကွဲကြေမယ်ပေါ့ ... ဟဲ ... ဟဲ"

သီချင်းနှစ်ပုဒ်ကို Mix လုပ်ကာ ပြောင်စပ်စပ် ဆိုပြနေသော သဒ္ဒါ့ပုံစံကို ကြည့်လျက် ကျူးက သဘောတကျနှင့် ဟက်ဟက်ပက်ပက် ရယ်မိသည်။ အဲဒီလို ရယ်နေရင်းမှ ဘယ်လိုအာရုံ အသိစိတ်က နှိုးဆော်သလဲတော့ မပြောတတ်ပါ။ မျက်လုံးတွေက ဖျတ်ခနဲပဲ တစ်နေရာသို့ အကြည့်ရောက်သွားလျှင် ကျူး





ကို လှမ်းငေးနေသော မျက်ဝန်းရဲ့အကြည့်တွေနဲ့ သွားဆုံသည်။ ဒီတစ်ခါတော့ သူက ခိုးကြည့်တာ မဟုတ်ဘဲ ကျူးကို ပေါ်တင်ကို ငေးကြည့်နေတာ ဖြစ်သည်။ ကျူး မိသွားလို့လည်း အကြည့်တို့ကို လွှဲဖယ်သွားတာမျိုး မတွေ့ရ။ ကျူးက သူ့ကို ခပ်နက်နက်လေး စိုက်ကြည့်ဖြစ်လျှင် သူ့နှုတ်ခမ်းတွေက ပြုံးယောင်သမ်းကာ ကျူးကို ရွှန်းလဲ့တောက်ပသော အကြည့်တို့ဖြင့် ပိုစိုက်ကြည့်လာသည်။

မျက်ဝန်းဆိုသည့် Nick name အတိုင်း သူ့မျက်ဝန်းတွေဟာ တောက်ပအသက်ဝင်လွန်းသဖြင့် ကျူးသည် အဲဒီအကြည့်ဒဏ်တွေကိုတော့ ကြာကြာရင်ဆိုင်နိုင်စွမ်း မရှိတော့သဖြင့် မျက်လွှာကို အသာချကာ လွှဲဖယ်လိုက်ရသည်။ သို့သော် ရင်ခုန်သံတွေ မြန်လာတာတော့ ကိုယ့်ဟာကိုယ်ပဲ သိလေသည်။ အကြည့်တို့က ဗလာစာအုပ်ပေါ်မှာ စိုက်ထားသော်ငြားလည်းပဲ မျက်လုံးထဲမှာတော့ သူ့မျက်ဝန်းပုံရိပ်တို့က ထင်ဟပ်ဆဲ။

လူတကာတွေ ပြောပြောနေတဲ့ ရင်ခုန်ခြင်းဆိုတာကို ကျူး စတင်တွေ့ရှိခဲ့ပြီဖြစ်သည်။ ဖြည်းဖြည်းလေးနဲ့ ငြိမ့်ငြိမ့်လေးခုန်နေသော နှလုံးသားသည် တကယ်ပဲ ထူးဆန်းချိုမြိန်သော အရသာဖြစ်ပါသည်။

✧ ❤ ✧


www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ဘာလဲ၊ မင်းက အဲဒါ ဝယ်မလို့လား"

ဝေဖြိုးက သူ ကိုင်ကြည့်နေသော ဓာတ်ဝံရုပ်ကိုကြည့်ကာ မေးလိုက်လျှင် ခေါင်းခိုက်က ပြုံးကာ ခေါင်းတစ်ချက်ယမ်းပြလိုက်သည်။

"ဝယ်ချင်ဝယ်လေ၊ မင်း ကောင်မလေးကို ပေးချင်နေတာ မဟုတ်လား"

"ဟော့ကောင် ... ဘာ ငါ့ကောင်မလေးလဲ။ လျှောက်ပြော မနေနဲ့"

သူက သူမသိက္ခာအတွက် စိုးရိမ်ပြီးဟန့်လျှင် ဝေဖြိုးက ပခုံးကိုတွန့်ကာ ကျောပိုးအိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်ယူကာ အရုပ်ဖိုးကို ရေတွက်ပေးနေသည်။ သူနဲ့ ဝေဖြိုးမှာ ရှော့ပင်းမောလ်ကြီးတစ်ခုရှိ အရုပ်ဆိုင်တစ်ဆိုင်မှာ ဝေဖြိုး လိုက်နေသော ကောင်မလေးအတွက် အရုပ်ဝင်ဝယ်တာ ဖြစ်သည်။ ပြီးလျှင်





ကော်ဖီဆိုင် ခဏထိုင်ကြမည်။ သင်တန်းချိန်ရောက်တော့မှ သင်တန်းသို့ သွားကြမှာဖြစ်သည်။

ကော်ဖီဆိုင်မှာ ကော်ဖီကိုယ်စီ မှာပြီးကြလျှင် ဝေဖြိုးက သူ့ကို အခုနကစကား ထပ်ဆက်သည်။

"နေပါဦး၊ မင်းက လှခေါင်ရင့်ကျူးကို တကယ် Heart ထိတယ် မဟုတ်လား"

သူက ဝေဖြိုးရဲ့စကားကို ချက်ချင်းမဖြေမိဘဲ မျက်လုံးထဲတွင် နှုတ်ခမ်းထူထူနှင့် မျက်လုံးတောက်တောက် ကောင်မလေး၏ ချစ်စဖွယ်ပုံရိပ်တို့ကို ဖျတ်ခနဲမြင်ယောင်လာမိသည်။ ဘော့ပ်ဟဲပုံစံ ဆံပင်တိုအုပ်အုပ်လေးနှင့် ကလေးမလေးတစ်ယောက်လို ချစ်ဖို့ကောင်းသော ကောင်မလေးသည် သင်တန်းတက်ပြီး သိပ်မကြာခင်မှာပဲ သူ့ရင်တွင်းသို့ ရောက်လာသူလေးလည်း ဖြစ်သည်။ လှငယ်တွေကြားထဲက အဲဒီ အခြင်းအရာတစ်ခုကတော့ တော်တော်ပဲ ထူးဆန်းပါသည်။ သင်တန်းမှာ ကောင်မလေးတွေအများကြီး ရှိတဲ့အထဲက ဒီကောင်မလေးကို ဘာကြောင့်များ သူ့နှလုံးသားက ရွေးချယ်မျက်စိကျသွားသလဲတော့ မပြောတတ်ချေ။

ချစ်ဖို့ကောင်းသော သူမရဲ့ပုံစံလေးကို မကြာခဏ ခိုးခိုးငေးတတ်နေရာမှ အခုတော့ ပေါ်တင်ငေးသည့်အဆင့်သို့ ရောက်ခဲ့ပြီဖြစ်သည်။ သို့သော် သူသည် ဘယ်ခြေလှမ်းက်မှ မစ



www.burmeseclassic.com

www.burmeseclassic.com



ရသေး။ သူမမျက်နှာလေးကိုငေးကာ တစ်ယောက်တည်း ကြည်နူးရတဲ့ အနေအထားကိုပဲ ကျိတ်၍ရင်ခုန်ဆဲဖြစ်သည်။ သူမဘက်က အမှတ်တမဲ့ ပြန်ရောက်လာသော မျက်ဝန်းလေးတွေနဲ့ ဆုံရရင်တော့ အဲဒီနေ့အဖို့သည် သူ့အတွက် ရက်ရာဇာပဲ ဖြစ်တော့သည်။

"မင်း ခြေလှမ်းတွေ နေးမနေနဲ့တော့နော်။ တော်ကြာ ကျန်ခဲ့ဦးမယ်"

"ဟာ ... ဘာလို့လဲ၊ မင်းကို ဘယ်သူက ဘာပြောလို့လဲ"

"မင်းအတွက်နဲ့ ငါ့မှာ ငါ့ကောင်မလေးကို မသိမသာကပ်မေးထားရတာပေါ့။ သူ့အကြောင်းတွေ သိသင့်သလောက်တော့ ငါ သိခဲ့တယ် ...

အဲဒါ ဒီနေ့ မင်း ငါ့ကို ကော်ဖီတော့ တိုက်ရလိမ့်မယ်"

"ဟာ ... တိုက်ပါတယ်ကွာ၊ ပြောစမ်းပါ ဘာတွေလဲ"

ဝေဖြိုးက သူ့ကို အသည်းအသန်ပဲဟူသော ပုံစံဖြင့် မျက်စောင်းတစ်ချက် ကဲကြည့်ကာ ...

"နေစမ်းပါဦး၊ မင်းကို ငါ မေးပါဦးမယ်။ မင်းကွာ သူ့ကို တကယ်လည်း ကြွေရဲ့သားနဲ့များ ဘာကိစ္စ အေးအေးဆေးဆေးကြီး လုပ်နေရတာလဲ ...





အိုင်တီခေတ်ကြီးထဲမှာ နောက်ကျကျန်နေခဲ့ရင် ပွမ်းသွားမယ်ဆိုတာ နားမလည်ဘူးလား"

"အေးအေးဆေးဆေးနေတာ မဟုတ်ပါဘူးကွာ။ သူ့ကို ငါက အလေးအနက်ထား ရည်ရွယ်ထားတာဆိုတော့ သေချာအောင် ကြိုးစားချင်တဲ့ သဘောပါ ...

ဝုန်းဝုန်းဒိုင်းဒိုင်းကြီးတွေ အမြန်လိုက် အမြန်ရည်းစားစကားပြော၊ အဲလိုကြီးတွေ မလုပ်ချင်ဘူး။ ပြီးတော့ သူ့ကို ငါ ချစ်နေတယ်ဆိုတာကို အသံတိတ်နည်းနဲ့ ဖွင့်ပြောချင်တာ။ ငါ ဘာမှ မပြောရသေးဘဲနဲ့ကို ငါ့ကို ယုံစေချင်တာ"

"ဟူး ... မင်းဟာကလည်း ထွင်လိုက်တာကွာ၊ မသိဘူးကွာ ငါတို့ကတော့ ကြိုက်ရင် ကြိုက်တယ်ပဲ။ မင်းလို တက်ကနီကွေးတွေ ဘာတွေ နားမလည်ဘူး"

သူက ဝေဖြိုးရဲ့စကားကို အသာအယာပြုံးကာ ကော်ဖီကို တစ်ချက်မော့လိုက်ရင်း ...

"တက်ကနီကွေး မဟုတ်ပါဘူးကွာ။ ငါက သူ့ကိုငေးနေရတာနဲ့တင် ကျေနပ်ပြီး စိတ်ချမ်းသာတဲ့သူပါ ...

မျက်လုံးချင်းဆုံပြီး ရင်ခုန်ရတဲ့ အရသာလေးကို မင်းမှ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟွတ် ... ဆရာပဲ ပြောပါ။ အေးနော် ... ဆရာ။ ဟိုက ဩဇီကိုထွက်မှာလို့ ပြောသံကြားတယ်။ ဩဇီမှာ ကျောင်းသွားတက်ဖို့ စီစဉ်နေတယ်တဲ့ ...

တော်ကြာ ဘယ်နှယ်မှ မဘယ့်နှယ်လိုက်ရဘဲနဲ့ ငေါင်တောင်တောင်ကြီး ကျန်ရစ်ခဲ့ရလိမ့်မယ်"

"ဘာရယ် ... သူက ဩဇီ(ဩစတေးလျ)ထွက်မှာ ဟုတ်လား။ သေချာလို့လားကွာ"

ချက်ချင်းပဲ သူ့ရင်ထဲမှာ ပူလောင်သွားတာကို ကြည့်ခြင်းအားဖြင့် သူမကို ဘယ်လောက်တောင် ငြိတွယ်မိနေပြီဆိုတာကို သိသာစေပါသည်။

"မသေချာစရာ ဘာရှိလဲကွ၊ ဒီလိုပဲ သွားနေကြတဲ့ဥစ္စာ။ သေချာသလောက် ရှိတာပဲ။ ပြီးတော့ မဥ္ဇူဆီက ကြားခဲ့တာပဲဟာ ...

သူ့ကို ချိန်နေတဲ့ ကောင်တွေလည်း အများကြီး၊ လက်ရှိမှာ ရည်းစားလည်း မရှိဘူး။ လူကလည်း လန်းတယ်ကွာ၊ ဘာလိုသေးလို့လဲ ...

မင်း ဒီလို ငေးနေရင်တော့ ပါသွားမှာ ကျိန်းသေတယ်"





"မင်းကလည်းကွာ၊ စိတ်အားတက်ကြွအောင် ပြောနေပြန်ပြီ။ ငါ သူ့ကို ဘယ်ကနေ ဘယ်လိုစ,လိုက်ရမှန်းကို မသိတာကွ ... ဟဲ ဟဲ"

"ဟင်း ... ခုနကပြောတော့ အေးအေးဆေးဆေး ချိန်ရွယ်နေတာလေ၊ ဘာလေးနဲ့။ မတတ်ရင် မတတ်ဘူး မပြောဘူး။ မိန်းကလေးတစ်ယောက်ကို လိုက်တာများကွာ၊ လိုက်နည်းတွေ ပေါလွန်းလို့ ...

ရိုးရိုးလိုက်ချင်လား ဆန်းဆန်းလိုက်ချင်လား ကြိုက်ရာပြော"

"ဆန်းဆန်းလိုက်တယ် ဆိုတာက ဘယ်လိုဟာမျိုးလဲ"

"Amazing ဖြစ်အောင်လုပ်တာပေါ့ကွာ။ သူ့ဆီကို ဘယ်သူဘယ်ဝါမှန်း မသိရဘဲနဲ့ ကတ်လေးတွေ၊ Romantic ပစ္စည်းလေးတွေ ပို့ပေးတာတို့၊ Ph: ထဲကို ကဗျာဆန်ဆန် Message စာသားလေးကို ရိုက်ထည့်ပေးတာတို့ ...

သူကြိုက်တဲ့ အစားအစာမျိုး စုံစမ်းထားပြီး သူမသိအောင် ပို့ပေးတာမျိုးတို့ စသဖြင့်ပေါ့။ အဲဒီတော့ တစ်ဘက်မိန်းကလေးက ကိုယ့်ကို အရမ်းစိတ်ဝင်စားလာမယ်လေ။ အဲဒါမျိုးက ဆန်းဆန်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဆိုးတော့ မဆိုးပါဘူး။ ဒါပေမဲ့ အဲဒီလိုကြီး စိတ်ဝင်စားမှုကို တမင်ယူတာမျိုးတော့ မကြိုက်ပါဘူး ...

သူလည်း ကြိုက်မယ်မထင်ဘူး။ ရိုးရိုးနည်းပဲ ပြောတော့ကွာ"

"ဩော် ... ရိုးရိုးကတော့ ဒီလိုပဲပေါ့ကွာ။ သင်တန်းတောင် တစ်ခုတည်း အတူတက်နေတာပဲ။ တကူးတကကြီး တွေ့ဖို့ ကြိုးစားစရာတောင် မလိုဘူး ...

ခင်အောင်လုပ်၊ ဖုန်းနံပါတ်တောင်း၊ ဖုန်းဆက်၊ ခင်မင်မှုအတိုင်းအတာ တစ်ခုလောက်ရောက်ရင် မုန့်လေးဘာလေး အတူတူစား၊ အခြေအနေကို အကဲခတ်၊ အိုကေမယ်ထင်ရင် ဖွင့်ပြော ....

ဒါပဲပေါ့ကွာ ...

မင်းသာ ဒီကိစ္စကို ဒီလောက် အုံးစားနေတာ။ တချို့အတွဲတွေကျတော့လည်း တစ်ပတ်လောက်နဲ့ ပွဲဖြစ်ရင် ဖြစ်နေတာ"

"ဟာ ... မတူဘူးလေကွာ၊ ငါက သူ့ကို တကယ်ချစ်ခဲ့တာကိုး။ ပြီးတော့ သူ့ရှေ့မှာ ဘယ်သူ့ကိုမှလဲ ချစ်ခဲ့ဖူးတာ မဟုတ်ဘူး ...





သူ့ကို အပျော်ရည်းစားထားဖို့ သက်သက်လည်း ချစ်ခဲ့တာ မဟုတ်ဘူး။ တကယ်ကို ရင်ခုန်ပြီး Heart ထိပြီး ချစ်တာ"

"အေးပါကွာ၊ မင်းဘာသာ ဘယ်လိုပဲ ချစ်ချစ်ပါ။ လိုက်ဖို့နည်းတွေထဲမှာတော့ အဲဒီနည်းက လူသုံးအများဆုံးနဲ့ အရိုးရှင်းဆုံးနည်းပဲ ...

ဟိုးအရင်ခေတ်ကတော့ ပါးစပ်နဲ့ဖွင့်မပြောရဲရင် စာပေးကြတယ်။ ဒီခေတ်မှာတော့ဖုန်းထဲကနေ Message ပို့ပြီး ဖွင့်ပြောတယ်။ ကောင်မလေးတွေကလည်း ဖုန်းနဲ့ပဲ Message ပြန်ပို့ပြီး အဖြေပေးကြတယ် ...

အတိမ်အနက်က ဒါပဲကွာတယ် ဟုတ်ကောင်"

"အင်း ... ဖွင့်ပြောဖို့က အဝေးကြီး လိုပါသေးတယ်ကွာ။ သူနဲ့ ရင်းနှီးအောင်တောင် ဘယ်လိုကြိုးစားရမှန်း မသိသေးတာ။ နေပါဦး ... မင်း အခုနက ပြောတာ သူ့အကြောင်းဆိုတာ ဩဇီမှာ ကျောင်းသွားတက်ဖို့ တစ်ခုတည်းပဲလား ...

တခြားရော"

"တခြားကတော့ သူ့မှာ ချစ်သူမရှိသေးဘူးပေါ့ကွာ၊ သူ့အိမ်က သူ့ကို ဩဇီလွှတ်ပြီး ကျောင်းတက်နိုင်းမယ်ပေါ့။ ဟိုမှာ သူ့အဒေါ်ဆိုလားလည်း ရှိတယ်တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်က နည်းနည်းကျပ်တယ် ဆိုလားပဲ။ ကျပ်တယ်ဆိုတာက ပညာရေးနဲ့ ပတ်သက်လာရင်ပေါ့ကွာ။ အရမ်း Push လုပ်တယ် ပြောတယ်။ အဲဒါက ထားပါကွာ ကျောင်းသွားတက်ဖို့က လိုတော့ လိုပါသေးတယ်။ ဒီမှာ IELTS တွေ ဘာတွေ ဖြေရဦးမှာ။ ဒါပေမဲ့ မင်း လုပ်စရာရှိတာလုပ်တော့။ အချိန်သိပ်ဆွဲမနေနဲ့ ...။

မင်း သူ့ကို တကယ်ချစ်တယ် မဟုတ်လား။ တကယ်ချစ်တယ်ဆိုရင် ဘာမှလျှောက်ဝေ့မနေနဲ့၊ တို့အရွယ်က ဝေ့နေရမယ့်အရွယ် မဟုတ်ဘူး ...

ချစ်စရာရှိရင် ရဲရဲရင့်ရင့် ချစ်ပစ်ရမယ့်အရွယ် ဒါပဲ"

"အေးပါကွာ၊ ဒါဆိုလည်း တစ်လက်စတည်းနဲ့ သူ့ဖုန်းနံပါတ်လေးပါ စုံစမ်းပေးပါဦး"

"ခွေးကောင် ... မင်း လုပ်တာ ဘာရှိလဲ"

"ရှိတယ်လေကွာ။ ငါ့အလုပ်က ချစ်တဲ့အလုပ် ... ဟဲ ... ဟဲ"

ဝေဖြိုးက သူ့ကို လက်သီးတစ်ချက် ထောင်ပြရာမှ အံကြိတ်ပြသည်။ သူသည် ခေါင်းတဆတ်ဆတ်ညိတ်ကာ နေရင်းမှ မျက်လုံးထဲတွင် ချစ်ဖို့ကောင်းသော သူမ၏ ချစ်စရာပုံရိပ်လေးများကို မြင်ယောင်လာကာ တွေးလိုက်တာနဲ့ကို ရင်တွေခုန်တာ မြန်လာရသည်။ သူမနဲ့များ ချစ်သူဖြစ်ခဲ့လျှင်ဟူသော အတွေးသည် စိတ်ကူးထဲမှာတောင်မှ ကျေနပ်ပီတိတွေကို ပေးစွမ်းနိုင်ပါသည်။

✧ ❤ ✧







www.burmeseclassic.com

www.burmeseclassic.com



## ၂

ဖြစ်ချင်တော့ သူမလေးနဲ့ ရင်းနှီးဖို့ အတိုင်းအတာကို သူ့ဘက်က တမင်တကာကြိုးတောင် အားထုတ်ကြိုးပမ်းရတာမျိုး မရှိခဲ့ပါ။ ကံကောင်းချင်တော့ အလိုက်သင့်လေး ဖြစ်သွားသည်ဟု ပြော၍ရသည်။ အဲဒီနေ့က ဘာကို ကျေးဇူးတင်ရမလဲတော့ မပြောတတ်ပါ။ လေတွေခပ်ကြမ်းကြမ်းတိုက်ပြီး မိုးစက်တွေ ဝရုန်းသုန်းကား ကျလာတာကို ကျေးဇူးတင်ရမလား၊ ဒါမှမဟုတ် အလျင်စလို ပြတင်းပေါက် ထပိတ်လိုက်သော သူမကိုပဲ ကျေးဇူးတင်ရမလား။ နောက်ဆုံးတော့ သူ့ကိုယ်သူပဲ ကျေးဇူးတင်ရမလား။ ဟင့်အင်း ... သူ့ကိုယ်သူကတော့ သိပ်ကျေးဇူးတင်စရာလိုမယ် မထင်။ အကြွေမရှိ၍ ဆိုင်က အမ်းလိုက်သော ဟန်ဆာပလပ်စ် ဆေးပလာစတာလေးကိုသာ ကျေးဇူးတင်ရမည်ဖြစ်သည်။





အဖြစ်အပျက်က ဤသို့ဖြစ်ပါသည်။ သင်တန်းအခန်းထဲမှာက လူစုံတက်စုံ မရှိသေးပါ။ အားလုံး ကိုယ့်အုပ်စုနဲ့ကိုယ် စကားပြောနေကြတဲ့သူတွေ များလေရာ သူနှင့် ဝေဖြိုးကလည်း စီးရီးသစ်တစ်ခွေအကြောင်း ပြောနေကြသည်။ သူမကသင်တန်းအခန်းရဲ့ ပြတင်းပေါက်နားမှာ ထိုင်သူဖြစ်လေရာ သူ့နေရာက လှမ်းကြည့်လျှင် တန်းခနဲ မြင်ရသော အနေအထားမှာရှိသည်။ သူက ဝေဖြိုးနဲ့သာ စကားပြောနေသော်လည်း မျက်လုံးတွေကတော့ သူမဆီ ရောက်နေသည်မှာ အထူးပြောစရာလိုမည်မထင်ပါ။ သူမရဲ့မျက်လုံးလေးတွေကိုလည်း သူရှိရာဘက်သို့တစ်ချက် တစ်ချက် ဝဲလာပုံအောက် သူ ကြည့်နေတာကို သိပုံရှိပါသည်။ သူသည် အဲဒီအခြေအနေလေးကို ရင်ခုန်ကျေနပ်လို့ကောင်းဆဲမှာပင် အပြင်ဘက်မှ လေတွေက ရုတ်တရက်ထတိုက်ကာ လေနီကြမ်းကျသလို ဖြစ်သွားသည်။ မိုးစက်ပေါက်ကြီးတွေကလည်း အခန်းထဲသို့ လွင့်ခနဲ လွင့်ခနဲ ဝင်ရောက်လာလျှင်ပြတင်းပေါက်နဲ့နီးသောသူတွေက ပြတင်းတံခါးတွေကို ထ,ပိတ်ကြသည်။

သူမကလည်း ပြတင်းတံခါးပေါက်ကို ထပိတ်သည်။ တံခါးတစ်ချပ်ကို ပိတ်နေဆဲမှာပဲ ကျန်တစ်ဖက်က လေတိုက်သဖြင့် သူမလက်ကို သွားရိုက်ကာ လက်ညပ်သွားသည်။ သူမရဲ့



www.burmeseclassic.com

www.burmeseclassic.com



တိတ်တဆိတ် ညည်းညူသံ၊ သူမ သူငယ်ချင်းတွေရဲ့ စိတ်ပူစွာ မေးမြန်းသံတွေကြားမှာ လှမ်းကြည့်နေရသော သူ့အတွက်လည်း ထိုင်ရမလို ထရမလို ဂနာမငြိမ်ဖြစ်သွားသည်။ နာကျင်မှုကြောင့် ဝေဒနာခံစားနေရသော မျက်နှာထားလေးမှာ သူ့ကို ဘယ်လို သောကတွေ ဖြစ်သွားစေသလဲတော့ မပြောတတ်ပါ။ သူသည် အိတ်ထဲက ပလာစတာကို ချက်ချင်းသတိရကာ အဲဒါကိုကိုင်လျက် သူမအနားသို့ ဘယ်လိုပင် ရောက်သွားမှန်းတောင်မသိ။

သူ့ကို ဝိုင်းကြည့်နေကြသော သူငယ်ချင်းများ ကို ...

"ဟို ... ဒီမှာ ... ဟန်ဆာပလစ်စ်ပါတယ်။ အဲဒါလေး ကပ်ထားလိုက်ပါလား၊ ဒဏ်ရာက များလားဟင်"

သူ့ပုံစံကို သူမရဲ့အနီးကပ်ဆုံး သူငယ်ချင်းကောင် မလေးက အံ့သြသလိုနှင့် တစ်ခဏကြည့်ပြီးမှ ...

"သိပ်တော့မများပါဘူး၊ ဒါပေမဲ့ ဟို ... ဒါက အနာကပ် ပလာစတာ မဟုတ်လား။ ကျူးဖြစ်တာက ဒဏ်ဆိုတော့ ဒဏ်ကြေဆေးလိမ်းမှ။ မဟုတ်ရင် ရောင်လာမှာကြောက် လို့"

"ဩော် ... ဟုတ်။ ကျွန်တော် သွားဝယ်ပေးပါ့မယ်၊ ခဏ လေးစောင့်ပါ"



အဲဒီအချိန်မှာပဲ သူမထံမှ တားမြစ်သော အသံလေး ထွက်လာသည်။

"နေပါစေ ... မဝယ်ပါနဲ့။ ပလာစတာကပ်လည်း ရပါ တယ်"

သူက သူမကို ဖျတ်ခနဲ လှမ်းကြ ့မိလျှင် သူမ မျက်နှာလေးက နာကျင်မှုဒဏ်ကြောင့် ရှုံ့မဲ့နေသည်။ အင်း ... တော်တော်တော့ နာလောက်သည်။ ဟုတ်တော့လည်း ဟုတ်ပါ သည်။ တံခါးလက်ညှပ်မိတာဟာ ဒဏ်တစ်ခု ဖြစ်သောကြောင့် အနာကပ်ပလာစတာနဲ့ ဘာမှတော့ မဆိုင်ပါ။ သူမ ဒဏ်ရာက ဒဏ်ကြေဆေး လိမ်းရမည်သာ ဖြစ်သည်။ သူသည် သိပ်တွေဝေ မနေတော့ဘဲ သူမကိုသာ ရဲရဲကြည့်ပစ်လျက် ...

"ခဏလေး စောင့်ပါ၊ ဒဏ်ကြေဆေး သွားဝယ်ခဲ့မယ်။ ဒီနားမှာတင်ပဲ ဆိုင်ရှိပါတယ်"

သူက ကောင်မလေးတွေ ဘာမှ ပြန်မပြောနိုင်ခင် မှာပဲ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဆေးဆိုင်က သိပ်ရှာစရာ မလိုပါ။ ဒဏ်ကြေဆေးနဲ့အတူ လိုလိုမယ်မယ် ပတ်တီးလေးတစ် လိပ်ပါ ထည့်ဝယ်လာလျက် သူမရှိရာသို့ ခဏချင်း ပြန်ရောက် လာသည်။ မိုးကျနေတုန်းမှာ ပြေးဝယ်ရတာမို့ မိုးနည်းနည်းစိုလာ သော်လည်း သူက မိုးစိုတာကို ဂရုမစိုက်မိတော့။ ခေါင်းက မိုးစို

www.burmeseclassic.com

www.burmeseclassic.com

ဆံပင်တွေကို ခါရင်း ဒဏ်ကြေဆေး ကမ်းပေးသော သူ့ကို သူမ သူငယ်ချင်းတွေကတော့ ပြုံးစိစိဖြင့်ကြည့်ကာ ...

"မိုးတောင် မိလာပြီနဲ့တူတယ်"

"ရတယ်။ ပြဿနာ မရှိပါဘူး။ ဆေးသာ အမြန်လိမ်းလိုက်ပါ"

သူ့အပြောကို သူမသူငယ်ချင်းက ရယ်ချင်သော မျက်နှာဖြင့် ပခုံးတစ်ချက်တွန့်ကာ ဟုတ်ကဲ့ပါရှင်ဟု ပြောသည်။ သူမကတော့ အရှက်သည်းနေသည့်အလား သူ့ကို မော့မကြည့်တော့ပါ။ သူမ သူငယ်ချင်းကပဲ ဆေးဘူးကိုဖွင့်ကာ ဆေးလိမ်းပေးနေတာ မြင်တော့မှ သူက ကျေနပ်စိတ်ဖြင့် ပြန်နိုင်တော့လေသည်။ သူမများ သိပ်နာနေမလားဟူသော အတွေးဖြင့် သနားကရုဏာ သက်ရသေးသည်။ အဲဒီနောက် ဆရာ ဝင်လာကာ စာသင်ပြီ ဖြစ်သောကြောင့် သိပ်တွေးတောချိန် မရတော့ပါ။

ဒါတောင် ဆရာ့အလစ်မှာ ဝေဖြိုးက သူ့ကို တိုးတိုးလေး ကပ်မေးသေးသည်။

"ဟေ့ကောင် ... မင်းက ဘာလဲ၊ ခွင်(ဂွင်)တွေ့တာနဲ့ တန်းထည့်တော့တာပဲလား"

"မဟုတ်ပါဘူးကွာ မင်းကလည်း။ အဲဒီလို မျှော်လင့်ချက်ကြီးနဲ့ မဟုတ်ပါဘူး၊ ကြားသွားရင် မကောင်းဘူး"





"အေးပါ၊ ဟိုကလေးမတွေကတော့ မင်းအထာကို သိတဲ့ပုံနော်။ ရုပ်တွေက မချိုမချဉ်တွေနဲ့။ ဘာပဲဖြစ်ဖြစ် လမ်းစတော့ ပေါ်ပြီပေါ့ ...

အထူးတလည် မ try ရတော့ဘူးပေါ့၊ ဟုတ်လား"

"ကျွတ် ... မင်းကလည်းကွာ"

သူက ဟန့်လိုက်တော့မှပင် ဝေဖြိုးက ပခုံးတစ်ချက်တွန့်ကာ ဆက်မပြောတော့တာဖြစ်သည်။ တကယ့်ကိုပဲ သူ့စိတ်ထဲမှာလည်း ဒီအခြေအနေကို အခွင့်ကောင်းယူ၍ အမြတ်ထုတ်သည် ထင်မှာစိုးတာကြောင့် နောက်တစ်နေ့မှာ သူမကို နှုတ်ဆက်ပြီး သက်သာလား မေးချင်တာတောင် မမေးဖြစ်ခဲ့ပါ။ သူမ သင်တန်းမလာမှာကိုသာ စိုးရိမ်ခဲ့တာဖြစ်သည်။ သို့သော် သူမက သင်တန်းကိုလည်း လာခဲ့သည်။ သူ့ရှေ့ကိုလည်း ဆိုက်ဆိုက်မြိုက်မြိုက်ပဲ ရောက်အောင်လာခဲ့ပါသည်။ သူ့စားပွဲပေါ်သို့ ဒဏ်ကြေဆေးဘူးလေးကို အသာအယာ ချပေးလိုက်လျှင် သူက အံ့ဩသော မျက်နှာထားဖြင့် မော့ကြည့်မိသည်။ သူက ပြုံးနေသော နှုတ်ခမ်းများဖြင့် ...

"မနေ့က ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အဲဒီတုန်းက နာနေတာနဲ့ ဘာမှမပြောဖြစ်တာ။ ကျေးဇူးပဲနော်"

"ရပါတယ်၊ ဒါနဲ့ ဟို ... ဒီဆေးဘူးက ..."



www.burmeseclassic.com

www.burmeseclassic.com

"ဩော် ... သူ့ဟာမို့ ပြန်ပေးတာလေ၊ အဲ ... ပတ်တီး တော့ မေ့ကျန်ခဲ့တယ်"

"မဟုတ်တာ၊ ပြန်ပေးစရာ မလိုပါဘူး။ ဘယ်လိုနေလဲ၊ သက်ရော သက်သာရဲ့လား"

"အင်း ... သက်သာပါတယ်၊ နည်းနည်းတော့ နာသေး တယ်"

သူမက ပတ်တီးစီးထားသော လက်ညှိုးလေးကို ထောင်ကာ ဇာစ်ချက်မှဲ့ပြီးပြောလျှင် သူက အဲဒီပုံစံလေးကို သဘောကျကာ ဟက်ခနဲ တစ်ချက်ရယ်မိသည်။ သူမကလည်း အသာပြုံးရယ်လိုက်လျှင် အပြုံးချင်းဖလှယ်ပြီးပြီ ဖြစ်သောကြောင့် သူတို့ ခင်မင်သွားပြီဟု ယူဆရမည် ဖြစ်ပါသည်။ သူမကို သူက ဆေးဘူးလေးကို ပြန်ကမ်းပေးရင်းမှ ...

"ကျွန်တော့်နာမည် ခေါင်နိုက်တဲ့။ လူခေါင်ရင့်ကျူးနဲ့ နာမည်တစ်လုံးတူတယ်။ သူငယ်ချင်းတစ်ယောက်အဖြစ် သဘောထားရင် ဒီဆေးလေးကိုပဲ ဆက်လိမ်းသွားပါနော်"

သူမက နှုတ်ခမ်းကို ဖွဖွကိုက်ကာ သူ့ကို မျက်လုံး တစ်ချက် လှန်ကြည့်ပုံမှာ အသည်းယားချင်စဖွယ်။ သို့သော် ဖျတ်ခနဲပြုံးပြီး ခေါင်းညိတ်ပြခဲ့လျှင် သူ့ရင်မှာ လှိုက်ခနဲဖြစ်အောင် ပျော်ရွှင်သွားခဲ့ပါသည်။





"ကျေးဇူးပဲ"

သူ့အပြောကို သူမက မျက်ခုံးတစ်ချက်ဝင့်ကာ ...

"ဟင် ... ဘာကျေးဇူးတင်တာလဲ"

"ဩော် ... သူငယ်ချင်းတစ်ယောက်အဖြစ် သဘောထား ပေးလို့လေ"

"အဟင်း ... ကျူးက ခင်တတ်ပါတယ်"

"ခင်တတ်တာကိုတော့ ဝမ်းသာပါတယ်။ ဒါပေမဲ့ လူတိုင်း ကိုတော့ မခင်တတ်နဲ့နော်။ စေတနာနဲ့ ခင်လို့ သတိပေး တာပါ ... ဟဲ ဟဲ"

သူ့ရဲ့ပြောင်စပ်စပ်ပုံစံကို သူမက နှာခေါင်းတစ်ချက် ရှုံ့ပြကာ လှည့်ထွက်သွားလျှင် သူသည် ရင်ခုန်ပြီး ကျန်ရစ်ခဲ့ရ သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူ တိတ်တခိုး ချစ်မြတ်နိုးခဲ့ရသော မိန်းကလေးတစ်ယောက်နှင့် ရွှေလမ်း ငွေလမ်း ခရီးပေါက်သွား သည့်အတွက် သူ တကယ်ပဲ ကျေနပ်ဝမ်းသာရသည်။ သူမရဲ့မျက် ဝန်းတွေထဲမှာလည်း သူ့အပေါ်မှာ ခင်မင်ရင်းနှီးသည့် အရိပ်ယောင် တွေကို တွေ့ရလျှင် သူ တကယ်ပဲ ကြည်နူးရပါသည်။ မိန်းက လေးတစ်ယောက်ကို စတွေ့တဲ့အခါမှာ စိတ်ဝင်စားသည်။ ပြီးတော့ ချစ်မြတ်နိုးသည်။ အဲဒီနောက်မှာ သူမရဲ့အချစ်ကို ရဖို့အတွက် ပုံစံတစ်မျိုးနှင့် စတင်ကြိုးပမ်းရသည်။ သူ့စိတ်ထဲတွင် သူမနှင့်



www.burmeseclassic.com

www.burmeseclassic.com

စတွေ့ဆုံခဲ့သည့် အချိန်မှစ၍ အခုချိန်ထိ အဖြစ်အပျက်များကို ရုပ်ရှင်ကားတိုလေးအဖြစ် ပြန်မြင်ယောင်လာကာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ သူမကို ပြောပြနိုင်ကောင်းရဲ့ဟု တစ်ယောက်တည်း တွေးထားမိခဲ့ပါသည်။

သူ့နှလုံးသွေးတို့ဖြင့်ရေးသော အချစ်ရဲ့ဒိုင်ယာရီသည် တဖြည်းဖြည်းနဲ့ စတင်အသက်ဝင်ခဲ့ပြီဖြစ်သည်။

✧ ❤ ✧





"ဟဲ့ … ကျူး။ ဟိုမှာ နှင့်မင်းသား လာနေပြီ"

သဒ္ဒါက ကျူးရဲ့လက်မောင်းကို တံတောင်နှင့် အသာတွက်ကာ ပြောလိုက်လျှင် ကျူးသည် လူကို မော့်မကြည့်ရပါဘဲနှင့် ရင်က ဒိန်းတပ်တပ် တစ်ချက်စ,ခုန်ပြီးပြီဖြစ်သည်။ အဲဒါဟာ ဘာသဘောလဲတော့ မသိပါ။ ကျူးတို့ကပဲ ဆယ်ကျော်သက်အရွယ် ကောင်မလေးတွေပဲမို့လို့ ကိုယ် စိတ်လှုပ်ရှားရသော ကောင်လေးတစ်ယောက်ကို လူမမြင်ရသေးခင်၊ အသံကြားရတာနဲ့တင် ရင်တွေ တထိတ်ထိတ် ခုန်လာတတ်တာလားတော့မသိ။ အသက်နှစ်ဆယ်ကျော် အစ်မကြီးတွေမှာရော ဒီလိုမျိုး ဖြစ်တတ်သေးလားတော့ သေချာမသိချေ။

သူ့ကိုဆိုလျှင် လူမမြင်ရသေးခင်၊ လာနေပြီဟု အသံကြားတာနဲ့တင် ကျူးရဲ့ရင်တွေက လှုပ်ရှားလို့ လာတာဖြစ်သည်။ အခုဆိုလျှင် သူနှင့်ကျူးမှာ စကားပြောပြောဆိုဆိုနှင့် ရင်းနှီးစပြုနေပြီ ဖြစ်လေရာ သူ့မျက်ဝန်းတွေရဲ့ အသွားအလာကို


www.burmeseclassic.com

www.burmeseclassic.com

ရိပ်မိလေသော သူငယ်ချင်းတွေကလည်း ကျူးတို့ကို တွဲပြီးစ, နောက်နေတတ်ပြီဖြစ်သည်။ သို့သော် ဘာမှန်း ညာမှန်း မသိသေး ဘဲနဲ့တော့ ကျူးက သူငယ်ချင်းတွေ နောက်တာကို ပြုံးပြီးငြိမ်မခံ နိုင်သေးပါ။

"သဒ္ဒါနော် ... ဘာ ငါ့မင်းသားလဲ၊ လျှောက်ပြောမနေနဲ့ ဟွန်း"

"အောင်မာ ... နင့် မင်းသား မဟုတ်လို့ ငါတို့မင်းသား လား။ ဟယ် ... ကြည့်စမ်း၊ အင်္ကျီကလည်း နင်တို့ တိုက် ဝတ်လာတယ် မဟုတ်လား။ နှစ်ယောက်သား လုံးဝဆင်တူ အဖြူရောင်နဲ့ အဟိ ... အဖြူရောင်ချစ်သူတွေပေါ့လေ"

"ဟာ ... သဒ္ဒါနော်။ ပြောလေ ဆိုးလေပဲ၊ ဘာမှန်းလဲ မသိဘူး"

အဲဒီအချိန်မှာပဲ သူက ကျူးရဲ့အနားသို့ ခပ်ပြုံးပြုံး ဖြင့် ရောက်လို့လာသည်။ အဟုတ်ကိုပဲ သဒ္ဒါပြောတာ မမှားပါ။ သူ ဝတ်လာတာက အဖြူဆွတ်ဆွတ် ရင်ဘတ်မှာ ဖားတံဆိပ် လေးပါသော GIORDANO စပို့ရှပ်လက်တိုလေးဖြစ်ကာ ဂျင်း(န်) နက်ပြာရောင်ဖြင့် တွဲဖက်ဝတ်ဆင်ထားသည်။ ကျောပိုးအိတ်အနက် လေးကို ပခုံးတစ်ဖက်မှာလွယ်ရင်း ခပ်ပြုံးပြုံးလျှောက်လာသော သူသည် ကျူးရဲ့ရင်ခုန်သံတွေကို တကယ်ပဲ မြန်စေပါသည်။





ကျူးသည်လည်း သူ ဝတ်ထားတာနဲ့ တစ်ပုံစံတည်း GIORDANO စပို့ရှပ်အဖြူကိုပဲ ဝင်ဆင်ထားတာ ဖြစ်သည်။ သို့သော် ကျူးက မိန်းကလေးဝတ်၊ ဖစ်တင်စပို့ရှပ်အကျပ်ဖြစ်ကာ အောက်က ဂျင်း(န်)မှိုတက် စကတ်အတိုလေးဖြင့် တွဲဝတ်ထားတာ ဖြစ်သည်။ သို့သော် ဘာပဲဖြစ်ဖြစ် အင်္ကျီကလည်းဆင်တူ၊ အောက် က ဂျင်း(န်)ဝတ်ထားတာကလည်း အတူတူပဲ ဖြစ်သောကြောင့် သူနဲ့ကျူးတို့မှာ တမင်ညှိဝတ်လာသလိုတောင် ဖြစ်နေသည်။ သူ ကလည်း ဒါကို ရိပ်မိစွာဖြင့် ...

"ကျူး ... ဒီနေ့ ကျွန်တော်တို့နှစ်ယောက် ထူးခြားနေတယ် လို့ မထင်မိဘူးလား"

"ဘာထူးခြားလို့လဲ"

ကျူးက သိသိကြီးနှင့် တမင် ရှုးချင်ယောင်ဆောင် လိုက်သည်။ သဒ္ဒါက တမင်ပင် အဟာမ်း အဟွတ်တွေ လုပ်သည်။ သူက မှန်းချင်စဖွယ် ကောင်းအောင်ပင် ပြုံးပြုံးကြီးလုပ်နေသည်။ သဒ္ဒါက တစ်နေရာသို့ ရှောင်ပြေးတော့မည့် ပုံစံဖြင့် ထိုင်ရာမှ ထကာ ...

"အား ... ဒီနေ့ ဖေဖော်ဝါရီ(၁၄)ရက်နေ့လည်း မဟုတ် ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com

သူက သဒ္ဒါစကားကြောင့် သဒ္ဒါကို တစ်ချက်ငုံ့ကြည့်ကာ ...

"ရင်ထဲမှာသာ တကယ့်အချစ်ရှိနေရင် နေ့တိုင်းက Valentine's Day ပါပဲ သဒ္ဒါရဲ့"

"အံမယ် ... အံမယ် ... စကားတွေ တတ်လိုက်တာ။ ဘာလဲ ... ဒါဆိုရင် အခု နင့်ရင်ထဲမှာ အချစ်ရှိနေတယ် ဆိုတဲ့ သဘောလား"

"ဒါကတော့ သဒ္ဒါ့ကို ဘယ်ပြောမလဲ"

"ဟယ် ... ဟယ် ... ကြည့်စမ်း။ ခေါင်နိုက်နော် ... နင်တော့ မရိုးတော့ဘူး။ နင်က ငါ့ကို မပြောဘူးဆိုတော့ ဘယ်သူ့ကို ပြောမှာလဲ"

"ဟား ဟား ... သဒ္ဒါကဲရှာ"

သူက သဒ္ဒါ့စကားကို သဘောကျစွာနှင့် ရယ်မောနေသည်။ သဒ္ဒါက သူ့ငယ်ချင်းတစ်ယောက်ကို လှမ်းခေါ်ကာ အနားမှ လစ်ခနဲ ထွက်သွားလျှင် ကျူးနဲ့သူသာ ကျန်ရစ်ခဲ့ရသည်။ ကျူးကပါ ထဖို့ပြင်လျှင် သူက ကျူးနံဘေးက လေကာထစ်မှာ ဖျတ်ခနဲ ဝင်ထိုင်လျက် ...

"ဘယ်သွားမလို့လဲ ကျူးရဲ့။ ထိုင်ပါ။ ကိုယ်က ကိုက်မစားပါဘူး"





ကျူးသည် ကိုယ့်နံဘေးမှာ သူ ထိုင်နေသည်ဟူသော အသိကြောင့် ရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်မှာ သူ ကြားသွားမလားတောင် ထင်ရလေသည်။ ပြီးတော့ လက်ဖျားတွေကလည်း အလိုလို အေးစက်လာသေးသည်။ အား ... ဘယ်လိုခံစားချက်ကြီးပါလိမ့်။ အတော့်ကို နေရခက်သော ဝေဒနာဖြစ်ပေမယ့် မခံစားဘဲနဲ့လည်း မနေနိုင်။ သူ့မျက်နှာကိုလည်း မော့မကြည့်ရဲပါ။ ဒီနေ့ သူ ပြောသော စကားတွေဟာ ခါတိုင်းလိုလည်း သိပ်မဟုတ်ဘဲ နည်းနည်းထူးခြားသည်ဟုလည်း ထင်မိသေးသည်။

ကျူးက ရင်ခုန်စိတ်ကိုဖျောက်ကာ သူ့ကို ခပ်တည်တည်ပဲ စကားပြောဖို့ ကြိုးစားလိုက်သည်။

"ကျူးကို ဘာပြောစရာ ရှိလို့လဲ"

"ဩော် ... ပြောစရာ ရှိတော့မှပဲ ခေါ်ထားရတော့မှာလား"

"ဟင် ... ပြောစရာမရှိဘဲနဲ့ ငုတ်တုတ်ကြီး ထိုင်နေရမှာလား"

"အင်း ... ဒါဆို သီချင်းဆိုပြမယ်လေ။ ကျူး နားထောင်မလား"

ကျူးသည် ထင်မထားသော သူ့စကားကြောင့် ခစ်ခနဲ တစ်ချက်ရယ်မိသွားသည်။ ကျူး ရယ်သဖြင့် သူကလည်း ပိုအားတက်သွားဟန် တူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ကျူး၊ တကယ် ဆိုပြရမလား"

"တော်ပါပြီ၊ အသံလည်း မကောင်းဘဲနဲ့"

"ဟာကွာ ... ကျူးကလည်း လူကို အထင်သေးလိုက်တာ။ ကိုယ်က အမေ့ဗိုက်ထဲက ထွက်လာတည်းက သီချင်းဆို တတ်ခဲ့တဲ့ ကောင်ပါကွ"

"အံမယ် ... မယုံပါဘူး။ ဘာသီချင်းဆိုတတ်တာလဲ"

"အုဝဲ ... အုဝဲ ဆိုတာလေ"

"ဟား ဟား ... ခေါင်ခိုက်ရယ်၊ ရှင် သိပ်ပေါ ရဲ့တာပဲ မထင်ရဘူးနော်"

"ဟုတ်တယ်၊ လူတွေဟာ အချစ်နဲ့တွေ့ရင် ပေါ ရဲ့သွားကြ တယ်တဲ့"

ကျူးသည် သူ့စကားကြောင့် ရင်တွေ ဒိန်းခနဲတ ချက် ဆောင့်ခုန်သွားသော်လည်း ဘာမှမဖြစ်သလိုပင် ထိန်းသိမ်း ကာ ...

"ဟုတ်လား ... ခေါင်ခိုက် ကြိုက်တဲ့ ကောင်မလေးတ ယောက်နဲ့ ဒီကိုအလာမှာ တွေ့လာလို့လား"

သူက ဖျတ်ခနဲ ပြုံးသွားကာ ခေါင်းညိတ်သည် ပြီးတော့ ကျူးကို နက်ရှိုင်းသော အကြည့်များဖြင့်ကြည့်ကာ





"ကိုယ့်မှာကြိုက်တဲ့ ကောင်မလေး မရှိပါဘူး။ ချစ်ရတဲ့ ကောင်မလေးပဲရှိတာ။ အရမ်းချစ်ရတဲ့ ကောင်မလေးတစ် ယောက် ရှိတယ် ... သိလား"

ဘုရား ... ဘုရား။ အဲဒါ ဘာကို ဆိုလိုတာပါလိမ့်။ သူ ကျူးကို ရည်းစားစကားများ ချက်ချင်းပြောပစ်တော့မှာလား။ ကျူးသည် ရင်တွေ တဒိုင်းဒိုင်းခုန်လာပြန်သည်။ သို့သော် သူ့ ရှေ့မှာ ရှက်စွံ့ရင်ဖိုရသော အဖြစ်မျိုးလည်း မဖြစ်ချင်လေရာ ကိုယ့်ကိုယ်ကိုယ် အတန်တန် အားတင်း၍ ...

"မသိဘူး။ ဘာတွေ လာပြောနေတာလဲ"

"အင်း ... တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ရှိကြတဲ့ သူတွေက စိတ်ချင်းတိုက်ဆိုင်နေတတ်တယ်နဲ့ တူတယ် နော် ကျူး"

"မသိဘူးကွာ။ အဲဒီ ခေါင်ခိုက် တစ်ယောက်ဟာလေ၊ ဘာတွေလာပြောနေလဲ မသိဘူး။ တော်ပြီ ... ကျူး သွား တော့မယ်"

"နေပါဦး ကျူးရယ်။ ကိုယ် ကျူးနဲ့ စကားပြောချင်လို့ပါ"

သူက ထသွားတော့မည့် ကျူး အနားသို့ ဟန့်သည့် သဘောဖြင့် တိုးကပ်လိုက်လျှင် လူချင်းက ပိုမိုနီးကပ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျူးသည် အဲဒီအတွက်ကြောင့် ရင်ခုန်သံတွေ့ ပရမ်းပတာဖြစ်သွားရင်းမှ သူ့ကို မျက်ခုံးရှုံ့ရှုံ့ဖြင့် ကြည့်မိကာ ...

"ဘာပြောမှာလဲ။ Class စတော့မယ်"

"ဟိုလေ ... ကျူးဆီကို ဖုန်းဆက်ချင်တယ်၊ အဲဒါ ..."

"အင်း"

"ဟို ... ဆက်လို့ရမလားဟင်"

"ဘာဆက်ပြောမှာလဲ၊ သင်တန်းမှာလည်း တွေ့နေတဲ့ဟာပဲကို"

"အင်း ... ညဘက်တွေကျတော့ တွေ့မှမတွေ့ရတာ"

"ဟင် ... အဲဒါ ဘာပြောတာလဲ"

ကျူးရဲ့အလန့်တကြား အပြောကို သူက ပြုံးငုံ့ငုံ့ဖြင့် စိုက်ကြည့်သည်။ သူ့အကြည့်တွေမှာ နက်ရှိုင်းတောက်ပလွန်းသဖြင့် ကျူးမှာ တကယ်ပဲ အနေရခက်လှသည်။ ဒီကောင်လေး တစ်ယောက်တော့ ဒီလိုကြည့်တတ်အောင် ဘယ်လိုများ သင်ထားတာပါလိမ့်။

"ဟုတ်တယ်လေ ကျူးရဲ့။ သင်တန်းမှာက နေ့ခင်းဘက်ပဲ တွေ့ရတာ။ ညဘက်ကျတော့ ကျူးကို သတိရတဲ့အခါကျ ဖုန်းဆက်ချင်တာပေါ့ ...





ပြီးတော့ သင်တန်းမှာက အေးအေးဆေးဆေးလည်း စကားပြောရတာ မဟုတ်ဘူး"

"အောင်မာ ... ရှင်က ဘာတွေများ အေးအေးဆေးဆေး စကားပြောချင်ရတာလဲ"

ကျူးရဲ့မျက်စချီအမေးကို သူက ရှက်စနိုးဟန်ဖြင့် ပြုံးစိုက်ကြည့်နေပြီးမှ ...

"ပြောချင်တာပေါ့ ကျူးရယ်။ နော် ... ဖုန်းဆက်မယ်၊ ရတယ် မဟုတ်လားဟင်"

ကျူးက သူ့ကို မျက်စောင်းတစ်ချက် အသာအယာ ထိုးမိသည်။

သူဟာ ဘယ်လိုလူအ,လေးမှန်းလဲ မသိ။ မိန်းကလေး တစ်ယောက်ကတော့ ဖုန်းဆက်မယ်နော်ဟု ဆိုတိုင်း ဝမ်းသာအားရနှင့် ဆက်ပါ ဆက်ပါ ဟုတော့ ဘယ်ပြောလိမ့်မလဲ ဆိုတာကို နားလည်ပုံမရ။ သူ ဖြစ်ချင်တာတွေကိုသာ ဖွတ်တံဖွတ်ပြောနေတာ ဖြစ်သည်။

"နော် ... ကျူး။ ဆက်မယ်နော်"

"ကျွတ် ... ဘယ်လိုဖြစ်နေတာလဲ"

"ကျူးကလည်းကွာ။ ဖုန်းဆက်တာများ ခွင့်ပြုပါနော်"



www.burmeseclassic.com

www.burmeseclassic.com



ဒီလို တောင်းတောင်းပန်ပန်နှင့် ပြောနေသော်လည်း ကျူူးက သူ့ကို ကရုဏာဒေါသောဖြင့် ထုရိုက်ပစ်ချင်လာသည်။ သူဟာ ကိုယ့်ကို တလေးတနက်ထား ခွင့်ပြုချက် တောင်းနေသည် ဟုသာ မှတ်ယူရတော့မလို ဖြစ်နေလေသည်။ ကျူးသည် စိတ်မရှည်သော သက်ပြင်းတစ်ချက်ကို ဆောင့်အောင့်ချလိုက်ရင်းမှ ...

"ဟင်း ... တကတဲ။ ဘယ်လိုဖြစ်နေလဲတော့ မသိဘူး။ ကဲဟယ် ... ဆက် ... ဆက်၊ ရှင် ပြောချင်တာ ဒါပဲ မဟုတ်လား။ ကျုပ် သွားတော့မယ်"

ကျူးက ဒီတစ်ခါတော့ ဖွတ်အတင်း၊ တကယ့်ကိုပဲ ထွက်သွားတော့မည့်ဟန်ပြုလျှင် သူက မတားတော့ပါ။ သို့သော် ကျူးအားကနေ လိုက်လျှောက်လာပြန်သည်။ ကျူးက သူ့ကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်ကာ ...

"ဟဲ့ ... ဒါက ဘယ်ကို လိုက်ဦးမှာလဲ"

"ဟင် ... ဘယ်လိုက်ရမှာလဲ ကျူးရဲ့။ ကိုယ်လည်း Class တက်မှာလေ။ ဟဲ ဟဲ ... ဦးနှောက်တွေ သိပ်မကောင်းတော့ ဘူးနဲ့ တူတယ်နော်။ အချိုမှုန့်တွေ လျှော့စား"

သူက ပြောင်စပ်စပ်ပြောလျှင် ကျူးသည် သူ့ကို ဘယ်နကြိမ်မြောက်မှန်းမသိ မျက်စောင်းထိုးမိသည်။ သို့သော် စိတ်ထဲမှာတော့ တကယ်ကို ရင်ခုန်ပီတိဖြင့် လှုပ်ရှားသက်ဝင်နေ





သည်ဆိုတာကို ကိုယ့်ဟာကိုယ်ပဲ သိလေသည်။ ပျော်တာလိုလို၊ ဝမ်းသာနေတာလိုလို၊ ကမ္ဘာကြီးကို ကျေနပ်နေတာလိုလို စသဖြင့် စိတ်ခံစားမှုတွေက ပြောင်းဆန်နေသည်။

သူက အတန်းထဲ ဝင်ခါနီးတွင် ကျူးကို တိုးတိုးလေး ကပ်ခေါ်သေးသည်။ ကျူးက လှည့်ကြည့် ိုက်လျှင် သူ့နားရွက်အနားသို့ လက်ညှိုးနှင့် လက်မကိုယှက်ကာ ဖုန်းဆက်မည်ဟူသောသင်္ကေတ လုပ်ပြသည်။ ကျူးသည် သူ့ပုံစံကို ရင်တစ်ချက်ဆောင့်ခုန်စွာဖြင့် နှာခေါင်းတစ်ချက် ပြန်ရှုံ့ပြမိသည်။ ဘုရားသခင် ဒီပုံစံအတိုင်းဆိုလျှင် ကျူးတို့ ချစ်မိသွားမလား မပြောတတ်တော့ချေ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com

## ၃

အခုဆိုလျှင် သူနဲ့ ကျူးတို့၏ အခြေအနေမှာ အတော့်လေး ခရီးလမ်းပေါက်ခဲ့ပြီဟု ပြော၍ရပြီဖြစ်သည်။ သူဟာ ပထမပိုင်းတော့ ကျူးထံသို့ ရက်ခြားပြီး ဖုန်းခေါ်သည်။ စားပြီးပြီလား၊ ဘာနဲ့စားလဲ၊ ဘာလုပ်နေတာလဲ စသဖြင့် ထုံးစံအတိုင်း ရှေးထုံးမပယ်သော ယောကျ်ားလေးတိုင်း၏ ရိုးရာ Intro တီးလုံးနဲ့ပဲဖြစ်သည်။ နောက်ပိုင်းတော့ စကား စကား ပြောပါများလာလေရာ တခြားထွေလီကာလီလေးတွေ ပြောဖြစ်လာသည်။ ထို့အတူစွာပဲ ဖုန်းပြောချိန်လေးတွေကလည်း တိုးလာကာ ညဆယ်နာရီနောက်ပိုင်းသည် သူတို့ရဲ့ သတ်သတ်မှတ်မှတ် ဖုန်းပြောချိန်များ ဖြစ်လာသည်။

သင်တန်းမှာတွေ့၊ တစ်ခါတလေတော့လည်း သူတို့နှစ်ယောက်တည်း မဟုတ်ဘဲ တခြားသူငယ်ချင်းတွေပါ ပါကာ





မုန့်သွားစားဖြစ်သလို၊ သူငယ်ချင်း တစ်ယောက်ယောက်ရဲ့မွေးနေ့မှာ ကစားကွင်းတွေ လျှောက်သွားဖြစ်တာလည်း ရှိသည်။ သူသည် အဲဒီအခါမျိုးတွေင် ကျူး အနားမှာ အနီးကပ် ပျော်ရွှင်ခွင့် ရခဲ့ပါသည်။ ကျူးနဲ့ အကြည့်ချင်းတွေ ဆုံလေတိုင်း အိပ်မက်တွေဆက်မက်သည်အထိ ရူးခဲ့ရသည်။ ဘဝမှာ တစ်ခါမှ မချစ်ဖူးသေးတဲ့ လူမို့လို့လားတော့ မသိ။ ပထမဦးဆုံး အချစ်အဖြစ် ကျူးကို ဘာနဲ့မှမတူအောင် စွဲစွဲလမ်းလမ်း ချစ်ခင်ရပါသည်။

ကျူးရဲ့မျက်လုံးလေးတွေထဲမှာလည်း သူ့အတွက် သံယောဇဉ်အရိပ်အငွေ့တွေကို ရှာဖွေတွေ့ရလျှင် ရင်မှာ တိတ်တဆိတ် ကျေနပ်ဝမ်းသာရသည်။ သူငယ်ချင်းတွေကတော့ သူ့ကို အမြန်ဖွင့်ပြောတော့ဖို့ တိုက်တွန်းထားသော်လည်း တကယ့် တကယ်တမ်း ပြောတော့မည်ဆိုလျှင် သူ့ပါးစပ်က မထွက်တော့။ ဒီနေရာမှာတော့ ရည်းစားတွေ သက်ခံစေ့ထားသည့် ကောင်တွေကို သူ ချီးကျူးရမည်ဖြစ်သည်။ ဘယ်လိုတွေများ ပြောပြီး၊ ဘယ်လိုတွေများ အဖြေတောင်းလိုက်လဲတော့ မသိပါ။ သူ့မှာတော့ ဒီတစ်ယောက်လေးကိုပင် ချစ်တယ်လို့ လွယ်လွယ်ကူကူ မဖွင့်ဟနိုင်။ နောက်ဆုံးတော့ ဝေဖြိုးက ဖွတ်ရော အတင်းရော မြှောက်ပေးကာ နည်းပေါင်းစုံဖြင့် သင်ကြားပေးမှပင် သူက ဖွင့်ပြောတော့ဖို့ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချလိုက်တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအထဲမှာမှ ဝေဖြိုး ပြောလိုက်သော စကားတစ်ခွန်းက သူ့ရဲ့စိုးရိမ်စိတ်ကို ပုတ်နှိုးလိုက်သောကြောင့်လည်း ပါသည်။

"ဟောကောင် ... မင်းနဲ့ ကျူးနဲ့လည်း အဆင်ပြေနေပြီ။ ကျူးဘက်ကလည်း မင်းကို ဘာခါးခါးသီးသီးမှ မရှိဘူး။ ဒီအချိန်မှ ဖွင့်မပြောရင် ဘယ်အချိန် သွားဖွင့်ပြောမှာလဲ။ ပြီးတော့ ဖွင့်ပြောပြီးပြီးချင်း အဖြေက ချက်ချင်းရမှာလည်း မဟုတ်သေးဘူး ...

မိန်းကလေးတွေက ထုံးစံအတိုင်း ရစ်ကြဦးမှာ။ အဲဒီကျ လော်ဆော်ရဦးမှာနဲ့ ဘာနဲ့။ ပြီးတော့ ကျူးက ကျောင်းသွားတက်ဖို့ ကိစ္စတွေကလည်း ရှိသေးတယ် မဟုတ်လား။ သေချာစဉ်းစားကြည့်ရင် မင်းတို့ ချစ်ဖို့အချိန်က ဘယ်လောက်မှ ရမှာတောင် မဟုတ်ဘူး။ နောက်မှ နောင်တရမယ် ...

ပြောတော့။ ဘာမှ ရက်ရာဇာရွေးမနေနဲ့။ ပြတ်ပြတ်သားသား ပြဿဒါးမှာပဲ ပြောပစ်။ ရှုပ်တယ်"

အဲဒီစကားက တွန့်ဆုတ်နေသော သူ့စိတ်ကို ရဲဆေးတင်ပေးလိုက်သလို ဖြစ်သွားစေသည်။ ဒါကြောင့် သူက ဒီည ဖုန်းပြောလျှင်တော့ဖြင့် ဖုန်းထဲကပဲ ဖွင့်ပြောဖို့ တစ်ခါတည်း





ဆုံးဖြတ်ချက် ချလိုက်တာဖြစ်သည်။ ကျူးကတော့ ထင်တောင် ထင်ထားမှာ မဟုတ်ချေ။ သို့သော် အဲဒီလို မထင်တာကိုက သူ့အတွက် ပိုကောင်းမည်ဟု ယူဆရသည်။ ဒီလိုနှင့် ညချမ်းချိန်ခါ မင်္ဂလာ ရောက်လာလျှင် သူက ကျူးရဲ့ဖုန်းနံပါတ်လေးတွေကို နှိပ်ခေါ်လိုက်သည်။ ဖုန်းလိုင်းဝင်သွားလျှင် သူ့ရင်ခုန်သံတွေက တဒိတ်ဒိတ် မြန်လာသည်။ တကယ့်ကိုပင် ရင်ခုန်တယ်ဆိုတာ ဒါမျိုးကို ခေါ်တာပါလားဟု ထင်ရှားစွာ သိမြင်ရလောက်အောင်ပင် သူ့ရင်ခုန်သံတွေက သူ့ဟာသူ့တောင် ပြန်ကြားရသည်အထိ လှုပ်ခတ်နေသည်။ အဲဒီမှာပဲ သူက အကြံတစ်ချက်ရကာ ဖုန်းကို သူ့ရင်ဘတ်နားမှာ ကပ်ထားလိုက်မိသည်။

နှလုံးခုန်သံ တစ်ချက် နှစ်ချက် သုံးချက် လေးချက် စသဖြင့် ပြီးတော့မှ သူက တယ်လီဖုန်းကို နားအနားသို့ ပြန်ကပ်လိုက်လျှင် တိတ်ဆိတ်နေသော ဖုန်းသံထဲမှ အသက်ရှူသံသဲ့သဲ့ကို ကြားရသည်။ ကျူးရဲ့အသက်ရှူသံလေးကို တမြတ်တနိုးနားထောင်ပြီးမှ သူက ရင်ထဲကလာသော အသံဖြင့် တမ်းတစွာ ခေါ်လိုက်သည်။

"ကျူး"

"အင်း ... ဘယ်သူလဲ"

"ကျူး ... အခုနက အသံကို ကြားရလားဟင်"


www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကြားရတယ်။ ဘာသံကြီးလဲ"

"ဘာသံလို့ ထင်လဲ"

"ဟင် ... ပဟေဠိလာဖွက်နေပြန်ပြီ၊ သိဘူးလေ"

ကျူးက သူ့ကို ချိုနွဲ့စွာ ပြောသည်။ ကျူးသာ သူ့ချစ်သူလေး ဖြစ်လာလျှင် ဘယ်လောက်တောင်များ ချိုနွဲ့စွာပြောမှာပါလိမ့်။ အား ... ကျူးရယ်။ မင်းနဲ့သာ ချစ်သူဖြစ်ခွင့်ရခဲ့ရင် ဒီကမ္ဘာမှာ အပျော်ဆုံးလူသားဟာ ကိုယ်ပဲဖြစ်မှာပါ။

"ကျူး အခုနက ကျူးကြားရတာဟာ ဒုတ်ဒုတ် ဒုတ်ဒုတ်နဲ့ မနေဘူးလား"

"အင်း ... ဒုတ်ဒုတ်လို့ ကြားရတယ်။ ဟုတ်တယ်၊ အဲဒါဘာလဲ"

"စိန်တံဆိပ်ခေါက်ဆွဲ"

"ဟင် ... ဘာရယ်"

"အဟဲ ... ကြော်ငြာနဲ့ မှားသွားလို့။ ဟိုဟာလေ ... ရင်ခုန်သံ"

"ဘာရယ် ... ရင်ခုန်သံ ! ဟုတ်လား"

သူသည် ကျူးကို ချစ်ရသည့်အထဲတွင် အဲဒီ ဘာရယ် ဟူသော စကားသံလေးလည်း ပါဝင်သည်။ တစ်ခုခုကို နား





မလည်လျှင်၊ မရှင်းလျှင် မျက်လုံးလေးဝင့်ကာ ဘာရယ် ဘာရယ်ဟု ပြန်မေးတတ်ပုံလေးကိုလည်း အင်မတန် ချစ်မြတ်နိုးရပါသည်။ အား ... ကြာရင်တော့ ကျူးအတွက်နဲ့ သူ ရူးရပါလိမ့်မည်။

"ကျူး အဲဒါ ကိုယ့်ရင်ခုန်သံပါ။ ကျူးနဲ့ဖုန်းပြောတော့မယ်ဆိုရင် ကိုယ့်ရင်ခုန်သံတွေ ဘယ်လောက်ဆူညံနေတယ်ဆိုတာ ကျူး သိစေချင်လို့"

ကျူးဘက်က ခေတ္တမျှ အသံတိတ်သွားသည်။ သူသည် အဲဒီအခြေအနေကို အခွင့်ကောင်းယူကာ ...

"ကျူး ... ကိုယ် ကျူးကို လေးလေးနက်နက် စကားလေးတစ်ခွန်း ပြောချင်တယ်။ တကယ်တော့လေ ဒီစကားကို ကျူးကို ကိုယ်ပြောချင်နေတာ ကြာပါပြီ။ ပြောမယ်လုပ်လိုက်တိုင်း ဖွင့်မပြောရဲလို့ ပြန်မြန်မျိုချခဲ့ရတာလည်း ခဏခဏပဲ ...

ကျူးကို အရမ်းချစ်နေတယ် ကျူး"

ကျူးဘက်က ဘာအသံမှ ထွက်မလာသေးချေ။ သူ နည်းနည်းတော့ လန့်သွားသည်။

"ဟယ်လို ... ကျူး၊ ကြားရဲ့လားဟင် ကြားရရဲ့လား"

"အင်း ... ကြားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှပင် ကျူးထံက မလှုပ်တလှုပ် အသံထွက်လာသည်။ သူလည်း ရင်ခုန်သံ နည်းနည်းမြန်လာပါသည်။ နားထဲတွင် ဝေဖြိုး ပြောလိုက်သော စကားသံတို့ကို ပြန်လည်ကြားယောင်လာသည်။

[ဟော့ကောင် ... ဖွင့်ပြောပြီးတာနဲ့ အဖြေကိုချက်ချင်းတောင်းနော်။ ဂျီကျဖို့က မင်းအလုပ် သိလား]

"ကျူး ကြားရင်လည်း ကိုယ့်ကို တစ်ခုခု ပြန်ပြောဦးလေ။ အဲဒီလိုကြီး ငြိမ်မနေပါနဲ့၊ စိတ်မဆိုးဘူး မဟုတ်လား"

"အင်း ... စိတ်တော့ မဆိုးပါဘူး"

"စိတ်ကတော့ မဆိုးရင် ဘာက ဆိုးတာလဲ"

"မဟုတ်ပါဘူး။ အင်း ... ဘာမှ မဟုတ်ပါဘူး"

ကျူးသည်လည်း ဘာပြောရမှန်းမသိစွာနှင့် ကယောင်ကတမ်း ဖြစ်နေပုံရသည်။ သူ သိထားရသော ကျူးလေးဟာလည်း တစ်ခါမှ ရင်မခုန်ဖူးသေးသော သူလေးမို့ သူ့ရဲ့ အမှတ်တမဲ့ ချစ်စကားကို ကြားရတဲ့ခိုက်မှာ စိတ်လှုပ်ရှား ရင်ခုန်သွားတာမျိုး လည်း ဖြစ်နိုင်သည်။ ကျူးရဲ့မျက်ဝန်းလေးတွေဟာ တစ်ခါတစ်ရံမှာ သူ့အကြည့်ဒဏ်ကို ရင်မဆိုင်နိုင်ဘူး ဆိုတာလည်း သူ သိသည်။





"ကျူး"

"ဘာလဲ"

သူ့ရဲ့လိုက်မေးသော ခေါ်သံကို ကျူးက ချိုနွဲ့စွာ ထူးသည်။

"ကိုယ့်ကို အဖြေပေးပါနော်"

"အာ ... ခေါင်းနိုက်ကလည်း"

"ဟုတ်တယ်လေ။ ကျူး စကားလေးတစ်ခု မကြားဖူးဘူးလား။ မင်းကို ချစ်တယ်လို့ ပြောတာဟာ ကိုယ့်ကိုချစ်ပါလို့ ပြောတာနဲ့ အတူတူပဲတဲ့ ...

ကိုယ့်ကို ပြန်ချစ်ပါ ကျူးရယ်။ ကိုယ် ကျူးကို တကယ်မြတ်မြတ်နိုးနိုးနဲ့ ချစ်တာပါ။ ကိုယ့်ဘဝမှာ ဘယ်မိန်းကလေးကိုမှ တစ်ခါမှ ရင်လည်းမခုန်ဖူးဘူး၊ ချစ်လည်း မချစ်ဖူးပါဘူး။ ကျူးက ကိုယ့်ဘဝရဲ့ ပထမဆုံး ရင်ခုန်သံပါ ...

ကိုယ့်အချစ်ကို ယုံကြည်ပါ ကျူးရဲ့ ... နော်"

"အင်း ... ပထမဆုံး ရင်ခုန်သံဆိုတာ သိပ်တော့ မယုံချင်ပါဘူးနော်။ ရည်းစားစကား ပြောသွားတာများ ခေနေ လို့ မှတ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကျူးကလည်းကွာ၊ အဲလို မထင်ပါနဲ့။ ကိုယ့်ကို မယုံဘူးလား၊ မယုံရင် ကြိုက်တဲ့နေရာမှာ စုံစမ်းလိုက်။ တကယ်ဆို ကိုယ်က ကျူးကို ဟိုအစောကြီးတည်းက ချစ်နေတာပါ။ အရင်ထဲကလည်း ဖွင့်ပြောချင်နေတာ ...

ကျူးကို ဖွင့်ပြောမယ် ကြံလိုက်တိုင်း မပြောရဲလို့ မျိုသိပ်ထားခဲ့ရတာလည်း ကြာခဲ့ပါပြီ။ ကိုယ် ကျူးကို မညာပါဘူး ...

ကျူး အပေါ်မှာ အမြဲတမ်း ရိုးသားပါတယ် ကျူး ရယ်"

"ကဲပါ ... ငိုပြမနေပါနဲ့"

ကျူးထံက ဆောင့်ဆောင့်အောင့်အောင့် အသံလေး ထွက်လာလျှင် သူ့စကားကို ကျူး ယုံကြည်သွားပြီ ဆိုတာကို နားလည်ရသည်။

"ကျူးရဲ့အချစ်ကို မရရင်တော့ ငိုရလိမ့်မယ်"

"အံမယ် ... အပိုတွေ လျှောက်ပြောမနေပါနဲ့နော်။ ဘယ် ယောကျ်ားမှ အချစ်အတွက်နဲ့ အဲဒီလောက်ထိ မခံစားကြ ဘူး။ ခုခေတ် ယောကျ်ားလေးတွေများ ဟောတစ်ယောက် ဟောတစ်ယောက်နဲ့ အပြောင်းအလဲက အရမ်းမြန်ကြတယ်"





"အဲဒီထဲမှာ ကိုယ် မပါ,ပါဘူး။ ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် တကယ်ချစ်တတ်တဲ့လူက ချစ်တတ် တာပါပဲ ကျူးရယ် ...

ပြောင်းလဲတတ်တဲ့လူက ပြောင်းလဲတတ်တာပါပဲ"

"ကဲပါ ... စကားတွေ သိပ်တတ်မနေပါနဲ့။ မနက်ဖြန် Class မှာ ဆရာက စာမေးမယ် ပြောထားတယ်၊ ကျူး စာဖတ်ရဦးမယ်"

"ဖတ်ပါ၊ ဒါပေမဲ့ ကိုယ့်ကိုတော့ တစ်ခုခု ပြောခဲ့ဦးလေ ကျူးရဲ့"

"ဘာပြောရမှာလဲ"

"ကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲ"

ကျူးဘက်က အသံ ခေတ္တတိတ်ဆိတ်သွားသည်။ အဲဒီအချိန်မှာ သူ့ရင်ခုန်သံတွေ ပိုပြီးမြန်ဆန်လာပါသည်။

"အင်း ... တစ်နှစ်လောက်မှ"

"ဟား ... အမယ်လေး ကျူးရယ်"

သူ့ရဲ့အလန့်တကြား အော်သံကြောင့် ကျူးပင် လန့်ဖျပ်သွားရသည်။

"ဘာ ... ဘာဖြစ်တာလဲ ခေါင်ခိုက်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တစ်နှစ်ဆိုလို့လေကွာ။ ကျူးရယ် လူတစ်ယောက်ကို တကယ်ချစ်တယ်ဆိုရင် စဉ်းစားစရာတောင် မလိုပါဘူး။ စဉ်းစားတယ်ဆိုတာ ဦးနှောက်ရဲ့အလုပ်လေ၊ နှလုံးသားမှာ စဉ်းစားတယ်ဆိုတာမှ မရှိတာ"

"အံမယ် ... ဒါဖြင့်ရင် အခု ရည်းစားစကားပြော၊ အခု အဖြေပေးတာမျိုးကို လိုချင်တာပေါ့။ သွား ... အဲလိုမိန်းမ တွေထဲမှာ ကျူး မပါဘူး"

"မဟုတ်ပါဘူး ကျူးရယ်။ မိန်းကလေးတစ်ယောက်အနေနဲ့ ဒီလိုကိစ္စမျိုးက စဉ်းစားရမယ်ဆိုတာ ကိုယ် နားလည်ပါ တယ်။ ဒါပေမဲ့ အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိသေး တယ် မဟုတ်လား ...

ကျူးက ဒီမှာ အမြဲတမ်း ရှိမယ့်သူဆိုရင် ကိုယ်က ဘယ်အချိန်ထိပဲ စောင့်ရ စောင့်ရ စောင့်နိုင်ပါတယ်"

"အံမယ် ... ကျူပ်က ဘယ်သွားမှာမို့လို့လဲ"

"ကျူး ဩဇီမှာ ကျောင်းသွားတက်မှာ ကိုယ် သိပါတယ်"

သူ့ရဲ့တိုးတိတ်သော ပြောသံအဆုံးတွင် ကျူးဘက် မှ ငြိမ်ကျသွားသည်။ သူသည်လည်း အဲဒီအကြောင်းကို စဉ်းစား မိလျှင် ရင်ထဲမှာ တကယ်ပဲ ခံစားသွားရလေ့ ရှိပါသည်။





"အဲဒါကြောင့်ပါ ကျူးရယ်။ ကျူး ကျောင်းမသွားခင် ကျူးဆီက ဝမ်းသာစရာ စကားလေးကို ကိုယ်ကြားချင် လို့ပါ။ နော် ... ကျူး"

"ဟင်း ... ခေါင်းခိုက်ကလည်းနော်။ တော်ပြီ ... ကျူး ဖုန်းချတော့မယ်"

"ခဏနေပါဦး။ ကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲ၊ ရက်လေးတော့ ပြောခဲ့ဦးလေ ကျူးရယ်"

"မသိဘူးကွာ၊ ကျူး စဉ်းစားဦးမယ် ဒါပဲ။ ခဏ ခဏ မပြောနဲ့တော့"

ကျူးက ပြောပြီးတာနဲ့ ဖုန်းချလိုက်သွားလျှင် သူ့ရင် မှာ လွင့်မျောပြီး ကျန်ရစ်ခဲ့ရသည်။ အံပြည့်အဝကြီးတော့ မကျေ နပ်ပေမယ့် ဒီအခြေအနေလေးလောက်ကလည်း ဆိုးတော့မဆိုးဟု တွက်ယူရမှာဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ဖွင့်ပြောတာက ဖွင့်ပြောဖြစ် ပြီးပြီမို့ သူ့ရင်ဘတ်ထဲစ်ခြမ်းကတော့ တကယ်ပဲ ပေါ့လို့သွားသည်။

ဘယ်လိုပဲဖြစ်ဖြစ် ကျူးရဲ့မျက်ဝန်းတွေထဲမှာ သူ့ အတွက် အကြင်နာ သံယောဇဉ်အရိပ်လေးတွေကို မြင်နေရတာမို့ မျှော်လင့်ချက်ရောင်ခြည်လေးကို လှမ်းလို့တော့ မြင်နေခဲ့ရပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



ခေါင်နိုက်က ကျူးကို propose လုပ်ကာ ဖွင့်ပြောပြီးဖြစ်သော်လည်း ကျူးသည် သူ့ကို ဘယ်နေ့မှာ အဖြေပြန်ပေးမည်ဟူသော Date မသတ်မှတ်ပေးရသေးပါ။ ရက်သာမပြောသေးသော်လည်း ကျူး ရင်ထဲတွင် သူ့အတွက် နိုင်မာသည့် တစ်စုံတစ်ရာ ရှိနေပြီ ဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် သိလေသည်။ သူပြောသလိုပင် အချစ်ဆိုတာ စဉ်းစားစရာ မလိုဘူး ဆိုတဲ့အတိုင်း ရင်ထဲမှာ သူ့ဟာသူ သီးသန့်ဖြစ်ပေါ်နေသော အချစ်တစ်ခုမှာ ဘယ်လိုစဉ်းစားတွက်ချက်မှုမျိုးမှ မပါခဲ့ပါ။ အခုချိန်မှာ သူ့အတွက် အချစ်တစ်ခုကို ပေးအပ်ဖို့ အဆင်သင့်ဖြစ်နေသော်လည်း ကျူးသည် သူ့ကို ခေါင်းမညိတ်ချင်သေး။ ဒီအခြေအနေအလေးအတိုင်းကလည်း ကျူးကို တစ်မျိုးကြည်နူးစေပါသည်။

ဒီအကြောင်းတွေကို သိသော သဒ္ဒါကတော့ ကျူးကို သူ့လူကိုယ့်ဘက်သားလုပ်ကာ ဝေဖန်သည်။





"ကျူး ... နင်ကလည်း သူ့ကို ချစ်နေရဲ့သားနဲ့များ အချိန်တွေကုန်အောင် သက်သက် အချိန်ဆွဲနေတယ်။ ငါ အဲဒီလို မိန်းမတွေဆိုရင် မုန်းတယ်"

"အောင်မာ ... မိန်းမစုတ်။ နင်က ကိုယ့်သူငယ်ချင်းဘက်ကတော့ ပါမယ်မရှိဘဲ ဟိုဘက်က။ ပြော စမ်း ... ဟိုက နင့်ကို ဘာတွေဝယ်ကျွေးထားလဲ"

"နေကြာစေ့ တစ်စေ့တောင် ဝယ်မကျွေးဘူး။ ဒါပေမဲ့ ငါက အမှန်တရားဘက်တော်သားလေ။ အင်း ... ငါတော့ မြင်ယောင်သေးတယ်။ နင်တို့နှစ်ယောက် သီပ်ချစ်လာမယ့် စုံတွဲတွေ ဖြစ်မှာကိုပေါ့"

"အောင်မာ"

ကျူးသည် သဒ္ဒါရဲ့အပြောကို နှုတ်ခမ်းကိုက်ကာ မျက်စောင်းထိုးမိသော်လည်း ကြည်နူးစွာ ပြုံးနေမိလေသည်။ သူ့ကို အပြင်မှာ မတွေ့ရပါဘဲနှင့် အတွေးထဲမှာ စဉ်းစားကြည့်တာနဲ့တင်ကို ရင်ခုန်သံတွေ မြန်လာသည်မှာ ခံစားမှုအား ကောင်းလွန်းသော အချစ် ဖြစ်ပါမည်။

"ဟုတ်တယ်၊ ခေါင်နိုက်ကို ကြည့်ရတာ နင့်ကို တော်တော်ချစ်တဲ့ပုံပဲ။ ဂရုစိုက်လိုက်တာလည်း ပျာလို့။ နင့်မျက်နှာကိုပဲ အရိပ်တကြည့်ကြည့် ဖြစ်နေတာ ...



www.burmeseclassic.com

www.burmeseclassic.com

သူ့အကြည့်တွေကလေ နင်တော့ မသိဘူး၊ ဆားက ငါတောင် ရင်ခုန်တယ် ... အဟိ။ ဟဲ့ ... နင်ကရော သူ ကြည့်ရင် ဘယ်လိုခံစားရလဲ"

"အင်း ... သူ့ကို ပြိုင်မကြည့်ရဲဘူးဟ။ သူ ငါ့ကို အဲဒီလို ကြည့်ရင် ရင်တွေက ပေါက်ထွက်တော့မလား မသိ။ တဒိုင်းဒိုင်းနဲ့ ရင်တွေ အရမ်းခုန်တယ် ...

ဒါကြောင့်လည်း အဖြေပြန်မပေးဖြစ်သေးတာပါ ဟာ။ သူ့ကိုလေ ချစ်တယ်ဆိုတဲ့စကား ပြောထွက်ဖို့ ငါ့ ပါးစပ်က မရဲဘူး၊ သိလား"

အဲဒီတုန်းက သဒ္ဒါတစ်ယောက် ကျူးရဲ့မျက်နှာကို ချိုမြမြ ပြုံးပြနေခဲ့တာ ဘာအကြံအစည်ရှိမှန်း ကျူး မရိပ်မိခဲ့ ပါ။ သစ္စာဖောက် သဒ္ဒါသည် အဲဒီအကြောင်းကို ခေါင်းခိုက်ဆီ မှာ သွားပြီး သံတော်ဦးတင်တယ် ဆိုတာကို နောက်များကျမှပဲ ကျူး သိခွင့်ရခဲ့တာဖြစ်သည်။

အဲဒီနေ့ညက သူ ဖုန်းဆက်သောအခါ ပထမပိုင်း ကတော့ ထုံးစံအတိုင်း ဟိုအကြောင်း ဒီအကြောင်း ထွေရာလေး ပါး ပြောဖြစ်ကြသည်။ နောက်ကျတော့ သူက ဓာတ်ပြားဟောင်း ကြီး စဖွင့်လာသည်။





"ကျူး ... ကိုယ့်ကို အဖြေမပေးသေးဘူးလားကွာ။ ဒီမှာ မျှော်ရလွန်းလို့လည်း သေတော့မယ်။ ကိုယ့်ကို နည်းနည်း မှ မစာနာဘူးကွာ ကျူးကာ"

"လာပြန်ပြီ ဒီအဖြေ။ ကျူး ပြောပြီးပြီပဲ၊ ကျူး စဉ်းစား ဦးမယ်လို့"

"ဘာစဉ်းစားစရာလိုလို့လဲ ကျူးရယ်။ ကျူး ကိုယ့်အချစ် ကို မယုံတာလား"

"ဟင့်အင်း ... မဟုတ်ပါဘူး"

"ဒါဖြင့်ရင် ယုံတယ်ပေါ့"

အဲဒီလိုကျတော့လည်း မရှေ့ချောက မဖြေချင်။ အင်တင်တင် လုပ်လို့နေသည်။

"ဟင် ... ကျူး။ ဖြေလေ ... မယုံတာလား ယုံတာလား"

"မယုံတာ မဟုတ်ဘူးလို့ ပြောပြီးပြီပဲ"

"ဒါဖြင့်ရင် ယုံတယ်ပေါ့။ ကျူးကကွာ သူ့ဆီက စကား လေးတစ်ခွန်း ထွက်မှာများ သိပ်တွန့်တိုတာပဲ။ ကိုယ့်အချစ် ကို ယုံတာတောင် ယုံပါတယ်လို့ ဖွင့်မပြောချင်တဲ့ဘဝ။ ကိုယ်က ကျူးအတွက် အဲဒီလောက်တောင်များ မျှော်လင့် ချက် နည်းပါးနေပြီတဲ့လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူက စိတ်ဓာတ်ကျသလို ပြောလျှင် အဲဒီအသံကြောင့် ကျူး နည်းနည်းပျာသွားရသည်။ နားထဲမှာလည်း ဆရာမကြီး သဒ္ဒါရဲ့လက်ချာတွေကို ကြားယောင်ပြီးလာသည်။

[နှင်က ပဲတွေစွတ်များမနေနဲ့။ သူ့ကိုလည်း ကောင်မလေးတွေက ဝိုင်းနေတာ။ လုံးဝမျှော်လင့်ချက်မရှိတဲ့ ပုံစံကြီးနဲ့လည်း သွားမလုပ်နဲ့။ အိပ်မက်ပေးတဲ့ အထာလေးတွေလည်း ရှိတတ်ရတယ်ဟ]

အိပ်မက်ပေးတဲ့ အထာဟာ ဘယ်လိုဟာမျိုးလဲတော့ ကျူးလည်း မသိပါ။ သဒ္ဒါကတော့ ဆယ်တန်းတည်းက ရည်းစားထားလာသူမို့၊ ခုချိန်မှာလည်း ရည်းစားနှစ်ယောက်ပြတ်ကာ တတိယမြောက်တစ်ယောက်ကို ထားရှိဆဲမို့ ကျူးထက်စာလျှင် ယောကျ်ားလေးတွေရဲ့အထာကို နပ်သည်ဟု ပြော၍ရသည်။ ကျူးကတော့ ပထမဦးဆုံး ရင်ခုန်သံအရိုင်းပိုင်ဗိုဇီ ဘာမှသိပ်နားမလည်ပါ။ ခေါင်ခိုက်ကို ချစ်မိနေတာ မှန်သော်လည်း ချစ်တယ်လို့ ဝန်ခံရဲတဲ့ သတ္တိမရှိသေးတာ ဖြစ်ပါသည်။

"ဆောရီး ကျူး။ ကျူးအတွက် ကိုယ်ဟာ အနှောင့်အယှက်တစ်ခု ဖြစ်နေခဲ့ရင် တောင်းပန်ပါတယ်။ အိုကေ ... ကျူး စာကျက်စရာရှိတယ်ဆိုရင် ကျက်တော့လေ။ ကိုယ် ဖုန်းချပေးပါ့မယ်"





"ဟို ... အင်း"

သူ ဖုန်းချမယ် ဆိုတော့လည်း ကျူးက မချစေချင်သေးပါ။ ပြောရလျှင် သူနဲ့ ဖုန်းပြောရသည့် အချိန်တွေကို ကျူးလည်း မက်မောရင်ခုန်ပါသည်။ ပြီးတော့ ကျူးကို သူ တကယ်ပဲ စိတ်ပျက်သွားသလား ဆိုတာကိုလည်း စိုးရိမ်သေးသည်။

"ကျူး ကိုယ့်ကို ပြောစရာ ရှိသေးလား"

"အင်း ... ခေါင်ခိုက် ကျူးကို စိတ်ဆိုးသွားတာလား"

"မဆိုးပါဘူး။ ကိုယ်က ကျူးကို ချစ်နေတဲ့သူပဲ။ ကျူး ဘာပဲလုပ်လုပ် ဘာပဲပြောပြော ခွင့်လွှတ်နေပြီးသားပါ။ တစ်ခုပဲ ရှိတယ်။ ကိုယ့်အချစ်ကို ကျူး မယုံဘူးလားဆိုတဲ့ အတွေးနဲ့ မယုံလို့ အဖြေမပေးသေးတာလားဆိုတဲ့အတွေးနဲ့ စိတ်မကောင်း ဖြစ်တာပါ။ အဲဒါပါပဲ"

ကျူးသည် အဲဒီအပြောလေးကိုတော့ တကယ်ပဲ ကြွေဆင်းသွားရပါသည်။ သူ့ကို သနားကရုဏာဖြစ်သွားသော စိတ်သည် ကျူးရဲ့နှလုံးသားတွေကို ခါတိုင်းချိန်ထက်ကို ညွတ်ပျောင်းသွားစေသည်။ သူကသာ ဖွင့်အဖြေတောင်းလျှင်တော့ ကျူးက ခေါင်းညိတ်မိမလားတောင် မသိတော့ပါ။

"ခေါင်ခိုက်ရဲ့အချစ်ကို ကျူး ယုံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျူးရဲ့အသံက တိုးတိုးလေး။ ရင်ခုန်သံတွေကတော့ အကျယ်ကြီးဖြစ်သည်။

"ယုံတယ် ... ဟုတ်လား ကျူး။ ဒါဆိုရင် အသိအမှတ်ပြုတယ်ပေါ့။ ကိုယ့်အချစ်ကို အသိအမှတ်ပြုလားဟင်"

"အင်း ... ပြုတယ်"

"ဟား ... ပြုတယ်၊ ပြုတယ်ဆိုရင် ကိုယ့်ကို ချစ်တယ်ပေါ့ ဟုတ်လား"

"အိုး ... အသိအမှတ်ပြုတာနဲ့ ချစ်တာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ကျူးရဲ့။ လူတစ်ယောက်ရဲ့အချစ်ကို ယုံကြည်တယ်၊ အသိအမှတ်ပြုတယ် ဆိုတာ အဲဒီလူတစ်ယောက်ကို ရင်ထဲမှာ လောက်လောက်လားလား နေရာပေးနိုင်လို့ပေါ့ ...

ကျူးရင်ထဲမှာ ကိုယ့်ကို နေရာပေးထားတယ်မဟုတ်လား။ ဖြေပါ ကျူးရယ်။ ကိုယ် ဝမ်းသာချင်လို့ပါ"

"အင်း"

"ဘာအင်းတာလဲ ကျူးရဲ့။ ကိုယ့်ကို ခေါင်းညိတ်တာလား။ ချစ်တယ်လို့ ပြောတာလား ... ဟုတ်လား"

"အင်း ... တော်ပြီကွာ၊ မသိတော့ဘူး"





"ဟား ... အရမ်းဝမ်းသာတယ် ကျူးရယ်။ အိုကေ ... အိုကေ ... ခုချိန်မှာ ကျူးရဲ့ပါးစပ်က ကိုယ့်ကို ချစ်တယ်လို့ ပြောတာကို အရမ်းကြားချင်ပေမယ့် ကျူး ရှက်နေမှာကို သိပြီး နားလည်ပေးလိုက်ပါ့မယ် ...

နောက်ကျမှ တစ်နေ့ကို တစ်ခွန်း ပြောခိုင်းတော့မယ်၊ ဟဲ ဟဲ"

"ဟွန်း ... တော်ပြီ။ ဖုန်းချတော့မယ်"

"အိုကေ ... အချစ်။ အိပ်မက်ထဲ မောင် လာခဲ့မယ်နော်"

ကျူးသည် ဘာမှပြန်မပြောဘဲ အသာပြုံးကာ ဖုန်းကို ချပစ်လိုက်သည်။ သူ ခေါ်ဝေါ်သုံးနှုန်းသွားသော အခေါ်အဝေါ်များသည် ကျူးရဲ့ပါးပြင်တွေကို ရှက်သွေးဖြာစေသည်။ ကျူးသည် ခုတင်ပေါ်တွင် လှဲချလိုက်ကာ မျက်လုံးတွေကို စုံမှိတ်ထားလျက် နှုတ်ခမ်းတွေကတော့ ကော့ညွတ်စွာ ပြုံးလို့နေမိသည်။ စည်းချက်မမှန်သော ရင်ခုန်သံကိုတော့ ခေါင်းအုံးတစ်လုံးနှင့်ဖိကာ ငြိမ်သက်ထားရသည်။

ကြည့်စမ်း ... ထင်မထားတဲ့အခြေအနေလေးအတွင်းမှာပဲ သူနဲ့ကျူး ချစ်သူတွေ ဖြစ်သွားပြီတဲ့။ ကျူး ပါးစပ်ကတော့ သူ့ကို ချစ်တယ်လို့ တစ်ခွန်းမှ မပြောလိုက်ရ။ သို့သော် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ညိတ်ဝန်ခံခြင်း အောက်မှာ အချစ်သည် တရားဝင်ထုတ်ဖော် ကြော်ငြာပြီးသား ရသွားသည်။ သူနဲ့ကျူးတို့ ချစ်သူတွေ ဖြစ်သွားကြပြီဆိုသော အသိသည် နှလုံးသားကို တစ်မျိုးတစ်မည် ထူးခြားစေပါသည်။

✧ ❤ ✧





## ၄

သူနဲ့ ကျူးတို့ရဲ့ ချစ်သူဘဝသည် သာမန်အားဖြင့် ကြည့်ရင်တော့ အင်မတန် ပျော်ရွှင်ကြည်နူးဖို့ကောင်းကာ သာယာချမ်းမြေ့သော ချစ်သူဘဝ ဖြစ်ခဲ့ကြပါသည်။ သူက ကျူးကို အင်မတန်ချစ်သလို၊ ကျူးကလည်း သူ့ကို သိပ်ချစ်ခဲ့သည်။ ပထမပိုင်းတုန်းကတော့ ကျူးက မိန်းကလေးပီပီ ရှက်သလိုလို၊ အနေခက်သလိုလိုလေးတွေ ရှိပေမယ့် နောက်တော့ အဆင်ပြေသွားခဲ့ပါသည်။ သူတို့နှစ်ယောက် ကြားထဲတွင် ဘာအတားအဆီးမှ မရှိဘဲ လွတ်လပ်စွာ ချစ်ခဲ့ကြသည်။

သူက ကျူးရဲ့အချစ်နဲ့ သစ္စာတရားကို ယုံကြည်စွာဖြင့် ကျူးကို သဝန်တိုတာမျိုး သိပ်မရှိပေမယ့် ကျူးကတော့ သူ့ကိုဆိုလျှင် အင်မတန် သဝန်တိုကာ လွန်လွန်ကဲကဲ ချစ်တတ်သော


www.burmeseclassic.com

www.burmeseclassic.com

သည်။ သို့သော် သူက ကျေနပ်ပါသည်။ သူ ချစ်ရသော မိန်းကလေးတစ်ယောက်က သူ့ကို သိပ်ချစ်၍ မိန်းကလေးသဘာဝသဝန်တိုခြင်းဟာ စိတ်အနှောင့်အယှက် မဖြစ်စေဘဲ ကြည်နူးမှုတစ်မျိုးကိုတောင် ပေးစွမ်းသေးလေသည်။ တစ်ယောက်နဲ့တစ်ယောက် အသေးစိတ်ကအစ ဂရုစိုက်ကာ တစ်ယောက်ကိုတစ်ယောက် အင်မတန် ချစ်မြတ်နိုးကြသော စုံတွဲလေးအဖြစ် သူတို့နှစ်ယောက်က သူငယ်ချင်းတွေကြားထဲမှာ ကျော်ကြားခဲ့သည်။

ကျူးကဆိုလျှင် သူ့ပခုံးလေးကို မှီနွဲ့ကာ ...

"မောင့်ကိုလေ ဘာဖြစ်လို့ ဒီလောက်ထိ ချစ်မိသွားလဲ မပြောတတ်ဘူး သိလား။ စိတ်ညစ်တယ်"

ကျူးက အဲဒီလိုပြောလျှင် သူ့မှာ တဟားဟားနှင့် အော်ရယ်ကာ ကျူးခေါင်းလေးကို ချစ်စနိုးဖြင့် အုပ်မိုးလှုပ်ယမ်းမိရသည်။ ကျူးက သူ့ကို မောင်ဟုခေါ်ကာ သူကတော့ ကျူးကို "ချစ်"ဟု ခပ်သည်းသည်း ခေါ်တတ်ပါသည်။ ကျူးက သူ့ကို မော့်ကြည့်ကာ ဒါမှမဟုတ် သူ့ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်ကာ မောင်ဟု တစ်ခွန်းခေါ်လေတိုင်း သူ့နှလုံးသားတွေ အေးခနဲဖြစ်သွားကာ နတ်ပြည်ကို ခေါင်းနဲ့တက်ဆောင့်သည်ဟု ထင်မိရသည်။ ကိုယ်ချစ်သူ မိန်းကလေးက မောင်လို့ ခေါ်တာလောက် သာယာနာပျော်ဖွယ်ကောင်းတာ မရှိတော့ပါ။





"ဟား ... ကျူးက အသစ်တွေ သိပ်သုံးတာပဲကွာ။ ကိုယ့်ချစ်သူကို သိပ်ချစ်တာများ စိတ်ညစ်တယ်တောင် ဖြစ်ရသေးတယ်"

"ဟုတ်တယ်လေ။ အချစ်ဆိုတာ ပိုချစ်ရတဲ့လူက အရှုံးချည်းပဲဟာ"

"အဲလို မဟုတ်ပါဘူးကွာ၊ မောင်ကရော ကျူးကို အများကြီး မချစ်တာ ကျနေတာပဲ၊ မောင်က ပိုချစ်တာပေါ့။ မောင်က အရင်စ,ချစ်တဲ့ဟာပဲကို ...

မောင် ထင်တာကတော့လေ အရင်စချစ်တဲ့လူက ပိုချစ်တာပဲ"

"အံမယ် ... မဆိုင်ပါဘူးနော်။ အတူတူ ချစ်တာပါ"

"ဟုတ်လား ... အတူတူ ချစ်တာလား။ အဲဒါဆို ဘယ်အချိန်တည်းက ချစ်နေတာလဲ ... ပြော၊ ဒါနဲ့များ လူကို အကြာကြီး ညှဉ်းထားသေးတယ်"

သူက ကျူးရဲ့မေးဖျားလေးကို ညှစ်ကာ ချစ်စနိုးပြုံးကြည့်ပြီး မေးလိုက်လျှင် ကျူးက ရှက်ပြုံးလေးနှင့် ခေါင်းငုံ့သွားသည်။ သွေးတိုက်မြင်နေရသော ကျူးရဲ့ပါးပြင်လေးတွေက ပန်းနုရောင်ပြေးကာ သူ့နှလုံးသားကို စိန်ခေါ်နေကြသည်။ သူက ကျူးရဲ့ပါးရိုးလေးတစ်လျှောက်ကို ခပ်ဖွဖွ နမ်းရှိုက်လိုက်သော


www.burmeseclassic.com

www.burmeseclassic.com

လည်း ကျူးက ဘာမှမပြောပါ။ ခေါင်းငုံ့နေသော ပုံစံလေးက သူ့နှလုံးသားကို ပို၍ မချင့်မရဲ ဖြစ်စေသည်။

"ကျူး"

သူ့ရဲ့ခေါ်သံကို ကျူးက နှုတ်ခမ်းမဖွင့်ဘဲ ထူးသည်။ ကျူးရဲ့နှုတ်ခမ်းထူထူလေးများကို သူက အသည်းယားစွာ စိုက်ကြည့်ရင်းမှ ရင်ခုန်နှုန်းတွေ ပိုမြန်လာသည်။ သူက ကျူးရဲ့ပါးရိုးတစ်လျှောက်ကို လက်ချောင်းလေးများနှင့် အသာအယာ ပွတ်သပ်ချော့မြူရင်းမှ ...

"အနမ်းရဲ့ ထူးခြားချက်တွေကို ချစ် သိလားဟင်"

"အာ ... မောင်ကလည်းကွာ၊ ဘာတွေလျှောက်မေးနေတာလဲ"

"အကောင်းမေးနေတာ၊ မသိရင် မသိဘူးပြော။ တကယ် ပြောပြမလို့"

ကျူးက သူ့ကို မော့်ကြည့်ကာ နှုတ်ခမ်းတစ်ချက်စေ့ရင်း ခေါင်းယမ်းပြသည်။ သူက ခေါင်းတစ်ချက် ဆတ်ပြရင်းမှ ...

"မှတ်ထား။ အနမ်းဆိုတာ တစ်ယောက်တည်းနဲ့ မပြီးဘူးတဲ့"

"ဘာ ... ကွာ။ ဘာရယ် ... ဒါဖြင့်ရင် ကျူးအပြင် နောက်ထပ်ရှိသေးတယ်ဆိုတဲ့သဘောပေါ့။ ဟုတ်လား ... တောက်"





ကျူးဆိုသော ကလေးမလေးသည် ထစ်ခနဲရှိ စိတ်ကို ဒေါသထွက်တတ်သည်မှာ သူတို့ယောက်ျားလေးတွေထက်တောင် သာသေးသည်။ သူက အခြေအနေ ဆိုးမလာခင် အမြန်ထိန်းကျောင်းရ၏။

"မဟုတ်ပါဘူး ချစ်ရယ်။ မောင် စကားပြောတာ လောသွားလို့ပါ။ ချစ်ကလည်းကွာ၊ ထစ်ခနဲရှိ စိတ်တိုဖို့ပဲ။ နည်းနည်းလေးလောက်တောင် စိတ်မရှည်ဘူး။ မောင်က ချစ်ကလွဲပြီး ဘယ်သူ့ကို နမ်းရမှာလဲ။ ဒီတစ်ယောက်တောင် နမ်းလို့မဝသေးဘူး"

"ဪ ... နမ်းလို့ဝရင်တော့ နောက်တစ်ယောက် ပြောင်းမယ်ပေါ့လေ"

သူက ခါးထောက်ပြီး ရန်တွေ့နေသော ကျူးရဲ့ပုံစံကို သဘောတကျဖြင့် တဟားဟား အော်ရယ်မိသည်။ ကျူးက သူ့ကို မိုက်ကြောပါ လိမ်ဆွဲလေသည်။ တကယ်နာအောင်ဆွဲခြင်းမို့ သူ့မှာ တအားအားနဲ့ ရှောင်ရှားရသည်။

"ဟား ဟား ... ကျူး။ နာတယ်ကွာ၊ ကြည့်[illegible]မ်း ... မလုပ်နဲ့"

"လုပ်မှာပဲ။ စကားကိုက ဇာတိပြနေတာ ... ဟွင်း"


www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဒီကလေးမ ခက်လိုက်တာကွာ။ ကြည့်စမ်း ... မရသေးဘူး ခုတည်းက ဇာတိက ပြနေပြီ။ ယောက်ျားကို နှိပ်စက်တတ်လိုက်တာ ...

ဘာလဲ ... ချစ်အမေက ချစ်အဖေကို ဒီလိုပဲ နှိပ်စက်နေကြလား"

သူ့စကားကို ကျူးက မျက်နှာရှုံ့ခနဲဖြစ်အောင် ရှက်သွားကာ သူ့လက်မောင်းကို တအုံးအုံးနဲ့နေအောင် ထုသည်။

"မောင်နော် ... တာတွေ လျှောက်ပြောနေတာလဲ၊ တော်ပြီသွား"

"မသွားပါရစေနဲ့ဦးကွာ။ ကဲ ... အဲနမ်းအကြောင်း ပြောနေရာကနေ ဘယ်လိုလုပ် ဆော်ပလော်တီးတာတွေ ပါလာရတာလဲ။ ချစ်ကလည်းကွာ မောင်က ချစ်ကလွဲပြီး ဘယ်လိုလုပ် တခြားတစ်ယောက်ကို ချစ်လို့ရမှာတဲ့လဲ ...

လုံးဝ ယုံကြည်ထားစမ်းပါ၊ စိတ်ချထားစမ်းပါ။ ဘာလို့ လူကိုသံသယတွေ ရှိနေရတာလဲ၊ ဟင် ... အသည်းလေး"

သူ အကဲပိုပိုဖြင့် ကျူးရဲ့မေးဖျားလေးကို ဆွဲယူဖျစ်ညှစ်လိုက်လျှင် ကျူးက သူ့ကို ရွှန်းလဲ့သော မျက်လုံးများဖြင့်





မော့ကြည့်သည်။ အခါများစွာတုန်းကတော့ ဒီကလေးမဟာ သူ့အကြည့်တွေကို ရင်မဆိုင်ရဲခဲ့။ အခုတော့ သူ့ကို ရွှန်းရွှန်းမြမြလေး ပြုံးကြည့်တတ်ပြီဖြစ်သည်။ သူသည် သူ့ကိုကြည့်လာလေသော ကျူးရဲ့မျက်ဝန်းတွေထဲသို့ နစ်ဝင်မတတ် စိုက်ကြည့်ကာ အဲဒီအချိန်တွင်း၌ ဒီကလေးမကို တစ်သက်လုံးအတွက် ခိုင်ခိုင်မြဲမြဲ ချစ်မိပြီဆိုတာ အဆုံးမရှိ သေချာရသည်။

ကျူးက သူ့ကို ခပ်ပြုံးပြုံးလေးကြည့်ကာ ...

"ကျူးလေ ဝတ္ထုစာအုပ်ထဲမှာ ဖတ်ဖူးတဲ့ စာသားလေးကို အရမ်းကြိုက်တယ်၊ မောင့်ကို ပြောပြမယ်။ အချစ်ခံရတဲ့အခါမှာ သံသယဆိုတာ မရှိဘူး။ ကိုယ်က ချစ်မိပြီဆိုရင်တော့ သံသယဆိုတာ ရှိ့ရှိလာတတ်တယ်တဲ့ ...

တခြားသူတွေတော့ မသိဘူး။ ကျူးအတွက်တော့ အဲဒီစကားက အရမ်းမှန်တယ်။ မောင်က မဟုတ်တာလုပ်နေတယ်လို့ စွပ်စွဲတာမျိုးတော့ မဟုတ်ဘူး ...

ဒါပေမဲ့ ကျူးစိတ်မှာ မောင်နဲ့ပတ်သက်လာရင် အပြည့်အဝ စိတ်မချဘူး။ စိုးရိမ်စိတ်တစ်ခုက အမြဲရှိနေတယ်။ သိဘူး မောင်ရယ်။ ကျူးကပဲ မောင့်ကို အရမ်းချစ်နေလို့လားတော့ မပြောတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ညည်းညည်းညူညူလေး ပြောလိုက်သော ကျူးရဲ့စကားသံကြောင့် နှလုံးသားထဲမှာ ထိသွားရသည်။ ကျူးရဲ့နဖူးလေးကို ဖျတ်ခနဲ ငုံ့ကာနမ်းမွှေးလိုက်ပြီးမှ ကျူးရဲ့ဖြူသွယ်သော လက်ချောင်းလေးများကို တင်းတင်းယှက်ကာ ဆုပ်ကိုင်မိသည်။

"ချစ်ရယ်"

"မောင် ကျူးကို ဘယ်လောက်ထိ ချစ်လဲဟင်"

"အဲဒီလိုတော့ မပြောတတ်ဘူးကွာ။ ဒါပေမဲ့ ကျူးကိုတော့ မောင် အရမ်းချစ်တယ်။ ဘယ်သူ့ကိုမှ မချစ်ဖူးသေးတဲ့ အချစ်မျိုးနဲ့ ရူးရူးမူးမူးကို ချစ်တာ။ ကျူးနဲ့ ဝေးရမှာကိုလည်း အရမ်းစိုးရိမ်တယ် ...

ဒါကြောင့် ကျူး မကြိုက်တဲ့ ကိစ္စဆိုလည်း ဘာမှ မလုပ်ဘူး။ သက်မဲ့အရာတွေအပေါ်မှာတောင်မှ ကျူး မကြိုက်ရင် ဝေးခဲ့က ရှောင်သေးတာ။ သက်ရှိတွေ ဆိုလို့ကတော့ ဝေးရောပေါ့ ကျူးရဲ့ ...

ကျူး ချစ်တာကိုလည်း နားလည်ပါတယ်ကွာ။ ချစ်လို့ မောင့်ကို သဝန်တိုတယ် ဆိုတာကိုလည်း နားလည်ဘယ်။ ဒါပေမဲ့ ကျူး တစ်ခုသိထားဖို့က မောင် အသက်ရှင်နေသရွေ့ ကျူးကို ချစ်မယ် ဆိုတာပဲ။ အင်း ... အသက်





ရှင်သရွေ့တောင် မဟုတ်ပါဘူးကွာ။ သေရင်တောင် ဝိညာဉ်က ချစ်နေဦးမယ် ကျူပါတယ်"

"အာ ... မောင်ကလည်းကွာ။ ဘာတွေ လျှောက်ပြောနေတာလဲ။ ဖွဟဲ့ ... လွဲဟဲ့"

သူက စိုးရိမ်တကြီး ဖြစ်သွားသော ကျူးရဲ့ပုံစံလေးကို ချစ်စနိုးဖြင့် မွှေ့ယမ်းချင်စိတ် ပေါက်သွားသည်။ အသည်းယားလွန်းသောကြောင့် နှာခေါင်းလေးကိုသာ မချိတင်ကဲ ဖျစ်ညစ်ဆွဲလိမ်မိလေသည်။ အဲဒီလိုပဲ သူနဲ့ ကျူးနဲ့ဟာ တစ်နေ့မတွေ့ရ မနေနိုင်အောင် သည်းသည်းလှုပ် ချစ်မြတ်နိုးခဲ့ကြသည်။ နေ့ဘက်တွေမှာ တွေ့ပြီးသား ဖြစ်သော်လည်း ညဘက်တွေတိုင်းမှာလည်း ဖုန်းမပြောရ မနေနိုင်။ ဘာမှ ထွေထွေထူးထူး ပြောစရာမရှိပါဘဲနဲ့တောင် အနည်းဆုံးတော့ လေးဆယ့်ငါးမိနစ်၊ တစ်နာရီလောက်ကတော့ ပြောဖြစ်ကြသည်။

ယောက်ျားလေးဖြစ်သည့်သူက ကျူးနဲ့ အပြင်သွားလျှင် ထီးဆောင်းပေးတာမျိုး၊ ကျူးနှုတ်ခမ်းမှာ ချွေးစို့နေလျှင် တစ်သျှူးနဲ့ သုတ်ပေးတာမျိုး၊ ကျူးစားမယ့် နေကြာစေ့လေးတွေ အခွံနွှာပေးတာမျိုး၊ လိမ္မော်သီးကို အခွံနွှာကျွေးတာမျိုး၊ အပြင်မှာ မုန့်တစ်ခုခု စားလေတိုင်း ကျူးစားမည့် အစားအသောက်ကို အရင်ပြင်ဆင်ပေးတာမျိုး (တူဖောက်ပေးတာ၊ လက်ဖက်ရည်မွှေ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သမီးနဲ့မေမေ၊ တစ်ပတ် ဆယ်ရက်လောက်တော့ ကြိုသွားရမယ်။ သမီး ဖေဖေကတော့ တစ်လလောက် ကြိုသွားရင်လည်း သွားပေါ့တဲ့။ ဒါမှ ဟိုမှာ သမီး used to ဖြစ်သွားအောင်လို့တဲ့ ...

မဟုတ်ရင် မေမေက တစ်ပတ်လောက်ပဲနေပြီး ပြန်လာရင် သမီး Home sick ဖြစ်နေမှာစိုးလို့လေ။ သမီးနဲ့မေမေ့ passport လည်း လကုန်ရင်ကျတော့မယ်လို့ ပြောတယ် ...

သမီးက သိပ်တော့ Home sick ဖြစ်မှာ မဟုတ်ပါဘူး။ အန်တီလေးတို့အိမ်မှာ နေမှာဆိုတော့ family ရှိတော့ အဆင်ပြေတာပေါ့"

မေမေကတော့ သူ့ဟာသူ တက်ကြွစွာ ပြောနေသော်လည်း ကျူးကတော့ မေမေ့စကားတွေကို ကြားလျှင် စားနေသည့် နံရိုးပေါင်းတောင် မျိုမကျချင်သလို ဖြစ်လာသည်။ ဖြစ်နိုင်လျှင် ကျူး ဩစတြေးလျသို့ လုံးဝမသွားချင်တော့ပါ။ အဲဒီလို ပြောလျှင် ကြားရသူအပေါင်းက ကျူးကို အချစ်အတွက် မိုက်မဲသည့်မိန်းမဟု ပြောကြတော့မည်။ ပြောချင်သလို ပြောကြတော့။ သေချာတာကတော့ ကျူး ဩဇီမှာ ကျောင်းသွားမတက်လိုတော့။ မတက်ချင်တော့။





တကယ်တော့ ဩဇီမှာ ကျောင်းသွားတက်ဖို့ကိစ္စသည် ကျူး ဆယ်တန်းမအောင်ခင်တည်းက မိဘတွေ စီစဉ်ချထားပေးခဲ့သော နှစ်ရှည်စီမံကိန်းဖြစ်သည်။ ဆယ်တန်းဖြေပြီးကတည်းက နိုင်ငံခြားထွက်ဖို့အတွက် အစစအရာရာ အားလုံးပြင်ဆင်နေခဲ့သည်မှာ အခုတော့ အဆင်သင့်နီးပါး ဖြစ်နေပြီဟု ပြောလို့ရပြီဖြစ်သည်။ IELTS စာမေးပွဲကိုလည်း ကောင်းစွာဖြေပြီး၍ အမှတ်စာရင်းကို စောင့်နေသည်။ အင်္ဂလိပ်စာသင်တန်းကလည်း ဒီပလိုမာတစ်ခု ယူပြီးသွားပြီ။ ကျူးနဲ့အတူ စူးနင့်လည်း ဒီပလိုမာရပြီးကာ သူကတော့ သူ စိတ်ဝင်စားသည့် နည်းပညာတက္ကသိုလ်ကို ဆက်တက်မှာဖြစ်သည်။

ခုချိန်ကျတော့မှပဲ ကျူးသည် ဒီမှာပဲ ဆေးတက္ကသိုလ်တက်ရင် ကောင်းမလားဟု စဉ်းစားမိကာ ကိုယ့်ကိုယ်ကိုယ်လည်း ဘာဖြစ်လို့များ ဒီဩဇီထိသွားဖို့ ဆုံးဖြတ်ချက်ကို ချမိပါလိမ့်ဟု ပြန်တွေးမိသည်။ အစိက,ကတော့ ကျူး ချခဲ့သည့် ဆုံးဖြတ်ချက်မဟုတ်ပါ။ မိဘတွေက ဒီလို ဒီလိုလုပ်ဟု လမ်းကြောင်းပေးသည့်အတိုင်း ကျူးကလည်း မငြင်းဆန်ခဲ့တာဖြစ်သည်။ အဲဒီအချိန်တုန်းက ကျူးထံတွင် ဘာအနှောင်အဖွဲ့ ဘာသံယောဇဉ်မှလဲမရှိခဲ့။ နိုင်ငံရပ်ခြားမှာ ကျောင်းသွားတက်နိုင်ခြင်းဟာ ဂုဏ်တစ်ခုလိုဖြစ်တာမို့ ငယ်ရွယ်သူပီပီ တက်ချင်စိတ်ရယ်လည်း ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်တို့အုပ်စုထဲမှာ သူငယ်ချင်းတော်တော်များများကလည်း နိုင်ငံခြားမှာ ပညာသင်ဖို့ လုပ်နေကြသူတွေမို့ ဒီမှာလည်း သိပ်မရှိကြ။ အခုတော့ ကျုပ်သည် ခေါင်ခိုက်နှင့် ဝေးကွာသည့်နေရာကို မသွားလိုတော့။

ခေါင်ခိုက်နဲ့ နီးနီးနားနားမှာပဲ နေချင်တော့သည်။ ဒီမှာရှိနေတာတောင် တစ်ရက်မတွေ့ရလျှင် မနေနိုင်သော ကျုပ်တို့နှစ်ယောက်မှာ ကမ္ဘာတစ်ခြမ်းစီ ဝေးနေသောအခါ ဘယ်လိုများ နေကြရမှာပါလိမ့်။ ဖုန်းအဆက်အသွယ်၊ စာအဆက်အသွယ် ရှိတယ်ပဲထားဦး ၎င်းတို့ရှိရုံနဲ့ ကျုပ်တို့ အဆင်ပြေမည် မထင်ပါ။ ဒီကိစ္စနှင့် ပတ်သက်၍ ကျုပ် တော်တော် စိတ်ညစ်နေသည်။ ခေါင်ခိုက်သည်လည်း ပါးစပ်ကသာ ဖွင့်မပြောဖြစ်သေမယ့် သူလည်းပဲ ဘယ်လောက် စိတ်ဆင်းရဲနေမယ်ဆိုတာ ရင်ခွင်ချင်းနားလည်ကြသူတွေမို့ ကျုပ် တွေးကြည့်တာနဲ့ သိသည်။

"ဒီနေ့ သမီး အပြင်သွားဖို့ ရှိသေးလား"

"နေ့လယ်စာ စားပြီးရင် သွားမယ် မေမေ။ BC မှာ စာအုပ်တစ်အုပ် ငှားဖို့ရှိတယ်။ ဘာဖြစ်လို့လဲ"

"ဪ ... သမီးကို ဗေဒင်ဆရာတစ်ယောက်ဆီ ခေါ်သွားမလို့။ သွားခါနီး လာခါနီး ဆိုတော့ ဘာတွေများ လိုအပ်မလဲလို့ သိချင်လို့ပါ။ အဓိက,ကတော့ ကျန်းမာရေးနဲ့





ပညာရေးပေါ့။ ဒါပေမဲ့ တခြား ဘာအနှောင့်အယှက်တွေများ ရှိလဲလို့လေ"

"မရှိပါဘူး မေမေရယ်။ သမီး အဲဒီနေရာတွေ မသွားချင်ပါဘူး။ ပျင်းတယ်။ သမီး မပါဘဲလည်း ရတယ် မဟုတ်လား"

"အင်း ... ရတော့ ရပါတယ်။ ဘာဖြစ်လဲ သမီးရဲ့။ လိုက်ခဲ့ပေါ့"

"မလိုက်တော့ပါဘူး မေမေရယ်၊ သူ့ဒါတို့နဲ့လည်း တွေ့ဦးမှာဆိုတော့ မေပဲ သွားလိုက်တော့နော်"

"အင်း ... အင်း ... ပြီးရော။ ဒီကောင်မလေး ခုတလော ဘာဖြစ်နေတာလဲ။ သိပ် Active မဖြစ်သလိုပဲ။ ကျောင်းတက်ဖို့ကိစ္စတွေလည်း သိပ်စိတ်မဝင်စားသလိုနဲ့"

မေမေက ကျုပ်ကို အရိပ်တကြည့်ကြည့် နေသူတို့ထုံးစံအတိုင်း အကဲခတ်သိစွာမေးသည်။ ကျုပ်က မေမေရှေ့မှာတော့ ဟန်မပျက်ရပါ။ ဒါကြောင့် မျက်နှာကို ပြင်ယူလိုက်ရင်း ... 

"စိတ်မဝင်စားတာ မဟုတ်ပါဘူး။ ကျုပ် အားလုံးကို အင်တိုက်အားတိုက် လုပ်ခဲ့ပြီးပြီပဲလေ။ အားလုံး ပြီးနေလို့ပါ။ ပြီးတော့ တကယ့် တကယ်တမ်း မေမေတို့နဲ့ အကြာကြီး


www.burmeseclassic.com

www.burmeseclassic.com

ခွဲပြီး သွားနေရမယ်ဆိုတော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ ဝမ်းနည်းတာလား၊ ဘာလားတော့ မသိဘူး"

မေမေက သနားကရုဏာသက်သွားသော မျက်လုံးများဖြင့် ကျူးကို ကြည့်လာသည်။ တကယ်တမ်း ကျူး ရင်ထဲမှာ ဘယ်သူနဲ့ မခွဲနိုင်ဘူးဆိုတာ ကျူးကိုယ်ကျူး အသိဆုံးပဲ ဖြစ်လာသည်။

"ဩော် ... နောက်ကျတော့လည်း နေသားကျသွားမှာပါ သမီးရယ်။ သမီးဘဝ တိုးတက်မြင့်မားဖို့ပဲ မဟုတ်လား။ တစ်သက်လုံးကြီး နေရမှာမှ မဟုတ်တာ ...

အားငယ်တဲ့စိတ်မျိုး မမွေးပါနဲ့။ ခွန်အားရှိပြီး တက်ကြွတဲ့စိတ်မျိုးကို မွေးထား၊ ဟုတ်ပြီလား"

ကျူးက ခေါင်းညိတ်ပြလိုက်သော်လည်း အားမရှိတာတော့ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲ ဖြစ်လေသည်။ အဲဒီနေ့က ခေါင်ခိုက်နဲ့တွေ့လျှင် ကျူးမှာ သူ သတိမထားမိအောင် အတတ်နိုင်ဆုံးပြုံးကာ နေရသည်။ လူက စိတ်ကညစ်ညစ်၊ ရာသီဥတုက ပူပူနှင့် ကျူး ခံစားနေရသော ဝေဒနာက မသက်သာလှပါ။ ခေါင်ခိုက်က ကျူးအိုက်နေသော ပုံစံလေးကို ပြုံးငေးကာ သူ့ကျောပိုးအိတ်ထဲက တစ်စုံတစ်ခုကို ထုတ်ယူသည်။ ထိုအရာမှာ စူပါမားကတ်တွေမှာ ရောင်းလေ့ရှိသော မစ်ကီမောက်စ်ပုံစံ ပလတ်





စတစ်ယပ်တောင်လေး ဖြစ်သည်။ သူက အဲဒါလေးဖြင့် ကျူးရဲ့ မျက်နှာရှေ့တွင် တဖျပ်ဖျပ် ခတ်ပေးကာ ...

"ရော့ ... ကျူးအတွက် မောင့်ရဲ့ချစ်သက်လက်ဆောင်"

ကျူးက သူ့အပြောကို သဘောတကျဖြင့်ပြုံးကာ သူ ကမ်းပေးသော ယပ်တောင်လေးကို လှမ်းယူလိုက်သည်။

"ကျူးက အမြဲအိုက်တတ်လို့လေ။ အဲဒါ အိတ်ထဲမှာ ထည့်ဆောင်ထား ...

ဟုတ်ပြီလား"

ကျူးသည် အသေးစိတ် ဂရုစိုက်နိုင်လွန်းသော ချစ်သူကို မော့်ကြည့်ကာ ကြည်နူးစွာ ပြုံးပြမိသည်။ သူက ကျူးကို ကြင်နာသော မျက်ဝန်းများဖြင့်ငေးကာ ...

"ကျူး ဆံပင်တွေကို ဒီအတိုင်းပဲ ချုံ့ချထားတာ မအိုက်ဘူးလား။ ကျစ်ဆံမြီးလေးကျစ်ပြီး ထားပါလား။ ဒီအတိုင်းက အိုက်တာပေါ့"

"အင်း ... မောင်က ကျစ်စေချင်လို့လား။ ကျစ်တော့ကျစ်ချင်တယ် မောင်ရဲ့။ ကျူး ကိုယ့်ဘာသာ မကျစ်တတ်ဘူး"

"အိုကေ ! ဒါဆို မောင် ကျစ်ပေးမှာပေါ့"

"ဟင် ... မောင်က ကျစ်တတ်တယ်ပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"အင်း ... ကျစ်ဆံမြီး ကျစ်တာများ ဘာခက်တာမှတ်လို့လဲ။ ကိုယ့်ဆံပင်ကိုယ် ပြန်ကျစ်ရင်သာ ခက်တာပါ ကျူးရဲ့ ...

ကဲ ... ဟိုဘက်လှည့်၊ မောင် ကျစ်ပေးမယ်"

"တကယ် ! ...။ ဒါပေမဲ့ ကျူးမှာ စည်းစရာ ခေါင်းစည်းကြိုး ပါမလာဘူး မောင်ရဲ့"

"မောင့်မှာ ပါတယ်လေကွာ။ ကဲ ... ဟိုဘက်သာလှည့်ပါ"

ကျူးသည် ဆောတိုက်အနေအထားသို့ လှည့်ပေးရင်းမှ သူ့ရဲ့ကြင်နာမှုအောက်တွင် ခံစားနေရသမျှ အရာအားလုံး မေ့လျော့သွားသည်။ သူက ကျူးရဲ့ဆံပင်လေးများကို ခေါင်းဖြီးဖြင့် ညင်သာစွာ ဖြီးပေးရင်းမှ ဆံပင်ခွဲကြောင်းတွေကို သေသပ်စွာယူသည်။ ကျူး ဆံပင်တွေက အရှည်ကြီးတော့ မဟုတ်ပါ။ ပခုံးသာသာ စတပ်လေးဖြစ်သည်။ ဒါကြောင့် သိပ်မကြာ။ ဆယ်မိနစ်လောက်နေတော့ ပြီးစီးသွားသည်။

"ကဲ ... ပြီးပြီ။ ဘယ်လိုလဲ ကြိုက်လား"

ကျူးက ကိုယ့်ခေါင်းကိုယ် အသာအယာ ကိုင်ကြည့်ကာ အိတ်ထဲမှ မှန်ဝိုင်းလေးကို ထုတ်ယူပြီး ကြည့်လိုက်သည်။ အနောက်ဘက်ကို မမြင်ရပေမယ့် ရှေ့ဘက်မှာ မြင်နေရသော အနေအထားအရ လှပသပ်ရပ်သည်ဟု ခံစားရပါသည်။ ကျူးသည်





တစ်ခါမှ ကျစ်ဆံမြီးနှင့် မနေဘူးသော ကိုယ့်ပုံစံကိုယ် မှန်ထဲမှာ ကြည့်ကာ သဘောတွေ အကြီးအကျယ် ကျနေမိသည်။ သူ့ဘက်သို့ လှည့်ကြည့်မိလျှင် သူက ကြည်နူးသည့် သဏ္ဌာန်ဖြင့်ပြုံးကာ ကျူးကို လက်မတစ်ချက် ထောင်ပြသည်။

"ကျူးနဲ့ လိုက်လား မောင်"

"သိပ်လိုက်ပေါ့"

"မောင် တော်လိုက်တာ။ ဘယ်ကနေ သင်ထားတာလဲ ဟင်"

"အင်း ... ဒီလိုပါပဲ။ အထူးတလည်ကြီး သင်ထားတာတော့ မဟုတ်ပါဘူး"

"ဘာလဲ ... ကျူးကို ကျစ်ဆံမြီး ကျစ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခေါင်းစည်းကြိုးပါ တစ်ခါတည်း ဝယ်လာတာလား"

"အင်းပေါ့။ ခါတိုင်း ချစ် အိုက်နေတာကိုမြင်တော့ မောင် ဘာလုပ်ပေးရမလဲ စဉ်းစားတယ်။ အဲဒါနဲ့ ဒီနေ့ ဒီကိုအလာမှာ စူပါမားကတ်ဝင်ပြီး ယပ်တောင်ရယ် ခေါင်းစည်းကြိုး ကွင်းလေးတွေရယ် ဝယ်လာတာ"

"ဟင် ... ဒါဆို ခေါင်းစည်းကွင်းလေးတွေက မောင့်ဆီမှာ ကျန်သေးတယ်ပေါ့၊ ကျူးကိုပေးလေ"


www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း ... ကျူးကိုပေးဖို့ ဝယ်လာတာမှ မဟုတ်တာ"

"မောင်နော်"

ကျူးက ထုံးစံအတိုင်း သဝန်တိုစွာ နှုတ်ခမ်းကိုက်ပြီး ဆိုလျှင် သူက ကျူးရဲ့နားရွက်အဖျားစွန်းလေးကို မနာအောင်လှမ်းကိုက်သည်။ ကျူးက နားပေါက်ဖောက်မထားတာ ဘာနားကပ်မှ ဝတ်လေ့ဝတ်ထ မရှိသူမို့ သူက နီထွေးသော ကျူးရဲ့နားရွက်ဖျားလေးတွေကို သူ့ အသည်းယားလေလေတိုင်း မနာကျင်အောင် ခပ်ဖွဖွလေး ကိုက်ထားတတ်သည်။

"ချစ်ကလည်းကွာ၊ ဒီ ခေါင်းစည်းကွင်းလေးတွေက ချစ်အတွက်ချည်းပါပဲ။ ဒါပေမဲ့ မောင့်ဆီမှာပဲထားပြီး ချစ်အိုက်လာပြီဆိုမှ မောင်က ထုတ်သုံးမှာလေ၊ အဲဒါကိုပြောတာ"

"အင်း ... ပြီးရော"

သူက ကျူးရဲ့ပခုံးတစ်ဖက်ကို သူ့ကိုယ်ဖြင့်ပစ်တိုက်ကာ "စိတ်ချည်းပဲ"ဟုပြောလျှင် ကျူးမှာ အသာပြုံးနေရသည်။ ယပ်တောင်လေးကို တဖျပ်ဖျပ်ခတ်ရင်းမှ ...

"ပူလိုက်တာ မောင်ရယ်၊ မောင်ရော မပူဘူးလားဟင်"

"အင်း ... ပူတော့ ပူတာပေါ့။ ဒါပေမဲ့ ဒီအပူက ရင်ထဲက အပူတွေထက် စာရင်တော့ ဘာမှ မဟုတ်တော့ဘူးပေါ့"





"မောင် ဘာကို ပြောတာလဲဟင်"

သူက သက်ပြင်းတစ်ချက်ချကာ ခေါင်းကို ခါယမ်းသည်။ ပြီးတော့ ဘာမှမဟုတ်ပါဘူး ကျူးရယ်ဟု လေပြည်လေးနဲ့ ပြောရှာသေးသည်။ ကျူးသည် သူ ဘာကိုဆိုလိုသလဲ ဆိုတာကို သိလျှင် ကိုယ်လည်းပဲ ရင်ထဲမှာ မောသွားရလေသည်။ ကျူးတို့နှစ်ယောက်ဆုံလျှင် ကျူး ဩစတြေးလျထွက်ဖို့ကိစ္စကို ဘယ်တော့မှ မပြောကြပါ။ သူကလည်း မမေးသလို ကျူးကလည်း မပြော။ ကျူးတို့ အဲဒီကိစ္စကို တမင်မေ့ထားကြသည်။

အခုတော့ သူက အဲဒီအကြောင်းကို စကားစ,လာခဲ့ပြီ။ သူက ကျူးရဲ့မျက်နှာကို ငေးငေးလေးကြည့်ကာ ...

"ကျူး ဘယ်တော့ သွားမှာလဲဟင်"

ကျူးသည် အဲဒီမေးခွန်းကို ရုတ်တရက် ပြန်မဖြေနိုင်ဘဲ သူ့ကို ရင်နင့်စွာဖြင့် ငေးနေမိသည်။ သူက နဖူးရှေ့မှာ ကျနေသော ဆံစလေးများကို အသာအယာ သပ်ဖွပေးနေပြီးမှ ...

"ပြောလေ ကျူး"

"အင်း ... မေလဆန်းလောက်ပေါ့"

ကျူးအသံကလည်း အားအင်ဖျော့တော့စွာ။ သူက ခေါင်းတစ်ချက် ဆံတ်ပြီးနောက် ...


www.burmeseclassic.com

www.burmeseclassic.com



"သိပ်မှလိုတော့ဘူးပေါ့နော်။ ကျူး တစ်ယောက်တည်း သွားရမှာလား"

"ဟင့်အင်း ... မေမေပါ ပါမှာပါ။ ကျူး နေသားကျသွားအောင် ဟိုမှာ တစ်လလောက် နေပေးလိမ့်မယ်"

"ကျူးက နေသားကျသွားမှာတဲ့လား"

"မောင်ရယ်"

ကျူးက ဘာပြန်ပြောရမှန်း မသိစွာနှင့် သူ့ကိုကြည့်မိလျှင် သူက ကျူးကို အသက်မပါသလို ပြုံးပြသည်။ ပြီးတော့ ခေါင်းကို တစ်ချက်ဆတ်ကာ ...

"မေလဆန်းဆိုတော့ နီးတောင် နီးနေပြီနော်။ အင်း ... ဟိုရောက်ရင် ကျန်းမာရေးကို ဂရုစိုက်နော် ကျူး"

"မောင် ... ကျူးကို လွမ်းနေမှာလားဟင်၊ သတိရနေမှာလား၊ ဒါမှမဟုတ် အနေကြာလို့ မေ့သွားမှာလား။ တခြားအသစ်တစ်ယောက်ယောက်ကို ပြောင်းချစ်သွားမှာလား"

"ဘယ်လိုမေးလိုက်တာလဲ ကျူးရယ်။ မောင့်ကို အဲဒီလောက်တောင် အယုံအကြည် မရှိတော့ဘူးလား"

"ဟင့်အင်း ... ကျူးက မောင့်ကို ဆုံးရှုံးရမှာ ကြောက်လို့ပါ မောင်ရယ်"





"မောင်ကရော၊ ကျူးကို အဲဒီလို မတွေးဘူး ထင်လို့လား။ ဟား ... စိတ်ညစ်တယ်ကွာ။ မောင်တို့ကျမှ ဘာကြောင့်များ ဒီလိုဖြစ်ရတာပါလိမ့် ...

ကျူးဟာ နိုင်ငံခြားမှာ ပညာသွားသင်ရမယ့် မိန်းကလေးတစ်ယောက် မဟုတ်ဘဲ သာမန် မိန်းကလေးတစ်ယောက်ဆို ဘယ်လောက်များ ကောင်းလိုက်မလဲလို့ ခဏခဏ တွေးမိတယ် ...

ဒါပေမဲ့ မောင့်ပါးစပ်က တစ်ခါမှ ထုတ်မပြောခဲ့ပါဘူး။ အတွေးနဲ့တောင် ကိုယ့်ကိုယ်ကိုယ် အတ္တကြီးတယ်လို့ ထင်မိလို့ ...

ကျူး လျှောက်မယ့် လမ်းခရီးမှာ ကျူးအတွက် မောင်ဟာ ခလုတ်ဆူးသင်း မဖြစ်ချင်ဘူး ကျူး။ လိုအပ်ရင် မောင့်ရင်ခွင်ပေါ်ကိုတောင် ဖြတ်လျှောက်နင်းသွားခွင့် ပေးပါတယ်"

မောင်က ထိုသို့ဆိုလျှင် ကျူးသည် စိတ်ညစ်ညူးစွာဖြင့် ခေါင်းကို ခါယမ်းမိသည်။

"ကျူး စိတ်ညစ်တယ် မောင်"

"အင်း ... စိတ်မညစ်ပါနဲ့ ကျူးရယ်။ ဆောရီး ... မောင်က ကျူး စိတ်အနှောင့်ယှက်ဖြစ်အောင် လျှောက်ပြောမိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျူး သွားစရာရှိတာ သွားပါ။ ပြီးရင်တော့ မောင့်ဆီကို ပြန်လာခဲ့ပေါ့ ကျူး ...

နော် ... ပြန်လာမယ် မဟုတ်လား”

“ဘာလို့ ပြန်မလာရမှာလဲ မောင်ရာ။ မောင်သာ ကျူးကို သစ္စာရှိရှိနဲ့ စောင့်နေပါ။ ကျူးဆီကို စာရေးနော် မောင်။ ကျူး လိပ်စာတစ်ခါတည်း ပေးခဲ့မယ်။ နောက် Online ပေါ်မှာလည်း တွေ့မယ်။ အခါခွင့်သင့်ရင် ကျူး ဖုန်းလည်း ဆက်မယ် ...

ကျူးကို သစ္စာရှိနော်”

“ကျူး အဲဒီ သစ္စာဆိုတာကြီးကို ကျူးဆီကို ထည့်ပေးလို့ရရင် ထည့်ပေးလိုက်ချင်တယ်။ နော် ...။ အဲဒီလောက်ထိ ကျူးအပေါ်မှာ လေးနက်တယ်။ ကျူးအပေါ်မှာ မောင် သစ္စာရှိပါ့မလားဆိုတာ ကျူး တွေးကို တွေးနေစရာမလိုတဲ့ ကိစ္စပါကွာ ...

ကျူးသာ ...”

သူက ဆက်မပြောဘဲ အသံတိမ်ဝင်သွားလျှင် ကျူးက သူ့ကို ရင်နင့်စွာဖြင့် ငေးကြည့်နေမိသည်။ နှစ်ယောက်စလုံးဟာ ဘယ်သူ့ ဘယ်သူကိုမှ မနှစ်သိမ့်နိုင်ကြ။ ကိုယ့်ကိုယ်ကိုယ်တောင် မနည်းဖြေသိမ့်နေသည် ဖြစ်လေရာ တစ်ယောက်ခံစားချက်ကို သက်သာစေလိုခြား တစ်ယောက်က ဖြေသိမ့်မပေးနိုင်ကြပါ။ သူက ကျူးမျက်နှာကို နင့်သီးစွာ တစ်ချက်စိုက်ကြည့်ရင်း ...

“ဆောရီး ကျူး။ ကျူးကို pressure ပေးမိသလို ဖြစ်သွားရင် တောင်းပန်ပါတယ်။ ကဲပါ ... ကျူး သွားစရာရှိတာကို ဖြောင့်ဖြောင့်တန်းတန်းသွား၊ ဘာမှနောက်ဆံမငင်နဲ့၊ နှစ်,နှစ်ဆိုတဲ့ အချိန်ဟာ ခဏလေးပါ ...

ဟုတ်တယ်မှလား။ ကြားထဲမှာ လွမ်းရင်းနဲ့ ဒီလိုပဲ ဖြတ်ကျော်သွားမှာပဲ။ မောင် ကျူးကို အမြဲလွမ်းနေမှာ။ ပြီးတော့ စာလည်း ရေးမယ်။ e-mail လည်း ပို့မယ်။ Chatting လည်း ထိုင်မယ်။ ကျူးလည်း ဖုန်းတွေ ဘာတွေ ဆက်မှာပဲ မဟုတ်လား။ လူချင်းသာ ခွဲနေရပေမယ့် မောင်တို့နှလုံးသားတွေက အမြဲနီးကပ်နေမှာပဲ၊ မစိုးရိမ်ပါနဲ့ ကျူးရယ် ...

ကျန်းမာရေးကို ဂရုစိုက်၊ စာကြိုးစား၊ ဟုတ်ပြီလား”

“အင်း”

“ဩော် ... အသက်မပါသံကြီးနဲ့ကွာ။ ပျော်ပျော်ရွှင်ရွှင်နေစမ်းပါ ကျူးရယ်။ ကျူးက အဲဒီလို ဖြစ်ပြနေတော့ မောင်က ပိုခံစားရပြီပေါ့”







www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲ၊ ကျူးက သွားရမယ့်သူ၊ ကျူးက ပိုခံစားရတာပေါ့"

"နိုး ... နိုး။ မဟုတ်ဘူး ကောင်မလေး။ မှားနေပြီ။ လောကမှာ ခွဲခွာသွားတဲ့လူနဲ့ ကျန်ရစ်ခဲ့ရတဲ့သူ နှစ်ယောက်မှာ ကျန်ရစ်ခဲ့သူတွေက ပိုခံစားရတယ်။ ခွဲသွားတဲ့လူတွေဆိုတာက နေရာသစ် ပတ်ဝန်းကျင်သစ်ရဲ့ အပြောင်းအလဲတွေအောက်မှာ ခံစားမှုတွေ အတော်အသင့် သက်သာစေတယ်။ ပြီးတော့ နေရေးထိုင်ရေး စားရေးသောက်ရေးကိစ္စ၊ ပညာသင်ရေးကိစ္စ စတာတွေနဲ့ လုံးပမ်းပြီး ကိုယ့်အတွက်တောင်ကိုယ် အသက်လုရှူရတဲ့ နေရာမျိုးမှာ သတိရတမ်းတနေတဲ့အလုပ်ကို အကြာကြီး မလုပ်နိုင်ကြပါဘူး ...

ကျန်ရစ်ခဲ့တဲ့ လူတွေကသာ ဒီနေရာ ဒီပတ်ဝန်းကျင် အတူတူသွားလာဖူးတဲ့ နေရာတွေကို ရောက်တိုင်း သတိရစိတ်က လှုကိုပိုပြီး ဖိစီးနှိပ်စက်မှာ။ ဒီအလွမ်းသံသရာထဲက ရုန်းမထွက်နိုင်ဘူးပေါ့ ကျူး"

"အင်း ... တော်ပြီကွာ၊ မောင့်ကိုတော့ ကျူး နိုင်အောင် မပြောနိုင်တော့ဘူး"

ကျူးက ချွဲနွဲ့စွာပြောရင်း မောင့် ရင်ခွင်ထဲသို့ တိုးဝင်လိုက်လျှင် မောင်က ကျူးကို ကြင်နာစွာ ထွေးပွေ့ထားလေ





သည်။ ကျူးသည် သူ့ရင်ခွင်ထဲမှာ အသာခိုနားရင်း သူ့ကိုယ်သင်းရနံ့လေးကို မှတ်သားထားမိသည်။ သူနဲ့ ခွဲခွာရမည့်ရက်တွေ တဖြည်းဖြည်း နီးလာလေလေ ကျူးရဲ့ရင်ထဲမှာ ပိုပြီးတိတ်ဆိတ်ချောက်ချားလာလေလေပဲ ဖြစ်သည်။ ဖြစ်နိုင်လျှင် အချိန်တွေကို ဒီနေရာမှာပဲ ရပ်တန့်ထားချင်လှသည်။ မောင်က(၁၉)နာရီ (၁၈) မိနစ် သီချင်းခွေထဲက ကြေကွဲနေ့ညတွေ သီချင်းကို ခပ်တိုးတိုး ညည်းဆိုနေလျှင် ကျူးသည် ရစ်ဝဲလာသော မျက်ရည်စများနှင့် သူ့ကို ခပ်တင်းတင်း ပြန်ဖက်ထားမိလေသည်။

"ရင်မှာ ဟာတာတာနဲ့ တစ်ခု လိုအပ်နေလို့ ... မင်းကို
ဝေးရင် စိတ်ဓာတ်ကျလာတယ် ...
တကယ်ကို အထီးကျန်တဲ့နေ့တွေ ... ကိုယ် သိပ်လွမ်းနေတဲ့ ညတွေ ...
ဒီလို ဆက်တိုက်ကြီးဆို ရူးတော့မှာပဲ ...
ကြေကွဲသွားတဲ့ နေ့ညတွေ ... တစ်ယောက်တည်း မင်းထားခဲ့ချိန်တွေ ... မခံစားရဲဘူး ရူးမှာပဲ ..."

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၅

ကျူးတို့ နှစ်ယောက်စလုံးသည် ခွဲခွာရမည့်နေ့ရက်ကို ဘယ်လောက်ပဲ မေ့ထား မေ့ထား၊ သူ့ဟာသူ ပုံမှန်ရွေ့လျားနေသော အချိန်ကတော့ ဆိုက်ဆိုက်မြိုက်မြိုက် ကျရောက်လို့လာတာပဲဖြစ်သည်။ မနက်ဖြန်ဆိုလျှင် ကျူး တစ်ယောက် ဩစတြေးလျသို့ ထွက်ခွာရတော့မည် ဖြစ်လေရာ ဒီနေ့တစ်နေ့လုံး ဘယ်လိုမှနေမထိ ထိုင်မသာပင်။ အိမ်ကို သူငယ်ချင်းတွေနဲ့ တွေ့ဆုံနှုတ်ဆက်မည် ပြောထားခဲ့သော်လည်း တကယ်တမ်း နှုတ်ဆက်သူက သူ့တစ်ယောက်တည်းသာဖြစ်သည်။ သူက ချိန်းထားသော နေရာသို့ ကားနဲ့လာခေါ်ကာ တစ်နေရာကို မောင်းနှင်နေသည်။ ကျူးသည် သူ့ကို ဘယ်သွားမှာလဲ၊ ဘယ်လာမှာလဲ စသဖြင့် ဘာမှမမေးနိုင်အောင်ပင် ရင်ထဲမှာ ဆို့နင့်နေသောကြောင့် စကားတောင်မပြော။





သူကလည်း ကားကို တိတ်တိတ်ဆိတ်ဆိတ်ပင် မောင်းနှင်နေသည်။ ကားက တဖြည်းဖြည်းနှင့် မြို့ပြင်ထွက်လာတော့မှ ကျူးက သူ့ကို အသာငဲ့ကြည့်ကာ ...

"ဘယ်ကိုသွားနေတာလဲ မောင်"

"အင်း ... မော်ဘီက မောင့်ဦးလေးခြံကိုပါ"

ကျူးက ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသော်လည်း သူ ဆက်ပြောလိုက်တဲ့ စကားကြောင့် နည်းနည်းရင်အေးသွားသည်။

"အဲဒီမှာက အေးအေးဆေးဆေး ရှိတယ်လေ"

သူက ကားမောင်းနေရင်းမှ ကျူးဘက်သို့ တစ်ချက်လှည့်ပြုံးပြကာ ကျူးရဲ့ပခုံးလေးကို အားပေးသလို ဖျစ်ညှစ်ရင်း ...

"ကျူးနဲ့ မောင် အေးအေးဆေးဆေး အတိုးချ လွမ်းမယ်လေ၊ မကောင်းဘူးလား"

"အင်း"

ကျူးက အသက်မပါသလို ပြုံးနေသော်လည်း သူ တော့ ကျူး စိတ်ညစ်မှာ စိုးသည်ထင့်။ နည်းနည်းတော့ တက် ကက်ကြွကြွ လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာသည်။ မော်ဘီသို့ ရောက်လျှင် သူက ကားကို လမ်းမကြီးမှနေ၍ လမ်းချိုးတစ်ခုသို့ ကွေ့ဝင်ကာ ခဏမောင်းပြီးနောက် ခြံဝင်းလေးတစ်ခုရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်လိုက်သည်။ ပြီးတော့ ခြံတံခါးကို သူကိုယ်တိုင် ဆင်းဖွင့်ကာ ကားကို ခြံထဲသို့ မောင်းဝင်လာပါသည်။ ကျူးက ခြံထဲသို့ စူးစူးစမ်းစမ်း လှမ်းကြည့်နေတုန်းမှာပဲ သူက ကားပေါ်မှဆင်းကာ ...

"ဆင်းလေ ကျူး။ ဘယ်သူမှ မရှိဘူး၊ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး နေလို့ရတယ်။ မောင့်ဦးလေးပိုင်တဲ့ ခြံလေးပါ။ အားတဲ့ရက်ဆိုရင် ရန်ကုန်ကမိသားစုတွေ ဒီမှာလာပြီး အနားယူတာတို့ ဘာတို့ လုပ်တာပေါ့"

ကျူးက ကားတံခါးကိုဖွင့်ကာ ဆင်းလိုက်လျှင် သပ်ရပ်စွာ ဆောက်လုပ်ထားသော တစ်ထပ်တိုက်သေးသေးလေး တစ်လုံးနှင့်အတူ၊ သီးပင်စားပင်တွေ စုံလင်လှသော စိမ်းစိမ်းစိုစို ကျယ်ဝန်းလှသည့် ခြံလေးကို နေချင့်စဖွယ် တွေ့မြင်လိုက်ရသည်။

သူက ကျူးပခုံးလေးကို ဖက်ကာ ခြံထဲက ဒန်းစင်လေးရှိရာသို့ ခေါ်လာသည်။ ဒန်းစင်လေးတွင် အတူထိုင်ရင်းမှ ကျူးတို့နှစ်ယောက်သည် စကားမပြောဖြစ်ကြသေးဘဲ တိတ်ဆိတ်နေကြသည်။ ခဏနေတော့မှ သူက ကျူးရဲ့လက်ကလေးတစ်ဖက်ကို ဆွဲယူဖျစ်ညှစ်ကာ ...

"ကျူး ဟိုရောက်ရင် ကျန်းမာရေးကို ဂရုစိုက်နော်"

"အင်း ... မောင်လည်း ဂရုစိုက်"





"မောင့်အတွက်က စိတ်ပူမနေပါနဲ့။ ကျူးသာ ရေခြားမြေခြားမှာ အစစအရာရာ အဆင်ပြေအောင်နေ။ အင်း ... ဒါပေမဲ့ ကျူးက ကိုယ့်အဒေါ်အရင်းအိမ်မှာ နေမှာဆိုတော့ သိပ်တော့ စိုးရိမ်စရာမရှိပါဘူး။ အရမ်းကြီးလည်း Homesick ဖြစ်မှာ မဟုတ်ဘူး"

"အံမယ် Homesick မဖြစ်လည်း မောင့်ကိုတော့ အသေအလဲ လွမ်းနေရမှာပါနော် မောင်။ Homesick မဟုတ်ဘူး ခေါင်ခိုက် sick"

"ဟား ဟား ... ကျူးက သိပ်စကားတတ်တာပဲကွာ၊ သြော် ... ကျူး၊ မောင်ပေးလိုက်တဲ့ ပစ္စည်းတွေထည့်ဖို့ မေ့နေမယ်နော်။ ဟိုမှာ winter ရောက်ရင် ဝတ်ဖို့ အနွေးထည်နဲ့ မာဖလာလေ မေ့ဦးမယ် ...

ပြီးတော့ မောင် slection ကူးပေးထားတဲ့ သီချင်းခွေတွေရော"

"အားလုံး ထည့်ပြီးသားပါ မောင်ရဲ့၊ အဲဒါတွေက အရေးကြီးဆုံးပစ္စည်းတွေပဲ ကျန်ခဲ့လို့ ဖြစ်မတဲ့လား"

သူက ကျူးအပြောကို သဘောကျသလိုဖြင့် ပါးလေးတစ်ချက်ဆွဲလိမ်သည်။ ပြီးတော့ ကျူးလက်က နာရီလေးကို တစ်ချက်ကိုင်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဒါကတော့ အမြဲပတ်နေကျဆိုတော့ မေ့မှာ မဟုတ်ပါဘူး"

"မောင်လည်း မပျောက်စေနဲ့ဦးနော်။ ဟိုတစ်ခါလည်း ကျူး ဝယ်ပေးတဲ့မျက်မှန် ပျောက်ပြီးပြီ။ စည်းကမ်းမရှိတဲ့ မေ့တတ်တဲ့ အကျင့်တွေကိုလည်း တစ်ခါတည်းပြင်ထား၊ ဟင်း"

သူက ဆုမ္မသလို ပြောနေသော ကျူးရဲ့စကားများကို တရှိုက်မက်မက်ဖြင့် ငေးကာ ...

"အင်း ... နောက်ဆို ဒီလို ဆူဆူပူပူ စကားလေးတွေကို ကြားရမှာ မဟုတ်တော့ဘူးနော်"

"မောင်ကလည်းကွာ"

"အင်း ... ဆောရီး ... ဆောရီး။ ယောင်သွားလို့"

ကျူးက သူ့ဘက်သို့ တည့်တည့်လှည့်ရင်းမှ သူ့ မျက်နှာကို စိုက်ကြည့်ကာ ...

"မောင့်ကို ကျူး တစ်ခုမေးမယ်၊ အမှန်အတိုင်း ဖြေမှာ လား"

"ဖြေမှာပေါ့"

"သေချာတယ်နော်"

"ဩော် ... ဒီကလေးမ"





"အင်း ... ကောင်းပြီ မေးမယ်။ မောင် ကျူးကို ဩဇီကို သွားစေချင်လား မသွားစေချင်ဘူးလား"

"ဘယ်သွားစေချင်ပါ့မလဲ"

သူ့ထံက မဆိုင်းမတွဖြေသံ ထွက်လာလျှင် ကျူး သည် သူ့မျက်နှာကို နင့်သီးစွာ ငေးမိသည်။

"ဒါနဲ့များ မောင်ရယ်၊ ကျူးကို တားမြစ်တဲ့ စကားလေး တစ်ခွန်းတလေတောင် ဘာကြောင့်များ မပြောခဲ့တာလဲ ဟင်"

သူက ကျူးရဲ့ဆံပင်လေးတွေကို သပ်ဖွကာ ...

"ကျူး ဘဝတက်လမ်းအတွက် မောင်က အဟန့်အတား တစ်ခု မဖြစ်ချင်ပါဘူး၊ ကျူး သွားပါ။ ပြီးရင် မောင့်ဆီ ပြန်လာပါ ...

အဲဒါ အရေးအကြီးဆုံးပါပဲ"

ကျူးက သူ့မျက်နှာကို နင့်သီးစွာ ငေးကြည့်နေ တုန်းမှာပဲ မိုးစက်ပွင့်တွေက ကောင်းကင်မှ တဖြောက်ဖြောက် ကြွေဆင်းလာသည်။ သူက ကျူးလက်ကိုဆွဲကာ အိမ်ထဲသို့ဝင် ပြေးသည်။ ပြီးတော့ ကျူးတို့နှစ်ယောက်သည် မှန်ပြတင်းမှနေ၍ မိုးတွေရွာတာကို ငေးကြည့်ကြသည်။ သူက ကျူးရဲ့ခါးကို နောက် ဘက်မှ သိုင်းဖက်ထားကာ သူ့ပါးပြင်နှင့် ကျူးပါးပြင်ကို ကပ်



www.burmeseclassic.com

www.burmeseclassic.com



လို့ထားသည်။ ကျူးသည် သူ့ရင်ခွင်ထဲမှာ မိုးရွာတာကို ငြိမ်သက်စွာ ခံစားရင်းမှ စိတ်ကူးထဲတွင် အကြံတစ်ခုက ဖျတ်ခနဲ လင်းလက်သွားသည်။

"မောင်"

"အင်ဟင်"

သူက နှုတ်ခမ်းမဖွင့်ဘဲထူးကာ ဒီဘက်သို့ လှည့်လာသော ကျူးရဲ့နဖူးလေးကို ငုံ့နမ်းသည်။

"ကျူးတို့ မိုးရေချိုးရအောင်"

"ဟာ ... အဟား ဟား ... ဘာစိတ်ကူးပေါက်တာလဲ"

"ဟင့်အင်း ... ဟုတ်တယ် ကျူး ချိုးချင်လို့။ လုပ်ပါ မောင်ရဲ့။ မောင်နဲ့အတူတူ ချိုးချင်တာ။ ကျူးတို့ မိုးရေမချိုးဘူးတာ ကြာပြီမဟုတ်လား၊ ကလေးတုန်းကပဲ ချိုးခဲ့ဖူးတာ။ လုပ်ပါ မောင်ရယ် ...

ဘယ်လောက် ပျော်စရာ ကောင်းမလဲ၊ အမှတ်တရပေါ့၊ မဟုတ်ဘူးလား"

"မနက်ဖြန်ပဲ ခရီးသွားရမှာ ကျူးရာ။ ဖျားမယ်လေကွာ။ မချိုးပါနဲ့ လိမ္မာတယ်"

"ဟာကွာ ... ချိုးမှာပဲကွာ။ မဖျားပါဘူး မောင်ကလည်း။ မောင် မချိုးချင်ရင်နေ၊ ကျူးဘာသာပဲ ချိုးမယ်"





"ကျွတ် ... ခက်လိုက်တဲ့ ကောင်မလေး။ ခဏပဲနော် ... ခဏပဲ ရမယ်"

"အိုကေ ... ခဏပဲ။ ဆယ်မိနစ်"

ကျူးက သူ့ရင်ခွင်ထဲမှ ရုန်းထွက်ကာ မိုးရေထဲသို့ ပြေးထွက်သွားလျှင် သူက စမို့ရှပ်ကိုချွတ်ကာ ကျူးနောက်သို့ ပြေးလိုက်လာသည်။ ကျူးသည် မိုးစက်ပွင့်တွေကို လက်ဝါးနှင့်ခံကာ ကလေးငယ်တစ်ယောက်လို ပျော်ရွှင်မြူးထူးစွာ ခုန်ပေါက်နေမိသည်။ ခြံထဲမှာက ဘတ်စကက်ဘောကွင်းလေးလည်း ရှိလေရာ ဘတ်စကက်ဘော ကစားလိုက်သေးသည်။ ပထမတော့သူက မကစားပါ။ ကျူး ကစားတာကို ပြုံးကြည့်နေသည်။ နောက်တော့ သူပါ မနေနိုင်တော့။ ကျူး ပုံစံကိုကြည့်ကာ သူပါစိတ်ပါလာပြီး ဝင်ကစားတော့သည်။

ကျူးတို့နှစ်ယောက်သည် မိုးသည်းသည်းထဲမှာ တစ်ယောက်နဲ့တစ်ယောက် အနိုင်မခံ အရှုံးမပေးဘဲ ဘတ်စကက်ဘောဆော့ရသည်မှာ ပျော်ဖို့ကောင်းလှပါသည်။ သူတို့အတွက်တော့ ဒီအမှတ်တရလေးကို ခွဲနေသည့်အချိန်တစ်လျှောက်လုံး သတိရအမ်းတနေတော့မှာ ဖြစ်သည်။ ကျူးတို့ ဆော့ကောင်းကောင်းနှင့်ဆော့နေသည်မှာ အချိန်တွေ ဘယ်လောက်ကြာသွားမှန်းတောင်မသိတော့။ သူက ကျူးရဲ့လက်မောင်းတွေကို ဖမ်းဆွဲထားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျူး နှုတ်ခမ်းတွေ ပြာနေပြီ၊ တော်တော့ကွာ"

"အင်း ... တော်ပြီ၊ တော်ပြီ။ ချမ်းတယ်၊ ချမ်းတယ်"

"ချမ်းမှာပေါ့၊ ကြာတောင် ကြာနေပြီ။ ဖျားတော့မှာပဲကွာ၊ လာ ... လာ"

သူက ကျူးကို ဂရုစိုက်စွာနှင့် အိမ်ထဲသို့ ခေါ်လာသည်။ အဟုတ်ကိုပဲ ကျူးတစ်ယောက် နည်းနည်းတုန်လာအောင် ချမ်းလာပြီဖြစ်သည်။ သူက အိပ်ခန်းထဲက ဖလံထည်အကျီအပွကြီးနှင့် ပုဆိုးတစ်ထည်၊ တဘက်တစ်ထည်ကို ထုတ်ပေးသည်။

"ကျူး ရေချိုးခန်းထဲဝင်ပြီး လဲလိုက်"

"မောင်ရော လဲလေ"

"ကျူး အရင်လဲပါ၊ ဖျားမယ်ကွာ၊ ခက်လိုက်တာ"

ကျူးက အစိုးရိမ်ပိုလွန်းသော သူ့ပါးလေးကို ရွှတ်ခနဲနမ်းကာ ရေချိုးခန်းထဲသို့ဝင်၍ အဝတ်အစားတွေ လဲလိုက်သည်။ ကျူး ပြီးသွားသောအခါ သူက ဝင်လဲပါသည်။ ကျူးက သူ အဝတ်အစားလဲပြီး ထွက်လာသောပုံစံကို ကြည့်ကာ တဟားဟား နှင့် အော်ရယ်မိလေသည်။ သူက ဂွမ်းသားခေါင်းစွပ်အကျီကြီးနှင့် ပုဆိုးတစ်ထည်ကို ပုံပန်းမကျစွာ ဝတ်ဆင်ထားတာဖြစ်သည်။

"ကျူး ချမ်းနေမှာပေါ့၊ ကော်ဖီသောက်မလား"





"အင်း ... သောက်တော့ သောက်ချင်တယ်၊ ဒီမှာရှိလို့လား"

"ရှိတာပေါ့၊ ခဏစောင့်။ မောင် သွားဖျော်လာခဲ့မယ်"

သူက မျက်စိတစ်ဖက် မှိတ်ပြကာ အခန်းထဲမှ ပြန်ထွက်သွားသည်။ ကျူးသည် ခုတင်ပေါ်မှာ ထိုင်နေရာမှထကာ ပြတင်းတံခါးအနားသို့ သွားရပ်မိလျက် ခြံထဲသို့ ငေးကြည့်နေမိသည်။ မိုးတွေက သည်းထန်စွာ ရွာသွန်းတုန်းပင်။ ကျူးသည် ဘာနဲ့မှ မလဲနိုင်အောင် မက်မောတွယ်တာလာသည်။ လူသူလေးပါး ကင်းဝေးလျက် အေးချမ်းတိတ်ဆိတ်သော ခြံဝင်းလေးထဲ၌ မောင်နဲ့အတူ တစ်သက်မခွဲဘဲ နေရလျှင် ဘယ်လောက်များ ကောင်းလိုက်မည်လဲ။

ကျူးသည် မှန်ပြတင်းကို လက်ဝါးနှင့် အသာပွတ်သပ်နေရင်းမှ အတွေးထဲ ဘယ်လောက်မျောသွားလဲမသိ။ နောက်က မောင် ရောက်လာတာတောင် မသိတော့ချေ။ မောင်က ကျူးနားရွက်အနားသို့ အသာတိုးကပ်ကာ လျှာဖျားလေးဖြင့် "ဘာတွေငေးနေတာလဲ"ဟု မေးသောအခါမှပင် ဆတ်ခနဲ လန့်သွားရခြင်းဖြစ်သည်။ စားပွဲပေါ်တွင် အငွေ့တထောင်းထောင်း ထနေသော ကော်ဖီခွက်နှစ်ခွက်က တင်လျက်သား။ မောင်က ကျူးရဲ့ခါးကို ဖက်ကာ ခုတင်နားသို့ ခေါ်လာသည်။ ကျူးသည် ကော်ဖီမှုပုကို မှုတ်သောက်ရင်းမှ စကားမဆိုမိ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဝက်လောက်ကုန်မှ ဆေးသို့ချကာ မောင့်ကို ပြုံးပြမိသည်။

"မောင်ဖျော်တဲ့ ကော်ဖီက ကောင်းတယ်"

"ဟုတ်လား။ အထုပ်ဖောက်ပြီး ဖျော်လိုက်တာပဲ"

"အင်း ... ဒါပေမဲ့ ကောင်းတယ်"

သူက ကျူူးရဲ့အပြောကို သဘောတကျဖြင့် ဟက်ခနဲရယ်ကာ ကျူူးကို ချစ်စဖွယ် နှာခေါင်းရှုံ့ပြသည်။ ကျူူးသည် အဲဒီပုံစံလေးကို ချစ်မဝစွာဖြင့် သူ့ရဲ့ပါးပြင်လေးတွေကို လက်ချောင်းလေးများဖြင့် အသာအယာ ပွတ်သပ်မိသည်။ သူက ကျူူးကို နူးညံ့ရီဝေစွာ ပြုံးပြီးကြည့်လာသည်။ ကျူူးတို့သည် တစ်ယောက်ရဲ့မျက်ဝန်းတွေထဲမှာ တစ်ယောက်ရဲ့ဝိညာဉ်ကို ရူးသွပ်စွာ ရှာဖွေမိကြသည်။ အပြင်ဘက်မှာ အုန်းအုန်းထအောင် ရွာချနေသော မိုးရေစိုးသံများကို ဂရုမပြုမိတော့လောက်အောင် ကျူူးတို့ရဲ့အသက်ရှူသံတွေက မြန်ဆန်ပြီး နေခဲ့သည်။

"မောင် ... မင်းကို မခွဲနိုင်ဘူး"

သူက ကျူူးရဲ့နှုတ်ခမ်းတွေအနားသို့ ကပ်ကာ ဒီစကားကို မွတ်သိပ်စွာဖြင့် ခပ်တိုးတိုးဆိုသည်။ ကျူူးသည် တုပ်နှောင်လာသော သူ့နှုတ်ခမ်းတွေကို မရုန်းကန်နိုင်ပါ။ မရုန်းကန်တာထက် မငြင်းဆန်တာဆိုလျှင် ပိုမှန်ပါမည်။ ကျူူးလည်း သူ့ကို သိပ်ချစ်တာပဲ မဟုတ်လား။ ဒီယောကျ်ားတစ်ယောက်ရဲ့ ညွှဲမက်ဖွယ် အကြင်နာတွေအောက်မှာ ဘယ်လိုမှ ရုန်းမထွက်နိုင်။ ရုန်းမထွက်ချင်။ အချစ်စိတ်သည် ကျူူးကို အမှား အမှန် မခွဲခြားစေတတ်တော့။ ဘာကိုမှ သတိမရစေတော့။ အချစ်ဆိုတာ ဘာလဲ။ အချစ်ဆိုတာ အဆုံးစွန်သော ပေးဆပ်ခြင်းတစ်ခုပေပဲလား။ အချစ်ရဲ့ နောက်ဆုံးရလဒ်ဟာ ဘာတွေဖြစ်နိုင်မလဲ။ နာကျင်ခြင်းလား၊ ဝမ်းနည်းခြင်းလား၊ တစ်စုံတစ်ရာလား။

သေချာတာကတော့ ကျူူး တစ်ယောက် ဘာကိုမှ သတိမရနိုင်တော့တာပဲဖြစ်သည်။ အားလုံးကို မေ့ထားခြင်းသည် ကျူူးရဲ့နှလုံးသားကို အဝင်ပန်းသက်သာစေသည်။ မောင် ခေါ်သွားသော ကမ္ဘာသစ်တစ်ခုကို မငြင်းဆန်ဘဲ အလွယ်တကူလိုက်ပါသွားခြင်းအတွက် ကျူူး ဘယ်တော့မှ နောင်တရမှာမဟုတ်။

ကျူူး သူ့ကို ချစ်သည်။

သိပ်ချစ်သည်။ အချစ်ဟာ အကန်းမဟုတ်ပါ။ ချစ်ခိုတဲ့အတွက် မျက်လုံးတွေကို တမင်မှိတ်ထားခြင်းသာ ဖြစ်တော့သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com

ကျူးသည် မောင့်ရင်ခွင်ထဲမှာ ပါးအပ်ထားရင်းမှ လက်ချောင်းတွေက မောင့်ရဲ့လည်တိုင်နှင့် မေးရိုးတစ်လျှောက်ကို ရှာဖွေစမ်းသပ်နေမိသည်။ မောင့်မျက်လုံးတွေ မှိတ်ထားလား၊ ဖွင့်ထားလား ကျူး မသိပါ။ မောင့်ရဲ့အသက်ရှူသံသဲ့သဲ့ကိုတော့ ကြားနေရသည်။ ခဏနေတော့ မောင့်ရဲ့လက်တစ်ဖက်က ကျူးရဲ့လက်မောင်းသားများကို တစ်ချက်ဖျစ်ညှစ်ကာ၊ကျူးပါးပြင်ကို ခပ်ဖွဖွ ပွတ်တိုက်နမ်းရှိုက်သည်။ ပြီးတော့ နှုတ်ခမ်းများ။ ခဏကြာလျှင် မောင်က လှဲနေရာမှ ဆတ်ခနဲ ထထိုင်ကာ ...

"သွားရအောင် ကျူး၊ ကျူးအိမ်က စိတ်ပူနေလိမ့်မယ်"

"ဘာရယ် မောင်"

ကျူးက မျက်လုံးအဝိုင်းသားဖြင့်ဆိုလျှင် သူက ခေါင်းတစ်ချက် ဆတ်ပြကာ ...

"ဟုတ်တယ်-ကျူး၊ ကျူး အိမ်ပြန်သင့်ပြီလေ"





သူ့စကားကို သတိလစ်နေသော ကျူးကို ရေနဲ့ တောက်နိုးလိုက်သလို ဆတ်ခနဲ ဖြစ်သွားစေသည်၊ ကျူးသည် ခုတင်ပေါ်မှ လူးလဲထမိကာ ...

"မောင် ဘာပြောလိုက်တာလဲ၊ မောင်ပဲ ကျူးကို မပြန်နဲ့တော့ဆို။ မောင့်ကို ခွဲမသွားပါနဲ့တော့၊ ကျူးနဲ့မခွဲနိုင်ဘူးဆို၊ ကျူးကို ဒီနေ့ပဲ ခိုးပြေးပြီဆို"

ကျူးက ထိတ်လန့်တုန်လှုပ်စွာဆိုလျှင် သူက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းသည်။

"မောင့်ရဲ့ တဒင်္ဂစိတ်ဖောက်ပြန်မှုအဖြစ် မောင့်ကို ခွင့်လွှတ်နားလည်ပေးပါ ကျူး။ ကျူး ဘဝအတွက် မောင်ဟာ ခလုတ်ကန်သင်း မဖြစ်ချင်ဘူး ...

ကျူး ဩဇီကိုသွားပါ၊ ပညာတွေသင်ပါ။ မောင့်ကြောင့် ကျူးဘဝရဲ့တက်လမ်းတွေ ကစင့်ကလျား ဖြစ်သွားမှာမျိုးကို မလိုလားပါဘူး ...

သွားရအောင် ကျူး၊ အရမ်းနောက်ကျနေမယ်။ ညနေတောင် စောင်းနေပြီ"

ကျူးက ပြောထွက်ရက်သော သူ့ကို နာကျင်ဝမ်းနည်းစွာ၊ ပြီးတော့ အံ့ဩစွာ ငေးကြည့်နေမိသည်။ သူက မပြန်ပါနဲ့တော့၊ မသွားပါနဲ့တော့ဟု ပြောတုန်းက ကျူးသည် သူ့မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာကိုင်းကော ကြည်နူးစွာ ခေါင်းညိတ်ခဲ့သည်။ တစ်ချက်မှ တွေဝေစဉ်းစားခြင်း၊ တွန့်ဆုတ်ခြင်း မရှိခဲ့။ ကျူးသည်လည်း သူနဲ့ ခွဲပြီး အဝေးကြီးကို မသွားလိုတာ သေချာနေ၍ဖြစ်သည်။ ခွဲခွာရတော့မည့် နောက်ဆုံးအခြေအနေမှာ နှစ်ဦးသားတွေ့ရမည့် အချိန်တွေကို ဆွဲဆန့်ရင်း တစ်ယောက်နဲ့တစ်ယောက် မခွဲနိုင်လောက်အောင် ချစ်သွားခဲ့ကြသည်။ ကျူးကလည်း အိမ်မပြန်တော့ဘူးဟု သူ့ကို ပြောလိုက်ပြီးသား။

အခုတော့ ... ဘာတွေ ... ဘယ်လို။ ဘုရားသခင် ... ယောကျ်ားတွေရဲ့စိတ်ဟာ ဒီလောက်ပဲ အပြောင်းအလဲ မြန်ရသလား။

"မောင် ဘာပြောတာလဲ။ ကျူးက ဒီအခြေအနေရောက်တော့မှ ..."

ကျူးသည် ရှက်ရွံ့စွာဖြင့် စကားတောင် ဆက်မပြောနိုင်။

မျက်နှာတစ်ပြင်လုံး ပိုးကောင်တွေ တက်ကိုက်ခံရသလို တရှရှနှင့် တဆစ်ဆစ်ဖြစ်ကာ အင်မတန် ခံရခက်လှသည်။

"ဘာမှ မဖြစ်ပါဘူး ကျူး။ ဒါဟာ ဘဝတစ်ခုလုံးနဲ့ယှဉ်ရင် ဘာမှကြီးကျယ်တဲ့ ..."

"တော်စမ်း ..."





ကျူးရဲ့ မာန်ဖီသံလို ဟိန်းထွက်သွားသော အသံကို သူက ဆတ်ခနဲ မျက်လုံးပင့်ကြည့်သည်။

"ခေါင်နိုက် ... ရှင်က ဘာသဘောလဲ။ ရှင် ... ဆန္ဒ ..."

ကျူးသည် ဆက်၍ ပြောမထွက်စွာဖြင့် နှုတ်ခမ်းကို ကိုက်ကာ မျက်ရည်ရစ်ဝဲလာသော မျက်ဝန်းအစုံဖြင့် သူ့ကို နာကျင်စွာ စိုက်ကြည့်နေမိသည်။ ဒီလိုဆက်ဆံခြင်းခံရသော ပုံစံအတွက် ကျူး အင်မတန်မှ ရှက်ရပါသည်။ ယောကျ်ားတွေဟာ ဒီလိုတွေလား။ အတွေ့အကြုံတစ်ခုကို လွယ်လင့်တကူ ရှာဖွေပြီးတဲ့နောက်မှာ တန်ဖိုးဆိုတာကိုလည်း လွှင့်ပစ်လိုက်ကြတာမျိုးတဲ့လား။

အဲဒီလို တွေးလိုက်လျှင် ကျူးသည် အသေအလဲ ရှက်ရွံ့သွားရသည်။ သူက ကျူး ဘာကိုတွေးမိလဲဟု ချက်ချင်းသိစွာဖြင့် ကျူး အနားသို့ တိုးကပ်လာကာ ကျူးရဲ့ပခုံးနှစ်ဖက်ကို ဖွဖွကိုင်လျက် ကျူးကို အားပေးနှစ်သိမ့်ဖို့ ကြိုးစားသည်။ သို့သော် ကျူးက သူ့လက်တွေကို ဆတ်ခနဲ ဖယ်ထုတ်ပုတ်ချလိုက်သည်။

"ကျူး အဲဒီလို မတွေးပါနဲ့။ အဲဒီလို လုံးဝမဟုတ်ပါဘူး ကျူး။ ကျူးလည်း ခေတ်ပညာတတ် မိန်းကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပါ။ ကျူးကို မောင်သိပ်ချစ်တာ မှန်တယ်၊ ကျူးနဲ့ ပတ်သက်ပြီး အရာရာကို ပိုင်ဆိုင်ချင်တာလည်း မှန်တယ် ...

ဒါပေမဲ့ အဲဒါဟာ မောင့်အတ္တတွေလေ။ မောင့်အတ္တတွေနဲ့ ကျူးကို မရှင်သန်စေချင်ဘူး။ ကျူး ဒီကိစ္စအတွက် ကျူးဘဝရဲ့တက်လမ်းတွေကို ပိတ်မပစ်ပါနဲ့ ...

ဒါဟာ မောင်တို့နှစ်ယောက်ရဲ့ ခဏတာ ရူးသွပ်မိုက်မဲမှု တစ်ခုပါ"

အဲဒီစကားသည် ကျူးရဲ့မျက်နှာကို ဖြတ်ရိုက်ခြင်း ခံရသူလို နာကျင်ပြီး လည်ထွက်သွားစေသည်။ ဒါဟာ စားပြီး နားမလည်သော ယောကျ်ားတို့ သဘာဝပဲလား။ ကျူး ရင်ထဲတွင် အံ့ဩတုန်ယင်ပြီး ဆို့နင့်လာသည်။ ဒါဟာ ကျူး သိပ်ချစ်ရသော၊ ယုံစားပုံအပ်ခဲ့ရသော ယောကျ်ားတစ်ယောက်ရဲ့ နှုတ်ထွက်စကား တဲ့လား။

"တော်တော့ ... ရှင် ဆက်မပြောနဲ့တော့။ ရှင်ဟာ အလကားလူပဲ ... အလကား"

"ကျူး ... မောင်ပြောနေတာတွေဟာ ကျူးအတွက်ပါ။ ဟိုမှာ ကျူး တစ်ယောက် လွတ်လွတ်လပ်လပ် ပေါ်ပေါ် ပါးပါးနဲ့ ပညာတွေသင်နိုင်အောင် ပြောနေတာ ...





ခုချိန်မှာ ကျူးကို မောင့်အနား ခေါ်ထားလိုက်လို့ ကျူးဘဝ ဘာတိုးတက်မြင့်မားသွားမှာ မို့လို့လဲ ...

ကျူးကို အဲဒီလို မဖြစ်စေချင်ဘူး။ မောင်ပြောတာ နားလည်လား ကျူး။ မောင့်စေတနာကို နားလည်ပါ"

"တော်ပြီ ... ဘာမှဆက်မပြောနဲ့တော့။ တကယ့် တကယ် တမ်း ရှင် ကျွန်မကို တာဝန်မယူနိုင်ဘူး မဟုတ်လား။ အဲဒီအတွက် ကျူး ကောင်းစားရေးပါဆိုတဲ့ စကားကို ဟန်ပြလာပြောမနေနဲ့ ...

ရှင့်ကို သိပ်စိတ်နာတယ် ခေါင်ခိုက်။ ရတယ် ... အခုပြန်မယ်။ အခုပြန်ပို့ပေး"

"ကျူး ... မောင် ပြောတာကို သေချာနားထောင်ပါ"

"သွားမယ် ... ဘာမှ မပြောနဲ့တော့"

ကျူးက အံကို တင်းတင်းကြိတ်ကာဆိုလျှင် သူက အင်မတန် စိတ်ပျက် စိတ်ရှုပ်ထွေးသော မျက်နှာထားဖြင့် ခေါင်းကို ခါယမ်းကာ ကားသော့ကိုယူလျက် အိမ်ထဲမှ ထွက်သည်။ အဲဒီနောက် ကျူးတို့နှစ်ယောက်သည် ဘာစကားမှ ဆက်မပြော ဖြစ်ကြတော့ဘဲ ရန်ကုန်သို့ တိတ်ဆိတ်စွာ ပြန်လာခဲ့ကြသည်။

"ဒီမှာပဲရပ်"



www.burmeseclassic.com

www.burmeseclassic.com



ကျူးတို့လမ်းထိပ်သို့ရောက်လျှင် ကျူးက မှု့ကို ခပ်ဆတ်ဆတ် ဆိုမိသည်။ သူက ကားကို ညင်သာစွာ ဂိပ်ပေးရင်းမှ ကျူးရဲ့လက်ဖဝါးလေးများကို ဖမ်းဆုပ်ဖို့ ကြိုးပမ်းလာသည်ကို ကျူးက နာကျင်စွာ ပုတ်ထုတ်ပစ်လိုက်သည်။ ကျူးကိုကြည့်လာသော သူ့မျက်ဝန်းများထဲ၌ ကြေကွဲနာကျင်မှုတွေကို တွေ့ရသောအခါ ခံစားနေရသော စိတ်နာမှုများမှာ အဝေးသို့ လွင့်စဉ်သွားမလားတောင် ထင်ရသည်။ ကျူး ဘာကိုများ နောက်ဆုံးအချိန်ထိ မျှော်လင့်နေမိပါသလဲ။ ခုချိန်မှာ သူများ စိတ်ပြောင်းသွားပြီး ကားကို တစ်ရှိန်ထိုး မောင်းထွက်သွားလျှင် ကျူး ငြင်းဆန်မိမည်မထင်။ ခုကိုပဲ ကျူးမှာ ကားပေါ်က မဆင်းရသေး။ သူက ကျူးကို နူးညံ့နာကျင်နေသောမျက်ဝန်းများဖြင့် စိုက်ကြည့်ကာ ကျူး စွဲလမ်းခဲ့ရသော သူ့နှုတ်ခမ်းတွေက ဖျတ်ခနဲ ပွင့်လာသည်။

“ကျူး သွားတော့နော်။ တစ်နေ့ကျရင် မောင့်စေတနာတွေကို ကျူး နားလည်လာမှာပါ”

ကျူး မျှော်လင့်သော စကားမျိုး မဟုတ်ခဲ့။ ရှက်ရွံ့နာကျင်စိတ်သည် ကျူး တစ်ကိုယ်လုံးရှိ လက်ကျန်အချစ်တွေကို တိုက်စားဝါးမြိုသွားသည်။ ကျူးသည် အံကိုတင်းတင်းကြိတ်ပြီးနောက် ကားပေါ်မှ ဖျတ်ခနဲ ဆင်းလိုက်သည်။ နောက်ကို လုံးဝပြန်လှည့်မကြည့်ဖြစ်တော့။





ဒီလိုပဲ သူ့ကိုလည်း ဘယ်တော့မှ ပြန်လှည့်ကြည့်တော့မှာ မဟုတ်ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် သေချာသွားခဲ့ပြီဖြစ်သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



# ငါးနှစ်ကျော်ခန့်ကြာပြီးနောက်

## (၂၀၀၄ → ၂၀၀၉)



## ၆

ခေါင်ခိုက်သည် အိတ်ထဲမှာ ထည့်ထားသော ဟန်းဒ်ဖုန်းလေးထဲမှ တီးလုံးသံနှင့် သီချင်းသံလေးတစ်ခု ထွက်ပေါ်လာလျှင် ဖုန်းကို မထုတ်ရသေးဘဲနှင့်ကို ဘယ်သူ့ဆီကဆိုတာ ချက်ချင်း သဘောပေါက်လိုက်သည်။ ဒီသီချင်းသံနှင့်လာလျှင် ဘယ်သူ့ဆီကဆိုတာ သိနိုင်သည်အထိ သူက သံစဉ်သပ်သပ်ခွဲထားခြင်း ဖြစ်လေသည်။ သူက ဝေဖြိုးနှင့် စကားပြောနေရာမှ လက်ခဏပြကာ အိတ်ထဲမှဖုန်းကို ဖွင့်ထူးလိုက်သည်။

“အင်း ... သွန်း ပြော”

“ခေါင် ဘယ်မှာလဲဟင်”

တစ်ဘက်မှ နူးညံ့ချိုသာသော အသံလေးကထွက်ပေါ်လာသည်။ သူက အသာပြုံးလိုက်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ရုံးမှာပဲ ဝေဖြိုးနဲ့ စကားပြောနေတာ။ ပြောလေ သွန်း ... ရတယ်"

"အင်း ... အရေးတကြီး မဟုတ်ပါဘူး။ ခေါင် ရုံးဆင်းရင်လေ သွန်းနဲ့ တစ်ခုခု သွားမစားချင်ဘူးလားလို့"

သူက သွန်းရဲ့အပြောကြောင့် အသာအယာ ပြုံးမိသည်။ သွန်းဆိုသော ကောင်မလေးသည် သူမရဲ့ဆန္ဒတစ်ခုကို တစ်ဖက်သား လိုက်နာလက်ခံချင်အောင် စည်းရုံးသည့်နေရာမှာ တစ်ဖက်ကမ်းခတ် တော်လေသည်။ စိတ်ထဲက ဆန္ဒတစ်ခုကို တစ်ဖက်လူရဲ့ဆန္ဒအလား လက်ခံချင်စဖွယ်ကောင်းအောင် ပြောဆိုတတ်သည်။ နူးညံ့ရိုးသားသော စကားလုံးများနှင့် တစ်ဖက်သားရဲ့နှလုံးသားကို ပျော့ပျောင်းလာအောင် စွမ်းဆောင်နိုင်ပါသေးသည်။

"သွားစားချင်တာပေါ့။ ကဲ ... ပြော။ သွန်းက ဘယ်မှာစားချင်လို့လဲ"

"သွန်း စားချင်တာ ထူးထူးဆန်းဆန်း ခေါင်ရဲ့"

"အင်း ... ပြောပါဦး"

"အင်းလျားကန်စောင်းက ဘူးသီးကြော်"

"ဟား ဟား ... ဘာစိတ်ကူးပေါက်တာလဲ"

"သိဘူး။ ခေါင်နဲ့လေ အင်းလျားကန်စောင်းမှာ ဘူးသီးကြော်စားချင်စိတ် ပေါက်လာတာ အရမ်းပဲ။ အရမ်း





စားချင်တယ်။ ပြီးတော့ ကန်ပေါင်ပေါ်မှာ လမ်းအတူတူ လျှောက်ချင်တယ် ...

အဲဒါ ဖြည့်ဆည်းပေးနိုင်မှာလား ... ပြော"

သွန်းရဲ့အသံက ချိုချိုနွဲ့နွဲ့လေး ထွက်ပေါ်လာလျှင် သူက သူမ မမြင်နိုင်မှန်း သိပါလျက်နှင့် ခေါင်းတွေ ဆက်တိုက် ညိတ်ပြမိသည်။

"ဟေး ... မေးနေတာ ဖြေလေ"

"ခေါင်းညိတ်ပြနေတာပဲဟာ"

"မြင်မှ မမြင်ရဘဲ။ ကဲ ... ဒါဆို ရုံးဆင်းရင် သွန်းဆီကို ဖုန်းဆက်လိုက်၊ အကြော်ဆိုင်မှာ ဆုံကြမယ်၊ ဟုတ်ပြီလား"

"အိုကေ ... ဆီးယူ"

သူက ပြောပြီးတာနှင့် ဖုန်းခလုတ်ကို ပိတ်ချလိုက်သည်။

ဝေဖြိုးက သူ့ကို လက်ပိုက်ပြီး ပြုံးကြည့်နေရာမှ အတပ်သိစွာမေးသည်။

"သွန်းဆီကမှ ဟုတ်ရဲ့လား"

သူက ဖုန်းကို အိတ်ကပ်ထဲသို့ ပြန်ထည့်ရင်း အင်းဟု ပြန်ဖြေမိသည်။

"သွန်းကလည်း မင်းကို ရုတ်တော်ချစ်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဝေဖြိုးကို ဆတ်ခနဲ မော့ကြည့်မိသည်။ ဒီစကားဟာ အဓိပ္ပာယ်တစ်ခုခု ပါသည်ဟု ထင်သည်။ ထင်တာ[illegible] မဟုတ်၊ တကယ်ကိုပါကြောင်းကို ဝေဖြိုး ဆက်ပြောလိုက်သော စကားက သက်သေခံသွားသည်။

"ဘာလဲ ... မင်း ကျူးကို သတိရသွားတာလား"

အဲဒီမေးခွန်းကို သူ ပြန်မဖြေမိပါ။ မှန်ချပ်ကြီး[illegible] မှတစ်ဆင့် လှမ်းမြင်နေရသော ရန်ကုန်မြစ်ပြင်ရဲ့ရှုခင်းတွေ[illegible] ဘောင်းဘီအိတ်ကပ်ထဲ လက်နှိုက်ကာ ငေးနေမိသည်။ သူ့ရဲ့စိတ်[illegible] တွေသည် လွန်ခဲ့သော ငါးနှစ်ကျော်ဆီသို့ အလျင်အမြန် ကူးခတ်[illegible] သွားကြသည်။ မနက်ဖြန်လို ကျူး လေဆိပ်ဆင်းမည့်နေ့၊ ဒီ[illegible] လို နေ့မျိုးတွင် ကျူးနဲ့သူ ရူးမိုက်စွာ ချစ်ခဲ့ကြသည်။ သို့သော်[illegible] ဒါဟာ တဒင်္ဂရူးမိုက်မှု သက်သက်ဆိုတာ သူက အလျင်အမြန်[illegible] သိမြင်ခဲ့ကာ ဘဝတက်လမ်းတွေ လှမ်းမြင်နေရသည့် ကျူး[illegible] သူ့ဘဝထဲသို့ ဆွဲမခေါ်ဖြစ်ခဲ့ပါ။ သူတို့အရွယ်တွေဟာ အိမ်ထောင်[illegible] ရှင် ဖြစ်ရမည့်အရွယ် မဟုတ်ကြသေး။

သို့သော် ကျူးက သူ့ကို ပက်ပက်စက်စက် အ[illegible]ပါသည်။ လွဲသွားခဲ့သည်။ နှိုင်းဆမရအောင် စိတ်နာကြည်းသွားခဲ့သ[illegible] ဘယ်လောက်တောင် စိတ်နာသွားသလဲဆိုလျှင် အဲဒီနေ့က [illegible] လိုက်ခြင်းဟာ နောက်ဆုံးတွေ့ဆုံခြင်းဖြစ်လျက် နောက်[illegible]





[illegible]ဘယ်တော့မှ ထပ်မတွေ့ဖြစ်တော့ပါ။ ကျူးသည် (၂၀၀၄)ခုနှစ် [illegible]လမှာ မြန်မာနိုင်ငံက ထွက်ခွာသွားခဲ့တာဖြစ်ပြီး ကြားထဲ [illegible]တစ်ခေါက်မှ ပြန်မရောက်ဖြစ်ဘူးဟု ထင်သည်။ သူ ကျူးကို [illegible]ဝမတွေ့ခဲ့ပါ။ ကျူး သူငယ်ချင်းဆီက လိပ်စာတောင်းပြီး [illegible]ကျူးကို သူ အမျိုးမျိုး ကြိုးစားဆက်သွယ်ခဲ့ပါသေးသည်။ သို့သော် [illegible]တ်ပြတ်သော ကျူးသည် သူ့ကို တုံ့ပြန်မှုတစ်စုံတစ်ရာ မပေးခဲ့[illegible]ပါ။ ဒီလိုနှင့် တစ်နှစ် ... နှစ်နှစ် ...သုံးနှစ် ...။ သူလည်းပဲ လိမ့်[illegible]နေအောင် ခံစားခဲ့ရပါသည်။ တစ်ခါတလေမှာ နောင်တတောင် [illegible]ခဲ့သည်။

အဲဒီတုန်းက ကျူးကို သူ ခိုးပြေးလိုက်ရင် အကောင်း [illegible]ဘားဆိုသည့် အတွေးတွေလည်း ခဏ ခဏ ဝင်ခဲ့ဖူးသည်။ ကျူး [illegible] ဆုံးရှုံးသွားပြီလားဟူသော အသိသည် သူ့နှလုံးသားကို ကြီး [illegible]အစီးနှိပ်စက်ခဲ့ပါသည်။ ဆောက်တည်ရာ မရအောင် အသည်း [illegible] ကွဲကြေခဲ့သည်။ သူ့အပေါ်မှာ တစ်မျိုးမြင်သွားခဲ့ပြီး ရက် [illegible]က်စက်စက် စွပ်စွဲချင်သော ကျူးရဲ့အကြည့်တွေကို သူ နားလည်

သို့သော် သူ့မှာ ရှင်းပြဖို့ အခွင့်အရေး မရှိတော့။ [illegible]ယ်လိုပဲ ရှင်းပြပြ ကျူးက သူ့ကို ဘယ်လိုမှ နားလည်ပေးကာ [illegible]လွတ်နိုင်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ ကျူးကို အကြာကြီး စောင့်ခဲ့ပါသည်။ နဂိုတည်း ကမှ ကောင်မလေးတွေက စတင်ပြီး သဘောကျရသောသူက ကျူးကလွဲပြီး ကျူးနေရာမှာ ဘယ်သူ့ကိုမှလဲ အစားမထိုးနိုင်ခဲ့ပါ။ ဒါပေမဲ့ လွန်ခဲ့တဲ့ တစ်နှစ်လောက်တည်းက တွေ့ဆုံခဲ့ရသော သွန်းကတော့ သူ့ရင်ကို တစ်မျိုးသော နှစ်သိမ့်မှု ပေးနိုင်ခဲ့သူ ဖြစ်သည်။ ပြီးတော့ နားလည်ပေးနိုင်သူလည်း ဖြစ်သည်။ လူ ဆိုတာကလည်း အဖော်ဆိုတာကို တောင့်တခုံမင်တဲ့စိတ်မျိုး လေရာ သူသည် ကျူးကို ရင်ထဲက လုံးဝထုတ်မပစ်နိုင်သေးသော ငြားလည်း ကိုယ့်ရဲ့စိတ်ကို တစ်မျိုးသာယာမှုပေးသော သွန်းက ချစ်ခွင့်ပန်ဖြစ်ခဲ့သည်။ နဂိုတည်းကမှ နားလည်မှုရှိသော သွန်းက လည်း သူ့အချစ်ကို အချိန်အကြာကြီး မဆွဲဘဲ ချက်ချင်းလိုလို လက်ခံတုံ့ပြန်ခဲ့ပါသည်။

သူတို့ရဲ့ ချစ်သူသက်တမ်းမှာ ခြောက်လလော သာ ရှိသေးသော်လည်း ပြဿနာရယ်လို့ ဘာမှကြီးကြီးမားမား မရှိ။ စိတ်ဆိုး စိတ်ကောက်တာလည်းမရှိ။ သွန်းသည် သူမသိ ချစ်တာကို နားလည်မှုနဲ့ ပြတတ်သော သူတစ်ယောက်ဖြစ်သည် ဘာပဲဖြစ်ဖြစ် သွန်းနဲ့ပတ်သက်ပြီး သူ စိတ်ချမ်းသာရပါသည် ခါးထိလုသော ဆံနွယ်ရှည်လေးများနှင့် ယဉ်စစ လုပသော သွန်းသည် သူ့ဘဝရဲ့ လက်တွဲဖော် ဖြစ်လာမည်ဟု မျှော် ထားရသောသူလည်း ဖြစ်သေးသည်။





"ဟော့ကောင် ... မေးနေတာတောင် ပြန်မဖြေနိုင်တဲ့အထိ အတိတ်ထဲမှာ မျောသွားရသလား။ မှန်မှန်ဖြေစမ်း ဟော့ ကောင် ...

မင်း ကျူးကို ချစ်နေတုန်းပဲလား"

သူက သက်ပြင်းတစ်ချက်ကို ရှိုက်ကာ ...

"ငါ မညာချင်ဘူး ဝေဖြိုး။ ကျူးကို ငါ ဘယ်လောက်ချစ် ခဲ့တယ်ဆိုတာ မင်း အသိဆုံးပဲ။ အဲဒီနေ့ကသာ သူ့ကို ငါ ခိုးဖြစ်ခဲ့တယ်ဆိုရင် ခုချိန်မှာ ငါတို့ ကောင်းကောင်းကြီး ပျော်ရွှင်နေရမယ်လို့ ထင်တယ် ...

တစ်ခါ တစ်ခါကျရင် ငါ နောင်တအရမ်းရတယ်"

"ခုလောက်ဆို သူလည်း မင်း စေတနာကို နားလည်လောက် ရောပေါ့ကွာ"

"မထင်ပါဘူးကွာ။ သူ ငါ့ကို သိပ်စိတ်နာနေမှာပါ"

သူက ကိုယ့်အကြောင်းကိုယ် သိစွာဖြင့် တိုးတိတ်စွာ ဆိုလျှင် ဝေဖြိုးက သက်ပြင်းတစ်ချက်ကို မဆီမဆိုင်ချသည်။

"သူလည်း မင်းကို သိပ်ချစ်ခဲ့တာကိုးကွ။ ဘာပဲပြောပြော မိန်းကလေးတစ်ယောက်အနေနဲ့ ရှက်ပြီး စိတ်နာသွားတာ မျိုးလည်း ဖြစ်တာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မင်းလည်း စာတွေရေးပြီး တောင်းပန်ခဲ့တာပဲ မဟုတ်လား။ အေးပေါ့ကွာ၊ ဖူးစာမပါလို့ပဲလို့ မှတ်ရတော့မှာပေါ့။ သူ ဒီနိုင်ငံကို လုံးဝပြန်မလာဘူးလား မသိဘူးနော်"

"မသိဘူးလေ။ သူ့သူငယ်ချင်း သဒ္ဒါဆိုတဲ့ တစ်ယောက်နဲ့လည်း မတွေ့တာကြာပြီကိုး။ အချိန်တွေက နည်းမှမနည်းတော့ပဲကွာ။ ငါးနှစ်ဆိုတဲ့ အချိန်ကာလဟာ မပြောင်းလဲချင်သူတွေအတွက် ဒီအတိုင်းပဲ ဆိုပေမယ့် ပြောင်းလဲချင်သူတွေအတွက်တော့ ကောင်းကောင်းကြီး ပြောင်းလဲနိုင်တဲ့ အနေအထားပဲ မဟုတ်လား ...

သူ ဟိုမှာ အိမ်ထောင်တွေ ဘာတွေ ကျနေရင်လည်း ကျနေမှာပဲ ...

ဒီတော့ ချစ်နေတုန်းပဲဆိုတဲ့ စကားကြီးကိုတော့ မသုံးချင်တော့ပါဘူ ကွာ။ သွန်းကိုလည်း အားနာတယ်။ သွန်းကိုလည်း ငါ ချစ်ပါတယ် ...

ဒါပေမဲ့ ကျူးနဲ့တော့ မတူဘူးကွ။ ကျူးကိုကျတော့ လေ အရမ်း Heart ကို ထိတာကွာ။ ငယ်လည်း ငယ်သေးတဲ့အချိန်ဆိုတော့ ရူးရူးမူးမူး သဲသဲသန်သန် crazy ပဲ။ အရာအားလုံးက စွဲမက်ဖွယ်အတိ ဖြစ်နေတယ် ...





ဆယ့်ရှစ် ဆယ့်ကိုး အရွယ်တုန်းက အချစ်နဲ့ အသက်အစိတ်အရွယ်မှာ ခံစားမိတဲ့အချစ်နဲ့ ဖီလင်ချင်းတော့ ဘယ်တူတော့မလဲ။ အချစ်ဦးကိုမှ သူက ရူးရူးမူးမူးကြီးကို ချစ်ခဲ့ရတဲ့ အချစ်ဦးကြီး ဖြစ်နေတယ်"

"ဟား ဟား ... ဒီစကားတွေကို Recording လုပ်ထားပြီး သွန်းစမ်းယု ရှေ့မှာ သွားဖွင့်ပြချင်လိုက်တာ"

"သွန်း သိပါတယ်"

"ဟုတ်လား ... မင်း ပြောပြထားတာလား"

"အေးပေါ့။ အရင်တည်းက ပြောပြဖူးတယ်။ သူနဲ့ရည်းစားမဖြစ်ခင်တည်းက ပြောပြတာ"

"သူက ဘာပြောလဲ၊ သူ့မှာလည်း ရှိခဲ့တာပေါ့၊ အဲလိုလား"

"သူကတော့ မရှိခဲ့ဘူးတဲ့။ ငါ့ကိုလည်း ဘာမှမပြောပါဘူး။ ရည်းစားရှိခဲ့တာ ဆန်းတဲ့ကိစ္စ မဟုတ်ဘူးလို့တော့ ပြောတာပဲ။ ဘာဖြစ်လို့ ကွဲသွားတာလဲလို့တော့ မေးတယ်။ ငါကလည်း သူ ဩစီကို ထွက်သွားတော့ အဆက်အသွယ်မလုပ်ဖြစ်ကြတော့ရင်း ကွဲသွားတာလို့ပဲ ပြောတာပေါ့"

ဝေဖြိုးက သူ့ကို ငါ သိပါတယ် ဟူသော အပြုံးကြီးဖြင့် ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်လောက် အသည်းကွဲခဲ့ရတယ်၊ ဘယ်လောက် ချစ်ခဲ့ရတယ် ဆိုတာရော ပြောမပြလိုက်ဘူးလား"

"ပြောဖို့လိုတဲ့ကိစ္စ မဟုတ်ပါဘူးကွာ"

"အေးပေါ့ကွာ၊ မင်းလည်း တည်ငြိမ်တဲ့အရွယ် ရောက်နေပြီပဲ။ သွန်းကလည်း တို့နဲ့ သက်တူရွယ်တူပဲဆိုတော့ နားလည်ပေးနိုင်တဲ့ အရွယ်ပဲပေါ့ ..."

ထစ်ခနဲဆို စိတ်ဆိုး စိတ်ကောက်တဲ့အရွယ် မဟုတ်တော့ဘဲ နားလည်မှုနဲ့ တည်ဆောက်ထားတဲ့ ချစ်ခြင်း မေတ္တာဆိုတော့ အဆင်ပြေမှာပါ"

"အင်း ... ပြေပါတယ်"

"မင်းကို ငါ တစ်ခုလောက်တော့ မေးချင်တယ်။ အမှန်အတိုင်း ဖြေပေးမှာလား"

"ဘာကိုလဲ"

သူ့မေးခွန်းကို ငေးဖြိုးက အသာပြုံးကြည့်ကာ ...

"မင်း ကျူးနဲ့ သွန်းနဲ့ကို ဘယ်သူ့ကို ပိုချစ်လဲ"

"မင်းကလည်းကွာ၊ ဒီမေးခွန်းက မေးသင့်တဲ့မေးခွန်းမျိုး မဟုတ်ပါဘူး"

"ဟော့ကောင် ... မင်းနဲ့ ငါ့ကြားမှာ မေးသင့်တာတွေ၊ မမေးသင့်တာတွေ မရှိဘူး၊ မင်း ခံစားမှုအတိုင်း ရဲရဲဖြေလို့ရတယ်"





"သွန်းကိုလည်း ငါ ချစ်ပါတယ်။ ချစ်တယ်ဆိုတဲ့ သဘောတစ်ခုမှာ သူနဲ့ ငါနဲ့ စတွေ့တည်းက သူ့မျက်လုံးတွေထဲမှာ သဘောကျရိပ်တွေကို ငါ တွေ့ရတယ်။ သူ ငါ့ကို သဘောကျတယ်ဆိုတာ ငါ သိတယ်။ ခင်းနီးလာတော့လည်း သူ့စိတ်နေသဘာဝ စိတ်ထား စတာ◌ွေကို ကြိုက်တယ်။ ဒီမိန်းကလေး မဆိုးဘူးပေါ့။ နည်းနည်း ကိုယ့်အတွက် စဉ်းစားတာလေးတွေ ပါတယ်ကွာ ...

ကျူးကိုကျတော့ ဘာမှမသိအောင်ကို ချစ်တာ။ မြင်ကတည်းက ကြိုက်သွားပြီး တစ်ပတ်လောက်နေတော့ သူ့ကို ချစ်နေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သေချာသွားတယ်။ နီးငေးနေပြီးတော့ကို တစိမ့်စိမ့် ချစ်နေတာ။ သူ့ကို ဘယ်လောက်ထိ ချစ်သလဲဆိုလျှင် သူ ငါ့ကို ပြန်ချစ်တာ မချစ်တာ အရေးမကြီးဘူး၊ ငါက ချစ်နေရရင်ကို ပြီးရောဆိုတဲ့အထိကို ချစ်တာ ...

သူနဲ့ ချစ်သူတွေ ဖြစ်သွားတော့လည်း တကယ့်ကို ပျော်စရာအတိပေါ့ကွာ ...

ဘယ်သူ့ကို ပိုချစ်ပါတယ်လို့တော့ မပြောချင်တော့ပါဘူးကွာ။ ဒါပေမဲ့ ကျူးနဲ့တုန်းကတော့ ရင်ခုန်သံတွေ ပိုမြန်သလိုပဲ။ မင်း သိပါတယ်၊ တို့ယောကျ်ားလေးတွေက



www.burmeseclassic.com

www.burmeseclassic.com



တော်တန်ရုံ ရင်ခုန်သံမြန်တယ်ဆိုတာ ရှားပါတယ်။ မိန်းကလေးတစ်ယောက်ရဲ့အနားကို ရောက်သွားလို့ ရင်ခုန်တယ်ဆိုတာမျိုးက တကယ်ချစ်တယ် ဆိုရင်တောင် ရှားတတ်တဲ့ဟာ ...

ကျူးဟာ ငါ ရင်တွေ အရမ်းခုန်ပြီး ချစ်ခဲ့ရတဲ့ ကောင်မလေးပါ။ အင်း ... အဲဒီတုန်းကတော့ ကောင်မလေးပေါ့၊ ခုတော့ သူလည်း မိန်းမတစ်ယောက် ဖြစ်နေလောက်ပါပြီ။ girl ဘယ်ဟုတ်တော့မလဲနော်"

"I'm not a girl ... not yet a woman "

သူ့စကားကို ဝေဖြိုးက ဘရစ်တနေစပီးယား၏ သီချင်းတစ်ပိုင်းတစ်စကို စောင်းဆိုသည်။ မှန်တာပြောရလျှင် ကျူးလည်း သူ့ကို သိပ်ချစ်သည်ဟု သိထားသောကြောင့် သူ့ရင်ခွင်ကို ဘယ်အချိန်များ ပြန်ရောက်လာမလဲဟု အချိန်နဲ့အမျှ မျှော်လင့်စောင့်စားခဲ့ဖူးပါသည်။ သို့သော် အချိန်တွေသာ ကုန်လွန်သွားခဲ့သည်။ ကျူးရဲ့အသံလေးကိုသော်မှ သူ ကြားခွင့်မရှိတော့ပါ။ သေချာတာတော့ ကျူး တစ်ယောက် သူ့ကို တော်တော်ကြီး စိတ်နာသွားခဲ့ပြီ ဆိုတာပဲဖြစ်သည်။

"ဒါပေမဲ့ မင်း ကျူးကို မေ့တော့ မေ့နိုင်နေပြီ မဟုတ်လား"





ဝေဖြိုးရဲ့အမေးကို သူက မသဲကွဲစွာဖြင့် အင်းဟု ရေရွတ်မိမည်ထင်သည်။ ဝေဖြိုးက သူ့ကို ပြုံးစစဖြင့် ငဲ့ကြည့်ရင်း ...

"ဟေ့ကောင် ... အသက်မပါတဲ့ အင်းတွေ အဲတွေ လုပ်မနေနဲ့။ BOB စီးရီးစ်ထဲက လေးဖြူ ဆိုထားသလို တိုက်ဆိုင်မှုတွေ ရှိလာတော့လည်း အမှတ်တမဲ့ မင်းကို လွမ်းပါတယ် xx အပေါ်ယံရုပ်ထိုသော ဒဏ်ရာမဟုတ်တော့ ... လွယ်ကူစွာနဲ့ ငါ မေ့နိုင်ဖို့ခက် xx ဘယ်ဆီကို မင်းရောက်နေမလဲ ... အဟဲ ... ဟဲ ...

အဲဒီလိုမျိုး မဟုတ်လား"

သူက ဝေဖြိုး ဆိုပြသော စာမျက်နှာဆယ့်ငါး သီချင်းကို ကြားလျှင် တကယ်ပဲ ပြုံးမိသွားရသည်။ သို့သော် ... ဒီအပြုံးဟာ မချိပြုံးကြီးများ ဖြစ်နေမလား၊ ကိုယ့်ကိုယ်ကိုယ်တော့ မသိပါ။ မှန်တာပြောရလျှင်တော့ လေးဖြူရဲ့စာမျက်နှာဆယ့်ငါး သီချင်းသည် သူ့တစ်ယောက်တည်းအတွက် ရည်ရွယ်ပြီး တမင်ကို ဆိုပေးထားသလို ထူးဆန်းတိုက်ဆိုင်လွန်းအား ကြီးလှလေသည်။ အဲဒီအခွေ စထွက်တည်းက သံယောဇဉ်နှင့် စာမျက်နှာဆယ့်ငါးသီချင်းကို သူ တစ်လှည့်စီ အမြဲတမ်း ညည်းဆိုနေဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် သွန်း ရှေ့မှာတော့ သူ မဆိုဖြစ်ပါ။

"အံမယ် ... ငါ ပြောတော့မှပဲ ရုပ်က ပိုခံစားပြနေပြန်ပြီ။ ကဲ ... ကဲ ... စာမျက်နှာဆယ့်ငါးကို ကျော်လိုက်တော့ စာမျက်နှာဆယ့်ခြောက်ဆီကို သွားတော့ ...

ရုံးဆင်းတော့မှာ မဟုတ်လား၊ ငါလည်း ပြန်တော့မယ်"

"အိုကေ ... အိုကေ ... နောက်မှတွေ့မယ် သူငယ်ချင်း"

ဝေဖြိုး ပြန်သွားလျှင် သူကလည်း သိမ်းစရာရှိတာတွေသိမ်းကာ ရုံးဆင်းဖို့ ပြင်ဆင်ရသည်။ သူသည် ကျောင်းပြီးသွားသောအခါ နိုင်ငံခြားက လုပ်ငန်းရှင်တစ်ဦးနှင့် မြန်မာပြည်က ရှယ်ယာရှင်များ ပါဝင်သော ကုမ္ပဏီအကြီးကြီး တစ်ခုမှာ ရာထူးကောင်းကောင်းနှင့် အလုပ်တစ်ခု ရခဲ့သည်။ လုပ်ငန်းခွင်ဝင်ခဲ့တာ နှစ်နှစ်ကျော်ခန့် ကြာခဲ့ပြီဖြစ်ပြီး နှစ်နှစ်အတွင်းမှာ အလုပ်ပေါ်၌ အာရုံစူးစိုက် ကြိုးစားခဲ့မှုကြောင့် ခုချိန်မှာ ကုမ္ပဏီ၏ အရေးပါ အရာရောက်သော နေရာတစ်ခုမှာ ထည်ဝါဝင်ဆန့်နိုင်ခဲ့ပြီဖြစ်သည်။

ရာထူးကောင်းကောင်း၊ လစာကောင်းကောင်းဖြင့် လက်ရှိဘဝမှာ စားဝတ်နေရေးလည်း မပူပင်ရသော သူ့အတွက် အိမ်ထောင်ပြုမယ်ဆိုလည်း ပြုသင့်သည့် အသက်အရွယ်သို့ ရောက်





နေပြီ ဖြစ်လေရာ အစစအရာရာ အဘက်ဘက်က ပြည့်စုံသော သွန်းသည် သူ့ဘဝရဲ့ လက်တွဲဖော်တစ်ယောက်အဖြစ်ပါ ရည်မှန်းထားခဲ့ပြီးသား ဖြစ်သည်။ နောက်ထပ် တစ်နှစ်လောက် နေရင်တော့ သွန်းကို လက်ထပ်ခွင့်တောင်းတော့မည်ဟု သူ စဉ်းစားထားပါသည်။

အတွေးနှင့်အတူ ဓာတ်လှေကားခလုတ်ကိုနှိပ်ကာ ဓာတ်လှေကားစောင့်ရင်းမှ သူက သွန်းထံ ဖုန်းခေါ်လိုက်သည်။ သဘောကောင်းသော ဖုန်းလိုင်းက ချက်ချင်းပဲ ဝင်သွားပါသည်။

"သွန်း ... ကိုယ် ရုံးဆင်းလာပြီနော်၊ ကန်ပေါင်ကို သွားတော့မယ်"

"အိုကေ ... သွန်းလည်း ခဏနေ ထွက်တော့မယ်လေ။ ကားကို ဂရုစိုက်မောင်းနော် ခေါင်"

"အင်းပါ ... သွန်းလည်း ဂရုစိုက်။ အိုကေ ... ခဏနေ တွေ့မယ်နော်"

သူက ဖုန်းပိတ်လိုက်စဉ်မှာပဲ lift တံခါးက ပွင့်သွားသည်။ သူသည် lift ထဲသို့ဝင်၍ G ခလုတ်ကိုနှိပ်ကာ အောက်သို့ဆင်းလာခဲ့သည်။ လမ်းမှာတွေ့သော လုပ်ဖော်ကိုင်ဖက်တချို့ကို ပြုံးပြနှုတ်ဆက်ပြီးနောက် ကားပါကင်ရှိ သူ့ကားကိုထုတ်ကာ အင်းလျားကန်ပေါင်ဘက်သို့ မောင်းလာခဲ့သည်။ သွန်းက တိုးမိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာနေတာမို့ မြို့ထဲကလာသော သူ့ထက်စာလျှင် ကန်ပေါင်သို့ စောရောက်မှာဖြစ်သည်။ သူကတော့ ရုံးဆင်းချိန် လမ်းမှာကားတွေပိတ်ချိန်မို့ နည်းနည်းတော့ ကြာသွားကာ သွန်းထက်နောက်ကျပြီးမှ ရောက်ဖြစ်သည်။

သွန်းသည် အကြော်ဆိုင်သို့ သွားမထိုင်သေးဘဲ သူ့ကို ကားတံခါးကိုမှီကာ ရပ်စောင့်နေသည်။

သူ လှမ်းလာတာကိုမြင်လျှင် မှီရပ်နေရာမှ တည့်တည့်ရပ်ကာ လက်တစ်ချက် လှမ်းပြသည်။ သွန်းသည် ဖက်ဖူးစိမ်းရောင် ဝတ်စုံလေးကို လင်းချင်းတောက်ပစွာ ဝတ်စားဆင်ယင်ထားကာ ပိုးစိမ်းမင်းသမီးလေးလို ဝံ့ကြွားလှပနေသည်။ ဆံပင်ပျော့ပျော့ရှည်ရှည်လေးတွေက လေတိုက်တိုင်းဝေ့ကာ ပုံပြင်ထဲက နတ်သမီးလေးလိုပဲ ဖြစ်ပါသည်။ သူက သွန်းရဲ့အနားသို့ ရောက်ရောက်ချင်းပဲ ...

"ကိုယ့်ရဲ့သွန်းက အရမ်းကို လှနေပါလား"

သွန်းက သူ့အပြောကို ကြည်နူးစွာပြုံးရင်း သူ့လက်မောင်းကို ဖမ်းချိတ်သည်။

"သင့်ခ်ယူ ... ချီးကျူးတဲ့အတွက် ခေါင်ကို အကြော်ဝယ်ကျွေးမယ်"

"ဟား ... အဟား ဟား"





သူက သွန်းရဲ့အပြောကို ဘာမှမဟုတ်ဘဲ လွတ်လပ်ပေါ့ပါးစွာ ရယ်မောရင်းမှ နှစ်ဦးသားဟာ အကြော်ဆိုင်ရှိရာဘက်သို့ အတူတူ လျှောက်လာကြသည်။ ပြီးတော့ ကန်ရေပြင်နဲ့မျက်နှာချင်းဆိုင်ရှိသော ခုံတစ်ခုံမှာ ဝင်ထိုင်မိကြသည်။ မြို့ထဲက လာခဲ့ရတာဖြစ်၍ အေးမြသောကန်ရေပြင်ကျယ်နှင့် ဖြည်းညင်းစွာ တိုက်ခတ်သော လေညင်းတို့သည် သူ့ရဲ့စိတ်တို့ကို ချက်ချင်းပင် လန်းဆန်းသွားစေသည်။ အေးနားမှာလည်း သပ်ရပ်ရှင်းသန့်စွာ လှပနေသော သွန်းရှိနေ၍ သူ့ရဲ့ညနေခင်းလေးသည် ရွှေအိုရောင် လွှမ်းခြုံထားသော ညနေခင်းလေး ဖြစ်လို့သွားလေသည်။

"ဘယ်လိုလဲ ခေါင်။ ဒီနေ့ တစ်နေ့တာ အဆင်ပြေခဲ့ရဲ့လား"

ဒါက သူနဲ့တွေ့လေတိုင်း သွန်း အမြဲမေးတတ်သော မေးခွန်းဖြစ်သည်။ စားပွဲပေါ်မှာ လက်ထောက်၍ သူ့ကို ပြုံးပြုံးကလေး ငေးကြည့်နေသော သွန်းကို သူက ကြင်နာစွာ ပြုံးကြည့်ရင်းမှ ...

"သွန်းကို သတိရတဲ့စိတ်ကလွဲရင် ကျန်တာအားလုံး အဆင်ပြေပါတယ်"

သွန်းက သူ့ကို ပိုပြီဟုသော သဘောမျိုးဖြင့် မျက်စောင်းနနလေး အသာထိုးသည်။ သို့သော် နှုတ်ခမ်းများကတော့ ကျေနပ်စိတ်ဖြင့် ပြုံးနေတယ်ဆိုတာ သူ သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... သတိရတဲ့စိတ်ကတော့ အဆင်မပြေဘူး၊ မကောင်းဘူးလို့ ပြောလိုက်တာပေါ့"

"အဲလို မဟုတ်ပါဘူးကွာ။ ဘာဖြစ်လို့ အဲဒီလို ထင်ရတာလဲ"

"ဟင် ... ခေါင်ပဲ ခုနက ပြောတယ်လေ။ သတိရတဲ့စိတ်ကလွဲရင် အားလုံး အဆင်ပြေတယ်ဆို။ ဒါဆို သတိရတဲ့စိတ်က အဆင်မပြေတာပေါ့၊ အဲဒီလိုလား"

"ဟား ဟား ... သွန်းကကွာ။ စကားကို အကျအနကောက်တဲ့ နေရာမှာတော့ နှစ်ယောက်မရှိဘူး။ သွန်းကို သတိရနေတာပဲလေ၊ ဘာကို မကျေမနပ် ဖြစ်နေတာလဲ ...

သတိရတဲ့အတွက် လွမ်းသွားတယ်။ လွမ်းတဲ့အတွက် အလုပ်လုပ်တဲ့နေရာမှာ တစ်ချက် တစ်ချက် နေးသွားတာပေါ့။ အဲဒါကို ပြောတာ"

"ဟွန်း"

သွန်းက ဟွန်းခနဲဆိုကာ ရောက်လာသော အကြော် ပန်းကန်ထဲမှ ဘူးသီးကြော်တစ်ချောင်းကို ကောက်ယူကာ အချဉ် ရည်နှင့် တို့ပြီးနောက် ပါးစပ်ထဲသို့ ပစ်သွင်းလိုက်သည်။ သူက အဲဒီပုံစံကို ကြည့်ပြီးနောက် ဟက်ခနဲ တစ်ချက်ရယ်ကာ ...





"ကိုယ့်ကိုသာ မေးနေတယ်။ သွန်းကရော ကိုယ့်ကိုသတိရတဲ့အတွက် အဆင်ပြေလို့လား"

"အင်း ... မပြေတပြေပေါ့"

"တွေ့လား ... သူတောင် မပြေဘဲနဲ့"

သူက ပြန်ပြောလိုက်လျှင် သွန်းက ဟက်ခနဲ တစ်ချက်ရယ်ကာ ပခုံးတွန့်ပြသည်။ သူတို့နှစ်ယောက် တွေ့လိုက်လျှင် တစ်ယောက်နဲ့တစ်ယောက် အဲဒီလို နောက်နေကြတာက များပါသည်။ သူကလည်း တစ်ပတ်မှာ ငါးရက်တိတိ ရုံးတက်ရကာ၊ အလုပ်ရှုပ်သော သူတစ်ယောက်မို့ သွန်းနဲ့တွေ့ချိန်ဟာ ဒီလိုခဏတဖြုတ် ကာလလေးများသာရသည်။ တစ်ခါတစ်ရံမှာ နိုင်ငံခြားခရီးစဉ်တွေ ထွက်ရတာမျိုးလည်း ရှိသောကြောင့် သူ့အသက်အရွယ်ထက်စာလျှင် အလုပ်ရှုပ်သောသူဟုပြော၍ရသည်။ ဒါကြောင့် သွန်းနဲ့ အေးအေးဆေးဆေး တွေ့ချိန်သည် စနေ တနင်္ဂနွေရက်များမှာသာ ရလေသည်။ ဒါပေမဲ့လည်း အလုပ်ရှုပ်လွန်းသော ကုမ္ပဏီကြောင့် တစ်ခါတလေ စနေနေ့တောင် over time ဆင်းရတာမျိုးတွေလည်း ရှိတတ်သည်။

အဲဒီအခါမျိုးတွေင် Stress တွေပိကာ တနင်္ဂနွေမှာ ဘယ်သူနဲ့မှ တွေ့လိုစိတ်မရှိတော့။ အိမ်မှာသာ ပြည့်ပြည့်ဝဝအနား



www.burmeseclassic.com

www.burmeseclassic.com



ယူပြီး အိပ်လိုလေရာ သွန်းကလည်း သူ့ကို စာနာနားလည်ပေး ရှာပါသည်။ ညနေဘက်လောက်သာ သွန်းကို ခဏတဖြုတ်အချိန် ပေးပြီး Dinner အတူတူ စားဖြစ်တာကလွဲလို့ သွန်းနဲ့သူ့ဟာ သိပ်ကြီးတွဲသွားတွဲလာတာမျိုး မရှိတော့ပါ။ ငယ်ငယ်တုန်းက သမီးရည်းစား အတွဲတွေလို အတူသွား အတူစာ ဟိုဟိုဒီဒီလည် ပတ်၊ ညဉ့်နက်သန်းခေါင် ဖုန်းပြော စသဖြင့် အချိန်တော်တော် များများ ပေးရသော အလုပ်တွေကို မလုပ်ဖြစ်ကြတော့။ ချစ်တဲ့ စိတ်ကို မျက်ဝန်းတွေ၊ သတိရခိုက် အလစ်မှာ ဆက်ရတဲ့ သုံး လေးမိနစ်စာ ဖုန်းအတိုလေးတွေ၊ Message လေးတွေ စသဖြင့် အဲဒါတွေနဲ့သာ ဖော်ကျူးပြရတော့သည်။

"ဒါနဲ့ ခေါင် ဒီတစ်ပတ် weekend မှာ over time ရှိ လား"

"မပြောတတ်သေးဘူး။ MD က သိတဲ့အတိုင်းပဲ ကပ်ပြီးမှ ခေါ်ရင်လည်း ခေါ်တာ။ လောလောဆယ်တော့ မရှိပါဘူး ဘာအရေးဆိုမလို့လဲ ... ပြော"

"အင်း ... သွန်း ရုပ်ရှင်ကြည့်ချင်တယ်။ သမ္မတမှာ တင် ထားတဲ့ ဟာသကားက အရမ်းရယ်ရတယ် ပြောတယ် သူငယ်ချင်းတွေတောင် အားလုံးကြည့်ပြီးကြပြီ ...





သွန်းကိုခေါ်တာ သွန်းက လိုက်မသွားဘူးလေ။ ခေါင်နဲ့ပဲ ကြည့်ချင်လို့။ ခေါင်လည်း တစ်ခါတလေ Relax လေး ဘာလေး ဖြစ်အောင်လို့ပေါ့ ...

ဘယ်လိုလဲဟင်"

"အင်း ... သွန်း ကြည့်ချင်ရင် ကြည့်လေ။ ကိုယ် အားရင် တော့ ကြည့်မယ်၊ ဆတ်တခေး မအားလည်း ဆန်းဒေး ကြည့်ကြတာပေါ့ ...

ဘာလဲ ... အိမ်မှာကြည့်ရတာ မဝတာနဲ့ ရုံအထိ သွားကြည့်ဦးမယ်ပေါ့"

သူက သွန်းအကြောင်း သိစွာ ဆိုလိုက်လျှင် သွန်း က အသာရယ်မောချနေသည်။ သူ့ရဲ့သွန်းသည် ရုပ်ရှင် ဗီဒီယို၊ ဇာတ်လမ်းတွဲစီးရီးစ်များ စတာတွေကို အင်မတန် ဝါသနာပါသော သူ ဖြစ်သည်။ ဒီဇိုင်နာအလုပ်ကို ဝါသနာပါ၍ ဒီဇိုင်နာသင်တန်း တက်နေသည် ဆိုသော်လည်း တစ်နေ့ တစ်နေ့ သီချင်းနားထောင်၊ TV ကြည့်၊ ဒီဇိုင်းပညာကိုလေ့လာ စတာတွေနဲ့ပဲ အချိန်ကုန်နေ တာဖြစ်သည်။

"အံမယ် ... သွန်း ကြည့်ချင်တာက ကြည့်လို့ရပါတယ်။ သွန်းက ခေါင့်အတွက်ပါ ပြောတာပါ။ လူဆိုတာ တစ်ခုခု ကို Relax လုပ်ဖို့တော့ လိုတယ် ခေါင်ရဲ့။ ခေါင့်အလုပ် မှာလည်း Stress တွေ ရှိတဲ့ဟာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေလည်း ခရီးလေး ဘာလေးထွက်၊ စိတ်ကို နားနားနေနေ ထားသင့်တယ်။ ခရီးအမြဲမထွက် နိုင်ရင်လည်း အားကစားတစ်ခုခု လုပ်တာမျိုးပေါ့”

“ဟုတ်ပါ့။ သူကတော့ အားကစားတွေ တအားလိုက်စား ရှာတယ်”

သူက ငေါ့ပြောလိုက်လျှင် သွန်းက ဟက်ဟက်ပက် ပက် ရယ်သည်။

“သွန်းက ဘာ Stress မှာမှ မရှိဘဲနဲ့ ခေါင်ရဲ့။ သွန်းမှာ Stress ဝင်ဖို့ ဝေလာဝေး Stress ဆိုတာ ဘာမှန်း ညာ မှန်းတောင် သိတာ မဟုတ်ဘူး ...

သူများတွေ ပြောပြောနေလွန်းလို့သာ ကြားဖူးနား ရှိနေတာ။ သွန်းမှာဖြင့် ကိုယ့်ဟာကိုယ် ပျော်ဖို့အချိန်တော မလောက်လို့”

“သွန်း တစ်ခါမှ စိတ်မညစ်ဖူးဘူးလား”

“အင်း ... အနည်းအကျဉ်းပေါ့။ ဒါပေမဲ့ မှတ်မှတ်သားသာ ထုတ်ပြစရာကို မရှိတာတော့ အမှန်ပဲ”

“ဒါဖြင့် တကယ်စိတ်ညစ်တယ်ဆိုတဲ့ အရသာကို တစ် မှ မခံစားဖူးဘူးပေါ့၊ အဲလိုလား”

“အင်းပေါ့ ... ခေါင်ကရော စိတ်တွေ အရမ်းညစ်ခဲ့ဖူး အချိန် ရှိခဲ့ဖူးလို့လား”





စိတ်တွေ အရမ်းညစ်ခဲ့ဖူးတာတော့ မဟုတ်ဘူး။ အသည်းတွေ အရမ်းကွဲခဲ့ဖူးတာဟူသော အဖြေကိုတော့ သူ မဖြေ ဖြစ်ခဲ့တော့ပါ။

ဘယ်မိန်းကလေးမဆို ကိုယ့်ချစ်သူ ယောကျ်ား လေးတစ်ယောက်က တစ်စုံတစ်ယောက်ကို အသည်းနင့်စွာ ချစ်ခဲ့ ၍ အသည်းကွဲခဲ့ရသည်ဟူသော အဖြစ်မျိုးကို ဘယ်သူမှ ထပ်ခါ တလဲလဲတော့ ကြားချင်မည် မဟုတ်ပါ။ ၁

“ရှိခဲ့ဖူးပါတယ်။ ဒါပေမဲ့ ခုချိန်မှာတော့ အေးဆေးပေါ့၊ ဒါပေမဲ့ စိတ်ညစ်တယ် ဆိုတာထက် အရွယ်ရောက်လာ ပြီး လုပ်ငန်းခွင်မှာ ကြုံရတဲ့ Stress (စိတ်ဖိစီးမှုဒဏ်)က ပိုဆိုးမယ် ထင်တယ် ...

စိတ်ညစ်တယ် ဆိုတာက တစ်ခုခုနဲ့ အစားထိုး ဖြေဖျောက်လို့ရတယ်။ ပျောက်ချင် ပျောက်သွားနိုင်တယ်။ Stress ကတော့ ကြာတတ်တယ်”

“သြော် ... ခေါင်ကလည်း၊ Stress ဆိုတာကလည်း အလုပ်နဲ့ပတ်သက်ပြီး ဖြစ်တာများတာပဲလေ။ အလုပ်ကြောင့် ပဲ Stress ရှိတာပဲ။ အလုပ်မရှိ အကိုင်မရှိ သမားတွေ Stress မဖြစ်ဘူး၊ ဟဲ ဟဲ ... ဥပမာ သွန်းပေါ့”

“အလုပ်မရှိလို့ Stress မရှိပေမယ့် အချစ်ရှိရင်တော့ စိတ် ညစ်စရာ ရှိရမယ် မဟုတ်လား။ စိတ်ညစ်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှန်းမသိတဲ့ ဒီကောင်မလေးကို စိတ်ညစ်စရာလေး ဘာလေး နည်းနည်းပါးပါး ပေးမှနဲ့တူတယ်”

“အောင်မာ ... ခေါင်နော်။ သွန်းကို စိတ်ညစ်အောင်လုပ်မယ်ပေါ့လေ”

“လုပ်မယ်လို့ မပြောပါဘူး။ ပေးမယ်လို့ပဲ ပြောတာပါ”

“ကြည့် ... သိပ်ယုတ်မာတာပဲ”

“ဟား ... စွပ်စွဲတာကြီးကလည်းကွာ။ ဟုတ်တယ်လေ သွန်းဘဝက မနာလိုချင်စရာကောင်းအောင် ငြိမ်းချမ်းနေတာကိုး”

“ဟီ ... ဒါကတော့ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲ၊ မနာလိုမရှိနဲ့ မောင်လေး”

“အေးပါ မရှိပါဘူး။ ကဲ ... အကြော်တွေပဲ နင်းကန်စားမနေနဲ့ အမိလေး၊ ဒါတွေက ကျန်းမာရေးအတွက် မသင့်တော်ဘူးတဲ့နော်”

“ကျန်းမာရေးနဲ့ သင့်တော်တာ ဘာရှိလဲ။ လက်ဖက်တွေကလည်း တားမြစ်ထားတဲ့ တံဆိပ်တွေ အများကြီး။ အကင်တွေကလည်း ဆိုးဆေးပါတာပဲတဲ့ ...

စိတ်ညစ်ပါဘိတော့။ ဘာမှ ကောင်းတာ မရှိပါလား”





“ကောင်းတာ ရှိပါတယ်”

“ဘာလဲ”

“ကိုယ့်အချစ်လေ။ မယ်လမင်းဓာတ်မပါ၊ ဆိုးဆေးမပါ၊ ပြည့်ဝဆီတွေ မပါတဲ့ အာဟာရပြည့် သက်သတ်လွတ် ကိုယ့်အချစ်ပေါ့ ...

ကဲ ... လာ။ အဲဒီအချစ်နဲ့အတူ မယ်လမင်းဓာတ်မပါတဲ့ လေညင်းလေးတွေကို ရှူရှိုက်ပြီး ကန်ပေါင်မှာ လမ်းလျှောက်ကြစို့”

သူက လက်ကမ်းပေးလိုက်လျှင် သွန်းက ပြုံးပြုံးလေးပဲ သူ့လက်ကို ပြန်ကမ်းပေးလာသည်။ အဲဒီနောက်မှာတော့ သူတို့နှစ်ယောက်ဟာ သာယာလှသည့် အင်းလျားကန်ပေါင်ပေါ်တွင် အညောင်းပြေ အညာပြေ လမ်းလျှောက်ကြသည်။ သွန်းက သူ့လက်မောင်းကို မှီတွဲခိုကာ စကားတွေ တီတီတာတာလျှောက်ပြောရင်း ဆည်းဆာချိန်ကို အတူတကွ ခံစားဖြစ်ကြသည်။ ဒီညနေခင်းလေးသည် သူ့အတွက်တော့ တကယ့်ကိုပဲ Relax ဖြစ်ဖွယ်ရာ ညနေခင်းလေးပဲ ဖြစ်တော့သည်။

ဒီလိုအချိန်မျိုးမှာတော့ သူဟာ ကျူးကို မေ့လျော့နေခဲ့ပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



## ၇

သွန်းသည် ဖုန်းမြည်သံ ထွက်ပေါ်လာသော တယ်လီဖုန်းကို တစ်ချက်ငုံ့လို့ကြည့်မိလျှင် Display ပေါ်၌ နံပါတ်မပေါ်ပါ။ ဒါမျိုးဖုန်းတွေက oversea call ဖြစ်တတ်သဖြင့် ကိုကို့ဆီကဟု ထင်ရသည်။ ထင်သည့်အတိုင်းပဲ ဖုန်းဖွင့်နားထောင်လိုက်လျှင် ကိုကိုပဲ ဖြစ်နေပါသည်။

"ဟိုင်း ... ညီမလေး"

"အင်း ... ကိုကို ပြော။ နေကောင်းလား"

"ကောင်းတယ်၊ ညီမလေးရော"

"ကောင်းပါတယ်၊ ကိုကိုက ဘယ်ရက်ပြန်လာမှာလဲ"

"အေးကွာ ... ဒီမှာ သင်တန်းတစ်ခု ထပ်ပေါ်လာတာနဲ့ တစ်လကျော်လောက် ထပ်ကြာဦးမှာ"





"ဟာင် ... အဲဒါဆို ညီမလေးမှာတဲ့ ပစ္စည်းတွေက ဝယ်ပြီးပြီဆို၊ Date အောက်ကုန်မှာပေါ့"

"မအောက်ပါဘူးကွာ။ ကိုကို လူကြုံနဲ့ ထည့်ပေးလိုက်ပြီ"

"ဟာင် ... ဟုတ်လား။ သိပ်ချစ်ဖို့ကောင်းတဲ့ ကိုကိုပါလား။ အဟဲ ... လူကြုံက ဘယ်မှာလဲ၊ ဘယ်ကိုသွားယူရမှာလဲ"

"အင်း ... ဘောက်ထော်က ခြံတစ်ခြံပေါ့။ အနီးယာလမ်း၊ အိမ်နံပါတ်(၁၆)တဲ့"

"ဘယ်သူနဲ့ ထည့်ပေးလိုက်တာလဲဟင် ကိုကို"

"ကိုကို့ ကောင်မလေးနဲ့ပေါ့"

"ဟယ် ... ဟုတ်တယ်။ တကယ်လား ... သူက ပြောတော့ ကိုကိုနဲ့ အတူတူပြန်လာမှာဆို"

"အင်း ... အစကတော့ အဲဒီလိုပဲ စီစဉ်ထားတာပဲလေ။ ကိုကိုက နှစ်လလောက် ထပ်နေရဦးမယ်ဆိုတော့ သူလည်း ဘယ်စောင့်နိုင်ပါတော့မလဲ ...

သူလည်း ကြားထဲမှာ တစ်ခေါက်လောက်ပဲပြန်ပြီး လုံးဝမှ မပြန်ဖြစ်[illegible]ဘာ၊ အဲဒါကြောင့် အရမ်းပြန်ချင်နေပြီတဲ့။ ကဲ ... အဲဒါဆိုလည်း သွားဆိုပြီး ...

ညီမလေးမှာတဲ့ ပစ္စည်းတွေ သူနဲ့ ထည့်ပေးလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အားတော့ အားနာစရာကြီး။ ဟိ ... တတ်နိုင်ဘူးလေ။ အဲ ... ကိုကို့ကောင်မလေးနာမည်က ဘယ်သူလဲဟင်"

"ကျူးလေ"

"သြော် ... ကျူးမှန်းတော့ သိတာပေါ့။ နာမည်အပြည့်အစုံကို မေးနေတာ"

"လှခေါင်ရင့်ကျူးတဲ့"

"လှခေါင်ရင့်ကျူး ! ... အားပါး နာမည်ကတော့ အမိုက်စားပဲ။ လူကရော လှသလားဟင်"

"ဒါတော့ တွေ့တော့ ကြည့်ပေါ့"

"ဟင်း ... ယောက်မလောင်းလေးကို သွားကြည့်ရဦးမှာပေါ့။ ဟုတ်ပြီ ဘယ်အချိန်လောက် သွားရမလဲဟင်"

"မနေ့က ထည့်ပေးတာဆိုတော့ ဒီနေ့တော့ သူလည်း အေးဆေးဖြစ်လောက်ပါပြီ၊ ဒီနေ့ သွားချင်လည်း သွားပေါ့။ ညီမလေး သဘောပဲ။ မသွားခင် ဖုန်းတော့တစ်ချက်ကြိုဆက်လိုက်။ သူ့ဖုန်းနံပါတ်က(xxx)တဲ့"

"အိုကေ ... ခဏနေ ညီမလေးလည်း အပြင်သွားစရာရှိတယ်။ အဲဒါ တစ်ခါတည်း ဝင်ယူသွားလိုက်ရုံပဲ။ သင့်ခ်ယူ ကိုကို"





"အိုကေ ... အဲဒါဆို နောက်မှ ပြန်ဆက်လိုက်မယ်။ ဖေဖေနဲ့ မေမေရော နေကောင်းတယ် မဟုတ်လား"

"ဟုတ် ... ကောင်းကြတယ် ကိုကို"

"အင်း ... အဲဒါဆို ဒါပဲနော်။ ဖုန်းချလိုက်တော့မယ်။ ဆီးယူ ညီမလေး"

ကိုကိုက ဖုန်းချသွားလျှင် သွန်းသည် ကိုကို ပြောခဲ့သော ဖုန်းနံပါတ်ကို မဆိုင်းမတွပင် နှိပ်လိုက်သည်။ ဘာတဲ့ လှခေါင်ရင့်ကျူး ဆိုပါတဲ့လား။ ကိုကို့ဆီက ကြားသိရသော သတင်းစကားအရ သူမလေးဟာ သွန်းနဲ့ ရွယ်တူပဲဖြစ်လျက် ဩဇီသို့ ရောက်နေခဲ့သည်မှာ ငါးနှစ်လောက်ရှိပြီဟု သိရသည်။ ကိုကိုနဲ့တော့ လွန်ခဲ့သည့် တစ်နှစ်လောက်ကမှ စတင်သိကျွမ်းကာ သိပ်မကြာသေးခင်ကမှလည်း ကိုကို့ကို အဖြေပေးထားခဲ့သူဟု ကြားထားရသည်။ သွန်းရဲ့ကိုကိုက ဩဇီမှာ ဘွဲ့လွန်သင်တန်းတစ်ခု သွားတက်နေတာဖြစ်ပြီး နှစ်,နှစ်အကြာမှာ အခု မြန်မာနိုင်ငံသို့ ပြန်လာတော့မှာဖြစ်သည်။

ကိုယ့်အတွေးနဲ့ကိုယ် မျောနေတုန်းမှာပဲ တစ်ဘက်သို့ ဖုန်းလိုင်းဝင်သွားပြီးနောက် ဖုန်းဖွင့်ထူးသံကို ကြားလိုက်ရသည်။

"ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်မှ အသံလေးသည် သာယာနာပျော်ဖွယ်ကောင်းသော ခပ်ချိုချို အသံလေးဖြစ်သည်။

"ဟုတ်ကဲ့ … မလှခေါင်ရင့်ကျူးနဲ့ ပြောချင်လို့ပါ"

"ပြောနေပါတယ်"

"သြော် … ဟုတ်။ သွန်းက ကိုမင်းချမ်းယုရဲ့ညီမပါ။ ကိုကိုက မလှခေါင်ရင့်ကျူးနဲ့ ပစ္စည်းလေးတွေ ထည့်ပေးလိုက်တယ်ဆိုလို့။ အဲဒါ ခဏနေလောက်ကျရင် ကျူးများ အိမ်မှာရှိနေလောက်လားလို့"

"အခု ကျူး အပြင်ရောက်နေတာ"

"ရှင် … သြော်။ ဟုတ် … အဲဒီတော့ ဘယ်လိုများ …"

"ဒါပေမဲ့ ကျူး ကားပေါ်မှာ သွန်းစမ်းယုရဲ့ ပါဆယ်လ်တွေ ပါတယ်။ အခုဝင်နေတဲ့ နေရာပြီးရင် သွန်းစမ်းယုရဲ့ အိမ်ကိုပဲ ဝင်ပေးမလို့"

"ဟယ် … အားနာစရာကြီး။ သွန်းက လာယူရမယ့်ဟာကို။ ဖုန်းဆက်လိုက်တာတော့ မဟုတ်ဘူး ကျူးရယ်"

"ရပါတယ်။ လမ်းလည်း ကြုံနေလို့ပါ။ အဲဒီတော့ သွန်း အိမ်ကပဲ စောင့်နေလိုက်ပေါ့နော်။ ကိစ္စရှိရင်လည်း သွားစရာရှိတာ သွားပါ …

ကျူး အိမ်သားတွေဆီမှာ အပ်ပေးခဲ့ပါမယ်"





"ဟုတ်ကဲ့ပါ … ကျေးဇူးပါပဲနော်"

"အိုကေ … နဲ့ဟားမိုင်း။ C U later "

သူမက ရှင်ရှင်လန်းလန်းပင် နှုတ်ဆက်ကာ ဖုန်းပိတ်သွားသည်။ သွန်းသည် ဖုန်းလေးကို တစ်စုံချက်မျှ စိုက်ကြည့်ရင်းမှ ပခုံးကို တစ်ချက်တွန့်ကာ နောက်ထပ်နံပါတ်တစ်ခုကို ခေါ်လိုက်သည်။ ခေါင်ခိုက်ထံကို ဖြစ်ပါသည်။ ဒီနေ့ တနင်္ဂနွေနေ့ ဖြစ်လေရာ သူနဲ့သွန်း သမ္မတရုံမှာ ရုပ်ရှင်သွားကြည့်ဖို့ချိန်းထားကြခြင်းဖြစ်သည်။ အချိန်အားဖြင့် တစ်နာရီလောက် လိုသေးပေမယ့် သွန်းက confirm လုပ်းလုပ်တာဖြစ်သည်။ တစ်ဘက်က ဖုန်းကိုဖွင့်ကာ သွန်းမှန်း အတပ်သိစွာဖြင့် …

"အင်း … သွန်း ပြော"

"ဘာလုပ်နေတာလဲ။ ထမင်းစားပြီးပြီလား"

"ခုပဲ ပြီးတာ။ စာဖတ်မလားလို့လေ၊ အချိန်က တစ်နာရီလောက် လိုသေးတယ် မဟုတ်လား။ ခဏနေ ထွက်လာခဲ့တော့မယ်လေ။ သွန်း မုန့်တစ်ခုခု စားချင်နေသေးလို့လား"

"ဟင့်အင်း … မစားချင်ပါဘူး။ အပြန်မှပဲ တစ်ခုခုဝင်စားမယ်။ သွန်း အခု ညှိသည်တစ်ယောက်ကိုလည်း စောင့်ရဦးမယ်။ ကိုကို ပစ္စည်းတွေ ထည့်ပေးလိုက်တဲ့ လူကြီးလေ …



www.burmeseclassic.com

www.burmeseclassic.com



ခေါင် သွန်းကို ဝင်ခေါ်မှာလား"

"အင်း ... ဝင်ခေါ်မယ်လေ။ သွန်းပဲ ကားနှစ်စီးကြီးမသွားချင်ဘူးဆို"

"ဟုတ်ပါတယ်။ အဲဒါဆို ဝင်ခေါ်လိုက်နော်။ ကဲ ... ဒါပဲနော်"

"အိုကေ ... ဘိုင့်ဘိုင်"

သူက ဖုန်းချသွားလျှင် သွန်းလည်းပဲ ချစ်သူနဲ့ အတူတူ သွားရမည်မို့ ရေမိုးချိုးကာ အလုပဆုံး ပြင်ဆင်ရသည်။ ပြင်ဆင်ပြီးခါနီး အချိန်မှာပဲ ဧည့်သည်ရောက်နေကြောင်း လာပြောသဖြင့် ဒါဟာ လှခေါင်ရင့်ကျူးပဲ ဆိုတာ အတပ်သိလိုက်သည်။ သွန်းသည် အိမ်ပေါ်ထပ်မှ ခပ်သွက်သွက်လေးပဲ ဆင်းလာကာ ဧည့်ခန်းထဲတွင် ထိုင်စောင့်နေဟန်တူသော မိန်းကလေးနှစ်ယောက်ထဲမှ ဘယ်သူက ကျူး ဆိုတာပါလိမ့်ဟု အကဲခတ်မိသည်။ သို့သော် တစ်ယောက်ကတော့ တော်တော့်ကို ထူးထူးခြားခြား လှပတာကို သတိပြုမိရလေသည်။ ဆဋ္ဌမအာရုံသည် ဒါဟာ လှခေါင်ကျူးရင့် ဆိုတာကို အတပ်သိနေသလိုပဲ ဖြစ်သည်။

သူမကလည်း ခေါင်းတစ်ချက် ဆတ်ပြကာ ...

"သွန်း ထင်တယ်။ တို့က ကျူးပါ"





"သြော် ... ဟုတ်။ လာပို့ပေးတာ အားနာလိုက်တာ။ ကိုကိုက ခုနကမှ ဖုန်းဆက်တာလေ။ အဲဒါ ကိုကိုနဲ့ဖုန်းပြောပြီးတာနဲ့ ကျူးဆီကို ဖုန်းခေါ်လိုက်တာ"

"ရတယ် ... ပြဿနာမရှိပါဘူး။ ကျူးလည်း အပြင်ထွက်နေတာနဲ့ကြုံလို့ ယူခဲ့တာပါ"

"ဟုတ် ... ဒါပေမဲ့ အားတော့ နာတာပေါ့နော်။ ဟိုကနေလည်း တကူးတက သယ်လာပေးရသေးတယ်၊ လာလည်း ပို့ရသေးတယ် ဆိုတော့လေ ...

ဟို ... တစ်ခုခု သုံးဆောင်ပါဦး။ အပူလား အအေးလားဟင်"

"အို ... နေပါစေ တော်ပါပြီ။ ကျူးတို့ သွားစရာလေးရှိသေးလို့ပါ"

"ဟယ် ... အဲလိုတော့ မလုပ်ပါနဲ့၊ တစ်ခုခုတော့ သောက်သွားပါ၊ ကော်ဖီလေးတော့ သောက်သွားပါနော်"

သွန်းရဲ့စကားကို သူမက အားနာသလိုဖြင့် ယောင်ယောင်လေးပြုံးကာ ခေါင်းညိတ်ပြသည်။ အနီးကပ်ကြည့်တော့မှပင် လှခေါင်ရင့်ကျူးဆိုသော မိန်းမသည် နာမည်နဲ့လိုက်အောင်ပင် အလှအပတို့မှာ တကယ့်ကို ခေါင်ရောက်နေသောသူဖြစ်သည်။ အသားအရေတို့မှာ နိုင်ငံခြားတိုင်းပြည်၌ အနေကြာလာသူပီပီ



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင်ပြေးကာ ဝတ်လွှာလေးလိုပင် နုဖတ်နေသည်ဟုထင်
သည်။ ကျောလယ်ခန့်ရှိသော ဆံနွယ်တွေမှာ ရွှေရောင်ခပ်လွှမ်းလွှမ်
ဆံကေသာများဖြစ်လျက် အလိပ်လိပ်အခွေခွေတို့ဖြင့် အင်မတ
လှပလွန်းသည်။ ကိုယ်လုံးကိုယ်ပေါက်က သွန်းတို့လို Sli
မဟုတ်ဘဲ ဖွံ့ဖွံ့ထွားထွားလေးဖြစ်သည်။

သမင်မျက်လုံးလို မျက်လုံးမျိုးဖြင့် ပြုံးလိုက်လျှ
နှုတ်ခမ်းထူထူအိအိလေးတွေက ပြည့်တင်းတင်းလေးဖြစ်ကာ စွဲမ
ဖို့ကောင်းသော ဒီကလေးမရဲ့ချစ်ခြင်းကိုရအောင် ကိုကို ဘယ်
များ ကြိုးပမ်းခဲ့ရတာပါလိမ့်။ ပညာအရည်အချင်းကလည်း ထ
မြွက်စွာဝော်သောသူဟု သိထားရသေးသည်။ သွန်းသည် သိပ်မရ
နီးသေးသဖြင့် နောက်မှပဲ မေးတော့မည်ဟု တေးထားလိုက်သည
ကော်ဖီနဲ့မုန့်များလာချလျှင် သွန်းက ...

"သုံးဆောင်ပါဦးနော်၊ ဒီက တစ်ယောက်လည်း သုံးဆော
ပါ"

သူမက ကော်ဖီခွက်တစ်ခွက်ကို ယူရင်းမှ သူငယ်ချ
ဖြစ်သူကို ကမ်းပေးသည်။

ပြီးတော့ ကိုယ်တိုင်လည်း ယူသောက်ပါသည
သွန်းသည် ယောက်မလောင်းကို ပြုံးကြည့်ကာ ...

"ကျူးက ဟိုကို ပြန်ထွက်ဦးမှာလားဟင်"





"ဟင့်အင်း ... ကျူး အပြီးပြန်လာတာပါ"

"ဪ ... ကောင်းတာပေါ့၊ တစ်ယောက်တည်းပဲ ပြန်လာ
ရတာပေါ့"

"ဟုတ်တယ်၊ အစကတော့ ကိုချမ်းက ကျူးနဲ့အတူတူပြန်
မှာလေ၊ ဒါပေမဲ့ သူက သင်တန်းတိုလေးတစ်ခုလောက်
တက်စရာရှိတာနဲ့ ...

ကျူးကလည်း ပြန်ရမယ်ဆိုရင် မနေချင်တော့ဘူး။
ဒါနဲ့ ကိုယ့်ဟာကိုယ်ပဲ ပြန်ချလာလိုက်တာ"

"ဟင်း ဟင်း ... ကောင်းတယ်။ ကျူးက သိပ်လှတာပဲနော်၊
ဒီလောက်လှမယ်လို့တောင် မထင်ဘူး"

"သင့်ခ်ယူပါ။ သွန်းလည်း ချစ်ဖို့ကောင်းပါတယ်"

"ဟုတ် ... ကော်ဖီသောက်ပါဦး"

သူမက အပြုံးတစ်ခုကို လက်ကျန်ကော်ဖီကို ဖြတ်
ကာ ထိုင်ရာမှ ထရပ်သည်။ သွန်းလည်းပဲ နှုတ်ဆက်ဖို့အတွက်
တော်တတ်ထရပ်ရသည်။ ကျူးဆိုသောမိန်းမချောသည် သွန်းရဲ့
လက်ကို ရင်းရင်းနှီးနှီး ဆွဲယူနှုတ်ဆက်ကာ ...

"အိုကေ ... တွေ့ရတာ ဝမ်းသာတယ် သွန်း၊ နောက်ထပ်
တွေ့ကြဦးမှာပါ၊ ခုတော့ သူငယ်ချင်းလည်း ပါလာလို့
ခွင့်ပြုပါဦးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... လာပို့ပေးတာ ကျေးဇူးပဲနော် ကျူး"

"အိုကေ ... ဒါဆို ခွင့်ပြုဦးနော်"

သူမက လှပစွာပြုံးပြပြီးနောက် ကားတံခါးကိုဖွင့်ကာ တက်သည်။ ကားမောင်းတာကတော့ သူမရဲ့သူငယ်ချင်းဖြစ်ပါသည်။ သူမတို့ကား သွန်းတို့ခြံထဲမှထွက်သွားပြီး သွန်းတောင် အိမ်ပေါ်ပြန်မတက်ရသေး။ ခေါင့်ရဲ့ကားက ခြံထဲသို့ ဝင်လာပြန်သည်။ သွန်းသည် ချစ်သူကို ပေါ်တီကိုအောက်မှာပဲ ပြုံးရွှင်စွာ ဆီးကြိုမိသည်။

ခေါင်က ကားကိုရပ်ကာ ကားပေါ်မှာ ပြုံးရွှင်စွာဆင်းလာသည်။ မီးခိုးရောင်နှင့် အဖြူရောင်ကန့်လန့်စင်း Nobody က လည်ပင်းဝိုက်တီရှပ်အကျပ်ကို ဂျင်း(န်)တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားကာ Police မျက်မှန်တပ်ထားသော ခေါင်သည် ရှိသော အသက်အရွယ်ထက်ကို နုပျိုစွာ စတိုင်လ်ကျသူဖြစ်သည်။

"ဟေး ... Are you ready"

ခေါင်က သွန်းကို မြူးကြွစွာ လှမ်းနှုတ်ဆက်သည်။ သွန်းက ခေါင့်ကို လက်ကမ်းပြီး လှမ်းကြိုကာ ခေါင့်လက်ကို ဆွဲလျက် အိမ်ထဲသို့ ခေါ်ဝင်လာခဲ့သည်။

ညှိခန်းထဲက စားပွဲပေါ်မှ ကျူးယူလာပေးခဲ့သော လက်ဆောင်ပစ္စည်းထုပ်တွေမှာ သိမ်းတောင်မသိမ်းရသေးပါ။ သွန်းက ခေါင့်ကို ဆိုဖာတစ်ခုတွင် ဝင်ထိုင်စေရင်း ...





"ခုနကလေးတင်ပဲ ဩဇာက လူကြုံလာသွားတာ ခေါင်ရဲ့။ ကိုကို ထည့်ပေးလိုက်တဲ့ပစ္စည်းတွေ လာပို့သွားတာ။ ခေါင်နဲ့ အဝင်အထွက်ပဲ ...

ကိုကိုကောင်မလေးလေ။ အရမ်းချောတာပဲသိလား"

"ဖြစ်နိုင်ပါ့မလား"

ခေါင်က ပြုံးစစနှင့်နောက်လျှင် သွန်းက နှုတ်ခမ်းလေးကော့အောင် ပြုံးမိသည်။ ခေါင်က တစ်ခါတစ်ခါကျ သိပ်ချစ်ဖို့ကောင်းသည်ဟု ထင်သည်။ သွန်းသည် ခေါင့်ကို သိပ်ချစ်ရပါသည်။ ခေါင်ကရော သွန်းချစ်သလောက်ချစ်ရဲ့လား မပြောတတ်ပါ။ သွန်းကြားဖူးသော အချစ်စကားတစ်ခွန်း ရှိသေးသည်။ အဲဒါဟာ ဟုတ်မဟုတ် နောက်တော့မှပဲ ခေါင့်ကို မေးကြည့်ရပါဦးမည်။

"ဖြစ်နိုင်တာပေါ့၊ သိပ်လှတာပဲ။ ကဲ ... ခေါင် ခဏလေးစောင့်နော်။ သွန်း အပေါ်မှာ အိတ်နဲ့ ဖုန်းသွားယူလိုက်ဦးမယ် ...

ဩော် ... တစ်ခုခု သောက်ဦးမလား"

"မသောက်တော့ဘူး၊ သွား ... သွား ရတယ်၊ သွန်း လုပ်စရာရှိတာ အေးဆေးလုပ်"

"ဘာမှ လုပ်စရာမရှိတော့ဘူး ပြီးပြီ။ ညှိသည်လာလို့ ခဏဆင်းလာတော့ ခဏပဲစောင့်။ ပြီးရင်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... အိုကေ"

ခေါင်က လက်ချောင်းလေးများကို လှုပ်ခတ်ပြကာ ပြုံးပြသည်။ သွန်းသည် ခေါင့်ကို ဧည့်ခန်းမှာ ခဏထားခဲ့ပြီးနောက် အပေါ်ထပ်သို့ လှစ်ခနဲ ပြေးတက်လာခဲ့သည်။ အားလုံးပြင်ဆင်ပြီး သားမို့ ရေမွှေးဆွတ်ရုံပဲကျန်ကာ အိတ်နဲ့ ဖုန်းကိုယူလျက် ပြန်ဆင်း လာခဲ့သည်။ ခေါင်က သွန်းဆင်းလာတာ မြင်တာနှင့် အဆင်သင့် ထရပ်ကာ ကားဆီသို့ နှစ်ဦးသား အတူတူလှမ်းလာကြသည်။ အဲဒီနောက် ရုပ်ရှင်ရုံသို့မောင်းလာရာ လမ်းတစ်လျှောက်တွင် သွန်းက သူ့ကို စကားပြောလာသည်။

"သွန်းကသာ ရုပ်ရှင်ကြည့်ချင်နေတာ၊ ခေါင်ကရော ကြည့် ချင်ရဲ့လားမသိ"

"ကြည့်ချင် .... ကြည့်ချင်"

"ဟင် ... ဘယ်လိုကြီးဖြေနေတာလဲ"

"ဟုတ်တယ်လေ၊ သွန်းမေးသလို ဖြေနေတာပဲ၊ ကြည့်ချင် ရဲ့လားမသိဆိုတော့ ကြည့်ချင်ပေါ့၊ အတိုကောက်ဖြေနေ တာ"

"ဟင်း ဟင်း ... အဲဒီခေါင်ကလေ"

"အဲဒီခေါင်က ဘာဖြစ်လဲ"

"သြော် ... သိပ်ချစ်ဖို့ ကောင်းတယ်လို့"





"ဟက် ... ဟုတ်လား။ ကိုယ်တော့ အဲဒီလို သိပ်မထင်မိပါ ဘူး"

"အင်း ... ခေါင့်ကို တစ်ခုမေးစရာရှိတယ်"

"မေး ... မေး"

အဲဒီအပြောလေးကို သွန်းက သဘောတကျနှင့် ဆက်ဟက်ပက်ပက် ရယ်မောမိသည်။ သွန်းက တစ်ခုခုပြောလိုက် လျှင် ပြောလိုက်သောစကားရဲ့အတိုင်း နှစ်ထပ်ဆင့်၍ ပြန်ပြော တတ်တာကို သွန်းသည် အလွန်သဘောကျတတ်လေသည်။ သူ က ကားမောင်းနေရာမှ သွန်းကို ရယ်ဟပဟဖြင့် လှည့်ကြည့်ကာ...

"ဟာ ... ဒီကောင်မလေး ဘာတွေ သဘောကျပြီး ရယ် နေတာလဲ"

သွန်းသည် သူ့ကို ကြည်နူးစွာဖြင့် ငေးကြည့်ကာ...

"ခေါင် ... သွန်းကို အရမ်းချစ်ရဲ့လားဟင်"

"ဟင် ... ဘာစိတ်ကူးပေါက်နေတာလဲ"

"ကျွတ် ... သွန်းမေးတာသာ ပြောစမ်းပါ"

"အင်း ... ချစ်တယ် ... ချစ်တယ်"

"ဟင်း ... ဖြေတာကြီးကကျွာ ပေါ့ပျက်လိုက်တာ"

"ဟာ ... နှစ်ခါတောင် ထပ်ပြောထားတာလေ၊ ဘာပေါ့ ပျက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် Logic သဘောတရားအရ No No နှစ်ခါဆိုရင် Yes။ Yes နှစ်ခါဆိုရင် No။ ချစ်တယ် ချစ်တယ် ဆိုတာ တစ်ဖက်က စိတ်ကျေနပ်အောင် ပြီးစလွယ်ဖြေပေးလိုက်တဲ့ သဘောပဲ"

"ဟား ... သွန်းတို့ကတော့ မသောက်ဘဲရစ်ပြီကွာ"

"ဟုတ်တယ် ဒီနေ့တော့ ရစ်ရလိမ့်မယ်"

"ဟာ ... အဟား ဟား ... ရစ် ... ရစ်"

ခေါင်ခိုက်က အထူးအဆန်းဖြစ်စွာနှင့် သွန်းပုံစံကို ရယ်မောနေမိလေသည်။ သွန်းသည် သူ့ကို တစ်ခါမှ စိတ်ဆိုး စိတ်ကောက်ခြင်း မရှိခဲ့ပါ။ ရစ်တာမျိုးလည်းမရှိ။ အမြဲတမ်း အေးအေးဆေးဆေးနှင့် နူးနူးညံ့ညံ့ပဲဖြစ်သည်။ ခုတော့ ဒီလိုကျစ်တိုက် အရစ်တက်ခြင်းဟာ သူ့ကို အထူးအဆန်း ဖြစ်စေလေသည်။

"ဘာ ... ရစ် ... ရစ်လဲ။ အဲဒီ ရစ် ရှစ် ဆိုတာလည်း မရစ်နဲ့လို့ပြောတာ မဟုတ်လား"

"ဟာ ... မဟုတ်ပါဘူး။ ကဲ ... ရစ်"

သွန်းက ခေါင်ခိုက်ကို မျက်စောင်းတစ်ချက်ကဲကြည့် ကာ ...

"တကယ်ပြောတာ တစ်ခါတလေကျရင် သွန်းရဲ့စိတ်ထဲမှာ လေ ခေါင်က သွန်းကို သိပ်မချစ်သလို ခံစားရတယ်"





"ဟင် ... စွပ်စွဲတာကြီးကလည်း"

"ဟုတ်တယ်။ သွန်း တကယ်ပြောနေတာ။ သွန်းစိတ်ထဲမှာ လေ ခေါင့်ကို အရမ်းချစ်နေလို့ပဲလားတော့ မပြောတတ်ဘူး။ ခေါင့်စိတ်ကို သိနေသလိုပဲ။ ခေါင်က သွန်းကို ချစ်တော့ ချစ်ပါတယ် ...

ဒါပေမဲ့ အရမ်းကြီး နှစ်နှစ်ကာကာ မချစ်သလိုပဲ"

သွန်းက အတည်အတံ့ ဟန်ပန်ဖြင့်ပြောနေလျှင် သူက တစ်ချက်တွေသွားသော မျက်နှာထားဖြင့် ...

"သွန်း တကယ်ပြောနေတာလား"

"နောက်နေတယ် ထင်နေတာလား"

"အင်း ... တမင်နောက်နေတာလားလို့။ ရော် ... ခက်တာ ပါပဲ ကလေးမရယ်။ ကိုယ်က ဘာတွေများလုပ်နေလို့လဲ သွန်းရဲ့။ သွန်းကို ဂရုမစိုက်လို့လား၊ ဒါမှမဟုတ် သွန်း ကွယ်ရာမှာ ဇာတ်လမ်းတွေ ထပ်ရှာနေလို့လား။ ဘာတွေဖြစ် နေလို့လဲ"

သူက အဲဒီလို လေးလေးနက်နက် ပြန်မေးတော့ လည်း သွန်းက သေချာပြန်မဖြေနိုင်ပါ။ ခေါင်ဟာ သွန်းအပေါ်မှာ ဂရုမစိုက်တာမျိုး၊ ကောင်မလေးတွေနဲ့ ရှုပ်တာမျိုး စသဖြင့် သွန်း စိတ်ဆင်းရဲရမည့်အလုပ်မျိုး ဘာတစ်ခုမှ မလုပ်ခဲ့။ သွန်း အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း တတ်နိုင်သလောက် အချိန်ပေးကာ ဂရုတစိုက်နှင့် ကြင်ကြင်နာနာ ဆက်ဆံရှာပါသည်။

သို့သော် တစ်ခါတစ်ခါကျတော့ သွန်းသည် ကိုယ့်ကိုယ်ကိုယ်တောင် နားမလည်။ သူဟာ သွန်းအပေါ်၌ ရှုးရှုးမှုးမှုးကြီး သိပ်မချစ်ဟု ထင်မိသည်။ ရှင် ဘာဖြစ်လို့ ကျွန်မကို ရှုးရှုးမှုးမှုးကြီး မချစ်တာလဲဟု မေးရမှာလည်း ခက်တော့ခက်သားပဲ။ သွန်းသည် စိတ်ညစ်ညူးသောပုံစံဖြင့် ခေါင့်ကို တစ်ချက်လှည့်ကြည့်မိကာ ...

"အဲလိုတော့ မရှာဘူးပေါ့။ ဒါပေမဲ့ သွန်းစိတ်ထဲမှာ ခံစားရတာကို ပြောပြတာ။ ခေါင့်ကို စွပ်စွဲနေတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ သွန်းမှာ အဲဒီဖီလင် ရှိတယ်ကွာ၊ သွန်းကို နားလည်ပေးတာ မပေးတာတော့ ခေါင့်အလုပ်ပဲ"

အဲဒီအချိန်မှာ ကားက မီးပွိုင့်မိသွားလျှင် သူက ကားကိုရပ်ထားကာ သွန်းဘက်သို့ စာနာသောမျက်ဝန်းများဖြင့် လှည့်ကြည့်လာသည်။ သွန်းကို အပြစ်တင်သော မျက်လုံးမျိုး မဟုတ်ဘဲ နားလည်စာနာပေးတော့လည်း သူဟာ သွန်းအပေါ်မှာ ခွင့်လွှတ်နားလည်သွားပဲဟူသော အတွေးဖြင့် ကျေနပ်သွားသည်။

သူက သွန်းရဲ့လက်ဖျားလေးများကို အသာအယာ ဖျစ်ညှစ်ကာ ...



"ကိုယ် သွန်းကို နားလည်ပါတယ်။ ဒါဟာ ကိုယ့်ကို သိပ်ချစ်တဲ့စိတ်ကြောင့် ဖြစ်ရတယ်ဆိုတာလည်း သိတယ်။ ဒီလိုပဲ ဖြစ်တတ်ပါတယ် သွန်း ...

တစ်ခုရှိတာက ကိုယ်တို့အသက်အရွယ်က ဆယ်ကျော်သက်လေးတွေ မဟုတ်တော့ဘူးလေ။ အဲ ... အရမ်းချစ်ပြမယ် ဆိုရင်လည်း ရတော့ရတဲ့ အခြေအနေပေါ့။ ဒါပေမဲ့ကွာ ကိုယ်က လုပ်ငန်းခွင်ထဲ ရောက်သွားပြီဆိုတော့ သွန်းထက်စာရင် Matureဖြစ်သွားတာပေါ့။ သွန်းကတော့ နဂိုတည်းကလည်း အစစအရာရာ ပြည့်စုံတယ်။ အိမ်မှာလည်း အငယ်ဆုံးသမီးဆိုတော့ ကလေးဆန်ချင်တာပေါ့ကွာ ...

အဲဒါတွေကြောင့်ပါ သွန်းရဲ့။ နှစ်ယောက်စလုံး မှန်ပါတယ်။ ဘယ်သူမှ မမှားဘူး ကျေနပ်ပြီလား"

သွန်းသည် သဘောကောင်းလွန်းသော ချစ်သူကို မြင်ဖူးသောသူလို ငေးကြည့်နေမိသည်။ အဲဒီလို ငေးကြည့်ရင်းမှ ရုတ်တရက် တစ်စုံတစ်ရာကို ဖျတ်ခနဲ သတိရသွားမိသည်။

"ခေါင် ... ခေါင့်ကိုလေ ခေါင့်ရဲ့အရင်ရည်းစားကရော သိပ်ချစ်သလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ပြုံးနေသော ခေါင်သည် အဲဒီမေးခွန်းကြောင့် နှုတ်ခမ်းမှအပြုံးတို့ ရုတ်တရက်လျော့ရဲသွားသည်ဟုထင်သည်။ သို့သော် ခဏလေးပဲဖြစ်ပါသည်။ သူက မျက်နှာကို ချက်ချင်းရှုံ့မဲ့ပစ်ကာ ...

"မသိတော့ဘူးလေကွာ။ ကြာပဲကြာလှပြီဥစ္စာ"

"ဟင် ... မဖြစ်နိုင်ပါဘူး၊ ကြာတာက ကြာတာပဲဥစ္စာ။ အဲဒီတုန်းက သူက ခေါင့်ကို ဘယ်လောက်ချစ်လဲ။ ဘယ်လောက်ဂရုစိုက်ခဲ့လဲဆိုတာတော့ တွေးကြည့်တာနဲ့ သိပါတယ် ...

ပြောပါ ခေါင်ရဲ့"

အဲဒီအချိန်မှာပဲ ကားက မီးစိမ်းသွားပြီမို့ သူက မောင်းထွက်သည်။ သွန်းရဲ့နှုတ်က "ခေါင်"ဟု ခပ်ဆောင့်ဆောင့် တစ်ခွန်း ထွက်သွားလျှင် သူက ...

"သွန်းကလည်းကွာ ဒီနေ့ကျမှ ဘာစိတ်ကူးပေါက်နေတာလဲ။ အဲဒါတွေ ကိုယ့်ခေါင်းထဲမှာ မေ့ထားတာကြာပါပြီ ...

ဘာလဲ သွန်း စိတ်ထဲမှာ ကိုယ်က သူ့လောက် သွန်းကို မချစ်ဘူးလို့ ထင်နေလို့လား"

အဲဒီလောက် ဖြောင့်ကျသော မေးခွန်းကိုကျတော့လည်း သွန်း မဖြေနိုင်ချေ။ သွန်းရဲ့အဖြေခက်နေသောပုံစံကို ကြည့်ကာ သူက တစ်ချက်ပြုံးသည်။ ပြီးတော့ သွန်းရဲ့ခေါင်းလေးကို အသာအယာပုတ်ကာ ...





"ဒါတွေက ပြီးခဲ့ပါပြီ သွန်း။ အတိတ်ဆိုတာ အတိတ်မှာပဲ ကျန်ခဲ့တာပါ။ သူလည်း ခုလောက်ဆို အိမ်ထောင်တောင်ကျနေရောပေါ့ ...

ပြီးတော့ သွန်း တစ်ခုသိထားဖို့က သူက ကိုယ့်ကို အရမ်းစိတ်နာသွားတာကွ၊ ဘယ်လိုမှ ခွင့်မလွှတ်နိုင်အောင် စိတ်နာသွားတာ။ မုန်းသွားတာ ...

ဒါကြောင့် သူ ဘယ်လောက်ပဲ ချစ်ခဲ့ ချစ်ခဲ့ အဲဒီအချစ်ဟာ အမုန်းကို ပြောင်းသွားခဲ့တဲ့အတွက် ဘာမှအရာမထင်ဘူး ...

အဲဒီတော့ အဲဒီအရာတွေကို သွန်းရဲ့ခေါင်းထဲက ထုတ်လိုက်တော့။ ဟုတ်ပြီလား ... အိုကေ"

သူက အပြုံးတစ်ချက်နဲ့ မေးဆတ်ပြီး မေးလျှင် သွန်းသည် ဘာမှ ဆက်မပြောနိုင်အောင်ဘဲ ဖြစ်သွားသည်။ ကားကလည်း ရုပ်ရှင်ရုံနားရောက်နေပြီမို့ လူစည်ကားနေသော နေရာဖြစ်သည့်အတွက် သူက ပါကင်ရှာနေတာနဲ့ အလုပ်ရှုပ်သွားသည်။ ရုပ်ရှင်ရုံထဲ ရောက်တော့လည်း အထဲမှာစားဖို့ မုန့်ဝယ်တာနဲ့ ရေသန့်ဘူးဝယ်တာနဲ့ အလုပ်ရှုပ်သွားကာ ဘာစကားမှ ဆက်မပြောဖြစ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ရုံကလည်း စပြတည်းက ရယ်ရသည်ဖြစ်လေရာ သွန်းသည် သူ့ ဘေးမှာ ရှိနေတယ် ဆိုတာတောင် တစ်ချက်တစ်ချက် မေ့လျော့သွားသည်။ သူကတော့ သွန်းတစ်ယောက် ဟက်ဟက်ပက်ပက် ရယ်မောလေတိုင်း သဘောကျစွာဖြင့် သွန်းရဲ့ ဦးခေါင်းကို အုပ်မိုးလှုပ်ယမ်းခဲ့သည်။ ဘာပဲဖြစ်ဖြစ် အဲဒီနေ့က ရုပ်ရှင်ကအပြန် ကော်ဖီဆိုင်လေးမှာလည်း ထိုင်ဖြစ်လျက် နှစ်ဦးသား ကြည်နူးစရာစကားလေးတွေ ခြွေဖြစ်ခဲ့လေရာ ... သွန်းအတွက်တော့ အမှတ်တရနေ့လေးတစ်နေ့ပဲ ဖြစ်တော့သည်။

ခေါင့်ကိုလည်း အရင်ကထက် ပိုချစ်လာသည်ဟု ခံစားမိရပါသည်။

✧❤✧





ကျူးသည် မှန်ထဲမှာပေါ်နေသော ကိုယ့်အရိပ်ကိုယ်ကြည့်ကာ ဒီလောက်ဆို မဆိုးပါဘူးဟု ကိုယ့်ကိုယ်ကိုယ် တွက်ဆမိသည်။ ဒီနေ့ဟာ ကျူးတစ်ယောက် ပထမဆုံး ရုံးစတက်ရမည့် နေ့ဖြစ်သည်။ ဟိုမှာ ကျောင်းပြီးသွားတော့ အတွေ့အကြုံရအောင် အလုပ်ဝင်လုပ်ခဲ့သော ကျူးသည် ကြိုးစားအားထုတ်မှုကြောင့် လုပ်ငန်းခွင်မှာလည်း မျက်နှာပန်းလှခဲ့သည်။ ဟိုမှာ တစ်သက်လုံးနေဖို့ မရည်ရွယ်ခဲ့သော ကျူးမှာ မြန်မာပြည်ပြန်တော့မယ်ဆိုတော့လည်း ကျူးအတွက် မြန်မာပြည်က ကုမ္ပဏီခွဲမှာ ရာထူးတစ်ခုက လစ်လပ်စွာ ကြိုဆိုနေသည်။ ကျူးသည် လမကုန်ခင် ဆယ်ရက်လောက်အလိုက ပြန်ရောက်လာသည်ဖြစ်လေရာ ဆယ်ရက်လောက်တော့ အေးဆေးနားနေလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေတို့နဲ့အတူ ချောင်းသာသို့ သုံးရက်လောက်သွားကာ အနားယူအပန်းဖြေလိုက်သေးသည်။ ဒီနေ့တော့ တစ်ရက်နေ့မို့ ကျူး ရုံးစတက်ရတော့မည်ဖြစ်သည်။ ကျူးသည် ကျောလယ်ခန့်ရှိ လှပစွာ ကောက်ခွေလိပ်ထားသော ဆံနွယ်များကို တစ်ဝက်ယူစည်းလိုက်တော့ နည်းနည်းတည်ငြိမ်သွားသည်ဟု ထင်ရသည်။ အဝတ်အစားကတော့ အနက်ရောင်လည်ထောင်အပိတ်ဘလောက်စ် အကျပ်တစ်ထည်ကို ကြက်သွေးရင့်ရင့် ပိုးစကဒ်အတိုဖြင့် စမတ်ကျကျ ဝတ်ဆင်ထားလိုက်သည်။ ပြန်လည်ခေတ်စားလာသော လေဒီရှူးအနက်ရောင်ကို စီးပြီးသောအခါ ကျူးသည် ရုံးသွားတက်ဖို့ အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

ကော်ဖီစားပွဲဝိုင်းမှာ မေမေက ကျူးကို ခြေဆုံးခေါင်းဆုံး ပြုံးကြည့်လျက် ...

"မေ့သမီးက လှလာလိုက်တာမှ အရမ်းပဲ။ တကယ့်ကို မိန်းမကြီးတစ်ယောက်လိုကိုဖြစ်လို့"

"မေကလည်း မိန်းမကြီးလို့တော့ မသုံးနှုန်းစမ်းပါနဲ့။ သမီးအသက် နှစ်ဆယ့်ငါးဆိုတာ ငယ်ငယ်လေးရှိသေးတာပါနော်"

"အေးလေ ... ဒါပေမဲ့ မေမေ့မျက်လုံးထဲမှာတော့ ကျူးဟာ ဒီက စထွက်သွားတဲ့ ဆယ့်ရှစ် ဆယ့်ကိုးအရွယ် ချွတ်မလေးပုံစံမှ မဟုတ်တော့တာ ...





အဲဒီတုန်းကတော့ လေဆိပ်မှာ မျက်ရည်လေး စမ်းတမ်း စမ်းတမ်းနဲ့ အားငယ်နေတဲ့ မျက်လုံးဝိုင်းတွေနဲ့၊ တစ်ခုခုကို ခံစားနာကျင်နေတဲ့ မျက်လုံးတွေနဲ့ တကယ့်ကို ကြောက်ရွံ့ ကြောက်ရွံ့ပုံစံလေး။ Self confidence လည်း မရှိဘူး ...

တကယ့်ကို ကျောင်းသူမလေးတစ်ယောက်အတိုင်းပဲ။ ခုများတော့ ကျူးက ဖျက်ပြီးပြန်လုပ်လိုက်တဲ့ အရုပ်လေးအတိုင်းပဲ။ ပုံစံကိုက အရမ်းစမတ်ဖြစ်ပြီး မျက်လုံးတွေက ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုအပြည့်နဲ့ အရမ်းရဲရင့်နေတယ်။ မေမေက သမီးကို အဲဒီလိုမျိုးပုံစံပဲ ဖြစ်စေချင်ခဲ့တာ ...

ခုတော့ မေမေ ဖြစ်စေချင်တဲ့ပုံစံနဲ့ တစ်ထပ်တည်းပဲလေ"

ကျူးသည် ကော်ဖီကို တစ်ငုံ,ငုံရင်းမှ မေမေ ပြောခဲ့သော ကျူးရဲ့အရင်ပုံစံကို မျက်လုံးထဲမှာ ဖျတ်ခနဲ မြင်ယောင်မိသည်။ ဟုတ်တယ် ... အရင်က ကျူးရဲ့ပုံစံဟာ အချစ်ကို ကြွယ်ယုံစားခဲ့သော ခပ်ပျော့ပျော့ မိန်းကလေးတစ်ယောက်ရဲ့ အချစ်အတွက် ရူးမိုက်ခဲ့သော၊ အချစ်အတွက် အရာအားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



စွန့်လွှတ်ဖို့ ကြိုးစားခဲ့သော၊ ဘာမှ မသိနားမလည်သည့် မိန်းက
လေးတစ်ယောက်ဖြစ်ခဲ့သည်။ ခုတော့ လက်ရှိ ကျူးဟာ အရင်က
ကျူးနဲ့ ဘာမှမဆိုင်တော့။ ကျူးသည် နှလုံးသားနဲ့ အလုပ်မလုပ်
ခဲ့တာကြာခဲ့ပြီ။ ဦးနှောက်နဲ့ပဲ အလုပ်လုပ်ခဲ့တာပဲဖြစ်ပါသည်။

ကျူးရဲ့လက်ရှိချစ်သူ မင်းချမ်းယုကိုလည်း ဦးနှောက်
နဲ့ပဲ ရွေးချယ်စဉ်းစားခဲ့တာဖြစ်သည်။ ကိုယ့်အပေါ်မှာ နားလည်
နိုင်ဆုံးသူ၊ အင်မတန် ချစ်မြတ်နိုးကာ တန်ဖိုးထားလွန်းသော
သူ၊ ပြီးတော့ ရုပ်ရည်၊ အသက်အရွယ်၊ ပညာအရည်အချင်း
အသိုင်းအဝိုင်းအနေအထား စသဖြင့် ဘာမှ ပြောစရာမရှိသော
လူတစ်ယောက်မို့ အကောင်းဆုံးဟု ယူဆကာ လက်ခံဖြစ်ခဲ့သည်
မှာ သိပ်တောင်မကြာသေး။ ကျူးအတွက်တော့ အချစ်ဆိုတာ
သေဆုံးခဲ့ပြီဟု ထင်သည်။ အချစ်ကို ဘယ်တော့မှ အယုံအကြည်
ရှိတော့မည် မဟုတ်ပါ။

"သမီးဘာသာ ကားမောင်းသွားလို့ အဆင်ပြေပါ့မလား
မပြေရင်လည်း သမီးအဖေ ဒရိုင်ဘာကို ခေါ်ရင်ခေါ်သွား
လေ"

"ပြေပါတယ် မေမေ၊ ကျူး သဒ္ဒါနဲ့ တွဲမောင်းနေတာ
ဆယ်ရက်လောက် ရှိပြီဆိုတော့ အကျင့်ပြန်ဖြစ်သွားပါပြီ





"အေး အေး … ဂရုတော့စိုက် သမီးရေ။ ဒီမှာက ဟိုမှာ
လိုတော့မဟုတ်ဘူး။ အရမ်းရှုပ်တယ်။ ဖြည်းဖြည်းနဲ့ အေး
အေးဆေးဆေးပဲ မောင်းသွား"

"ဟုတ်ကဲ့ မေ၊ ဒါဆို ကျူး သွားတော့မယ်။ ဒီနေ့ ရုံး
စတက်မှာဆိုတော့ နည်းနည်းလောက် စောရောက်နေမှ
ကောင်းမှာ …

ပြီးတော့ ကျူးနဲ့ ဝန်ထမ်းတွေကို မိတ်ဆက်ပေးမယ့်
အစီအစဉ်လည်း ရှိသေးတယ်"

"အေး အေး … အဲဒါဆိုလည်း သွားတော့။ ဂရုစိုက် သမီး
လေး"

မေမေက ကျူးကို ကားတံခါးနားအထိ လိုက်ပို့
သည်။ ကျူးသည် မေမေ့ကို လက်ပြနှုတ်ဆက်ပြီးနောက် ကား
ကို အသာမောင်းထွက်လာခဲ့သည်။ ရန်ကုန်မြို့ကြီးသည် လွန်ခဲ့
သော ခြောက်နှစ်ထက်ကစာလျှင် လူဦးရေတွေ ပိုထူထပ်လာကာ
ပိုပူလာသည်ဟုလည်း ခံစားရပါသည်။ ကားတွေကလည်းများ၊
လူတွေကလည်းများ စသဖြင့် မျက်လုံးထဲတွင် နောက်နေသည်။
အဲဒီအချိန်မှာပဲ ကျူးရဲ့ကားက ပွိုင့်မိသွားကာ ကျူးက ဘရိတ်ကို
အသာမေ့းထားလိုက်သည်။ ကျူးသည် ဟိုမှာဒီမှာ ထောင်ထားသော
ကြော်ငြာဘုတ်ကြီးများကို ငေးရင်းမှ စီးရီးစ်ရွေဘုတ်ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကိုမြင်လျှင် တစ်စုံတစ်ယောက်ကို ဖျတ်ခနဲ သတိရသွားသည်။

ထူးဆန်းတိုက်ဆိုင်စွာပင် City FMမှ လာနေသော သီချင်းတစ်ပုဒ်ကလည်း ကျူးကို တည့်တည့်ဆိုထားသည့်အတိုင်းပဲ ဖြစ်သည်။

"ကြာပြီဆိုတော့ မေ့လောက်ပါပြီ ... စိတ်မှာယုံခဲ့တယ် ... အချစ်ဦးမို့ ယနေ့ထက်ထိတိုင် ကိုယ်မမေ့နိုင်သေးတယ် ... နေ့ခါများ ပြန်တွေ့ကြရင် အရင်တုန်းကလိုပဲ ... ရင်ခုန်ဦးမလား ... အမြဲလိုမဟုတ်ပေမယ့်လည်း ... သူနဲ့ဆုံတွေ့တဲ့မြေ ... ပတ်သက်နေတဲ့အကြောင်းတွေ ... ရောက်ပြန်လေတိုင်း ပြန်ပြောတိုင်းမှာ ပြန်သတိရလာဆဲ ... လွမ်းနေဆဲပါ"

ကျူးသည် အဲဒီသီချင်းကို တစ်ပိုဒ်ကုန်အောင် ကြောင်ပြီး နားထောင်ပြီးသောအခါမှ ရင်ထဲ၌ ဆစ်ခနဲဖြစ်လာကာ ခလုတ်ကို ဖျတ်ခနဲ လှမ်းပိတ်လိုက်သည်။ ဒီလို တိုက်ဆိုင်သော သီချင်းတွေကို ကျူး တကယ်ပဲ နားမထောင်လိုလှပါ။ အတိတ်က ခံစားချက်တွေသည် အဲဒီအခါမျိုးတွင် အသစ်ပြန်ဖြစ်လာလေ့ရှိသည်။ ရင်ထဲမှာ အရင်ကလောက်ကြီး မခံစားရတော့ဘူးဆိုသော်ငြားလည်း ဆစ်ခနဲဖြစ်သွားသည်အထိတော့ အောင့်မျက်သွားရစမြဲဖြစ်သည်။





အင်း ... ခုချိန်မှာ သူ့ အိမ်ထောင်တွေ ဘာတွေတောင် ကျနေရောပေါ့။

သဒ္ဒါကတော့ လွန်ခဲ့သည့် ခြောက်လလောက်က သူ့ကို ကောင်မလေးတစ်ယောက်နှင့်တွဲပြီး တစ်ခါတွေ့လိုက်မူးသည်ဟု ပြန်လည်ပြောပြခဲ့သည်။ ကျူးတောင် ချစ်သူတစ်ဦး ထပ်ရနေပြီဖြစ်လေရာ ယောက်ျားလေးဖြစ်သည့်သူကတော့ အများကြီးထားဖြစ်လိမ့်မည်ဟုထင်သည်။ အင်း ... မေ့လောက်ပြီပေါ့ ခေါင်းခိုက်ရယ်။

ကျူးက ပွိုင့်လွတ်သွားပြီမို့ ကားကို ဝေါခနဲမောင်းထွက်လိုက်သည်။ အဲဒီနောက် ကားမောင်းတဲ့အထဲမှာပဲ အာရုံစိုက်လိုက်တာမို့ အတိတ်ကို ဖျတ်ခနဲ မေ့သွားသည်။ အဲဒီလိုပါပဲ တိုက်ဆိုင်မှု တစ်ခုခုကြုံလာတိုင်းမှာ အတိတ်ကို သတိရသွားမိလျက် ရင်ထဲမှာ ဆစ်ခနဲဖြစ်သွားတာကလွဲလို့ ကျူးလည်းပဲ အချိန်ရဲ့ ကုစားမှုအောက်မှာ သက်သာသွားပြီဟု ထင်ရတာပဲ ဖြစ်သည်။ ကျူးသည် ကားကို အေးဆေးသက်သာစွာ မောင်းလာရင်းမှ ကုမ္ပဏီရှိရာ ခြံဝင်းကျယ်ကြီး ရှိရာသို့ရောက်လျှင် ခြံဝင်းထဲသို့ ချိုးကွေ့ဝင်လိုက်သည်။

အဲဒီနောက် ကုမ္ပဏီယာဉ်ကားများ ရပ်ရမည့်နေရာအထိ မောင်းထွက်လာကာ ပါကင်တစ်နေရာယူလျက် ကားကို



www.burmeseclassic.com

www.burmeseclassic.com



ထိုးရပ်လိုက်သည်။ အရင်တစ်ရက်က ရုံးကို တစ်ခေါက်ရောက်ပြီးသားမို့ ကျူးဟာ ရုံးနဲ့ အစိမ်းသက်သက်ကြီးတော့ ဖြစ်မနေပါ။ ကျူးတို့ရုံးခန်းက ကိုးလွှာမှာမို့ ကျူးသည် ဓာတ်လှေကားကို ဖွင့်ကာ အပေါ်ထပ်သို့ တက်လာခဲ့သည်။ ကိုးလွှာရောက်၍ ရီဆပ်ရှင်မှာ မေးမြန်းစုံစမ်းလိုက်လျှင် ကျူးကို တာဝန်ခံမန်နေဂျာထံ ခေါ်ဆောင်သွားသည်။ မန်နေဂျာက ပြုံးပြုံးရွှင်ရွှင်ဖြင့်နှုတ်ဆက်ကာ ...

"ဟုတ်ကဲ့ မလှခေါင်ရင့်ကျူးအတွက် အခန်းကိုတောင် ပြင်ဆင်ပြီးပါပြီ။ ဒီဘက်မှာပါ ခင်ဗျာ၊ စိတ်တိုင်းကျလား ဆိုတာ ဝင်ကြည့်ပါဦး"

ကျူးက အခန်းကို တစ်ချက်ဝင်ကြည့်ပြီးနောက် ကျေးဇူးတင်ကြောင်းပြောဆိုလိုက်သည်။ တာဝန်ခံက အပြုံးတစ်ချက်နှင့် ဦးညွှတ်ကာ ...

"ခဏလောက်စောင့်ပါဦးနော်။ MDတော့ မရောက်သေးဘူး။ ဒီနေ့ တခြားဝန်ထမ်းတွေနဲ့လည်း မလှခေါင်ရင့်ကျူးကို မိတ်ဆက်ပေးမယ်ထင်တယ်"

"ဟုတ်ကဲ့ ပြောထားပါတယ်။ ဒါနဲ့လေ ... ကျွန်မကို နာမည်အပြည့်အစုံကြီး ခေါ်နေရတာ ပင်ပန်းပါတယ်။ ကျူးလို့ခေါ်လည်း ရပါတယ် ...





အဆင်ပြေသလိုပဲ ရင်းရင်းနှီးနှီးခေါ်ပါ"

"အော် ... ဟုတ်ကဲ့ မကျူး ... ဟုတ်"

ကျူးက အေးဆေးနူးညံ့သော အပြုံးတစ်ခုဖြင့် လက်နှစ်ဖက်ကို အသာပိုက်ကာ မှန်ချပ်များမှတစ်ဆင့် လှမ်းမြင်နေရသော ရန်ကုန်မြစ်ပြင်ရှုခင်းကို အသာငေးမောနေမိသည်။ ကျူးအတွက် စီစဉ်ပေးထားသော ရုံးခန်းလေးမှာ ကျယ်ကျယ်ဝန်းဝန်းနဲ့ သပ်ရပ်သားနားပါသည်။ ကိုးထပ်မှာမို့ အဝေးမှာ လှမ်းမြင်နေရသော တိုက်တာအဆောက်အအုံတွေ၊ ရန်ကုန်မြင်ပြင်ရှုခင်းတွေသည် ကျူးအတွက်တော့ သက်ဝင်ပန်းချီကားတစ်ချပ်ပဲ ဖြစ်နေတော့သည်။ ကျူး ဟာ သက်ဝင်ပန်းချီကားပေါ်မှာ ဘယ်လောက်တောင်များ နစ်မျောနေသလဲတော့ မသိ။

တံခါးခေါက်သံကြားတော့မှပင် ဆတ်ခနဲ နိုးမိတော့သည်။ ကျူးက ဝင်ခဲ့ဖို့ အသံပေးလိုက်လျှင် မန်နေဂျာက တွန်းဖွင့်ဝင်လာကာ ...

"MDရောက်နေပါပြီ။ မကျူးနဲ့ ဝန်ထမ်းတွေကို မိတ်ဆက်ပေးမယ်တဲ့"

"အော် ... ဟုတ်ကဲ့ ခုပဲ လာပါပြီ"

ကျူးက Meetingလုပ်ရာ အခန်းထဲသို့ လိုက်ပါလာလျှင် ကျူးကိုစောင့်နေသော အထက်ပိုင်းရှိ ဝန်ထမ်းအနည်းငယ်

www.burmeseclassic.com



ကို တွေ့လိုက်ရသည်။ ဒီလူတွေကတော့ ကျူးနဲ့ အများဆုံးဆက်ဆံရမည့်လူတွေမို့ ရွေးချယ်ခေါ်ထားဟန်တူသည်။ MDက အားလုံးနဲ့ တစ်ယောက်ချင်းစီ မိတ်ဆက်ပေးပြီးလျှင် ...

"ကဲ ... အားလုံး ဒါကတော့ ဒီရုံးရဲ့တာဝန်ခံဝန်ထမ်းအသစ် ဒေါ်လှခေါင်ရင့်ကျူးပါ။ ဟိုမှာလည်း တာဝန်ထမ်းဆောင်ခဲ့ပြီးသားမို့ ခင်ဗျားတို့ကိုလည်း ကောင်းကောင်းကူညီနိုင်လိမ့်မယ်လို့ထင်ပါတယ်။ လိုအပ်တဲ့အကူအညီရှိရင်လည်း ပေးလိုက်ပါ ...

ဒီရုံးက နိုင်ငံခြားသားပိုင် ကုမ္ပဏီဆိုပေမယ့် မြန်မာဝန်ထမ်းတွေများတာမို့ Family type ပုံစံနဲ့ပဲသွားတာပါ။ မိသားစုစိတ်ဓာတ်ထားပြီး စိတ်ရှည်သည်းခံကူညီပါ"

MD ရဲ့အပြောကို အားလုံးက အပြုံးကိုယ်စီဖြင့် လိုက်လျှောစွာ ခေါင်းညိတ်ပြကြသည်။ ကျူးကလည်း အားလုံးကို အပြုံးတစ်ခုဖြင့် ဝေ့ဝဲကြည့်ကာ ...

"ဟုတ်ကဲ့ ... လှခေါင်ရင့်ကျူးပါ။ အားလုံးနဲ့တွေ့ဆုံရတာဝမ်းသာပါတယ်"

"ကဲ ... ဟုတ်ပြီ။ အားလုံးပဲ ကိုယ့်အလုပ်ကိုယ်လုပ်လို့ရပြီ။ တာဝန်ခံကတော့ အန်ကယ်နဲ့ ခဏလိုက်ခဲ့ပေါ့။ အလုပ်ကိစ္စ စကားနည်းနည်း ပြောစရာရှိတယ်"





"ဟုတ်ကဲ့ပါ အန်ကယ်လ်"

ကျူးက MDကို ခေါင်းညွှတ် အရိုအသေပေးရင်းမှ နောက်ပါးမှလိုက်လာခဲ့သည်။ MDရဲ့ရုံးခန်းထဲတွင် အလုပ်ကိစ္စတွေကို တိုင်ပင်ညှိနှိုင်းနေတုန်းမှာပင် MDရဲ့စက္ကရီတေရီက အနားသို့ရောက်လာကာ ခပ်တိုးတိုး ကပ်ပြောသည်။

"MD ကိုခေါင်နိုက် ရောက်နေတယ်။ ဝင်ခိုင်းလိုက်ရမလားဟင်"

"ဪ ... အေး၊ ဝင်ခိုင်းလိုက်လေ။ ဒီမှာ လှခေါင်ရင့်ကျူးနဲ့လည်း၊ တစ်ခါတည်း မိတ်ဆက်ပေးရအောင်လို့"

"ဟုတ်ကဲ့"

စက္ကရီတေရီက အသာထွက်သွားပြီးလျှင် အခန်းထဲသို့ လူတစ်ယောက်ဝင်လာသောခံစားမှုမျိုး အာရုံရလိုက်သော်လည်း ကျူးသည် သူ့ကို ချက်ချင်းမော့မကြည့်မိပါ။ ကြည့်စရာလည်း မလိုဘူးဟု ထင်၍ရသည်။ MDပြသော Lap topထဲက စာရင်းတွေကိုသာ အာရုံစိုက်နေတုန်းမှာပဲ MD၏ အောင်မြင်ခန့်ညားသော အသံဝါကြီးက ဟိန်းထွက်လာသည်။

"ဘယ်လိုလဲ မောင်ခေါင်နိုက်၊ ခရီးသွားခဲ့ရတာ အဆင်ပြေရဲ့လား။ Reportတင်ထားတာကတော့ e.mailထဲကမြင်ပြီးပါပြီ ...



www.burmeseclassic.com

www.burmeseclassic.com

အိုကေတယ် မဟုတ်လား"

ကျူးသည် အန်ကယ့်ပါးစပ်က မောင်ခေါင်ခိုက်ဟူသော အသံကိုကြားလျှင် Lap top ကိုကြည့်နေရာမှ ဆတ်ခနဲဖြစ်သွားသည်။ ဘုရား ... ဘုရား ... ဒီနာမည်ဟာ ...။ ကျူးတစ်ယောက် ထိတ်လန့်တုန်လှုပ်သွားတုန်းမှာပဲ ပို၍ တိကျသွားစေရန်အတွက် နိုင်မာသော အသံတစ်ခုက ထပ်၍ ထွက်လာသည်။

"ဟုတ်ကဲ့ အားလုံး အဆင်ပြေပါတယ် အန်ကယ်လ်"

ကျူးသည် ဒီအသံကိုကြားလျှင် မော့မကြည့်ပါဘူးဟု ဆုံးဖြတ်ထားသည့်ကြားမှ ဆတ်ခနဲ မော့ကြည့်ဖြစ်သွားသည်။ အဲဒီလိုပဲ တစ်ဖက်လူကလည်း ဘယ်သူပါလိမ့်ဟူသော စူးစမ်းရိပ်ဖြင့် ငှဲ့အကြည့်။ အဲဒီတစ်ခဏ ... အဲဒီတစ်ခဏသည် လင်းချင်းနေသော ကမ္ဘာကြီးတစ်ခုလုံး အမှောင်ကျသွားကာ သူ့တစ်မျက်နှာစာလေးပဲ ကွက်လင်းလျက် အဲဒီတစ်မျက်နှာသည်လည်း ကျူးရဲ့ မျက်လုံးရှေ့တွင် တဖြည်းဖြည်း ဝါးသွားသည်ဟု ထင်ရသည်။ ကျူးက ဆတ်ခနဲပဲ မျက်နှာကို လွှဲလိုက်သော်လည်း လက်ဖျားတွေက ချက်ချင်းပဲ ထုံကျင်အေးစက်လာတာကို ကိုယ့်ဟာကိုယ် ခံစားမိပါသည်။

ကျူးရဲ့ ဒူးတွေမှာ ရုတ်တရက် ညွတ်ခွေသွားမလားတောင်ထင်မိသည်။ စားပွဲခုံကို လက်ဖဝါးဖြင့် ဖိထားသော်လည်း





အခြေမခိုင်နိုင်တာ ကိုယ့်ဟာကိုယ်ပဲသိလေသည်။ ဒီလောက်ထိဖြစ်စရာလား။ သူ့ကို ပြန်တွေ့ရတာ ဒီလောက်ထိ ဖြစ်စရာလား။ သို့သော် ဒါက တကယ့်ကို ရုတ်တရက်ကြီးဖြစ်သည်။ သူ ဒီရုံးမှာဆိုတာကိုလည်း ကျူး မသိရပါ။ နည်းနည်းလေးမှ ကြိုမသိရဘဲ အလစ်မှာ ကံကြမ္မာက တူတူရေဝါး လုပ်ပ ◌်က်သော အဖြစ်အပျက်သည် ကျူးကို တကယ်ပဲ ရှော့ခ်ဖြစ်စေပါသည်။ သူရော ... သူလည်းပဲ ကျူးနဲ့ ထပ်တူနေမှာပါပဲ။ ကျူးကို မြင်တွေ့လိုက်ရသော သူ့မျက်ဝန်းများ၌လည်း အံ့ဩမှုက အထင်းသားဖြစ်သည်။

"ခေါင်ခိုက်ရေ ... ဒါ မစွစ်ဒေါနယ်လ်နေရာကို အစားဝင်လာတဲ့သူပေါ့။ ဟိုကရုံးမှာလည်း တာဝန်ထမ်းဆောင်ခဲ့ပြီးသားဆိုတော့ ကိုယ့်မြန်မာလူမျိုးလည်းဖြစ်ပြန်ဆိုတော့ တော်တော်အားကိုးရမှာပဲ ...

ဟိုတစ်နေ့က Report လာတင်သေးတယ်လေ။ ခေါင်ခိုက် ခရီးသွားနေတာနဲ့ မဆုံးဖြစ်တာ။ လှခေါင်ရင့်ကျူးတဲ့။ သမီးရေ... ဒါကတော့ အန်ကယ်တို့ရုံးရဲ့ဗိသုကာပညာရှင်ပေါ့ ခေါင်ခိုက်တဲ့။ သူလည်း ကုမ္ပဏီအတွက် အားကိုးရတဲ့ လူတစ်ယောက်ပေါ့"

အကြီးအကဲ ကိုယ်တိုင်က မိတ်ဆက်ပေးနေချိန်မှာ ခေါင်းငုံ့ မျက်နှာလွှဲနေခြင်းဟာ အင်မတန်ရိုင်းသော အပြုအမူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိထားသဖြင့် မျက်နှာမော့နေရသော ကျူးသည် သူ့မျက်နှာကိုကြည့်ပြီး ပြုံးပြဖို့ဆိုတာ အင်မတန်ခဲယဉ်းသည့်အလုပ်ပဲဖြစ်သည်။ နွေနေပူ သဲကန္တာရထဲမှာ အစာငတ်ရေငတ်ခံပြီး ပစ်ထားခြင်းခံရသူလို ချက်ချင်းပဲ အားတွေကုန်ကာ မောဟိုက်သွားသည်။ သို့သော် ကျူးက ချက်ချင်းပဲ အခြေအနေကို တည်ငြိမ်အောင် စွမ်းဆောင်လိုက်ကာ သူ့ကို ခပ်ရဲရဲပဲ မော့ကြည့်ပစ်လိုက်သည်။ သေချာတာတော့ ကျူး နှုတ်ခမ်းမှာ အပြုံးပါသွားမှာ မဟုတ်ပါ။

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ် ... ဝမ်းသာပါတယ် ကျူး"

ကျူးတဲ့။ အဲဒီအခေါ်အဝေါ်သည် ကျူးရဲ့နှလုံးသွေးတွေကို ချက်ချင်း အေးခဲသွားစေသည်။ သူ ဘယ်လိုသဘောနဲ့ခေါ်တာလဲ။ ကျူးသည် စိတ်တွေတင်းကျပ်လွန်းအားကြီးသောကြောင့် ခေါင်းတွေတောင် ချက်ချင်းကိုက်လာသလို ထင်ရလေသည်။

ကျူး ဟိုကို ရောက်သွားပြီးကတည်းက ဘယ်လိုဝေဒနာများ စွဲကပ်သွားသလဲတော့မသိ။ စိတ်တင်းကျပ်မှု၊ စိတ်ဖိစီးမှုတွေ တအားများလာလျှင် ခေါင်းတွေ တဆစ်ဆစ် ထိုးကိုက်လာလေ့ရှိသည်။ ခုလည်း ကျူး သိလိုက်ပြီ။ ခေါင်းတွေ သေလုအောင် ထိုးကိုက်တော့မည်။





"အန်ကယ် ဒါဆိုရင် ကျွန်မ ဒီဖိုင်ကို အရင်ကြည့်လိုက်ပါဦးမယ်။ ခွင့်ပြုပေးပါဦး"

"သြော် ... ဟုတ်ပြီ ... ဟုတ်ပြီ။ အိုကေ ... ခေါင်းနိုက်နေခဲ့ဦးဟော့။ အန်ကယ် မင်းနဲ့ စကားနည်းနည်းပြောစရာရှိတယ်"

"ဟုတ်ကဲ့ပါ"

သူ့အသံသည် ကျူးရဲ့နောက်ဘက်တွင် လွင့်ပျံ့၍ကျန်ခဲ့သည်။ ကျူးသည် ကိုယ့်အခန်းထဲသို့ ကိုယ်ပြန်ရောက်မှပင် ငရဲက လွတ်မြောက်လာသူလို ဆုံလည်ခုံမှာ အရုပ်ကြိုးပြတ် ဝင်ထိုင်မိသည်။ လက်ဝါးနှစ်ဖက် ခွဲသို့ မျက်နှာကို အပ်ထည့်ရင်း ထူးဆန်းစွာ ရက်စက်တိုက်ဆိုင်သော ကံကြမ္မာကို နာကျင်စွာ အံ့သြမိလေသည်။ သူဟာ အရင်အတိုင်းပဲ ဘာမှ မပြောင်းလဲသေးပါ။ အရင်ကထက်တောင် ကြည့်ကောင်း ချောမောနေသေးသည်။ အရင်ကမှ ချာတိတ်အရွယ် ကောင်လေးတစ်ယောက်။ ခုတော့ ငါးနှစ်ကျော် ခြောက်နှစ်နီးပါးကာလသည် သူ့ကို ရင့်ကျက်တည်ငြိမ်သော ယောကျ်ားတစ်ယောက်အသွင်သို့ ပုံစံပြောင်းပေးလိုက်ပြီဖြစ်သည်။

ကမ္ဘာကြီးဟာ ဒီလောက်ပဲကျဉ်းသလား။ ကျူးနဲ့သူဟာ အပြင်မှာ ပြန်တွေ့တာမျိုးတောင် မဟုတ်။ တစ်ရုံးတည်းမှာတဲ့။ ကျူး ခေါင်းတွေ ပိုကိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံမှာထကာ အိတ်ထဲမှဆေးကို ယူလျက် ရေနဲ့ အမြန်မော့ပစ်ရသည်။ ဝေဒနာက ချက်ချင်းတော့ သက်သာမသွားပါ။ Air Con ဖွင့်ထားသော အေးမြသည့်အခန်းထဲတွင် ကျူးတစ်ယောက် ချွေးတွေပြန်နေသည်။ ဘုရားရေ ... အချစ်ဦးတစ်ယောက်နဲ့ အမှတ်မထင် ပြန်ဆုံရသည့် ဝေဒနာဟာ ဒီလောက်တောင်ပဲ ဆိုးရွားပြင်းထန်ရသတဲ့လား။ ကျူးဟာ မနူးမနပ်အရွယ် ဆယ်ကျော်သက်မလေးလည်း မဟုတ်တော့ပါ။

သို့သော် ဒီလိုဖြစ်ရသည့်အတွက် ကိုယ့်ကိုယ်ကိုယ်လည်း မကျေနပ်ချေ။ ဒီလိုဖြစ်စရာ အကြောင်းမရှိတော့ဘူးဟုထင်သည်။ ကျူးသည် ဒီအချိန်မှာ ကိုယ်ခံစားရသမျှကို တစ်ယောက်ယောက်အား ရင်ဖွင့်ချင်လာသည်။ ဒါမှ နည်းနည်းပေါ့သွားကာ သက်သာသွားမည်ဟု ထင်သည်။ ဒီအကြောင်းကို သိသွားလျှင် ကျူးနဲ့ထပ်တူ အံ့ဩသွားမည့်သူမှာ ဘယ်သူဖြစ်မလဲ။ ကျူးသည် အိတ်ထဲမှ ဖုန်းကိုထုတ်ကာ သဒ္ဒါရဲ့နံပါတ်တွေကို နှိပ်ခေါ်လိုက်သည်။ အရေးထဲမှ လိုင်းကမဝင်။ ထုံးစံအတိုင်း ငါးမိနစ်လောက်မရပ်မနား ဆက်တိုက်နှိပ်နေသောအခါမှာ ဖုန်းကဝင်သွားသည်။

"ကျူးလားဟေ့ ... ပြော"

"သဒ္ဒါ ... နင့်ကိုလေ ငါ အရမ်းထူးဆန်းတဲ့ဟာတစ်ခုပြောရဦးမယ် ... သိလား"





"ဟဲ့ ... နင့်အသံက ဘာဖြစ်နေတာလဲ"

"ငါ ... ငါလေ ဒီရုံးမှာ ဘယ်သူနဲ့တွေ့တယ် ထင်လဲ"

သဒ္ဒါ့ဘက်မှ ရုတ်တရက် အသံတိတ်သွားသည်။ ပြီးတော့ အတပ်မှန်းမိသော လေသံဖြင့် ...

"ဘာလဲ ... ခေါင်နိုက်နဲ့လား"

"ဟင် ... နင် ဘယ်လိုလုပ် သိတာလဲ"

"နင့်အသံက ဒီလောက်စိတ်လှုပ်ရှားနေတာကိုး။ နင့်ကို ဒီလောက် အိတ်ဖိုက်တင်း ဖြစ်စေတဲ့သူက ခေါင်နိုက်တစ်ယောက်ပဲ ရှိတယ်လေ"

"ဘာ ..."

"ဟဲ့ ... အမယ်လေး။ နားကွဲတော့မယ်။ ဖြည်းဖြည်းအော်ပါ။ တကယ်လားဟင်။ ငါထင်တာကို မှန်းပြောလိုက်တာပါ။ ဒါပေမဲ့ ခေါင်နိုက်နဲ့တွေ့တယ်ဆိုတာ တကယ်လား"

"ဟုတ်တယ် သဒ္ဒါ။ အခု သူနဲ့ ငါ တွေ့လာတာ"

"ဟင် ... ဟုတ်လား။ သူက ဘာပြောလဲ။ အမယ်လေး နင့်အစား ငါတောင် ရင်ခုန်လိုက်တာ။ ဘယ်မှာတွေ့တာလဲ"

"ငါ့ရုံးမှာ"

"နင့်ရုံးမှာ ! "



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ ငါ စိတ်ညစ်လိုက်တာ သေတော့မယ်၊ သူ … သူက ဒီရုံးက ဒီရုံးရဲ့ ဆောက်လုပ်ရေးဘက်မှာ လုပ်တဲ့သူတဲ့ …

ငါနဲ့ တစ်ရုံးတည်း သဒ္ဒါ။ လောကကြီးက အဲဒီလောက်တောင် တိုက်ဆိုင်ရသလားဟယ်။ ငါလေ တကယ့်ကိုရှော့ခ်ပဲ။ ဖြစ်နိုင်ရင် အခန်းထဲကတောင် ပြေးထွက်သွားချင်တာ။ လူကြီးက မိတ်ဆက်ပေးလို့သာ အောင့်အည်းပြီး သည်းခံနေခဲ့ရတာ။ ဒါတောင် ဘာစကားမှ ပြောနိုင်တာ မဟုတ်ဘူး …

နင် သိပါတယ်။ ငါက ပရက်ရှာရရင် ခေါင်းတွေ ချက်ချင်း ထိုးကိုက်လာတာ။ အခု ဆေးတောင် သောက်ထားရတယ်"

"ဟင်း … အဲဒီလောက်လည်း စိတ်မလှုပ်ရှားပါနဲ့ဟာ။ အေး … နင့်ကိုသာပြောနေရတာ၊ ငါတောင် ကြားထဲက ရင်ခုန်နေတာပဲဟာ …

ဟဲ့ … သူ … သူကရော …။ သူကရော နင့်ကို ဘာပြောလဲဟင်"

"သူကလား … သူကလည်း တွေ့ရတာ ဝမ်းသာပါတယ် ကျူးလို့ပဲ ပြောတာ"





"သြော် … တစ်ယောက်တစ်ခွန်းပဲပေါ့"

"အင်း … ငါ စိတ်ညစ်လိုက်တာ သဒ္ဒါရယ်။ ဘာကြောင့်များ ဒီလောက် တိုက်ဆိုင်နေရတာလဲ မသိဘူး။ ငါလေ Report မတင်ခင်သိရရင် ဒီအလုပ်ကို လုပ်ဖြစ်မှာမဟုတ်တော့ဘူး …

နတော့ …"

ကျူးအသံက နစ်ပြီး တိမ်ဝင်သွားသည်။ ဖြစ်နိုင်လျှင် သူ့ကို ကျူး မျက်နှာချင်း မဆိုင်လိုပါ။ သူနဲ့တွေ့လေတိုင်း ကိုယ့်ကိုယ်ကိုယ် ရှုံးနိမ့်ခဲ့ရသူတစ်ယောက်ဟု ခံစားနေရမှာ ကျူးကိုယ်ကျူး သိ၍ဖြစ်သည်။ ကျူးကို လက်မထပ်နိုင်ပါဘူးဟု ငြင်းပယ်ခဲ့သော ယောကျ်ားတစ်ယောက်ရှေ့ကို ကျူး ပြန်မသွားလိုလှပါ။ ပြီးတော့ ကျူးထံမှာ သူနဲ့မျက်နှာချင်းဆိုင်ဖို့ အင်အားမရှိ။ တည်ငြိမ်နေသော ကျူးဘဝကို လှုပ်ခတ်သွားမှာမျိုး ကျူးမလိုလားတော့ပါ။

"အို … အဲဒီလောက်လည်း စိတ်ညစ်မနေပါနဲ့ ကျူးရာ။ ဒါက ရုတ်တရက်ကြီး ရင်ဆိုင်လိုက်ရလို့ပါ။ ပြီးတော့ နင်နဲ့ သူနဲ့က တစ်စားပွဲတည်း မျက်နှာချင်းဆိုင်ထိုင်ပြီး အလုပ်လုပ်နေရတဲ့သူတွေမှ မဟုတ်တာ …


www.burmeseclassic.com

www.burmeseclassic.com



သူလည်း သူ့အချစ်ပစ်နဲ့သူ ရှိနေမှာပဲ။ မိန်းမတောင် ရနေပြီလား မပြောတတ်ဘူး။ နင့်မှာလည်း ကိုရှမ်းတစ်ယောက်လုံး ရှိနေပြီပဲ ...

ဘာမှ စိတ်ဒုက္ခရောက်မနေနဲ့။ ဒါမျိုးတွေက ဖြစ်တတ်တဲ့သဘာဝတွေပဲ။ ကွာရှင်းပြီးသား လင်မယားတွေတောင် ... ပွဲလမ်းသဘင်တွေမှာ ပြန်တွေ့ရင် ပြုံးပြုံးရွှင်ရွှင်နဲ့ စေါ်နိုင်ပြောနိုင်သေးတာပဲ ...

နင်တို့က သမီးရည်းစား ဖြစ်ခဲ့ရုံလေးတင်ပါဟာ။ အေးဆေးပေါ့။ ဘာမှ မဖြစ်ဘူး ကျူး၊ နင် လျှောက်တွေးပြီး စိတ်ဓာတ်ကျမနေနဲ့။ ခပ်တည်တည်ပဲနေ၊ သူက နှုတ်ဆက်တော့လည်း ကိုယ်က ပြန်နှုတ်ဆက်လိုက်ပေါ့။ သူ့ရှေ့မှာ မဝံ့မရဲသလိုလို၊ ရင်မဆိုင်နိုင်သလိုလို အထာတော့ သွားမလုပ်နဲ့။ အဲဒါမှ ကောက်ချက်တစ်မျိုး ဆွဲသွားမှာ။ ငါ ပြောတာ သဘောပေါက်လား"

သဒ္ဒါက စိတ်မချနိုင်သလိုလို အထပ်ထပ်မှာနေလျှင် ကျူးက အားမရှိသောလေသံဖြင့် "အင်းပါ"ဟု ဖျော့တော့စွာ ဆိုမိသည်။ ကျူးရဲ့မျက်လုံးထဲတွင်တော့ ကိုယ့်ကို လှမ်းကြည့်လိုက်သော၊ ကိုယ်နဲ့ထပ်တူ အံ့သြသွားသော သူ့ပုံစံကို မျက်လုံးထဲမှ မထွက်ပါ။ သူရော ဘယ်လိုများ ခံစားနေရမလဲ။





"ငါ ဖုန်းချတော့မယ် သဒ္ဒါ။ နောက်မှ တွေ့မယ်"

"အေး ... မနက်ဖြန်ညနေကျမှ နင့်အိမ်ကို ငါ လာခဲ့မယ်"

"အိုကေ ဆီးယူ"

ကျူးက နွမ်းလျစွာ နှုတ်ဆက်ရင်း ဖုန်းကို ပိတ်လိုက်သည်။ အဲဒီနောက် စိတ်ဖိစီးတာတွေ များလာလျှင် လုပ်နေကြအတိုင်း မျက်လုံးတွေက မိုတ်ကာ အသက်ကို ဝဝရှူလျက် ငါးမိနစ်လောက် ဝင်လေထွက်လေကိုမှတ်ကာ စိတ်ကို တစ်နေရာထဲမှာစုစည်းပြီး တည်ငြိမ်အောင်ထားလိုက်သည်။ အဲဒီတော့ နည်းနည်းပြေပျောက်ခဲ့သလိုသွားပါသည်။

အင်းလေ ... ဖြစ်လာမှတော့ ရင်ဆိုင်ရုံပဲရှိတော့တာပေါ့။ ကျူးသည် ကိုယ့်ကိုယ်ကိုယ် တိတ်တဆိတ် အားပေးလိုက်ကာ ရှေ့က ကွန်ပျူတာကို ဖွင့်လိုက်သည်။ ပြီးတော့ စိတ်ကို အလုပ်ထဲသို့ အပြည့်အဝနှစ်ကာ အားလုံးကို မေ့ဖို့ကြိုးစားလိုက်ပါသည်။

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com

ခေါင်နိုက်သည် ကားစင်တီယာတိုင်ကို လက်ချောင်းလေးများနှင့် ပုတ်ခတ်ဆော့ကစားနေရာမှ ဒါဟာ ကိုယ့်ကိုယ်ကိုယ် စိတ်မတည်ငြိမ်မှုဆိုတာကို ချက်ချင်း သဘောပေါက်သည်။ သူသည် ကျူး လာရာလမ်းကို စောင့်နေခြင်းဖြစ်ပါသည်။ သူတို့ရုံးကို ဝန်ထမ်းအသစ်တစ်ယောက် ရောက်မည်ဟု ကြားထားသော်လည်း အဲဒါဟာ သူ အင်မတန်ချစ်မြတ်နိုးရသည့် လှခေါင်ရင့်ကျူးဖြစ်နေလိမ့်မည်ဟု နည်းနည်းလေးမှ မထင်ခဲ့ပါ။ ကျူးကို တွေ့သောအခါ သူ့နှလုံးသားထဲတွင် တကယ်ပဲ ရှော့ရသွားခဲ့သည်။ ရုတ်တရက် ဘာစကားမှ မပြောနိုင်။

ကျူးလည်းပဲ အဲဒီလိုပဲ ဖြစ်မည်ဟုထင်သည်။ သူသည် ဒီအဖြစ်အပျက်ကြီးကို လုံးဝမယုံနိုင်ခဲ့ပါ။ ခုချိန်ထိအောင် အိပ်မက်များလားဟု ထင်ယောင်ထင်မှား တွေးမိဆဲဖြစ်သည်။ ဟုတ်သည်လေ။ ကျူးနဲ့သူနဲ့ တစ်ရုံးတည်းမှာ တိုက်တိုက်ဆိုင်ဆိုင် လာဆုံစည်းရခြင်းမှာ တမင်တကာ ဖန်တီးယူလျှင်တောင် ဒီလောက်





လွယ်မည်မထင်ပါ။ သူတို့နှစ်ယောက်ဟာ တကယ့်ကို ရေစက်မကုန်သေးလို့လား။ ဒီလိုတွေးလိုက်လျှင် သူ့နှလုံးသားတစ်ခုလုံး ပူနွေးတုန်ယင်သွားသည်။ ဒီအတွေးလေးကတောင် လူကို ဒီလောက်တုန်ယင်စေသည်ဆိုလျှင် ... ? ... ?။

သူသည် ဆက်မတွေးဖြစ်တော့ပါ။ မတွေးချင်သောကြောင့်တော့မဟုတ်။ ကျူးရဲ့ကားက ကုမ္ပဏီရှိရာ ခြံဝင်းအတွင်းသို့ မောင်းဝင်လာတာကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ကျူးသည် သူ့ကို မမြင်ပါ။ မမြင်ဆို သူက ကားပေါ်မှာထိုင်နေသောကြောင့်ဖြစ်ပြီး သူ့ကားမှန်းလည်း သိပုံမပေါ်ပါ။ ပြီးတော့ ကျူးဆိုသော ကောင်မလေးသည် ပတ်ဝန်းကျင်ကို မျက်လုံးသိပ်မကစားတတ်တာလည်း အရင်တုန်းတည်းက ဖြစ်သည်။ အရင်တုန်းက ဟူသော အတွေးလေးကို တွေးမိလျှင် သူ့ရင်ထဲ၌ ချက်ချင်း ဆွတ်ပျံ့သွားပါသည်။ ကျူးက ကားတံခါးကိုဖွင့်ကာ လှပကြွရွစွာဖြင့် ဆင်းလာသည်။

မသိလျှင် မြန်မာမလေးတစ်ယောက်နဲ့တောင်မတူသော ကျူးသည် အနီရဲရဲလည်ထောင် လက်ပြတ်အင်္ကျီအကျပ်ကို အနက်ရောင်မီနီစကတ်အတိုတစ်ထည်ဖြင့် မြင်ရသူရင်ဖိုအောင် ဝတ်ဆင်ထားသည်။ အင်း ... ဒီပုံစံအတိုင်းဆိုရင်တော့ ရုံးက သကောင့်သားများရဲ့ အိပ်မက်ထဲတွင် ကျူးတစ်ယောက် ညတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပါတော့မည်ဆိုတာ သူက သေချာစွာသိလို့နေလေသည်။ ရွှေရောင်
လွမ်းတယ်ဆိုရုံလေးလွမ်းသော ကျူးရဲ့ဆံကေသာများသည် လမ်
လျှောက်တိုင်းမှာ ဝဲလွင့်နေလျက် ကဗျာတစ်ပုဒ်လို ခံစားဖို့ကောင်
နေသည်။

အား ... ကျူးဟာ အရင်ကထက် အများကြီး ပိုလှ
လာခဲ့တာပဲ။ အရင်ကလည်း လှခဲ့သည်။ သို့သော် အရင်တုန်းက
လှခဲ့တာက ဖူးငုံစပြုနေသည့် ပန်းလေးတစ်ပွင့်နှယ်ဖြစ်ပြီး အခု
တော့ အစွမ်းကုန်ပွင့်နေသည့် နှင်းဆီတစ်ပွင့်လို ရဲရဲတောက်
လှပတာဖြစ်သည်။ သူသည် ရှေ့က လျှောက်သွားလေသော
ကျူးရဲ့နောက်မှ မသိမသာ ခပ်ခွာခွာ လိုက်ခဲ့သည်။ ကျူးတစ်
ယောက် ဓာတ်လှေကားရှေ့မှာ ရပ်မိပြီဆိုမှ သူက ကျူးရဲ့ဘေးနား
မကျဲတကျဲမှာ ဝင်ရပ်လိုက်ပါသည်။ ဘယ်လိုအာရုံတွေရဲ့ စေ့ဆော်
မှုလဲတော့ မပြောတတ်ပါ။ ကျူးသည် ဓာတ်လှေကားစောင့်နေရာ
ဖျတ်ခနဲပင် နောက်သို့လှမ်းကြည့်သည်။

သူ့ကို မြင်သွားသောအခါ ရုတ်တရက် ဝိုင်းသွား
သော မျက်လုံးများသည် ချက်ချင်းပဲ လွှဲဖယ်သွားကြသည်။ အဲ
အခိုက်မှာ ဓာတ်လှေကားတံခါးက ဖျတ်ခနဲ ပွင့်လာသည်။ သူ
အတွက် ကံကောင်းသလား၊ ကံဆိုးတာလားတော့ မပြောတတ်ပါ
ဓာတ်လှေကားထဲ၌ လူတစ်ယောက်မှ မပါချေ။ ကျူးရော သူရော





သည် ဓာတ်လှေကားထဲသို့ ရှေ့ဆင့်နောက်ဆင့် ဝင်လိုက်ကြကာ
ကျူးရဲ့နောက်နားမကျဲတကျဲမှာ သူက ရပ်မိသည်။ ဓာတ်လှေကား
ရဲ့တံခါးမှာ အရိပ်ထင်နေသော ကျူးရဲ့အရိပ်သဏ္ဌာန်ကို ခိုးငေး
လိုက်လျှင် ကျူးသည် တစ်နေရာသို့ စူးစိုက်ငေးကာ မျက်နှာက
လည်း မသိမသာ မာထန်နေတာကို သတိပြုမိသည်။ သူသည်
ကျူး မျက်နှာကို နှင့်သီးစွာငေးနေမိပြီးမှ သက်ပြင်းတစ်ချက်ကို
ရှိုက်ကာ ကျူးကို ခပ်တိုးတိုး ခေါ်လိုက်သည်။

ဒီလောက်ကြီးလည်း စိမ်းကားနေဖို့မလိုပါဘူး ကျူး
ရယ်။

"ကျူး"

သူ့ခေါ်သံကြောင့် ကျူး ဆတ်ခနဲ ဖြစ်သွားသည်ဟု
ထင်သည်။ ဓာတ်လှေကားက ငါးလွှာသို့ ဖြတ်နေပြီဖြစ်သည်။
ကျူးထံမှ တုံ့ပြန်မှု တစ်စုံတစ်ရာမရသဖြင့် သူက ထပ်၍ ခေါ်
လိုက်သည်။

"ကျူး ... ကိုယ် ကျူးကို စကားနည်းနည်းလောက် ပြော
ချင်လို့ပါ"

ကျူးက သူ့ကို လှည့်မကြည့်ချေ။ သို့သော် ကျူးထံ
မှ စကားသံ ထွက်လာသည်။

"ရှင်နဲ့ ကျွန်မကြားမှာ ဘာစကားမှ ပြောစရာမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကျူး။ အဲဒီလိုမတွေးပါနဲ့။ ကိုယ်လေ ကျူးကို ပြန်တွေ့ခွင့်ရတဲ့အတွက် အရမ်းဝမ်းသာပါတယ်"

"ကျွန်မကတော့ ရှင်နဲ့ ဆန့်ကျင်ဘက်ပဲ"

ကျူးက နှုတ်ခမ်းတစ်ချက်မဲ့ပြီး ပြောလိုက်သည်ကို သူက မှန်ထဲမှနေ၍ တွေ့မြင်လိုက်ရသည်။ သို့သော် ဘာပဲဖြစ်ဖြစ် သူ့ကို စကားပြန်ပြောဖော်ရသည့်အတွက်တော့ သူ ကျေနပ်ဝမ်းသာရပါသည်။ ကျူးကို ဒီလို တောင်းပန်ခွင့်အား ဟိုး လွန်ခဲ့သည့်နှစ်များစွာတည်းက မျှော်လင့်စောင့်စားခဲ့ရတာဖြစ်သည်။

"ကျူး ... ကိုယ် ကျူးကို အေးအေးဆေးဆေး စကားပြောချင်တယ်။ အချိန်ခဏလောက် ပေးနိုင်မလားဟင်"

သူ့ရဲ့ တောင်းပန်းတိုးလျှိုးသံအဆုံးမှာပဲ ဓာတ်လှေကားက ဆယ်လွှာရောက်သွား၍ ဖျတ်ခနဲ ပွင့်သွားသည်။ ကျူးက အရင်ထွက်သွားလျှင် သူက နောက်ကနေ၍ လိုက်ထွက်ကာ ကျူးနောက်သို့ လိုက်လာခဲ့သည်။ ကျူးက သုံးလေးလှမ်း လှမ်းနေရာမှ သူ့ဘက်သို့ ဖျတ်ခနဲ လှည့်ကာ ...

"ရှင် ကျွန်မနောက်ကို မလိုက်ခဲ့နဲ့နော်"

အဲဒီအပြောကြောင့် သူ့ရင်ထဲတွင် တစ်ချက်ဆောင့်ခုန်သွားသည်။ သူဟာ ဆယ်ကျော်သက်အရွယ် မနူးမနပ်ကောင်လေးလည်း မဟုတ်တော့ပါ။ ဒါပေမဲ့ ကျူးရဲ့ နှုတ်ခမ်းတင်းတင်းဖေ





ပြီး ရန်တွေ့သလိုပြောသော အပြောကို ဘာကြောင့်များ ရင်ခုန်သွားသလဲတော့ မပြောတတ်။

"ကျူး ခဏလေးပါ။ ဒီကော်ရစ်တာမှာပဲ ခဏလေးပဲဖြစ်ဖြစ် ပြောမှာပါ"

"ရှင်နဲ့ ကျွန်မကြားမှာ ဘာစကားမှပြောစရာမရှိဘူး၊ ဟုတ်ပြီလား၊ အဲဒါကို မြဲမြဲမှတ်ထားလိုက်တော့။ နောက်ထပ်ဆက်ပြောဖို့လည်း မကြိုးစားနဲ့တော့"

"ကျူး ကိုယ့်ကို ဘာဖြစ်လို့ အဲဒီလောက် စိတ်နာနေရတာလဲ။ ကိုယ် ကျူးကိုသေချာရှင်းပြချင်လို့ပါ။ ပြီးတော့ ကိုယ့်စေတနာတွေကို ဘာကြောင့် သဘောမပေါက်ရတာလဲ"

"ဘာစေတနာလဲ။ သွားစမ်းပါ၊ အဲဒီစကားက ပါးစပ်များကထွက်ဖို့ဆိုရင် လူတိုင်းပြောတတ်တယ်"

"ကျူး ကိုယ် တောင်းပန်နေတာပါ"

သူ့ရဲ့တိုးတိတ်လှိုက်လှဲသော အသံအဆုံးတွင် ကျူး ရုတ်တရက် ငြိမ်ကျသွားသည်။ ပြီးတော့ သူ့ကို ကြည့်လာသော မျက်ဝန်းများထဲ၌ နာကျင်ခြင်း၊ ဝမ်းနည်းခြင်း၊ ခံရခက်ခြင်း၊ ပြီးတော့ သူ့ဟာသူ အဓိပ္ပာယ်မဖော်နိုင်သော အရိပ်အငွေ့များ ယှက်သန်းလို့နေလျှင် သူ့ရင်ထဲ၌လည်း အင်မတန် ကွဲကြေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ဟာ ဘာကြောင့်များ ဒီလိုအဖြစ်အပျက်မျိုးတွေ ကြုံတွေ့ခဲ့ရတာလဲ။ တကယ်တမ်း အပြစ်ရှိခဲ့တယ်ဆိုရင်လည်း သူ့အပြစ်တွေသာ ဖြစ်ပါမည်။

ကျူးသည် သူ့ကို နက်နက်ရှိုင်းရှိုင်း တစ်ချက်ကြည့်ကာ ချာခနဲ လှည့်ထွက်သွားသည်။ ထွက်ခွာသွားရာ ကျူးရဲ့ ကျောပြင်သည် သူ့မျက်လုံးထဲ၌ ဝါး၍ကျန်ခဲ့လေသည်။

✧ ❤ ✧





## ၉

"ငါ့ဘဝမှာ နှစ်ပေါင်းများစွာကွဲကွာနေခဲ့တဲ့ အရင်းနှီးဆုံး သူစိမ်းတစ်ယောက် ပြန်တွေ့ဖြစ်တယ် ဝေဖြိုး"

ဝေဖြိုးက သူ့စကားကို ဘီယာခွက်ကို မော့ရင်းမှ မျက်လုံးတစ်ချက်ပြူးကာ ပြန်ကြည့်သည်။ ဘီယာဆိုင်ထဲမှ ဖွင့်ပြထားသော မျိုးကြီးရဲ့ Live Show VCDမှ "သူစိမ်းတစ်ယောက်" သီချင်းသံသည် ခံစားချက်နဲ့တိုက်ဆိုင်စွာ လွင့်ပျံ့လို့နေတာကြောင့် သူက အသာအယာ လိုက်ဆိုညည်းမိတဲ့အထိ ဖြစ်သွားသည်။

"မောင်လွမ်းတဲ့ ငါ့ဘဝမှာ သေတဲ့အထိ ဆက်ချစ်မှာ ... ငါ့အသက်ထောင့်တစ်နေရာမှာ နေထိုင်ဆဲ ... သေတဲ့ထိတိုင် ဒီဘဝထဲ ... ငါ မင်းသာ အချစ်ဆုံးပဲ ... ရင်မှာ အသက်နဲ့အမျှ ရှင်သန်ဆဲ ... ဆုံမှတ်တို့လွဲချော်ခဲ့ ... ခုတော့ သူစိမ်းတစ်ယောက်ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



ဝေဖြိုးက သူ့ရဲ့ခံစားချက်နှင့်နေသောပုံစံကို တစ်ချက်ကြည့်ကာ ...

"ဘယ်သူလဲ ...။ ဘယ်သူနဲ့ တွေ့လာလို့လဲ"

"မင်း နည်းနည်းလောက် မှန်းကြည့်ပါလား"

"ကျူးလား"

ဝေဖြိုးရဲ့အမေးကို သူက လေးပင်စွာ ခေါင်းညိတ်ပြလိုက်သည်။ ဝေဖြိုးက အခုမှ တကယ်မျက်လုံးပြူးသော ပုံစံဖြင့် ...

"ဟား ... တကယ်လား။ ဘယ်မှာတွေ့တာလဲ ...။ ကြာပြီလား"

"တမြန်မနေ့က စ,တွေ့တာပေါ့ကွာ။ မနေ့ကတော့ သူ့ကို ငါ စကားလိုက်ပြောသေးတယ်"

"ဘာ ... ဘာရယ် ... စကားလိုက်ပြောတယ်။ ဘယ်မှာလဲ"

"မင်းသိရင် ဒီ့ထက်အံ့ဩမလား ...။ သူက ငါတို့ရုံးရဲ့ နိုင်ငံခြားကိုယ်စားလှယ်ဝန်ထမ်းကွ သိရဲ့လား။ နိုင်ငံခြားတာဝန်ခံဝန်ထမ်းအနေနဲ့ ရောက်လာတာ"

"ဟင် ... အဟုတ်ကြီးပဲလား။ ဟာ ... ရေစက်ကလည်းကွာ။ နေပါဦး မင်းတို့ ဇာတ်လမ်းကလည်း စိတ်ဝင်စားဖို့ ကောင်းလိုက်တာ ...





ငါ့ကို ပြောစမ်းပါ။ သူ့ကို တွေ့လိုက်ရတော့ မင်းရင်ထဲမှာ ဘယ်လိုခံစားလိုက်ရသလဲ"

"သူက MD ရုံးခန်းထဲမှာ MD နဲ့ စကားပြောနေတာကွ၊ ငါကလည်း ခရီးကပြန်ရောက်ပြီး နောက်တစ်ရက် MD ဆီ ဝင်တွေ့တာပေါ့ ...

အဲဒီမှာ စ,တွေ့တာပဲ။ သူလည်းရှော့ခ်၊ ငါလည်းရှော့ခ်ပေါ့။ အဲဒါ တမြန်မနေ့က။ မနေ့ကတော့ သူလာတဲ့အချိန်ကိုစောင့်ပြီး သူ့ကို စကားပြောဖို့ ကြိုးစားတယ်။ ဒါပေမဲ့ သူက ခါးခါးသီးသီးပါပဲ"

"မင်းက သူ့ကို ဘာတွေပြောတာလဲ"

"ဘာမှကို မပြောရသေးပါဘူးကွာ။ သူက အပြောကိုမခံတာ။ အမိက,ကတော့ ငါ သူ့ကို တောင်းပန်ချင်တာပါ။ သူက ငါ့ကို စိတ်နာသွားတာလေ။ အဲဒီအတွက် ငါ့ကိုယ်ငါ အပြစ်ရှိသူလို့ အမြဲခံစားနေခဲ့ရတယ် ...

ငါ့အတွက်နဲ့ သူ့စိတ်ထဲမှာ ပူလောင်နေတာမျိုး အဖြစ်မခံနိုင်ဘူး။ မဖြစ်စေချင်ဘူး။ နှစ်ယောက်သား အေးအေးဆေးဆေးပဲ ဖြစ်ချင်တယ်"

"မင်း အမှန်အတိုင်းပြောစမ်း။ သူ့ကို ပြန်တွေ့ရတဲ့အခါမှာ မင်း အချစ်တွေ ရှိနေတုန်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမေးခွန်းကို သူ ချက်ချင်း မဖြေနိုင်ပါ။ မျက်လုံးထဲတွင် ဆွဲဆောင်မှုအားကောင်းစွာ လှပလွန်းသော ကျူးရဲ့ပုံရိပ်တွေကို ပြန်မြင်ယောင်လာသည်။ သူ့ကို ကြည့်ခိုက်မှာ တဆတ်ဆတ် တုန်ယင်သွားသော နှုတ်ခမ်းများ၊ အဲဒီနှုတ်ခမ်းများကို သူ ရူးသွပ်မက်မောစွာ နမ်းရှိုက်ခဲ့ဖူးသည်။ အဲဒီတုန်းက ရင်ခုန်သံမျိုး နောက်ထပ် သူ ဘယ်တော့မှ ထပ်မရခဲ့တာလည်း သေချာသည်။ ကျူးကို သူ အင်မတန် ချစ်မြတ်နိုးခဲ့သည်။ ကျူးနေရာမှာ သူ ဘယ်သူ့ကိုမှ အစားမထိုးခဲ့ပါ။ သွန်းကို ချစ်ခဲ့တယ်ဆိုသော်လည်း ဒါဟာ သီးသန့်အချစ်သပ်သပ်တစ်ခုဖြစ်သည်။ ဒါမျိုးကို အချစ်ဦးအား အသည်းအသန် ချစ်မြတ်နိုးခဲ့သောသူတွေ ကိုယ်ချင်းစာနိုင်ပါလိမ့်မည်။

"ဟော့ကောင် ... မေးတာတောင် မဖြေနိုင်ဘဲ ခေါင်းငိုက်စိုက်ကျသွားလိုက်တာ"

"ငါ မညာချင်ဘူးကွာ။ သူ့ကို ငါ မမျှော်လင့်ထားခဲ့ပါဘူး။ သူနဲ့ ဒီတစ်သက် ပြန်ဆုံမယ်လို့လည်း မထင်တော့ဘူး။ နောက်ဆုံး ပြန်ဆုံခဲ့ရင်တောင်မှ ဖြတ်သွား ဖြတ်လာပဲလို့ထင်တယ်။ ခုလို တစ်နေရာတည်းမှာ အလုပ်အတူတူလုပ်ပြီး ပြန်ဆုံရလိမ့်မယ်လို့ လုံးဝထင်မထားဘူး ...





ကံကြမ္မာက သူနဲ့ ငါနဲ့ကို အနီးဆုံးကို ပို့ပေးလိုက်သလိုပဲ။ ဒီအတွက် ငါ့စိတ်တွေ အရမ်းလှုပ်ရှားတယ်"

"ဟင်း ... ငါတော့ မြင်ယောင်နေပါတယ်ကွာ"

"ဘာကိုလဲ"

"မင်း သွန်းနဲ့ ကျူးကြားမှာ ဗျာများနေဦးမယ် ဆိုတာကိုပေါ့"

သူက တစ်စုံတစ်ရာ ပြန်မဖြေနိုင်ဘဲ တိတ်ဆိတ်နေမိသည်။ TV ထဲမှ မျိုးကြီးကတော့ ရင်ထဲလမ်းရှင်းထားတယ် ... အကုန်လုံး အေးချမ်းသွားမယ် ... မင်းလေးတစ်ယောက်ကလွဲရင် ... ဟု ပီပီပြင်ပြင် သီဆိုနေသည်။ သူကရော ကျူးအတွက် လမ်းရှင်းထားခဲ့လို့လား။ လမ်းမရှင်းထားပါ။ မရှင်းဆို သူနဲ့ ကျူး ပြန်ဆုံဖို့ ဆိုတာလည်း လုံးဝ မျှော်လင့်မထားသောကိစ္စဖြစ်လို့နေသည်။

"သူကရော မင်းကိုမြင်တော့ ဘယ်လိုဖြစ်သွားလဲ။ ဆိုလိုတာကကွာ မင်းတို့က အရမ်းချစ်လာတဲ့သူတွေပဲ။ သူ့မျက်လုံးတွေထဲမှာ မင်းအတွက် ဘယ်လိုအရိပ်အယောင်တွေကို မြင်ရသလဲ"

သူက ကျူးရဲ့မျက်ဝန်းတွေကို ရုတ်တရက် ပြန်မြင်ယောင်လာသည်။ ကျူးရဲ့မျက်ဝန်းတွေထဲ၌ ခံစားမှုနင့်သီး နေသော



www.burmeseclassic.com

www.burmeseclassic.com



အရိပ်အယောင်တွေ သူ တွေ့ခဲ့ရသည်။ ဒါဟာ သူ့အတွက် အမှန်းတစ်ခုတင် ကမည်မထင်ပါ။

"သူလည်း ထိနေသေးတဲ့ ပုံစံပါပဲကွာ"

သူ့ရဲ့ စိတ်ပျက်လက်ပျက် အဖြေကို ဝေဖြိုးက ခေါင်းတယမ်းယမ်းခါသည်။

"မင်းတို့တော့ ငါ မြင်ယောင်ပါသေးတယ်ကွာ"

"ဘာကိုမြင်ယောင်တာလဲ"

"ရှေးသီချင်းရှိတယ်ကွ။ တွေ့နေမြင်နေကြမှ ပြေပျောက်ဖို့လည်းမလွယ် ဆိုတာလေ။ ဘယ်လိုလဲ လှခေါင်ရင့်ကျူး ချောလာသလား"

"အရမ်းကို ချောလာတယ်။ အပြင်မှာ ရုတ်တရက်တွေ့ရင်တောင် ချက်ချင်း မှတ်မိမှာမဟုတ်ဘူး။ ခုဟာက MD နာမည်တပ်ပြီး မိတ်ဆက်ပေးလို့သာ ...

ပြီးတော့ သူ့အကြည့်တွေပေါ့။ သူ့အကြည့်တွေက ငါ့ကို မှတ်မိသွားတဲ့အရိပ်တွေကြောင့် ငါလည်း ဒိန်းဆိုဖြစ်သွားတာ ...

အရင်တုန်းက ကျူးက ချစ်ဖို့ကောင်းတယ် ကလေးမလေးအသွင်ပေါ့။ ခုတော့ တကယ့်ကို Lady ပဲ ...

ညို့အားပြင်းပြင်းနဲ့ကို လှတာမျိုး ..."





သူက တမ်းတသံအပြည့်ဖြင့် ပြောနေလျှင် ... ဝေဖြိုးက သူ့ကို ပြုံးမဲ့မဲ့ဖြင့် စိုက်ကြည့်သည်။

"မင်း တစ်ခုလောက် မစဉ်းစားမိဘူးလား။ မင်းတောင် အသစ်တစ်ယောက် ထပ်ရနေပြီပဲကွာ။ သူလည်း ရချင်ရနေမှာပေါ့ဆိုတဲ့ အတွေးမျိုး မရှိဘူးလား ...

အိမ်ထောင်တွေ ဘာတွေ ပြုခါနီးတောင် ဖြစ်ချင်ဖြစ်နေမှာ"

အဲဒီစကားကိုတော့ သူက ဘာမှပြန်မပြောနိုင်ဘဲ ငြိမ်သက်သွားမိသည်။ ကျူးရော အချစ်သစ် တွေ့နေပြီတဲ့လား။ အဲဒီလိုတွေးမိလျှင် သူ့ရင်ထဲ၌ ချက်ချင်းမွန်းကျပ်ကာ လောင်မြိုက်သွားပါသည်။ ကျူးနဲ့ သူရဲ့ အချစ်ရေးကံဟာ ဘာကြောင့်များ ဆုံမှတ်တို့ လွဲချော်နေခဲ့ရတာပါလိမ့်။ သူသည် ရင်ထဲမှာ နင့်ဟိုက်စွာဖြင့် ငြိမ်သက်နေမိသည်။ အရမ်းချစ်ရဲ့သားနဲ့များ ဘာကြောင့် ဆေးလွင့်သွားရတာလဲ ကျူးရယ် ...။

တစ်ခါတစ်ရံ၌ သူ စဉ်းစားမိတတ်သည်မှာ အချစ်ကြီးလွန်းလျှင် ကွဲသွားတတ်သလား ဆိုတာပဲ ဖြစ်တော့သည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com

ကျူးသည် ကားမောင်းလာရင်းမှ မောင်းလာသော ကားက တွန့်ဆုတ် တွန့်ဆုတ်ဖြစ်ကာ နောက်ဆုံးထိုးရပ်သွားလျှင် ...တော့ပဲ စိတ်ညစ်သွားရသည်။ ဒီနေ့ ကျူးရဲ့ကားကို မေမေက မင်္ဂလာဆောင်တစ်ခုသို့ သွားစရာရှိသဖြင့် ယူသွားလေရာ ကျူးက ဆလွန်းကားကို ယူလာခဲ့ရသည်။ ဒီကား ဗွေဖောက်တတ်မှန်း သိသော်လည်း ဒီလောက်ထိ ကိုယ့်ကို တိုက်တိုက်ဆိုင်ဆိုင် ဒုက္ခ ပေးမယ်ဟု မထင်ထား၍ ဖြစ်သည်။ ခုတော့ အိမ်ကထွက်ပြီး လမ်းတစ်ဝက်ရောက်တော့မှပင် ကိုရွှေကားက ဗွေဖောက်တော့တာ ဖြစ်လေသည်။ ကျူးက ကားစက်ကို ကြိုးစားပမ်းစား ထပ်နှိုးသေး သည်။ အစပိုင်းလောက်သာနိုးလျက် နောက်တော့ စက်က သေ သေသွားပြန်သည်။

ကျူးက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကုတ်ကာ နာရီကိုကြည့်မိသည်။ ဒီနေ့ ရုံးမှာ Meetingရှိသည်။ ကိုးနာရီခွဲမှာ စတင်မှာမို့ ကိုးနာရီဆယ့်ငါးလောက် ကိုယ်က ရောက်နေမှ





အဆင်ပြေမည်။ ခုကိုပဲ ကိုးနာရီထိုးနေပြီမို့ ကျူးသည် ဘာလုပ် ...မှန်းမသိဘဲ စိတ်ညစ်လာသည်။ ကားစက်ဖုံးလည်း မဖွင့်ချင်ပါ။ ...ငြီးတော့လည်း ကိုယ်က ဘာမှ လုပ်တတ်တာ မဟုတ်။ ဒီပုံ ...အတိုင်းဆို Taxi ငှားသွားဖို့သာရှိတော့သဖြင့် ကျူးက ကားမှန် ...တွေကိုပိတ်ကာ ကားပေါ်မှ ဆင်းလိုက်သည်။ ကားကိုလည်း ...ဘဉ်ထိန်းရဲကို အပ်နှံဖို့အတွက် ခပ်လှမ်းလှမ်းမှာ လှမ်းမြင်နေရ ...သာ ယာဉ်ထိန်းရဲရှိရာသို့ လှမ်းလာလိုက်စဉ်မှာပဲ ကျူးရဲ့ဘေးသို့ ...ားတစ်စီးက ကျွီခနဲ ထိုးဆိုက်လို့လာလေသည်။

ကျူးက ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် ကားပေါ်မှ ...က်မှန်တပ်ဆင်ထားသော ခေါင်းနိုက်ကို ရင်ထိတ်ဖွယ်ရာ တွေ့ ...င်လိုက်ရသည်။ မျက်မှန်တပ်ထားသောကြောင့် သူ့မျက်လုံးတွေ ...ကို မမြင်ရသော်လည်း သူ ကျူးကို ကြည့်နေမယ်ဆိုတာတော့ ...သေချာသိပါသည်။ သူက ကားတံခါးဖွင့်၍ ဖျတ်ခနဲဆင်းလာကာ ...ရှေ့မှာရပ်လိုက်သည်။ ကျူးသည် သူ့ကိုမြင်တာနှင့် ရင်ခုန်သံ ...တွေ စတင်မြန်လာတတ်တာကို ဘယ်လိုမှ သဘောမကျပါ။ ...ကြောင့် ဒီလိုဖြစ်ရသလဲ။ ဒါမျိုးဟာ မဖြစ်သင့်ဘူးဟု ထင် ...သည်။ ကျူးက သူ့ကို ဂရုမစိုက်ဘဲ လမ်းဆက်လျှောက်မည်အပြု ...မှာ ကျူးရှေ့မှာ ပိတ်ရပ်ကာ ...

"ကား ဘာဖြစ်လို့လဲ ကျူး"



www.burmeseclassic.com

www.burmeseclassic.com

ကျူးက နှုတ်ခမ်းကို တင်းတင်းစေ့ကာ အသံပြတ်ပြတ်ဖြင့် "ဘာမှမဖြစ်ဘူး"ဟုဆိုမိသည်။ ပြီးတော့ သူ့ကို ရှောင်ထွက်သွားဖို့ပြင်သည်။

"ကျူး ဘာဖြစ်လို့ မဟုတ်တာတွေ လျှောက်ပြောနေရတာလဲ။ ကားဘာဖြစ်တာလဲ၊ ကိုယ့်ကို ပြောစမ်းပါ၊ ဒီလောက်ကြီး စိမ်းကားပြတ်တောက်စရာ လိုလို့လား ...

ကိုယ်တို့ ရန်သူတွေ မဟုတ်ပါဘူး ကျူး၊ ကိုယ့်ကို ဒီလို မဆက်ဆံပါနဲ့"

သူ့အသံက ခံစားချက်တို့ဖြင့် နင့်သီးကာ တုန်ဟိုက်နေသည်။ ကျူးသည် အဲဒီအသံကြောင့် ကိုယ့်ကိုယ်ကိုယ်ဖျတ်ခနဲ ဝေဖန်ဆန်းစစ်မိသွားသည်။ ကျူး သူ့ကို ဒီလိုရင်မဆိုင်ရဲဘဲ ရှောင်ထွက်နေတာ မှန်ရဲ့လား ဟူ၍ပင်။ ဒီလို ရင်မဆိုင်ရဲတာကိုက ကျူးအတွက် အရှုံးတစ်ခုများ ဖြစ်နေမလား။ အို ... အဲဒီလိုတော့ ကျူး အဖြစ်မခံနိုင်ပါ။ သဒ္ဓါ ပြောသလို လှုပ်ခတ်မှုမရှိဘဲ သူ့ကို အေးဆေးပဲ ဆက်ဆံနိုင်ရမည်။

သူက မျက်မှန်ကို ဆွဲချွတ်လိုက်ကာ ကျူးကို ခံစားချက်ပါသော မျက်လုံးများဖြင့် ငေးကြည့်သည်။

"ကားက ဘာဖြစ်သွားတာလဲဟင်"

"သိဘူး။ မောင်းရင်းနဲ့ ထိုးရပ်သွားတာပဲ"





"ကိုယ် ခဏကြည့်မယ်"

သူက ကျူးလက်ထဲက ကားသော့ကို လှမ်းတောင်းသည်။ ကျူးက မျက်မှောင်ကြုတ်ကြုတ်နှင့်ပင် ...

"ကြည့်မနေပါနဲ့ ကားက ထားခဲ့မှာပါ။ ဒီကားက ဗွေဖောက်နေကျ"

"မဟုတ်ပါဘူး၊ မောင်းလို့ရအောင် လုပ်လို့ရရင်လည်း လုပ်ပေးမလို့ပါ။ ရုံးထိ မောင်းသွားလို့ရရင်လည်း မဆိုးဘူးပေါ့"

ကျူးက ဘာမှ မပြောတော့ဘူး ဟူသော ပုံစံဖြင့် ကားသော့ကို လှမ်းပေးလိုက်သည်။ သူက ကားကို ဖွင့်ကြည့်ပြီးမှ ကျူးရှိရာသို့ ပြန်ရောက်လာကာ ...

"ကားက ဘက်ထရီဒေါင်းသွားတာ ကျူး၊ မောင်းလို့မရတော့ဘူး။ ကိုယ့်ကားနဲ့လိုက်ခဲ့ပါ"

"ဟင့်အင်း ... ရတယ်။ Taxi နဲ့ပဲ သွားမယ်"

"ကျူး ဘာဖြစ်လို့လဲ။ ကိုယ့်ကားကို မစီးချင်တဲ့အထိတော့ စိတ်မနာသင့်ပါဘူး။ ကျူး ဒီနေ့ Meeting ရှိတယ်မဟုတ်လား။ နောက်ကျနေပြီ ကျူး ...

ကိုယ်နဲ့ တစ်ခါတည်းလိုက်ခဲ့ပါ"


www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ရှင်ဟာရှင် တစ်ယောက်တည်း သွားစမ်းပါ"

ကျူးရဲ့ စိတ်ကုန်သလိုအပြောကို သူက နင့်သီးသော မျက်ဝန်းများဖြင့် ကြည့်လာကာ ခပ်ဖွဖွ ခေါ်သည်။

"ကျူး ကိုယ့်ကို မယုံတာလား။ ကိုယ်နဲ့အတူတူ တွဲမသွား ချင်တာလား။ ကိုယ်က ကျူးအတွက် စေတနာနဲ့ပြောတာ ပါ ...

ရတယ် ကျူး။ ကိုယ့်ကားကို ကျူး ယူသွားလိုက်ပါ ကိုယ် ကျူးကားကိုပြင်ပြီး ကုမ္ပဏီကို ယူခဲ့ပါ့မယ်။ အဲ ဖြစ်လား ကျူး"

ကျူးသည် စိတ်ရှုပ်စွာဖြင့် ခေါင်းကို တခြင်းခြ ကုတ်မိတော့မလို ဖြစ်သွားသည်။ Meeting နောက်ကျမှာလည် မလိုလားပါ။ သူနဲ့လည်း အတူတူ မသွားချင်။ အတူတူမသွားချ ဆိုသည်မှာ မုန်းသည့်စိတ်တစ်ခုတည်းအတွက်ကြောင့် မဟုတ် မှုင်ခုန်သံတွေ ပရမ်းပတာဖြစ်မှုကို ထိန်းချုပ်ချင်တာလည်းပါမည် ဟုထင်သည်။ နောက်ဆုံးတော့ ကျူးသည် ကိုယ့်ကားကို စိတ်မ တာလည်းပါသောကြောင့် သူ ကားကိုပဲ မောင်းသွားဖို့ဆုံးဖြတ်လို သည်။

"ကဲ ... ရှင့်ကားကို ကျွန်မ မောင်းသွားမယ်"





သူက ဟုတ်ပြီဟူသော သဘောဖြင့် ကိုယ်ကို ယို့ ကာပေးသည်။ ကျူးသည် ဘာမှ ထပ်မပြောတော့ဘဲ ခပ်လှမ်း လှမ်းမှာရပ်ထားသည့် သူ့ကားပေါ်သို့တက်ကာ မောင်းထွက်လာ ခဲ့သည်။ ဘေးမှန်ထဲမှနေ၍ သူ ကျူးကို ငေးကြည့်နေပြီး ကျန် ရစ်ခဲ့ပုံသည် ကျူးရဲ့နှလုံးသားကို နင့်နဲ့စေသည်။ ကံကြမ္မာသည် သူနဲ့ကျူးကို ဘာကြောင့်များ ရက်စက်စွာခွဲခဲ့ပြီးမှ အနီးကပ်ဆုံး နေရာသို့ ဘာကြောင့်ပို့လိုက်တာပါလိမ့်။ ကျူးရဲ့ နှလုံးသားတွေ ထပ်ပြီးတော့လည်း မနာကျင်တော့ပါ။ အင်း ... သူ့မှာလည်း အချစ်သစ်ရှိရင် ရှိနေနိုင်တာပဲ။ ဒါပေမဲ့ သူ့ရဲ့မျက်ဝန်းအကြည့်တွေ ကို ကျူးက မိုက်မဲစွာ ဘာသာပြန်မိခဲ့သည်။ အဲဒီမျက်ဝန်းတွေထဲ၌ ကျူးကိုချစ်ခဲ့သော အရိပ်အငွေ့တွေ၊ သံယောဇဉ်အရိပ်အငွေ့တွေ ကို ကျူး မြင်တွေ့ရသည်။

သူ ကျူးကို ချစ်တုန်းပဲလား ...။ အဲဒီအတွေးသည် ကျူးရဲ့နှလုံးသားကို ဘောင်ဘင်ခတ် တုန်ခါစေပါသည်။ အတွေး တွေနဲ့အတူ ကားမောင်းလာခဲ့သော ကျူးဟာ ရုံးသို့ ဘယ်လို ရောက်လာမှန်းတောင် မသိလိုက်။ ကျူးရောက်တော့ Meeting စင်ဖို့အချိန်နှင့် အံကိုက်ပင်။ Meeting က တစ်နာရီကျော်ကြာ မြင့်ကာ ပြီးသွားသည့်အချိန်အထိ သူနဲ့ပတ်သက်သော တစ်စုံတစ် ရာကို မကြားရသေး။ ကျူးရဲ့အခန်းထဲသို့ ပြန်ရောက်ပြီး ခဏကြာ



www.burmeseclassic.com

www.burmeseclassic.com



တော့မှပင် ကျူးရဲ့လက်ကိုင်ဖုန်းကို Call တစ်ခုဝင်လာသည်။ ကျူး မသိသော နံပါတ်တစ်ခုဖြစ်ပေမယ့် ကျူးက ဖုန်းကိုဖွင့်ကာ နားထောင်လိုက်သည်။

"ကျူး ... ကိုယ်ပါ"

"အင်း ... ပြော"

"ကားပြင်လို့ပြီးသွားပြီ ကျူး၊ ကိုယ် အခု Dirning Roon ထဲက ကော်ဖီဘားလေးထဲမှာ ရောက်နေတယ်။ ကျူးအား ရင် ခဏလောက် ထွက်လာခဲ့လို့ရမလား"

ကျူးသည် ပထမတော့ ကားသော့ကို တစ်ယောက်ယောက်နဲ့ လဲခိုင်းဦးမလို့ပင်။ သို့သော် သိပ်ကြီးကျောရာရောက်သွားမှာစိုးသဖြင့် အဲဒီစိတ်ကူးကို ပယ်ဖျက်လိုက်သည်။

"ခဏဆိုရင်တော့ ရပါတယ်"

"ဆယ့်ငါးမိနစ်လောက်တော့ အချိန်ပေးပါ ကျူး"

ကျူးသည် တစ်စုံတစ်ရာ ပြန်မပြောမိဘဲ ဖုန်းကို ပိတ်လိုက်သည်။ အဲဒီနောက် စိတ်လှုပ်ရှား မွန်းကျပ်လာလျှင် လုပ်နေကြအတိုင်း လက်ဖဝါးနှစ်ဖက်ထဲကို မျက်နှာအပ်ကာ အသာငြိမ်သက်နေမိသည်။ ပြီးတော့ စိတ်တည်ငြိမ်သွားအောင် ငါးမိနစ်ခန့် အသက်ကို ဝဝရှူပြီးမှ ကျူးဟာ ကော်ဖီဘားရှိရာသို့ ထွက်လာခဲ့သည်။ သူ့ကို ကော်ဖီဘားရဲ့ထောင့်တစ်နေရာတွင်





ထိုင်နေတာကို တွေ့ရသည်။ ကျူးသည် သူနဲ့ဘေးတိုက်မကျတကျ နေရာတွင် ဝင်ထိုင်လိုက်ကာ လက်ထဲက ကားသော့ကို သူ့ဘက်သို့ တွန်းပေးလိုက်သည်။

သူက ကားသော့ကို ဂရုတောင်မစိုက်ဘဲ ...

"ကျူး ဘာသောက်မလဲဟင်"

"နေပါစေ၊ မသောက်တော့ပါဘူး"

"မဟုတ်ပါဘူး။ တစ်ခုခုတော့ သောက်ပါ ကျူး။ ကိုယ်တို့က အမြဲတမ်း ဆုံဖြစ်ကြတဲ့သူတွေမှ မဟုတ်တာ"

ကျူးက သက်ပြင်းတစ်ချက်ချကာ ကော်ဖီပဲဟု မှာလိုက်သည်။ သူက အနားရောက်လာသောဝိတ်တာကို ကော်ဖီနှစ်ခွက်ဟု မှာပေးပါသည်။ ကျူးသည် ပထမတော့ သူ့ကို ကြည့်မနေပါ။ သို့သော် လူတစ်ယောက်ကို မျက်လုံးချင်းဆုံအောင် မကြည့်ရဲတာဟာ သူ့ရဲ့လွှမ်းမိုးမှုကို ကိုယ်က သက်ခံနေရသည့်သဘောရောက်သောကြောင့် သူ့ကို ရင်ဆိုင်ကြည့်ဖို့ရာ ကျူးက မျက်လုံးတစ်ချက် လှန်ကြည့်လိုက်သည်။

အဲဒီအခါမှာ ကျူးကို နစ်မြောစွာ ငေးနေသော သူ့မျက်ဝန်းတို့နှင့် ထိပ်တိုက်ဆုံစည်းမိကြသည်။ ကျူးသည် အဲဒီမျက်ဝန်းများထဲသို့ ခပ်ထန်ထန် ပြန်ကြည့်ရင်းမှ မျက်လွှာကို ဖျတ်ခနဲလွှဲမိသည်။ သူ့ထံမှ စကားသံ စထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျူး ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ရုံးမတက်ခင် တစ်လလောက်ကပေါ့"

"အင်း ... ဒီရုံးမှာ အဆင်ပြေရဲ့လား ကျူး"

"ခုတော့ ပြေနေတာပဲလေ"

"ကိုယ် ရှိနေတဲ့ အတွက် ကျူး တော်တော်တော့ စိတ် အနှောင့်ယှက် ဖြစ်သွားမှာပေါ့နော်"

ကျူးက အဲဒီစကားကိုတော့ ဆတ်ခနဲဖြစ်သွားသည်။ ဒါကြောင့် သူ့ကိုလည်း စူးခနဲပဲ မော့ကြည့်ဖြစ်သည်။ အဲဒီစကားသည် ကျူးရဲ့မာနကို ပါးပါးလေးပုတ်လိုက်သလိုပဲ ဖြစ်လေသည်။

"ဘာဆိုင်လို့လဲ၊ အဲဒီလောက်ထိ အရေးပါတဲ့သူ မဟုတ်ပါဘူး"

ကျူးရဲ့ ခပ်ဆတ်ဆတ် အပြောကို သူက ခွင့်လွှတ်သလိုဖြင့် နှုတ်ခမ်းတွန့်ရုံပြုံးသည်။

"ကျူး တကယ်ပဲ အဲသလို သဘောထားနိုင်ရင် ဝမ်းသာပါတယ်။ ကိုယ့်စိတ်ထဲမှာ အစိုးရိမ်ဆုံး တစ်ခုက ကိုယ့်ကြောင့် ကျူး အနှောင့်အယှက် ဖြစ်နေမှာကိုပဲ ...

အရင်တုန်းက ဘာတွေပဲဖြစ်ခဲ့ ဖြစ်ခဲ့ ခုချိန်မှာ ကိုယ့်ကို မိတ်ဆွေဟောင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုပေးပါ ကျူး ...





ကိုယ့်ကို အရမ်းကြီး မစိမ်းကားပါနဲ့"

ကျူးသည် သူ့ကို တစ်စုံတစ်ရာ ပြန်မပြောမိဘဲ တိတ်ဆိတ်နေမိသည်။ အဲဒီအချိန်မှာ ကော်ဖီလာချသည်မို့ ကော်ဖီကိုသာ ယူမော့နေလိုက်သည်။

"ခုရော ကျူး တစ်ယောက်တည်းပဲလား"

ကျူးသည် အဲဒီမေးခွန်းကိုတော့ ဆတ်ခနဲဖြစ်သွားကာ သူ့ကို မော့ကြည့်မိသည်။ သူက ကျူးကို ရီဝေနက်ရှိုင်းစွာငေးကြည့်နေသည်။ ကျူးက လက်ထဲက ကော်ဖီခွက်ကို ပန်းကန်ပြားထဲသို့ ခပ်ဆောင့်ဆောင့် ပြန်ထည့်ရင်းမှ ...

"ဘာအတွက် သိချင်ရတာလဲ"

"သိချင်ရုံသက်သက်ပါ။ ဘာပဲဖြစ်ဖြစ် ကျူးကို အချစ်အတွက် စိတ်ချမ်းသာ ပျော်ရွှင်တာမျိုးပဲ မြင်ချင်တယ်လေ"

ကျူးက နှုတ်ခမ်းကို ကွေးညွတ်ရုံ မဲ့ပစ်လိုက်ကာ ...

"စိတ်ချ ... ကျူးဆိုတဲ့ မိန်းမက ကိုယ့်စိတ်ချမ်းသာမှုကိုပဲ ဦးစားပေး ရှေ့တန်းတင်တဲ့လူပါ။ ကျွန်မကို သိပ်ချစ်တဲ့လူ တစ်ယောက် ကျွန်မအနားမှာ ရှိပါတယ်"

"ကျူးရဲ့ စကားထဲမှာ သိပ်ချစ်တဲ့လူတစ်ယောက် အနားမှာ ရှိတယ်လို့ပဲ ပါတယ်နော်။ ကျူးကရော မချစ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာကိစ္စ အပိုတွေမေးနေရတာလဲ။ ဒီအချိန်မှာ ဒါတွေမေးနေစရာ အကြောင်းမရှိဘူးနော်။ ရှင့်မှာ ဒီလိုမေးပိုင်ခွင့် ဘာမှမရှိဘူး"

"သူငယ်ချင်းဟောင်း တစ်ယောက်အနေနဲ့တော့ မေးပိုင်ခွင့်ရှိပါတယ် ကျူးရယ်"

"တို့ ချစ်သူ ရနေပါပြီ"

ကျူးရဲ့စကားကို သူက ဩဘ်ဟူသော အသံတစ်ခုဖြင့် တိတ်ဆိတ်ငြိမ်သက်သွားသည်။ သူ့အကြည့်တွေက တစ်နေရာသို့ ရောက်သွားသဖြင့် ကျူးသည် သူ့ကို ပင့်သက်ရှိုက်ကာ တစ်ချက်မော့ကြည့်ဖြစ်သည်။ တိုတိုရှင်းရှင်း ဆံပင်စတိုင်လ်ဖြင့် ရုပ်အင်္ကျီနက်ပြာစင်းကို Skinnyနက်ပြာဘောင်းဘီရှည်ဖြင့် ဝတ်ဆင်ထားသော သူ့ပုံစံသည် အရင်က ကျူး ချစ်ခဲ့ဖူးသောပုံစံထက် အများကြီးပဲ ကြည့်ကောင်းပါသည်။ ဆေးတိုက်မကျတကျ လှမ်းမြင်နေရသော သူ့လည်တိုင်တစ်ဝိုက်နှင့် နားရွက်ဖျားလေးများကို ကျူးသည် အမှတ်တမဲ့ငေးစိုက်မိရာမှ ရင်ထဲတွင် ရုတ်တရက်နင့်လာသည်။

သူ့လည်တိုင်မှာ ကျူးနှုတ်ခမ်းတို့ အပ်ခဲ့ဖူးသည်။ ကျူး သူ့ကို ရူးသွပ်မိုက်မဲစွာ ချစ်ခဲ့ဖူးသည်။ အဲဒီအချစ်တွေဟာ ခုချိန်ထိအောင် ရှိနေတုန်းပဲလား။ အို ... သူ့မှာလည်း အချစ်ရှိနေမှာပါ။ ကျူး နှုတ်ဖျားမှ မရည်ရွယ်ဘဲ လွှတ်ခနဲ ထွက်သွားသည်။





"ရှင်ရော ချစ်သူတစ်ယောက်လောက် ရနေရောပေါ့"

သူက မပီပြင် ဝိုးတဝါးပြုံးကာ ခေါင်းညိတ်ပြသည်။ ကျူးရင်ထဲ၌ မျှော်လင့်ထားပြီးသားဖြစ်သော်လည်း ရင်ထဲမှာတော့ တကယ်နင့်သွားသည်။ သူ့ကို နာကြည်းချင်သလိုလည်းဖြစ်သွားသည်။ ယောကျ်ားတွေများ ဘာကောင်းလဲ။ တစ်ယောက်နဲ့ဝေးတာနဲ့ နောက်တစ်ယောက်က ထပ်ချိတ်ပြီးသားပဲ။

"ကိုယ် ကျူးကို အကြာကြီး စောင့်ခဲ့ပါတယ်"

ကျူးက သူ့ကို ဆတ်ခနဲမော့ကြည့်မိသည်။ သူက ကျူးကို ရီဝေစွာ ငေးမောနေပါသည်။ သူ့ရဲ့စကားတစ်ခွန်းသည် ကျူးကို တောင်ထိပ်မှ တောင်ခြေသို့ ဒရွတ်ဆွဲတိုက် ခေါ်လာသလို ပင်ပန်းနာကျင်စွာ ကြွမ်းရှသွားစေသည်။ အကြာကြီး စောင့်ခဲ့တယ်တဲ့။ အဲဒါ ဘာအဓိပ္ပာယ်လဲ။ ကျူး ပြန်မမေးနိုင်ခင်မှာ သူက ဆက်ပြောသည်။

"ကျူးကို ဘယ်တော့မှ ပြန်တွေ့မှာမဟုတ်ဘူးလို့လည်း ထင်ခဲ့တယ်။ ဒါပေမဲ့ မသိစိတ်မှာတော့ မျှော်လင့်နေဆဲပဲ ...

ကျူးအပေါ်မှာ ကိုယ် အကြွေးတစ်ခု ရှိနေသလို အမြဲခံစားရတယ် ကျူး။ ကျူးကို ကိုယ် ရက်စက်ခဲ့တာ မဟုတ်ပါဘူး။ ကျူးဘဝအတွက် ကိုယ် ရှေ့တန်းတင်ပြီး စဉ်းစားပေးခဲ့တာယုံပါ။ အဲဒီအချိန်က ကျူး ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com

နာကျင်ဝမ်းနည်းခဲ့ရမယ်ဆိုတာ ကိုယ် သိပါတယ်။ ဒါပေမဲ့ ကျူးရယ် ...”

“တော်ပါတော့ ခေါင်ခိုက်”

ကျူးက တုန်လှုပ်ဆို့နင့်စွာ တားမြစ်လိုက်လျှင် သူက ကျူးကို မျက်လုံးအဝိုင်းသားဖြင့် မော့ကြည့်သည်။ ကျူးသည် ထိုင်ရာမှထကာ သူ့ကို ငုံ့မိုးစိုက်ကြည့်လျက် ...

“ဒီအချိန်မှာ ဒါတွေပြောနေလို့ ဘာမှ မထူးတော့ပါဘူး။ အားလုံး ပြီးသွားခဲ့ပါပြီ ခေါင်ခိုက်”

ကျူးသည် သူ့ကို တစ်စုံတစ်ခု ဆက်ပြောမည့်ဟန် ပြင်ပြီးမှ မပြောဖြစ်တော့ဘဲ ချာခနဲ လှည့်ထွက်လာခဲ့သည်။ မျက်လုံးထဲမှာ ချက်ချင်း စိမ့်အိုင်ပြီး ဝေ့တက်လာသော မျက်ရည်များဟာ ဘာအတွက်ကြောင့်ပါလိမ့်။ ခြောက်နှစ်သော အချိန်ကာလ အတွင်းမှာ ကျူးသည် သူ့ကို မေ့နိုင်ခဲ့ပြီဟု ကိုယ့်ကိုယ်ကိုယ် ထင်ထားခဲ့သည်။ သို့သော် ဒီအချိန်မှာ ကွဲကွဲပြားပြား သိလိုက်ရတာတော့ သူ့ကို မမေ့သေး။ မမေ့နိုင်သေး။

မမေ့နိုင်သေးခြင်းရဲ့ အဖြေဟာလည်း “အချစ်”ဆိုသောအရာမှလွဲ၍ တခြားမရှိတော့ပြီ။

✧ ❤ ✧





## ၁၀

ကျူးနဲ့ ခေါင်ခိုက်သည် တစ်ရုံးထဲမှာ အလုပ် လုပ်ရတာချင်း တူသော်လည်း တကယ်တမ်းကျတော့ နိစ္စဓူဝကြီးတော့ မတွေ့ဖြစ်ကြပါ။ ကျူးက ရုံးမှာထိုင်ရတာများပြီး ခေါင်ခိုက်ကတော့ ရုံးကို တစ်ချက်လောက်ပဲဝင်ပြီး လက်မှတ်ထိုးကာ များသောအားဖြင့်တော့ ဆိုက်ထဲ ဆင်းနေရသူဖြစ်သည်။ ဒါကြောင့် တစ်ခါတလေ နေ့လယ်နေ့ခင်း ကော်ဖီသောက်ချိန်တို့၊ ရုံးကို အလာမှာတို့၌ ဖြတ်သွား ဖြတ်လာ ဆုံဖြစ်တာ များလေသည်။

ကျူးသည် သူနဲ့ဆုံလေတိုင်း တတ်နိုင်သမျှတော့ အကြည့်ချင်း မဆုံမိအောင် နေမိသည်။ ဒါပေမဲ့လည်း ဝေဒနာကတော့ ရင်ကို တိုးနေသည်ဆိုတာ ကိုယ့်ဟာကိုယ်ပဲ သိလေသည်။


www.burmeseclassic.com

www.burmeseclassic.com


ဒီလိုနဲ့ပဲ တစ်လကြာသွားပြီးသည့် အချိန်မှာတော့ ကျူးရဲ့ချစ်သူ မင်းချမ်းယုလည်း ဩဇီမှ ပြန်ရောက်လာခဲ့သည်။ တစ်ရက်ကတော့ သူက ကျူးကို ရုံးသို့လာကြိုပါသည်။ သူ လာကြိုမယ်ဆိုတာသိသော ကျူးသည် မနက်တည်းက ကားယူမလာခဲ့။ အပြန်ကျတော့ သူ လာကြိုမှာမို့ အေးအေးဆေးဆေးပဲလုပ်ကာ အလုပ်တွေကို လက်စသတ်ရင်း နောက်မှဆင်းဖြစ်သည်။ ကျူးက ကိုယ့်အခန်းကိုယ် သော့ပိတ်ကာ လှည့်အထွက်မှာပဲ ကျူးကိုစောင့်နေသလားဟု ထင်ရသော ခေါင်နိုက်ကို တွေ့လိုက်ရတာဖြစ်သည်။ ကျူးသည် သူ့ကို ရုတ်တရက်ကြီး မြင်လိုက်ရသောအခါ ရင်ထဲမှာ ဒိန်းခနဲ ဖြစ်ပြီးမှ အတင်းကြီးပဲ တည်ငြိမ် ပစ်လိုက်ရသည်။

"ကျူး ... ကားမပါဘူး မဟုတ်လား"

သူက အတပ်သိသလိုဖြင့် မေးသည်။ ကျူးသည် အဲဒီ တိုးတိတ်သော အမေးကြောင့် ရင်ထဲမှာ နွေးသွားရသော်လည်း အဲဒီအာရုံကို ချက်ချင်းပင် ဖျောက်ပစ်လိုက်ရသည်။

"လာကြိုမှာပါ"

"ဩော် ... ကိုယ်က ကျူးရဲ့ကားကို မတွေ့မိလို့ မပါဘူးထင်ပြီး ပြန်ပို့ပေးမယ်ဆိုပြီး စောင့်နေတာ"

"ကိစ္စမရှိဘူး။ သွားစရာရှိတာ သွားပါ ခေါင်နိုက်။ တို့ကို လာကြိုမယ့်သူ ရှိပါတယ်"

သူ့မျက်နှာက တစ်မျိုးဖြစ်သွားကာ ...

"ကျူးရဲ့ချစ်သူလားဟင်"

"အဲဒါ ရှင်နဲ့ ဘာဆိုင်လဲ"

"ဆောရီး ကျူး။ ကိုယ် စပ်စုသလို ဖြစ်သွားရင် တောင်းပန်ပါတယ်။ ကျူး အဆင်ပြေတယ်ဆိုရင် ပြီးတာပါပဲ"

ကျူးသည် သူက အဲဒီလို ပြောတော့လည်း စိတ်မကောင်း ဖြစ်သွားရသည်။ သို့သော် ဘာမှမတတ်နိုင်တော့ပါ။ သူ့မျက်ဝန်းထဲက အကြင်နာ အရိပ်အငွေ့တွေကို မြင်နေရသော်လည်း ကျူးတို့နှစ်ယောက်ရဲ့ဘဝက စည်းခြားခဲ့ပြီဖြစ်သည်။ ကျူး ရွေးချယ်ထားခဲ့သော ချစ်သူသည် မိဘတွေကအစ သဘောကျသော အဘက်ဘက်က ပြောစရာမရှိသည့် ချစ်သူတစ်ယောက်ဖြစ်သည်။ သူနဲ့ လက်ထပ်ပြီးလျှင်လည်း သာယာချမ်းမြေ့သော ဘဝတစ်ခုကို ထူထောင်နိုင်လိမ့်မည်ဟု ယုံကြည်သည်။ ဒီအတွက်ကြောင့် ကျူးသည် ခံစားချက်တွေကို ဦးစားမပေးချင်တော့ပါ။ မလုံခြုံမှန်းသိသော ကျူး နှလုံးသားကိုလည်း သော့တွေ အထပ်ထပ်ခတ်ကာ ပိတ်နှောင်သိမ်းဆည်းလိုက်ပြီ ဖြစ်သည်။

ကျူးသည် သူ့ကို ဘာမှထပ်မပြောတော့ဘဲ ဓာတ်လှေကားထဲမှ သွက်သွက်ထွက်ကာ ဆင်းလာခဲ့သည်။ အပြင်ဘက်ကားပါကင်သို့ လျှောက်လာလျှင် ပါကင်ရှေ့က သစ်ပင်တွေကြားမှာ လမ်းလျှောက်နေသော ကိုချမ်းက ကျူးကို လက်လှမ်းပြသည်။ ပြီးတော့ ကျူးဆီကို အပြုံးတစ်ခုနှင့် လျှောက်လှမ်းလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"စောင့်နေရတာ ကြာပြီလားဟင် ကိုချမ်း"

"ဟင့်အင်း ... သိပ်မကြာသေးဘူး။ ကျူးတို့ရုံးက မိုက်သားပဲနော်"

"အင်း ... သွားမယ်လေ။ ကိုချမ်း မုန့်စားဦးမယ် မဟုတ်လား"

"ကျူး ဘာစားချင်လဲ"

"ကိုချမ်း ကြိုက်တာစားပါ"

"ကိုယ်က ကြေးအိုးစားချင်နေတာ"

"စားလေ။ ကျူးလည်း ကြိုက်တယ်"

"အိုခေ ... ဒါဆို လစ်စို့"

ကိုချမ်းက ကျူး တက်ဖို့ တံခါးကိုဖွင့်ပေးကာ သူက ပြီးမှတက်သည်။ ကျူးသည် တကူးတက လှည့်မကြည့်ရပါဘဲနှင့် ခေါင်းနိုက် တစ်ယောက် ကိုယ့်ကို ငေးကြည့်နေတယ်ဆိုတာ အလိုလို သိလေသည်။ သူ ဘယ်လိုခံစားရမလဲ မတွေးချင်တော့ပေမယ့် သူ့အတွက်သာမက ကိုယ့်အတွက်ပါ ရင်ထဲမှာ က ထိခိုက်ရသည်။ ကိုချမ်းကတော့ ဘာမှမသိ။ ကျူးကို သူက ချည်း စကားတွေ ဒိုင်ခံပြောကာ ကားကို ကျင်လည်စွာ မောင်းထွက်လာခဲ့သည်။ ကျူးသည် နောက်ကြည့်မှန်ထဲမှတစ်ဆင့် သူ့ပုံရိပ်ကို ခိုးကြည့်ကာ ရင်ထဲ၌ နင့်ဟိုက်ပြီးလာသည်။





သူက ကျူးတို့နှစ်ယောက်ကို ရပ်ငေးနေသည် မဟုတ်ပါလား။

"ကျူး ရုံးမှာရော အဆင်ပြေရဲ့လား"

"အင်း ... ပြေပါတယ်"

"ပြေပါတယ်သာဆိုတာ ကျူး ပုံစံက နည်းနည်း weak ဖြစ်နေသလားလို့ပဲ"

"ရုံးမှာ ပင်ပန်းထားလို့ပါ"

"အင်း ... အဲဒါကြောင့် ကျူးကို ပြောတာပေါ့။ ကိုယ်နဲ့ လက်ထပ်ပြီးသွားရင် ကျူး အလုပ်တွေ မလုပ်ချင်လည်း ရပါတယ်။ ဒါပေမဲ့ သင်ထားတဲ့ ပညာတွေတော့ နမြောစရာပေါ့ ...

ကိုယ်က ကျူး ပင်ပန်းတာကို မမြင်ချင်လို့ပါ။ ကျူးကို အေးအေးချမ်းချမ်းနဲ့ ငြိမ်ငြိမ်လေး နေရတဲ့ ဘဝ ကိုပဲရောက်စေချင်တယ်လေ။ ကိုယ့်စေတနာကို သဘော ပေါက်လား မသိဘူး"

"အင်း ... ပေါက်ပါတယ် ကိုချမ်း။ အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး။ ခုဟာက နည်းနည်း ငြီးစီစီ ဖြစ်နေတာလည်း ပါ,ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



"ကျန်းမာရေးကို ဂရုစိုက်နော် ကျူး။ ဩော် ... ညီမလေး ကတောင် ပြောနေသေးတယ်။ ကျူးကို တစ်ရက်လောက် အိမ်ကို ဖိတ်ခဲ့ပါဦးတဲ့။ ရွှေတောင်ခေါက်ဆွဲဖြစ်ဖြစ် လုပ်ကျွေးချင်လို့တဲ့ ...

ကျူးကိုလည်း အရမ်းချော့လို့တဲ့၊ ပြောနေတာ"

"အင်း ... သူလည်း ချောပါတယ်။ ဖြူဖြူသွယ်သွယ်လေးနဲ့ ချစ်စရာလေးပဲဥစ္စာ"

"ဒါပေမဲ့ ကျူးကိုတော့ မမီတာ အမှန်ပဲ"

"ကိုယ်ချမ်းကလည်းလေ၊ ကိုယ့်ညီမကို"

"ဟုတ်တယ်လေ၊ အမှန်ပြောတဲ့ဟာပဲ။ ကျူးက သိပ်လှ တော့ ကိုယ်က အမြဲတမ်း စိတ်မချ ဖြစ်နေရတယ်ကွာ။ ကျူးကို အမြန်ဆုံး ပိုင်ဆိုင်ချင်ပြီ ...

ကျူး ... ဘယ်တော့လောက် ကိုယ်တို့ လက်ထပ်ကြမလဲဟင်"

"ဩော် ... နေပါဦး ကိုချမ်းရယ်။ ကိုချမ်း အသက်လည်း အရမ်းကြီး ကြီးနေတာမှ မဟုတ်တာ"

"ဟာ ... ကိုယ်က မကြီးပေမယ့် မငယ်တော့ဘူးလေ ကျူးလည်း တွမ်တီဖိုက်ဆိုတာ ငယ်တော့တာမှ မဟုတ်





တာ။ ပြီးတော့ မိန်းကလေးတစ်ယောက်အတွက် ဒီအသက်အရွယ်ဟာ အိမ်ထောင်ပြုဖို့ အသင့်တော်ဆုံး အရွယ်ပဲလေ။ ကိုယ်တို့မှာ အားလုံးပြည့်စုံနေပြီပဲ။ ဘာလိုအပ်တာများ ရှိနေလို့လဲ။ ဒီတော့ အချိန်အကြာကြီး မနေချင်တော့ဘူး ကျူးရယ် ...

ကိုယ့်ညီမလေးကလည်း ချစ်သူရှိတယ်လေ။ သူလည်း နောက်ထပ် တစ်နှစ် နှစ်နှစ်လောက်နေရင် လက်ထပ်ချင် လက်ထပ်မှာ။ အဲဒီတော့ ကိုယ်က ကျော်တက်တော့ မခံချင်ဘူးလေ ကျူး။ ဟုတ်တယ်မှလား"

ကျူးသည် အပြုံးတစ်ခုနှင့် ကြည့်ကောင်းအောင် ခေါင်းညိတ်ပြလိုက်ရသော်လည်း ရင်ထဲမှာ ထင်သလောက် မပေါ့ပါးဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ်ပဲ သိလေသည်။ ဘာကြောင့် ကျူး မပေါ့ပါးရတာလဲ။ ကျူးရဲ့နှလုံးသားကို လေးနက်တင်းကျပ်အောင် ဘယ်အရာကများ စွမ်းဆောင်ထားတာပါလဲ။ ကျူး ဆက်ပြီး မစဉ်းစားချင်တော့ပါ။

တကယ်တော့ အဖြေထွက်ပြီးသား ပုစ္ဆာတစ်ပုဒ်ကို ထပ်ခါ ထပ်ခါ အဖြေရှာနေစရာ မလိုဘူး ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိဖို့ကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com

ရလာသောအဖြေဟာ ကိုယ့်နလုံးသားကို နာကျင်စေသည်။ စိတ်ဆင်းရဲစေသည်။ ခံစားရစေသည် ဆိုတာလည်း ကိုယ့်ဟာကိုယ် သိပြီးသားဖြစ်သည်။ ဒါကိုမှ ရူးမိုက်ချင်သော ကျူးသည် ကံကြမ္မာကိုပဲ အပြစ်တင်ရမလား ဆိုတာတော့ ဘာကိုမှ မဝေခွဲတတ်တော့ပါ။

✧ ❤ ✧





ကျူးသည် တစ်ပတ်လောက် တွေဝေနွမ်းနှောက်ကျိနေသော စိတ်တို့ကို အကောင်းဆုံးဦးနှောက်ဖြင့် ဆင်ခြင်သုံးသပ်ပြီးသောအခါ အသင့်တော်ဆုံး အဖြေတစ်ခုကို ထုတ်၍ပြီးသွားလေသည်။ အဲဒါကတော့ ကျူးတစ်ယောက် ကိုချမ်းရဲ့လက်ထပ်ခွင့်ကို လက်ခံလိုက်ဖို့ပဲ ဖြစ်သည်။ တစ်စုံတစ်ယောက်ကို မြင်တွေ့ရုံဖြင့် အသစ်ဖြစ်သွားသော ဝေဒနာတို့ကို ကျူး မရယူလိုတော့ပါ။ တစ်ချိန်က ငယ်စိတ်ဖြင့် သူ့ကို စိတ်နာခဲ့သည် ဆိုသော်လည်း ဒါဟာ ကျူးအတွက်ဆိုတာ ခုချိန်မှာ ကောင်းကောင်းကြီး နားလည်သဘောပေါက်ရပြီဖြစ်သည်။ ကျူးရဲ့စိတ်ဆန္ဒအတိုင်းသာဆိုလျှင် ကျူးသည် ဒီလောက် ပညာတွေတတ်ပြီး မြင့်မားသာနေရာကို ရောက်မှာမဟုတ်ခဲ့။ ပြီးတော့ သူ့အပေါ်တွင် ခင်မင်မကြီးခဲ့လျှင်လည်း ကျူးတို့ ဒီလောက်ထိ ဝေးသွားစရာအကြောင်းရှိမည် မထင်ပါ။


www.burmeseclassic.com

www.burmeseclassic.com



ခုတော့ အချစ်ဦး အချစ်ဖျားကို အထင်သေးခဲ့သော ကျူးသည် အချစ်ရဲ့ တန်ပြန်သက်ရောက်မှု ဝေဒနာတွေကို ကောင်းကောင်းကြီး ခံနေရပြီဖြစ်သည်။ အဲဒီဝေဒနာတွေအတွက် ကျူးမှာ ထွက်ပေါက်မရှိ။ ရှိခဲ့လျှင်လည်း တစ်ခုတည်းသော ထွက်ပေါက်မှာ ကိုချမ်းကို လက်ထပ်ဖို့ပဲ ဖြစ်တော့သည်။ ကျူးသည် ဒီလို စိတ်လေနေရသော အဖြစ်မျိုးကိုလည်း ကြာရှည်စွာ ခံစားနိုင်စွမ်း မရှိပါ။

ကျူးရဲ့အဖြစ်ကို သူငယ်ချင်းဖြစ်သူ သဒ္ဒါကတောင် တအံ့တသြနှင့် ပြောဖူးခဲ့သည်။

"နင့်အချစ်က အံ့သြဖို့ ကောင်းလိုက်တာဟယ်။ လူတစ်ယောက်ကို အဲဒီလောက်ကြီး ရင်ထဲမှာ ထည့်ထားပြီး ချစ်နိုင်တယ်နော်။ အစွဲလမ်းကြီးတယ်လို့ပဲ ပြောရမလား ...

အင်း ... ငါ့အထင်တော့ ခေါင်ခိုက်ကလည်း နင့်ကို အခုထိ ချစ်တဲ့ပုံပဲ။ နင်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် အရမ်းချစ်ရဲ့သားနဲ့ ဒီလိုကြီး ဖြစ်နေတာက တော့ သိပ်အလုပ်မဟုတ်ဘူး ထင်တာပဲ"

ထိုစကားကို ကျူးမှာ တစ်စုံတစ်ရာ ပြန်မပြောနိုင်ပါ။ သို့သော် ဆုံးဖြတ်ချက် တစ်ခုကတော့ ကောင်းကောင်းချ တော့မည်ဆိုတာ ကိုယ့်ဟာကိုယ် နားလည်ခဲ့သည်။ အဲဒီနေ့က





တော့ ကျူးဘဝအတွက် အပြောင်းအလဲဖြစ်မည့် နေ့တစ်နေ့ဖြစ်ခဲ့သည်။ ကျူးဟာ ရုံးထိုင်များသည် ဆိုသော်လည်း ဆိုက်ထဲသို့ ဆင်းစရာရှိလျှင်လည်း ဆင်းရလေရာ အိမ်ရာတစ်ခု၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲသို့ ဆင်းဖို့အကြောင်းဖန်လာသည်။ ကျူးနှင့်အတူတူ တာဝန်ခံမန်နေဂျာ၊ စာရင်းကိုင်တစ်ယောက် စသဖြင့် တာဝန်ကျရာ လူတွေမှာ ဆောက်လုပ်ရေးခွင်ထဲသို့ ဝင်လာခဲ့ကြရသည်။

ဟိုရောက်တော့ အဲဒီဆိုက်ကို ကြီးကြပ်ဆောက်လုပ်သူမှာ ခေါင်ခိုက် ဖြစ်လို့နေတာကို တွေ့ရလေသည်။ သူကတော့ ကျူး ရောက်လာမှာကို ကြိုသိနေလား မပြောတတ်။ သိပ်မအံ့သြသော်လည်း ဖော်ရွေသည့်ပုံစံမျိုးနှင့် နှုတ်ဆက်သည်။

"ကျူးတို့ အိမ်ရာတစ်ခုလုံး ကြည့်မှာဆိုရင် နေ့လယ်ထမင်းစားချိန်လောက် ရောက်သွားလိမ့်မယ်။ နေ့ခင်းစာ ဒီမှာပဲ စားမလား ...

ကိုယ် တစ်ခုခု စီစဉ်ပေးမယ်လေ"

"နေပါစေ၊ အဲ ... တာဝန်ခံကို မေးကြည့်ရင်တော့ မေးလိုက်ဦး။ သူတို့ ဆာနေမှာ စိုးလို့ပါ"

"ဒါ ... ကျူး ဆုံးဖြတ်ရမှာလေ။ သူတို့ကို မေးစရာ မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျူးက အဲဒီအပြောကို မျက်စောင်းထိုးမိတော့မလို ဖြစ်သွားပြီးမှ ကိုယ့်ကိုယ်ကိုယ် အလျှင်အမြန် ထိန်းသိမ်းလိုက်ရသည်။ သူကတော့ ခပ်ပြုံးပြုံးနှင့်ပင် လက်နှစ်ဖက်ကို နောက်ပစ်ကာ ...

"ကျူး ဘာစားမလဲဟင်"

"ဘာပဲဖြစ်ဖြစ် ရပါတယ်"

"ကျူးအတွက် မန္တလေးထမင်းပေါင်း သပ်သပ်မှာပေးမယ်နော်။ စွန်တန်ဟင်းချိုနဲ့။ ပြီးတော့ ရွှေပုစွန်က ရေခဲမုန့်အချိုတည်းဖို့ မှာလိုက်မယ် ...

ကျူး အဲဒါတွေကိုတော့ ကြိုက်တုန်းပဲ မဟုတ်လား"

ကျူးသည် သူ့ကို ဘာပြောရမှန်း မသိဘဲ ဖျတ်ခနဲ မော့်ကြည့်မိသည်။ သူ ပြောတာတွေဟာ တစ်ချိန်က ကျူး အင်မတန် ကြိုက်နှစ်သက်ခဲ့သော အစားအသောက်တွေ ဖြစ်သည်။ သူနဲ့ အပြင်အတူတူ သွားလေတိုင်း ကျူး ကြိုက်တတ်သဖြင့် သူ ဝယ်ကျွေးခဲ့သော အရာတွေဖြစ်လေရာ အခုမှ သတိတရနဲ့ ထုတ်ဖော်ပြောတာဟာ ကျူးနှလုံးသားကို တမင်ပဲ နာကျင်စေတာလားတော့ မပြောတတ်ပါ။

"အဆင်ပြေတာပဲ လုပ်ပါ ခေါင်ခိုက်။ ကျူးအတွက် တကူးတကကြီး သပ်သပ်စီစဉ်တာမျိုး မလုပ်ပါနဲ့"





"တကူးတက မဟုတ်ပါဘူး ကျူး။ အိုကေ ... အဲဒါဆို ကိုယ် မှာထားလိုက်တော့မယ်နော်"

ကျူးက ခေါင်းတစ်ချက် ညိတ်ပြလိုက်လျှင် သူက ခဏထွက်သွားသည်။ ပြီးတော့ ကျူးတို့ကို လိုက်လံရှင်းလင်းပြသဖို့အတွက် ပြန်ရောက်လာပါသည်။ ကျူးသည် နားထဲမှာတော့ ရှင်းပြနေသည့် သူ့အသံတွေကို မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေသည်။

အလုပ်ထဲတွင် စိတ်ကို နှစ်မြှုပ်နှံလိုက်တော့မှ နည်းနည်း အဆင်ပြေသွားသည်။ အဲဒီအချိန်မှာပဲ ကျူးရဲ့ဖုန်းက ရုတ်တရက် ထမြည်လာလေရာ ကျူးက အားလုံးကို တစ်ချက် ဆိုကြည့်ရင်း "ခဏလေးနော်"ဟု ဆိုကာ ခပ်လှမ်းလှမ်းသို့ ထွက်လာခဲ့သည်။ ဖုန်းက ကိုချမ်းထံမှ ဖြစ်သည်။

"အင်း ... ကိုချမ်း ပြော"

"ကျူး မနက်ဖြန် ဆက်တာအေးလေ။ အဲဒါ ညီမလေးက ကျူး အားမလားတဲ့ မေးခိုင်းလို့။ အားရင် မနက်ဘက် ခဏပဲဖြစ်ဖြစ်ပေါ့ အိမ်မှာ ရွှေတောင်ခေါက်ဆွဲ လာစားဖို့ ဖိတ်ခိုင်းလိုက်တယ်"

"မနက်ဖြန် မနက် ! အင်း ... မနက်ဖြန် ကျူး MD နဲ့ အလုပ်ကိစ္စ စကားပြောစရာရှိတယ်။ ရုံးကတော့ ပိတ်ပါတယ်။ MD ရဲ့အိမ်ကို သွားရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်ရင် ဆန်းဒေးရော"

"ဆန်းဒေး မနက်တော့ အားပါတယ်"

"အိုကေ ... အဲဒါဆို ဆန်းဒေးမနက်ကို ချိန်းလိုက်မယ် ကွာ။ အခု ရုံးမှာပဲလား၊ နေ့လယ်စာရော စားပြီးပြီလား"

"ဟင့်အင်း ... အပြင်ဘက် ဆိုက်တစ်ခုကို ရောက်နေတာ။ နောက်မှ ပြန်ဆက်မယ်နော် ကိုချမ်း"

"အိုကေ ... အိုကေ ... ဆီးယူ ကျူး"

ကျူးက ဖုန်းပိတ်လိုက်ပြီး လှမ်းလာမလို့ ဟန်ပြင်နေတုန်းမှာပင် ဒီဘက်ကို လှမ်းကြည့်နေသော ခေါင်ခိုက်ထံမှ စိုးရိမ်တကြီး အော်သံတစ်ခုက ထွက်ပေါ်လို့လာသည်။

"ကျူး ... အပေါ်မှာ ... အပေါ်က ..."

သူ အော်တာကို ကျူးက ရုတ်တရက် နားမလည်ချေ။ ကြောင်ပြီးကြည့်နေတုန်းမှာပဲ သူက ကျူးထံသို့ ပြေးလာကာ လူကို တွန်းဖယ်ပစ်လိုက်သည်။ အဲဒီတွန်းဖယ်သံ အဆုံးမှာပဲ အပေါ်က ပြုတ်ကျလာသော သစ်သားချောင်းကြီးက သူ့ခေါင်းတစ်ဖက်ခြမ်းပေါ်သို့ ဝုန်းခနဲ ပြုတ်ကျသွားတော့တာဖြစ်သည်။ ကျူးသည် ထိတ်လန့်လွန်းအားကြီးသောကြောင့် "အမယ်လေး" ဟူသော အော်သံကြီးမှာ အကျယ်ကြီး မြည်ဟီးသွားသည်။ သူကတော့ အောက်သို့ ပုံလဲပြီး ကျသွားလေသည်။ သူ့ဦးခေါင်း





ထက်မှာ ချက်ချင်း စိမ့်အိုင်ပြီး ဖွဲ့လာသော သွေးတွေကိုကြည့်ကာ ကျူးမှာ ကြက်သေ,သေပြီး နှလုံးဆို့နေသည်။ သူ့ကိုလည်း ချက်ချင်း မထူမိ။

အနားသို့ လူတွေ ပြေးလာကြတော့မှသာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တော့သည်။ သူ့ကို လူတစ်ယောက်က မွေ့ယူလျက် မေးများကို လှုပ်ယမ်းကာ သူ့နာမည်ကို ခေါ်သည်။ သူက သတိလုံးလုံး မလစ်သေးသော်လည်း သိပ်တော့ သတိရပုံ မပေါ်တော့။ တအင်းအင်း ညည်းညူနေကာ စုတ်တသပ်သပ်နှင့် တကျွတ်ကျွတ် ဖြစ်နေသည်။

"ဆေးရုံပို့မှ ဖြစ်မယ်။ ဒဏ်ရာများတယ်"

"လာ ... လာ ... ကျွန်မ ... ကျွန်မကားနဲ့ ပို့ပေးပါ့မယ်"

သူများတွေ ပျာယာခတ်တော့မှပင် ကျူးလည်း အတုန်တုန် အလှုပ်လှုပ်ဖြင့် သတိဝင်လာတာ ဖြစ်တော့သည်။ လူတစ်ယောက်က သွေးတွေ စွဲနစ်နေသော သူ့ဦးခေါင်းကို အဝတ်စတစ်ခုဖြင့် ပတ်ပေးထားကာ အသာဖေးမထားသည်။ ကျူးအတွက်နဲ့ သူက ဓားစာခံဝင်၍ လုပ်လိုက်သည်ဟူသော အဖြစ်အပျက်သည် ကျူးရဲ့နှလုံးသားကို တကယ်ပဲ နာကျင်ဆို့နင့်စေပါသည်။ အိုင်ဖွဲ့လာသော မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျမလာစေရန်မှာလည်း အတော်ထိန်းသိမ်းရသောဒုက္ခ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျူးသည် အနီးဆုံး ဆေးရုံတစ်ခုသို့ မောင်းလာပြီးနောက် ဆေးရုံရောက်သော် သူ့ကို တာဝန်ကျဆရာဝန်တွေက အရေးပေါ် ကုသပေးကြသည်။ ဆရာဝန်တစ်ယောက်က ကျူးကို လူနာရှင်သဖွယ် သဘောထားကာ ...

"လူနာက သွေးနည်းနည်း လိုနေတယ်။ သူ့သွေးအမျိုးအစားက အေသွေးလေ၊ အဲဒါ ခင်ဗျားတို့ထဲမှာ ..."

"ကျွန်မ လှူပါ့မယ်၊ ကျွန်မ အေသွေးပါရှင်"

"ဟုတ်လား ... အတော်ပဲပေါ့။ ကဲ ... ဒါဆိုရင် လိုအပ်တဲ့ စစ်ဆေးမှုလေးတွေ လုပ်ကြရအောင်၊ ဆရာမရေ ... သွေးစစ်ဖို့ အဆင်သင့်ပြင်ပါ"

ဆရာမတွေက ကျူးရဲ့သွေးကို ချက်ချင်းဖောက်စစ်ပြီးလျှင် အားလုံး ကင်းရှင်းစိတ်ချရတာနှင့် သူ့ကို သွေးလှူပေးဖို့ ပြင်သည်။ သူ့ခုတင်ဘေးမှာ ကျူးက ဘေးချင်းယှဉ်လျက် သွေးလှူရလျှင် ကျူးသည် သူ့မျက်နှာကို တစိမ့်စိမ့်ငေးလျက် ရင်ထဲမှာ များစွာဝမ်းနည်းရသည်။ သူသာ ကျူးကို မကယ်မဲ့လျှင် ခုချိန်မှာ ကျူးတစ်ယောက် သူ့လိုအဖြစ်မျိုးနဲ့ ရင်ဆိုင်နေရမလား တော့ မပြောတတ်ပါ။

သူ့ကိုယ်ထဲသို့ ကျူးရဲ့သွေး တစ်ပုလင်းစာ ဝင်သွားလျှင် ဆရာမက ပိုက်ကိုလာဖြုတ်ပေးကာ ...





"ချက်ချင်း မထနဲ့ဦးနော်။ ခဏလေး မှေးနေပါဦး။ ပြီးတော့ ချက်ချင်းပြန်လို့လည်း မရဘူး။ အနားယူပြီးမှ ပြန်လို့ရမယ်"

"ဟုတ်ကဲ့။ ဒါနဲ့လေ ဆရာမ၊ သူ့အခြေအနေက စိုးရိမ်ရလားဟင်၊ ဘယ်တော့ သတိရမှာလဲ"

"အရမ်းကြီးတော့ မစိုးရိမ်ရတော့ပါဘူး။ ဘယ်တော့ သတိရမလဲ ဆိုတာကတော့ အတိအကျ မပြောတတ်ဘူး ရှင့်။ ညနေစောင်းလောက်တော့ သတိရမယ်နဲ့ တူတယ် ...

ရပါတယ်။ ဒီကညီမ အိမ်ပြန်နားချင်လည်း ကျွန်မတို့ စောင့်ပါ့မယ်"

"အို ... မဟုတ်ပါဘူး။ ကျွန်မ သူ သတိရတဲ့အထိ စောင့်မှာပါ"

"ဟုတ်ကဲ့ ... ရပါတယ်။ နားနားနေနေ စောင့်ပါ"

ဆရာမလေးက ထွက်ခွာသွားလျှင် ကျူးသည် ခုတင်ပေါ်မှ ချက်ချင်းမထသေးဘဲ သူ့ကိုပဲ လှမ်း၊လှမ်းငေးကာ အရိပ်တကြည့်ကြည့် ကြည့်နေမိသည်။ ကျူးရဲ့ရုံးက လူတွေကတော့ ရုံးကို အစီရင်ခံဖို့ ပြန်သွားကြပြီး ကျူးနဲ့သူသာ နှစ်ယောက်တည်း ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ ကျူးမှာ ထမင်းလည်း မစားရပေမယ့် ဗိုက်လည်း မဆာတော့ပါ။ ရုံးက ဝန်ထမ်းတစ်ယောက်က နားနီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ပွတင်း လာပို့သဖြင့် နည်းနည်းသာ စားနိုင်ပြီး သူ့ကိုသာ ထိုင်စောင့်နေမိသည်။ သူ့နုတင်ဘောက ဆိုဖာခုံပေါ်မှာ လက်ထောက်ပြီး သူ့မျက်နှာကို ငေးနေမိသော ကျူးရဲ့ရင်ထဲသို့ အတိတ်ပုံရိပ်တို့က တန်းစီပြီး ပြန်လည်ပြေးဝင်လို့လာသည်။ ကျူးတို့ နှစ်ယောက် သိပ်ချစ်ခဲ့ကြသည်။ သိပ်ချစ်လွန်းအားကြီးလို့ပဲ ကျူးတို့ဝေးခဲ့ရခြင်းဖြစ်သည်။ တကယ်တော့ ကျူးတို့ရဲ့ ချစ်တတ်လွန်းမှုကပဲ ကျူးတို့ကို ခွဲပစ်လိုက်ခြင်းပဲ ဖြစ်ပါသည်။

ကျူးဟာ သူ့ကို ဘယ်လောက်တောင်များ ငေးနေမိသလဲတော့ မပြောတတ်။ သူ့လက်ချောင်းလေးတွေ စတင်လှုပ်ခတ်လာတာ၊ တကျွတ်ကျွတ် တအင်းအင်း ညည်းညူသံကြားလျှင် သူ့အနားသို့ ချက်ချင်းရောက်သွားမိသည်။ သူ့လက်ဖျားလေးများကို ဘယ်ကနေ ဘယ်လို ဖမ်းဆုပ်မိသွားသလဲတော့ မပြောတတ်ပါ။ သူ့လက်ဖျားလေးများကို အသာအယာ ဖျစ်ညှစ်ရင်းမှ …

"ခေါင် သတိရလာပြီလားဟင်"

သူက မျက်လုံးများကို အားယူဖွင့်ကြည့်ရင်းမှ ကျူးကို သဲသဲကွဲကွဲ မြင်ရသေးဟန် မတူပါ။ ကျူးက သူ့လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ ထပ်၍ခေါ်လိုက်သည်။

"ခေါင် သတိရလားဟင်။ ဘယ်လိုနေလဲ၊ သက်သာလား"

"အင်း … ကျူးရော။ ကျူး ဘာဖြစ်သွားသေးလဲဟင်"





ကျူးသည် ဒီလိုအခြေအနေမျိုး ကြားထဲမှာ ကိုယ့်ကို မေးနိုင်အားသေးသော သူ့စကားကြောင့် ရင်ထဲမှာ ဆို့လာကာ မျက်ရည်လည်လာမိသည်။ သတိရလာသော သူ့ရဲ့လက်များသည် ကျူးကို ပြန်လည်ဆုပ်ကိုင်လာသည်။ သူ့မျက်ဝန်းတွေထဲမှာလည်း ကျူးအတွက် စိုးရိမ်ကြီးမှုတွေကို တွေ့မြင်လိုက်ရလျှင် ကျူး နှလုံးသားတစ်ခုလုံး နင့်ဝင်သွားပါသည်။

"ကျူး ဘာမှ မဖြစ်ပါဘူး။ ခေါင့်ကို ကျူး စောင့်နေတာ။ ဘယ်လိုနေသေးလဲဟင်၊ သက်သာရဲ့လား"

"အင်း … တဆစ်ဆစ်တော့ ဖြစ်နေတယ်။ နာတော့ မနာသေးဘူး။ ထုံဆေးမပြယ်သေးလို့နဲ့တူတယ်။ တော်သေးတာပေါ့၊ ကျူး ဘာမှမဖြစ်တာ"

"ခေါင်ရယ်"

ကျူးက သူ့အတွက် စိတ်ထိခိုက်လွန်းစွာဖြင့် မျက်ရည်တစ်ပေါက်က ဖျတ်ခနဲ လိမ့်ဆင်းလာသည်။ ဒီအချိန်ကျမှတော့ ကျူးရဲ့နှလုံးသားတွေကိုလည်း ပိတ်လှောင်မထားလိုတော့ပါ။ မျိုသိပ်ဟန်ဆောင်နေရလွန်းအားကြီးသဖြင့် ကျူးရဲ့ရင်ခွင်တစ်ခုလုံး ပင်ပန်းကျွမ်းရှနေပြီဖြစ်သည်။ သူက ကျူးမျက်ရည်ကျတာကို ပြုံးပြီးငေးနေသည်။ အဲဒီအပြုံးထဲတွင် ကျူးတစ်ယောက်တစ်စုံတစ်ရာ ထိခိုက်ခြင်း မခံရသည့်အတွက် ကျေနပ်သောအပြုံးတွေ ပါဝင်လို့နေတာကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာပဲ တာဝန်ကျဆရာက ရောက်လာသည်။ သူနဲ့ကျူးကို တစ်မျိုးထင်ဟန်ဖြင့် အဓိပ္ပာယ်ပါပါပြုံးကာ ...

"ကဲ ... မောင်ရင်လေး။ ခေါင်းကတော့ လေးချက်ချုပ်ထားရတယ်။ ထုံဆေးပြယ်ရင်တော့ နာလိမ့်မယ် သိလား။ သွေးနည်းနည်းလိုတာ ဒီကလေးမက လှူပေးထားတယ်။ အဲဒီပိတ်နဲ့သာ အားရှိပြီး နေပေတော့ ... ဟဲ ဟဲ"

"ဒေါက်တာ သူက ဆေးရုံမှာ ဘယ်နှရက် နေရမှာလဲဟင်"

"အင်း ... နှစ်ရက် သုံးရက်ဆို ရပါပြီ။ အိမ်မှာပဲ ပြန်နားချင် နားပေါ့။ တစ်ပတ်တစ်ခါလောက်တော့ ဆေးထည့်ဖို့ လာရမယ်။ ချုပ်ရိုးက နှစ်ပတ်လောက်ဆို ကျက်ပါပြီ"

"ဟုတ်ကဲ့ ဒေါက်တာ။ ကျေးဇူးပါပဲ"

"ကဲ ... ညအိပ်ခါနီးမှ ဆရာမက အနာသက်သာအောင် ဆေးတစ်လုံး ထိုးပေးလိမ့်မယ်။ ဟုတ်ပြီလား ... အိုကေ ... ခွင့်ပြုဦး"

ဆရာဝန်က ပြန်လည်ထွက်ခွာသွားလျှင် သူက ကျူးကို ရီဝေသော မျက်လုံးများဖြင့် မော့ကြည့်ကာ ...

"ကျူးက ကိုယ့်ကို သွေးလှူထားတာလား"

"အင်း ... ကျူးလည်း အေသွေးပဲလေ"

"ကိုယ် သိပါတယ်။ ဒါဆို ကျူး ကိုယ့်ကို မမုန်းတော့ဘူး ပေါ့နော်။ ခွင့်လွှတ်နိုင်ပြီပေါ့၊ ဟုတ်လား"





"ခေါင်ရှယ် ... ဒီအချိန်မှာ ဒီစကားမျိုးတွေ မပြောပါနဲ့။ သက်သောင့်သက်သာ အနားယူပါဦး"

"ကိုယ့်အနားမှာ ကျူး ရှိနေရင် ဘယ်လောက်ဆိုးရွားတဲ့ ဝေဒနာပဲဖြစ်ဖြစ် သက်သာပြီးသားပါ။ ကျူး ကိုယ့်အပေါ်မှာ နားလည်ပြီး ခွင့်လွှတ်ဖို့က ကိုယ် အမြဲမျှော်လင့်နေခဲ့ရတဲ့ ကိစ္စတစ်ခုပါ ကျူး။ အဲဒီအတွက် ဒီကိစ္စမှာ ကိုယ် သေသွားခဲ့ပစေဦး။ အားလုံးအတွက် ကိုယ် ကျေနပ်တယ် ...

ကိုယ့်အတွက် ကျူး သွေးလှူပေးတာ အရမ်းဝမ်းသာပါတယ် ကျူး။ ကျေးဇူးအများကြီးလည်း တင်ပါတယ်"

"ဘာလို့ သူစိမ်းဆန်တဲ့ စကားတွေ ပြောနေရတာလဲ ခေါင်"

"ဒါဖြင့်ရင် ကိုယ်တို့က သူစိမ်းမဟုတ်တော့ဘူးပေါ့နော်"

သူက ကျူးရဲ့လက်ဖျားတွေကို မလွှတ်စတမ်း ဆွဲထားရင်း မေးသည်။ ကျူးသည် သက်ပြင်းတစ်ချက် ချရင်းမှ သူ့ကို ရီဝေစွာ ငေးနေမိသည်။ ကျူးကိုကြည့်နေသော သူ့ရဲ့မျက်ဝန်းတွေသည် အခါများစွာကလိုပဲ နွေးထွေးနက်ရှိုင်းဆဲ ဖြစ်ပါသည်။ ကျူးသည် မျှော်လင့်ချက်နဲ့ တောက်ပနေသော သူ့မျက်လုံးတွေကို မလွှဲဖယ်ရက်ပါ။ သို့သော် ကျူးရဲ့အာရုံတွင် ကိုချမ်းရဲ့ ရုပ်ပုံလွှာက ဖျတ်ခနဲ လာကပ်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ခုချိန်မှာတော့ ကျူးတို့ ဘာတတ်နိုင်တော့မှာလဲ ခေါင်။ ခေါင်ရော ကျူးမှာပါ အသီးသီး ရည်စွယ်ထားသူတွေ ရှိနေပြီပဲ မဟုတ်လား"

"ဘာဖြစ်လဲ ကျူး။ အဲဒါတွေက အရေးကြီးလို့လား။ ကိုယ်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တကယ် ချစ်ရဲ့သားနဲ့ ဘာဖြစ်လို့ ရင်ကွဲခံပြီး ဝေးနေရမှာလဲ ...

အခုလက်ရှိ ချစ်သူတွေဆိုတာ အခြေအနေနဲ့ အချိန်အခါအရ ကိုယ်တို့ထားဖြစ်ခဲ့ကြတာပဲ မဟုတ်လား။ ကျူး အမှန်အတိုင်း ပြောစမ်းပါ။ ကိုယ့်ကို ကျူး ချစ်နေတုန်းပဲ မဟုတ်လား၊ ဟင် ... ကျူး"

"ကျူးကို ချောင်မပိတ်ပါနဲ့ ခေါင်"

"ကျွတ် ... ကိုယ် ချောင်ပိတ်နေတာ မဟုတ်ဘူး ကျူး။ ကျူးကို သက်သက်မဲ့ သိက္ခာချပြီး အပိုင်တွက်နေတာလည်း မဟုတ်ဘူး။ ကိုယ်တို့နှစ်ယောက်ရဲ့ အချစ်ကို နားလည်စမ်းပါ။ အရင်တစ်ခါတုန်းကလည်း နားလည်မှုလွဲခဲ့လို့ ကိုယ်တို့တွေ ဝေးခဲ့ရပြီးပြီ ...

ဒီတစ်ခါတော့ ကျူးနဲ့ကိုယ် ထပ်မဝေးချင်တော့ဘူး။ အဝေးမခံနိုင်တော့ဘူး ကျူးရယ် ... နော်"





ကျူးက သက်ပြင်းကို လေးတွဲ့စွာချကာ သူ့ကို ငေးစိုက်ကြည့်မိသည်။ ကျူးလည်းပဲ သူနဲ့မဝေးချင်တော့ပါ။ သူ့ကို ဘယ်လောက်ထိ ချစ်ခဲ့သည်။ အခုလည်း ဘယ်လောက်ထိ ချစ်နေပြီးသားဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်မြင်ယောင်ပြီးသား ဖြစ်သည်။

"ကျူးတို့ တရားပါ့မလား ခေါင်"

သူ့ထံမှ ချက်ချင်းတော့ အသံထွက်မလာပါ။ သို့သော် ယောင်ယောင်မျှ ပြုံးရင်းမှ ...

"ကိုယ် သွန်းကို ထိခိုက်နစ်နာအောင် ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး။ သူ့ဆီက ဘာအခွင့်အရေးမှလဲ မယူခဲ့ဖူးပါဘူး"

"ဘယ်လို ! သွန်း ... ဟုတ်လား ခေါင်"

"အင်း ... သူ့နာမည်က သွန်းတဲ့"

"နာ ... နာမည် အပြည့်အစုံကရော"

"သွန်းစမ်းယုတဲ့၊ ဘာဖြစ်လို့လဲဟင်"

ဘုရား ... ဘုရား။ ကျူးသည် အဲဒီနာမည်ကို နားထောင်ပြီးသောအခါ နားထဲတွင် မိုးပေါက်သလို ဆူညံသွားလျက် မိုက်ခနဲ ဖြစ်သွားသည်။ လောကကြီးဟာ ဘာကြောင့်များ ဒီလောက် တိုက်ဆိုင်သော ကံကြမ္မာတွေကို ဖန်တီးပေးရတာပါလိမ့်။ ကျူးနဲ့ ခေါင်ခိုက်ဟာ ရုံးတစ်ရုံးထဲမှာ အတူတူ လာဆုံစည်းရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကျူး၏ချစ်သူနဲ့ ခေါင်ခိုက်ရဲ့ချစ်သူတို့ဟာ မောင်နှမအရင်းခေါက်ခေါက် လာရောက်တော်စပ်နေကြခြင်း စတာတွေဟာ ကံကြမ္မာရဲ့ကျီစယ်မှု မဟုတ်ဘဲ ကံကြမ္မာရဲ့ ရက်စက်မှုသာ ဖြစ်ပါလိမ့်မည်။

"ခေါင် ... သူ့အစ်ကိုက မင်းချမ်းယု မဟုတ်လား"

ခေါင်သည် ဒီလောက်ပြောလျှင် ပါးနပ်ကာ သဘောပေါက်သူ ဖြစ်သည်။ သူသည်လည်းပဲ အံ့သြသွားပုံရကာ ကျူးကို အတန်ကြာ ငေးစိုက်လို့ နေလေသည်။

"ဘာ ... ဘာလဲ။ သူက ကျူးရဲ့ ..."

သူ့ထံမှ မေးခွန်းက ဆက်မလာတော့။ ကျူးသည် ဆို့နင့်စွာဖြင့် ခေါင်းတွေကို အထပ်ထပ် ညိတ်ပြမိကာ ...

"ဟုတ်တယ် ခေါင်။ သူက ကျူးရဲ့လက်ရှိရည်းစားပါ"

ခေါင်သည် ရုတ်တရက် ဘာမှမပြောနိုင်ဘဲ ငြိမ်ကျသွားသည်။ သူသည်လည်း တစ်ခုခုကို အပြင်းအထန် စဉ်းစားနေပုံ ပေါက်ပါသည်။ ခဏကြာတော့မှ သူက ကျူးရဲ့လက်တစ်ဖက်ကို သတိပေးသလို ဖျစ်ညှစ်ကာ ...

"ဘာတွေပဲဖြစ်ဖြစ် ကိုယ်ကတော့ ကျူးကို အဆုံးရှုံးမခံနိုင်ပါဘူး။ ကျူးကို အရမ်းချစ်တယ်။ ဘာတွေပဲ ကြုံလာ ကြုံလာ ရင်ဆိုင်ဖို့ အသင့်ရှိပါတယ် ကျူး"





သူ့ထံက ရဲရဲတောက် အပြောစကားကိုကြားလျှင် ကျူးသည် ကျေနပ်စိတ်ကြောင့် လှစ်ခနဲ ပြုံးမိသွားသည်ဟု ထင်လေသည်။ ကျူးတို့နှစ်ယောက်သည် တစ်ယောက်ရဲ့မျက်ဝန်းတွေထဲမှာ တစ်ယောက်ရဲ့နှလုံးသားကို ပြန်ရှာဖွေမိသွားကြသည်။

နှလုံးသားရှိသောအရပ်သို့ ပြိုင်တူကူးခတ်သွားမိချိန်ဝယ် ကမ်းတစ်ဖက်၌ အချစ်သည် ရဲရင့်သော အင်အားဖြင့် သူတို့ကို ကြိုဆိုနေခဲ့ပါသည်။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com

“ဖြစ်မှဖြစ်ရလေ ခေါင်ရယ်။ မသေကောင်း မပျောက်ကောင်း”

သွန်းက သူ့ဘေးမှနေ၍ မခံစားနိုင်ဟန်ဖြင့် တဖွဖွဆိုနေလျှင် သူက အသာပြုံးနေရသည်။ မလှမ်းမကမ်းမှာက ကျူးနဲ့ ကိုချမ်းက သူ့ကို နွေးထွေးစွာ ပြုံးကြည့်နေကြသည်။ သွန်းက သူ့ကို ဂရုတစိုက်နဲ့ရှိတာကို ကျူးရှေ့မှာ သူ မျက်နှာပူကာ အနေခက်နေသော်လည်း ကျူးကတော့ အေးဆေးပဲဖြစ်ပါသည်။ သူ့ကိုလည်း ဘာမှမဖြစ်နဲ့ဟူသော သဘောမျိုးပါဝင်သည့် အကြည့်များဖြင့် နှစ်သိမ့်အားပေးလျှင် သူတို့နှစ်ယောက်တည်း နားလည်သော မျက်ဝန်းဘာသာစကားများ ဖြစ်ရသည်။

ကိုချမ်းကတော့ ထိုင်ရာမှ သူ့အနားသို့ ထ,လာကာ ...





“ဘယ်လိုနေလဲ ခေါင်ခိုက်။ သက်သာရဲ့လား။ ကျေးဇူးတင်စကား အထပ်ထပ်ပြောတယ်လို့တော့ မထင်ပါနဲ့။ တကယ်ကို ကျေးဇူးတင်ပါတယ် ...

ပြီးတော့ ခေါင်ခိုက် ဒီလိုဖြစ်ရတာ ကိုယ့်ပယောဂ မကင်းဘူးလို့ ပြောရင်လည်းရတယ်။ ကိုယ့်ဆီက ဖုန်းလာလို့ ကျူးက အဲဒီနားကို သွားပြောလို့ ဖြစ်ရတာမဟုတ်လား”

“ဩော် ... မဆိုင်ပါဘူး ကိုချမ်း။ တိုက်ဆိုင်သွားတာပါ”

“အင်းပေါ့ ... အဲဒီလို တိုက်ဆိုင်စေတဲ့ တရားခံက ကိုယ်ပဲလေ”

“ကိုကိုကလည်း နောက်ထပ်တစ်နာရီလောက်မှ ဆက်ရင်လည်းပြီးရော။ ဒါမှမဟုတ် ညဘက်ဖုန်းပြောမှ မေးလည်းရတဲ့ဟာကို။ ဟုတ်တယ် ကိုကို ပြောသလိုပဲ ခေါင်ခိုက် ဒီလိုဖြစ်ရတာ ကိုကို့ကြောင့်”

သွန်းက တကယ်ပြောနေတာလား၊ အတည်ပေါက်နဲ့နောက်နေတာလား မခွဲခြားတတ်သော အမူအရာဖြင့် သူမရဲ့အစ်ကိုကို လှည့်ပြောသည်။ သူက ကျူးကို မျက်နှာပူစွာဖြင့် လှည့်ကြည့်လိုက်သော်လည်း ကျူးကတော့ ဘယ်နှယ်မှ နေဟန်မတူပါ။ သူ့လူနာခန်းထဲက ဆက်တီခုံတစ်ခုံပေါ်မှာ ထိုင်လျက် အေးအေးဆေးဆေးပုံစံနှင့် ရှိနေသည်။ စားပွဲပေါ်မှာတော့ ကျူးနဲ့ ကိုချမ်း



www.burmeseclassic.com

www.burmeseclassic.com



တို့ဝယ်လာသည့် လူမမာသတင်းမေး စားစရာလက်ဆောင်ခြင်းကြီး။

"သွန်းကလည်းကွာ ကိုယ့်အစ်ကို့ကို အဲဒီလိုမပြောပါနဲ့။ ဘယ်သူ့ကိုမှ လျှောက်အပြစ်ပြောမနေနဲ့။ ကိုယ်လည်း အဲဒီလောက်ကြီး ဘာမှဖြစ်တာမှ မဟုတ်တာ"

"အင်းပေါ့ ... ဘာမှ မဖြစ်လို့ပေါ့"

"ဘာလဲ ငါက ကျူးကိုယ်စား ခေါင်းနိုက်ကို မတောင်းပန်ဘဲ နင့်ကိုပဲ တောင်းပန်ရတော့မယ်နဲ့တူတယ်။ ဟုတ်လား"

"ဟုတ်တယ်၊ သွန်းကိုပဲ တောင်းပန်"

"သွန်း ... နင်ကလေ ကာယကံရှင်ကတော်တော်၊ နင်က ကဲနေတာ၊ သူခံရတာလည်း မဟုတ်ဘဲနဲ့များ"

"ဩော် ... သွန်း မခံရပေမယ့် ခေါင် ဖြစ်တာက သွန်းဖြစ်သလိုပဲ ကိုကိုရဲ့။ သွန်းဖြစ်ရင်တောင် ဒီလောက်ခံစားရမှာမဟုတ်ဘူး။ ကိုကိုက ကိုယ်ချင်းမှ မစာတတ်တာ"

"သွန်း"

သူက ဆက်မပြောဖို့ ဟန့်လိုက်လျှင် သွန်းက စိတ်လျှော့လိုက်သည့်ပုံစံဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့ကာ ငြိမ်သက်သွားသည်။ အဲဒီအချိန်တွင် ကျူးက ထိုင်ရာမှထကာ သူတို့အနားသို့လျှောက်လာရင်း သွန်းကို တစ်ချက် ပြုံးကြည့်သည်။





သွန်းကလည်း ကျူးကို တစ်ချက်မော့ကြည့်သည်။ ကိုချမ်းကတော့ ဘယ်လိုနေမယ်မှန်း မသိပေမယ့် သူသည် ခုတင်ပေါ်မှနေ၍ ကျူးနဲ့ သွန်းတို့ရဲ့ပုံစံတွေကို အသက်မရှူစတမ်း ငေးကြည့်နေမိသည်။

"သွန်းကို စိတ်ပူအောင်လုပ်မိတဲ့အတွက် စိတ်မကောင်းပါဘူး။ ဆောရီးပါ သွန်း"

သွန်းက ကျူးကို ဘာပြောရမှန်း မသိသလိုဖြင့် တစ်ချက်မော့ကြည့်ကာ ...

"ရပါတယ်"

"ကျူးက သွန်းများ စိတ်ဆိုးနေလားလို့ပါ"

"စိတ်တော့မဆိုးပါဘူး။ သွန်းက စိတ်မကောင်းဖြစ်တာပါ"

သွန်းရဲ့အပြောကို ကျူးက အဓိပ္ပာယ်ပါပါပြုံးကာ ...

"ဆောရီးပါ သွန်းရယ်။ ကျူး စိတ်မကောင်းပါဘူး"

"ကဲ ... ဖြစ်ပြီးမှတော့ ဘာမှ ပြောမနေနဲ့တော့။ ကြားထဲက ကူညီရတဲ့ ခေါင်နိုက်က ပိုစိတ်မကောင်းဖြစ်နေဦးမယ်။ ခေါင်နိုက်လည်း လာမေးတဲ့ဧည့်သည်တွေနဲ့ ခေါင်းကိုက်နေရောမယ်၊ နားနားနေနေ နေပါစေဦး ...

ခေါင်နိုက် ကိုယ်တို့ပြန်တော့မယ်။ တစ်ခုခုလိုအပ်တာရှိရင် ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့၊ ခုလိုလာမေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုချမ်း"

"ခွင့်ပြုပါဦး"

ကျူးက ခေါင်းတစ်ချက်ညွှတ်ကာ အပြုံးဖြင့် နှုတ်ဆက်သည်။ သူကလည်း ကျူးကို အပြုံးနဲ့ပဲ ပြန်လည်နှုတ်ဆက်ဖြစ်လေသည်။ သွန်းရဲ့မျက်လုံးတွေကတော့ သူတို့နှစ်ယောက်ကို အကဲခတ်သလို ကြည့်နေတာကို မသိရလောက်တဲ့အထိ သူ မညံ့ခဲ့ပါ။ အထူးသဖြင့် သွန်းဟာ ကျူးအပေါ်မှာ ထင်တာထက် အကဲခတ်နေတာကို အရိပ်အကဲသိနေသူပီပီ ဖမ်းမိခဲ့ပါသည်။ သူ ထင်တာ မမှားချေ။ ကျူးတို့တောင် အောက်ထပ်ကားပါကင်သို့ရောက်မှာ မဟုတ်သေးသည့် အချိန်မှာပဲ သွန်းက သူ့ကို စူးစမ်းအကဲခတ်သော မျက်လုံးများဖြင့် မေးလာခဲ့သည်။

"ခေါင် ... သူနဲ့ ခေါင်က သိပ်ရင်းနှီးကြလား"

သူသည် သွန်းရဲ့အမေးကို ဘယ်လိုပြန်ဖြေရမှန်းမသိဖြစ်သွားသည်။ ကျူးကို ရင်ဆိုင်ဖို့ သတ္တိတွေမွေးခိုင်း၊ အားပေးထားသော သူကိုယ်တိုင်ပင်လျှင် သွန်းနှင့် ထိပ်တိုက်တွေ့ဆုံသောအခါ ဘယ်ကနေ ဘယ်လိုစ,ပြောရမှန်းမသိ။ ကျူးကတော့ ဆန္ဒမစောဘဲ အခြေအနေတွေကို အေးအေးဆေးဆေး စောင့်ကြည့်ဖို့ ပြောထားသည်။





"ရင်းနှီးပါတယ်"

သူက သတိထားကာ မယုတ်မလွန် ဖြေလိုက်သည်။ မရင်းနှီးပါဘူးဆိုလျှင်လည်း မရင်းနှီးပါဘဲနဲ့ ဘာလို့ ကယ်တင်ရှင်လုပ်လိုက်တာလဲဟု မေးစရာရှိသေးသည်။ ရင်းနှီးပါတယ်ဆိုတော့ သွန်းလည်း ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပုံရသည်။ သို့သော် ချက်ချင်းပဲ မျက်လုံးတွေကို မှေးစင်းကြည့်ကာ သူ့ကို မသင်္ကာသောပုံစံဖြင့် ...

"ကြည့်စမ်း !... ဘယ်လောက်ထိ ရင်းနှီးနေကြလဲပြော။ ခေါင်နော် အလုပ်အတူတူလုပ်ရင်းနဲ့ အိုးချင်းထားအိုးချင်းထိကြပြီ မဟုတ်လား ...

ဒါကြောင့် ကိုယ့်အသက်ကိုတောင် ပဓာနမထားဘဲ စွန့်စွန့်စားစား ကယ်တင်ထားတာပေါ့လေ။ ဟင်း ... ထင်သားပဲ။ ရှင်တို့ယောကျ်ားတွေဟာလေ ရုပ်သိပ်ချောပြီး Sexyဖြစ်တဲ့ မိန်းမတွေဆိုရင် ရှောင်ကိုရှောင်နိုင်ခဲတယ်"

သွန်းက တကယ့်ကို ထိခိုက်ခံစားဟန်ဖြင့် မျက်ရည်အဝဲသားတက်လာကာ ဆိုလျှင် သူသည် တော်တော်စိတ်ညစ်ညူးသွားရသည်။ အခြေအနေတွေက ဘာမှ သိမလာခင်ကတောင် ရှုပ်ထွေးလျက် ရှိနေပြီဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com

"သွန်းကလည်းကွာ မဟုတ်တာတွေ လျှောက်ပြောမနေစမ်းပါနဲ့၊ ကိုယ့်မျက်စိရှေ့အောက်မှာ အန္တရာယ်တစ်ခုနဲ့ကြုံရတော့မယ့် မိန်းကလေးတစ်ယောက်ကို ဘာစဉ်းစားမှုမှ တောင်မပါဘဲ ရုတ်တရက်ဖြစ်လာတဲ့ ကူညီချင်စိတ်နဲ့ ကူညီလိုက်တာပဲရှိတယ် ...

ပြီးတော့ သူက သွန်းအစ်ကိုရဲ့ရည်းစားနော်"

"အို... ဘယ်သူ့ရည်းစားပဲဖြစ်ဖြစ်။ သွန်း ခေါင့်ကို မယုံတော့ဘူး။ ပြီးတော့ သူ့ကိုလည်း မယုံဘူး။ ခေါင်တို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်တဲ့ပုံစံတွေက အရမ်းရင်းနှီး နက်ရှိုင်းနေတယ်လို့ ထင်ရတယ်"

"ဟာကွာ ... သွန်းကလည်း စွပ်စွပ်စွဲစွဲ"

သူက ပါးစပ်ကသာ ပြောမိပြောရာ ပြောလိုက်သော်လည်း သွန်းရဲ့အကဲခတ်တတ်မှုပညာကိုတော့ ဖျားသွားသည်။ သူ့အစ်ကိုတောင် သွန်းလောက် အကဲခတ်တတ်မည်ဟု မထင်ပါ။

"သွန်း စွပ်စွဲတာမဟုတ်ဘူး။ ခံစားချက်နဲ့ဆိုင်တဲ့ကိစ္စတွေမှာ သက်သေပြဖို့ဆိုတာ ခက်ခဲပါတယ် ခေါင်။ ခေါင်က ဘာရယ်မဟုတ် ဆိုပေမယ့် ခေါင့်စိတ်ထဲမှာ သူရှိနေလို့သာ ဒီလို ရုတ်တရက် ဆုံးဖြတ်နိုင်တာပေါ့။ ဘယ်သူက ဒီလိုမျိုး သွားကယ်နိုင်မှာလဲ"





"အဲဒီလိုမပြောစမ်းပါနဲ့ သွန်းရာ။ ဒီနေရာမှာ သွန်းဆိုရင်လည်း ကိုယ် ရောက်လာမှာပဲလေ"

သွန်းက သူ့စကားကို မဲ့ပြုံးတစ်ချက် ပြုံးသည်။ အဲဒီအပြုံးကို မြင်တော့မှ သူ စကားပြောတာ နည်းနည်းမှားသွားပြီဆိုတာ ဂရုပြုမိရသည်။

"သွန်းနဲ့ သူ့ကို ဘာလို့ ယှဉ်ရတာလဲ ခေါင်။ သွန်းက ခေါင့်ရဲ့ချစ်သူလေ။ ခေါင့်မှာ သွန်းနဲ့ သူ့ကို ယှဉ်စရာအကြောင်းရှိနေပြီလား"

"ကျွတ် ... သွန်းကလည်းကွာ"

သူက မပြောတော့ဘူးဟူသော ပုံစံဖြင့် အကြည့်ကို တခြားတစ်ဖက်သို့ ရွှေ့ပြောင်းလိုက်လျှင် သွန်းက ထိုင်ရာမှ ထရပ်သည်။

"ဆောရီး ခေါင်။ နေမကောင်းတဲ့အချိန်မှာ ဒီစကားတွေ ပြောမိတဲ့အတွက်ပါ။ ဒါပေမဲ့ ခေါင် သိအောင် တစ်ခုတော့ ပြောထားခဲ့မယ်။ သွန်းက ခေါင့်ကို သိပ်ချစ်တယ်။ ခေါင့်မျက်နှာကို ကြည့်လိုက်တာနဲ့ ခေါင့်ရင်ထဲမှာ ဘာရှိတယ်ဆိုတာ သွန်း ခံစားလို့ရတယ် ခေါင် ...

အဲဒါကိုတော့ ခေါင် မမေ့ပါနဲ့"


www.burmeseclassic.com

www.burmeseclassic.com



သွန်းက သူ့ရင်ထဲကို တဆုံးလှမ်းမြင်နိုင်သော အကြည့်မျိုးဖြင့် တစ်ချက်ကြည့်ကာ လှည့်ထွက်သွားလေသည်။ သူဟာ ဘာမှ ပြန်မပြောနိုင်ဘဲ နေရာမှာတင် စိတ်ရှုပ်ထွေးစွာ ကျန်ရစ်ခဲ့သည်။ သွန်းသည် သူထင်ထားတာထက် ပိုမိုပါးနပ်ကာ အကွက်မြင်သူဖြစ်သည်။ ပြီးတော့ အရာတစ်ခုကို နောက်ကျမှ သိမြင်မည့်သူမျိုးလည်း မဟုတ်သည့်အတွက် သူ နည်းနည်းတော့ ရင်မောရပါသည်။





သူနဲ့ ကျူးတို့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုပြန်ရကာ အဆင်ပြေနေခဲ့သော်လည်း နောက်ဆက်တွဲပြဿနာ အနေနဲ့ကတော့ သွန်းရဲ့သံသယတွေနဲ့ မျက်စိဒေါက်ထောက်ကြည့်မှုတွေကို စတင်ရင်ဆိုင်လာရတာပဲဖြစ်သည်။ သူသည် ဆေးရုံမှ ဆင်းပြီးနောက် ဒဏ်ရာမကျက်သေးသော်လည်း အိမ်မှာပဲ အနားယူနေသည့်အချိန်တွင်းမှာကို ကျူးက လူမမာသတင်းလာမေးတတ်သည်။ သို့သော် ရုံးမသွားခင် ဝင်မေးသွားတတ်တာမို့ သွန်းနဲ့တော့မဆုံဖြစ်ပါ။ ညဘက်တွေမှာ ကျူးနဲ့ ဖုန်းပြောဖို့ရာအတွက် သူ့မှာ အကြံအဖန်တွေလည်း လုပ်ရသေးသည်။ အဲဒါကတော့ သူ့အမေရဲ့ဖုန်းကိုယူကာ ပြောရခြင်းပဲဖြစ်ပါသည်။ သူ့အမေက ဟန်း(ဒ်)ဖုန်း သိပ်မသုံးသူမို့သာ တော်တော့သည်။

သွန်းက သူ့ဖုန်းကိုရော၊ အိမ်ဖုန်းကိုရော ဆက်ကာ Checking လုပ်တတ်သူမို့ သူက အဲဒီနှစ်လုံးကိုတော့ အလွတ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကာ သူ့အမေရဲ့ဖုန်းနဲ့ပဲ အလုပ်ဖြစ်နေခြင်းဖြစ်သည်။ တစ်ခါ
တလေတော့လည်း ကျူးက သူမရဲ့ဖုန်းကို ယူထားပါလားဟုတော
ပေးဖူးသေးသည်။ မေမေကတော့ ဖုန်းနှစ်လုံးနှင့် ဗျာများနေသော
သူ့ကိုကြည့်ကာ ...

"သား ... မင်း ဘာဓာတ်လမ်းတွေ ထွင်နေပြန်တာလဲ။
ကျူး ဆိုတာ ဟိုးတစ်ခါ သားနဲ့ရည်းစားဖြစ်ဖူးခဲ့တ
ကောင်မလေး မဟုတ်လား။ အခု ပြန်ဆက်နေကြတ
လား ...

ဒါဖြင့်ရင် သွန်းကရော ဘာတဲ့လဲ။ မင်းနော်
မဟုတ်တာတွေ လျှောက်လုပ်မနေနဲ့။ တစ်ယောက်
တစ်ယောက် သတ်သတ်မှတ်မှတ်ပဲ ကောင်းတယ် သား"

"ဟုတ်ကဲ့ပါ မေမေ။ သား မလုပ်ပါဘူး"

"ဟင်း ... မလုပ်ပါဘူးသာဆိုတယ်၊ လုပ်နေတာများ"

မေမေက အဲဒီအခါမျိုးတွင် သူ့ကို မကျေမချမ်းနှ
မျက်စောင်းထိုးသွားတတ်သည်။ သွန်းကလည်း သူ့ကို အလ
မပေးပါ။ သူ့ဖုန်းကို အမြဲတမ်းဆက်ကာ Check သည်။ သို့သေ
သူက အဲဒီဖုန်းကို အသုံးမပြုလေသောကြောင့် ထိုဖုန်းက သွ
ခေါ်လိုက်သည့် အချိန်တိုင်း အမြဲတမ်း ဝင်စာတတ်သည်။ အဲဒီ
ဖြစ်နေသော်လည်း သွန်းက ဒါကိုပဲ သက်ာမကင်း ဖြစ်နေပြန်သည်





"ခေါင့်ဖုန်းက ဘာဖြစ်လို့ ဒီလောက်တောင် အဲဗားအား
နေရတာလဲ။ တမင် လမ်းရှင်းထားသလိုကြီး ဖြစ်နေတယ်။
ဒါဟာ လုံးဝမရိုးသားဘူး"

"ကျွတ် ... သွန်းရာ။ မင်းကလည်း အပြစ်မရှိ အပြစ်ရှာ
နေတော့တာပဲ။ ဖုန်းမအားရင်လည်း မအားလို့ဆိုပြီး ရစ်
ဦးမယ်။ အားနေတော့လည်း အားနေပြန်လို့ ဆိုပါလား။
ကိုယ်က ဘယ်လိုလုပ်ရတော့မှာလဲ"

"ဘယ်လိုမှ မလုပ်နဲ့။ သွန်း ... ရှင့်ကို မသင်္ကာတာတော့
အမှန်ပဲ"

"ဟား ... ပြဿနာပဲ။ အရင်တုန်းကလည်း ကိုယ့်ဖုန်းက
အမြဲအားနေတာပဲ မဟုတ်လား သွန်းရာ။ ခုမှ သွန်း ဘာ
တွေဖြစ်နေရတာလဲ"

"မသိဘူး။ သွန်း စိတ်ထဲမှာ တစ်ခုခုကို သံသယရှိနေတယ်။
ပြီးတော့ သိနေတယ်။ လက်ဆုပ်လက်ကိုင်တော့ မပြနိုင်
ဘူး။ ဒါပေမဲ့ သိနေသလိုပဲ ခေါင်"

"ခက်လိုက်တာ သွန်းရယ်"

သူက ပါးစပ်ကသာ ပြောနေသော်လည်း တကယ်
တမ်းလက်တွေ့မှာကျတော့လည်း ဘာမှမတတ်နိုင်ပါ။ ညဘက်
တွေမှာ ကျူးနဲ့ ဖုန်းပြောနေတုန်း သွန်းဆီက ဖုန်းဝင်လာပြီဆို



www.burmeseclassic.com

www.burmeseclassic.com



လျှင် သူက ကျူးကို ပြောပြရသည်။ "ကျူး ... သွန်းဆီကဖုန်းလာပြီ"ဟု ဆိုလျှင် ကျူးက အင်း ... ပြောလိုက်လေဟု ဆိုကာ အသာတကြည် ချပေးတတ်သည်။ သူ့နှလုံးသားက ဘယ်သူ့ဆီမှာ အနိုင်အမာ တည်ရှိနေတယ် ဆိုတာကို ကွဲကွဲပြားပြား သိမြင်သွားကာအရင်ကထက်စာလျှင် အများကြီးပို၍ ရင့်ကျက်လာသော ကျူးသည် သူ့ကို သဝန်လည်း မတိုတတ်တော့ပါ။ သူတို့အချစ်တွေက မြင့်မားပြီး နက်ရှိုင်းလာလေလေ သွန်းနဲ့ ကိုချမ်းအတွက်က ပို၍စိုးရိမ်စရာ ကောင်းလာလေလေ ဖြစ်သည်။

သူ့အကြောင်းကို အတွင်းသိ အစင်းသိ ဖြစ်သူ ဝေဖြိုးကတော့ ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့ အကြံပေးသည်။

"မင်း ဒီလိုကြီးပဲ လုပ်မနေနဲ့တော့လေကွာ။ ကြာရင် ပိုရှုပ်ထွေးကုန်မှာပေါ့။ ပြီးတော့ သွန်းစမ်းယူနဲ့ မင်းချမ်းယုက မောင်နှမ လာတော်နေသေးတယ်။ တကယ့်ကို ကျိုင်ထုပ်ပဲ။ ဒီတော့ စောစောစီးစီး ပြဿနာကို ရှင်းဖို့လိုတယ်။ ဘာလဲ ... မင်းက သွန်းကိုလည်း သနားချစ်နဲ့ ချစ်နေတာ သဘောလား"

"မဟုတ်ပါဘူးကွာ။ သွန်းကို ငါ ပြောမယ်လုပ်တိုင်း ပြောမထွက်ခဲ့တာတော့ အမှန်ပဲ။ သူ့ကို ငါ သံယောဇဉ်ရှိခဲ့ပါတယ်။ ငါ့ဘဝအတွက်လည်း ရည်ရွယ်ခဲ့တဲ့သူပါ -





ဒါပေမဲ့ ကျူးကို ပြန်တွေ့လိုက်ရတော့ ငါဟာ သွန်းကို နှလုံးသားနဲ့ နင့်နင့်နဲနဲ ချစ်ခဲ့တာ မဟုတ်ဘူးဆိုတာ သိသာသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါ့စိတ်ထဲမှာ ကျူးက အချိန်ပြည့် လွှမ်းမိုးထားလို့ပဲ။ ကျူးကို ထင်မထားအောင်ကို ချစ်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် လုံးဝ သိသွားတယ်။ အဲဒီလိုပဲ ကျူးကလည်း ငါ့ကို ချစ်တုန်းပဲဆိုတာ သူ့မျက်လုံးတွေကတစ်ဆင့် သိနေ မြင်နေရတယ် ...

သူ့ကို အဆုံးရှုံး မခံနိုင်ဘူးကွာ။ ငါတို့နှစ်ယောက် သိပ်ချစ်ရဲ့သားနဲ့ ဝေးသွားရမှာမျိုး ငါတို့ မလိုလားဘူး။ ဒီအတွက်တော့ သူတို့ မောင်နှမအပေါ်မှာ တရားလား မတရားဘူးလား ဆိုတာလည်း မဆုံးဖြတ်နိုင်တော့ဘူး"

"ဟောကောင် ... တရားတာတွေ မတရားတာတွေ ထည့်စဉ်းစားမနေနဲ့တော့ကွ။ ညီမျှခြင်းဆိုတာ သင်္ချာသင်ခန်းစာမှာပဲ ရှိတယ် ...

ကြာရင် မင်းတို့ပြဿနာက ပိုရှုပ်လာနိုင်တယ်။ ဒီတော့ ငါ အကြံပေးချင်တာက မင်းတို့ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောမှာဖြင့်ရင်လည်းပြော ...

မပြောချင်ရင်တောင်မှ သူ့တို့သိအောင်လုပ်လိုက်၊ ဒါပဲရှိတယ်။ အဲဒါဆိုရင် ပြဿနာတစ်ခုက အဖြေအမည်းကွဲသွားမှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းကြီးက ဘယ်သူ့ ဘယ်သူ့ အတွက်မှ မကောင်းဘူး။ ဒီတော့ မင်း ကျူးနဲ့ တိုင်ပင်ကြည့်"

သူက ဖွဖြိုး ပြောလိုက်သော စကားအတိုင်း ကျူးနဲ့ အေးအေးဆေးဆေး တိုင်ပင်ဖို့ ဆုံးဖြတ်လိုက်သည်။ ရုံးမှာက လည်း အေးအေးဆေးဆေး စကားပြောဖို့ အချိန်မရသလို ဖုန်းထဲ ကလည်း မပြောလိုလေရာ နှစ်ယောက်စလုံးအားသည့် ရုံးပိတ် ရက်ကိုပဲ ရွေးချယ်ရသည်။ အချိန်ကတော့ ဘယ်သူမှ ထင်မထား သည့် နံနက်စောစော ခုနစ်နာရီခန့်လောက်ကြီး ဖြစ်သည်။ ကျူး က ရုံးပိတ်ရက် မနက်တိုင်း Sedona မှာ ရေကူးတတ်လေရာ သူ ရောက်သွားသော ခုနစ်နာရီအချိန်သည် ကျူး ရေကူးပြီးသွားသည့် အချိန်ဖြစ်သည်။ Pool Side နားမှာပဲ ထိုင်ဖြစ်ကြရင်း ကျူးက သူနဲ့အတူတူ Breakfast စားဖို့ ပြင်ဆင်သည်။ သူ့အတွက် ကော်ဖီကို ကိုယ်တိုင် ကိုယ်ကျ စပ်ဖျော်ပေးနေသော ကျူးရဲ့ သဘာဝအလှ မျက်နှာလေးကို ငေးကာ သူ့ရင်ထဲတွင် ချစ်မဝ သော အချစ်စိတ်တို့ ပျံ့နှံ့ရောက်ရှိလို့လာသည်။

အင်း ... ကျူးဟာ သူ အသည်းအသန် ချစ်မြတ်နိုး ခဲ့ရတဲ့ အချစ်ဦးလေးပဲကိုး။

ဒီလို အချစ်ဦးတစ်ယောက်ကို မမေ့နိုင်တာ အဆန်း တော့ မဟုတ်တော့ပြီ။





"ညနေဘက်မှ ဒင်နာစားရင်း အေးအေးဆေးဆေး စကား ပြောလည်း ရသားပဲ ခေါ်ရယ်။ ခုတော့ အိပ်ရေးမဝတဝ နဲ့ အစောကြီး ထ,လာရပြီ"

ကျူးက ရုံးပိတ်ရက်ဆိုလျှင် သူ နေမြင့်အောင်အိပ် တတ်မှန်း သိစွာဖြင့် ပြုံးပြုံးလေး ပြောတာဖြစ်သည်။ သူက ကျူး ကို တရိုက်မက်မက် ငေးကြည့်ရင်းမှနေ၍ ...

"ကိုယ် အိပ်ရေးဝပါတယ်။ ကျူးနဲ့ တွေ့ရမှာ ဆိုတော့ လူက fresh ဖြစ်နေပြီးသားလေ"

"ဟင် ... စာသားတွေက ထည့်ပြီ။ ကဲ ... မြည်းကြည့်ဦး ဘာလိုသေးလဲလို့"

"ဘာမှလိုမှာ မဟုတ်ပါဘူး၊ ကျူး ဖျော်ရင် ကောင်းပြီး သားပဲဥစ္စာ"

ကျူးက သူ့စကားကို ပြုံးပြုံးလေးနှင့် ငြိမ်သက်နေ သည်။ သူက အရသာရှိလွန်းလှသော ကော်ဖီကို တစ်ငုံ ငုံမိ ရင်းမှ ပြန်ချထားလိုက်ကာ ...

"ကျူး"

ကျူးက သူ့ကို မျက်ဝန်းများဖြင့် ပြန်ထူးသည်။ သူက ကျူးရဲ့မျက်ဝန်းများထဲသို့ တည့်တည့်စိုက်ကြည့်ရင်းမှ ...

"ကိုယ်ကတော့ အရာအားလုံးကို ရင်ဆိုင်ပစ်ချင်ပြီ



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောကြောင့် ကျူးက တစ်ချက်တွေသွားသည်။ ပြီးတော့မှ ကော်ဖီကို အေးအေးဆေးဆေးမော့ကာ ...

"ရင်ဆိုင်နိုင်ရင်တော့ အကောင်းဆုံးပဲပေါ့ ခေါင်"

"ကျူးမှာလည်း ဒီလိုသဘောထား ရှိတယ်ပေါ့"

"ဟုတ်တယ်၊ ကျူးလည်းပဲ ဒီလိုအခြေအနေကြီးကို မကြုံချင်တော့ဘူး။ ဒါကြီးက ဘယ်အချိန်ထိ ဖုံးထားလို့ ရမှာမို့လို့လဲ။ စိတ်ထဲမှာ တစ်ခုခုကို စိုးထိတ်နေသလို အမြဲခံစားရတယ် ခေါင်။ မဟုတ်တာတွေ လုပ်ထားရသလိုပဲ ..."

အမှန်တရားအတိုင်း ရင်ဆိုင်တာဟာ ကျူးတို့အတွက် အကောင်းဆုံးဖြစ်မယ်နဲ့ တူတယ်။ The truth shall make u free ပဲ မဟုတ်လား ခေါင်"

"ကိုချမ်းက ကျူးကို သိပ်ချစ်လား"

"အင်း ... ကျူး မပြောတတ်ဘူး"

"မဟုတ်ဘူးလေ။ ကျူး ခံစားကြည့်လို့တော့ ရမှာပါ။ ပြောပါ ကျူးရဲ့၊ ကိုယ့်ကို အားမနာပါနဲ့"

ကျူးက သူ့ကို မျက်စောင်းတစ်ချက်ထိုးကာ ...

"အားမနာပါဘူးနော်၊ ကိုချမ်းက ကျူးကို ချစ်တော့ ချစ်ပါတယ်။ ဒါပေမဲ့ သူက အေးအေးဆေးဆေးပါပဲ။ သူ့အချစ်ကို သိပ် Heavy ဆန်တယ်လို့ ကျူး မခံစားရဘူး ခေါင်"





"ကိုယ့်အချစ်တွေလောက် ကျူးကို ရင်ခုန်မှု မပေးနိုင်ဘူးပေါ့"

"ကျူးကိုပဲ မေးမနေစမ်းပါနဲ့။ ကိုချမ်းက အေးဆေးပေမယ့် သူ့ညီမကတော့ အေးဆေးမယ် မထင်ဘူး ခေါင်။ ခုတောင် ခေါင်နဲ့ကျူးကို သံသယ ရှိနေတယ် မဟုတ်လား။ သူက ခေါင့်ကိုတော့ အရိပ်တကြည့်ကြည့်နဲ့ သိပ်ချစ်တယ်နဲ့တူတယ်နော် ...

ခေါင် သူ့ကို ဘယ်လောက်တောင်များ ပြုစားခဲ့လဲ"

"မပြုစားပါဘူးကွာ။ လူ့စိတ်ဆိုတာ သိပ်အံ့ဩဖို့ကောင်းတယ်။ သူက ကိုယ့်ကို အရင်တုန်းက လုံးဝသဝန်မတိုခဲ့ဖူးဘူး။ သူနဲ့ ကိုယ်နဲ့ကြားမှာ ဘာပြဿနာမှ မရှိဘဲ အေးဆေးပဲ။ ကျူးနဲ့ကျမှ ဘာကြောင့် ဂျဲလ်လက်ဆီ ဖြစ်နေလဲတော့ မပြောတတ်ဘူး ...

သူ့အာရုံထဲမှာ ကျူးကို အန္တရာယ်အဖြစ် မြင်နေပုံရတယ်။ စိတ်တန်ခိုး ဆိုတာလည်း အံ့ဩဖို့ကောင်းသားနော်"

သူ့စကားကိုတော့ ကျူးက ပြုံးမဲ့မဲ့ပဲ ရှိနေခဲ့သည်။ သူက အဲဒီမဲ့ပြုံးလေးကို စိုက်ကြည့်ကာ ...

"ကိုယ်တို့ ဘယ်တော့လောက် ဖွင့်ပြောကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ခေါင့် သဘောပဲ။ ကျူးဘက်က ရင်ဆိုင်ရမယ့်လူက ယောကျာ်းလေး။ ခေါင့်ဘက်က မိန်းကလေးနော် ခေါင်။ အဲဒါကိုလည်း ထည့်စဉ်းစားဖို့ လိုတယ်"

"ဟင်း ... ခက်တော့လည်း ခက်တယ်ကွာ။ သူ သိသွားပြီး မေးလာတဲ့အချိန်ကိုပဲ စောင့်ရမလား၊ ဒါမှမဟုတ် ကိုယ် ဟာကိုယ် ဖွင့်ပြောဖို့ရာကျတော့လည်း ...

အဓိက,က.သူ့သိက္ခာကို ထိပါးပြီး ရှက်သလို ဖြစ်သွားမှာကို စိုးတာပါ"

"ဒါဆိုလည်း ဒီအတိုင်းပဲ ထားလိုက်ပေါ့ ခေါင်ရယ်"

သူက ကျူးမျက်နှာကို ကြည့်လိုက်လျှင် ကျူးက စိတ်ရှုပ်ထွေးစွာဖြင့် တစ်နေရာသို့ ငေးစိုက်နေသည်။ ကျူး ဒီလို ဖြစ်နေတော့လည်း ကျူးအတွက် သူ စိတ်မကောင်းရပြန်ပါ။

"တကယ်တော့ ကျူး မှားခဲ့တာပါ။ ကျူးက စိတ်အလိုကို လိုက်ခဲ့တယ်။ ခေါင်ကတော့ ယောကျာ်းလေးမို့ ခံစားချက်ကို မမျိုသိပ်နိုင်တာ ထားပါတော့ ...

ကျူးကတော့ အခြေအနေတွေကို နားလည်ခဲ့ဖို့ ကောင်းတယ်။ ကျူးတို့ စိတ်ခံစားမှုကို သိပ်ရှေ့တန်းတင်ခဲ့ကြတယ် ...

ကျူး အပြစ်တွေပါ"





ကျူးက ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သံဖြင့်ဆိုလျှင် သူက စိတ်ထိခိုက်စွာဖြင့် ကျူးရဲ့လက်ဖျားလေးများကို ဖျစ်ညှစ် ဆုပ်ကိုင်မိသည်။

"ကျူး အပြစ် မဟုတ်ပါဘူးကွာ။ ကိုယ့်ကြောင့်ပါ။ ကိုယ့်ကြောင့်ချည်းပဲလည်း ဟုတ်တော့ မဟုတ်ပါဘူး။ တကယ့် တကယ်တမ်းမှာ ဘယ်သူ့မှာမှ အပြစ်မရှိကြပါ ဘူး ...

ပြီးတော့ ... ကိုယ်တို့က လွတ်လပ်သူတွေပါ ကျူး ရဲ့။ အိမ်ထောင်ရေးဖောက်ပြန်မှုကြီး မဟုတ်ပါဘူး။ အဲဒီ လောက်ကြီး ကိုယ့်ကိုယ်ကိုယ် Gulity မဖြစ်ပါနဲ့ ...

ကိုယ်နဲ့ ကျူးနဲ့ တစ်ယောက်အပေါ် တစ်ယောက် ထားတဲ့ အချစ်က သာမန်လောက် ပေါ့သေးသေး အချစ် မျိုးမှ မဟုတ်တာ"

"ဒါပေမဲ့ ကျူး သွန်းကို မိန်းကလေးချင်း ကိုယ်ချင်းစာ တယ်။ ခေါင့်ကို ကျူး ချစ်သလို သူလည်း သိပ်ချစ်မှာ ပဲလေ။ ကျူး သိပါတယ်။ သူ ခေါင့်ကို သိပ်ချစ်တယ်။ သိပ်ချစ်တဲ့ အရိပ်ယောင်ကို သူ့မျက်လုံးတွေထဲမှာ ကျူး တွေ့နေရတယ် ...

သူလည်း ခေါင့်ကို ကျူးထက် မလျော့တဲ့အချစ်မျိုး နဲ့တော့ ချစ်မှာပဲ ခေါင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ မပြောပါနဲ့တော့ကွာ။ တချို့အကြောင်းအရာတွေက တစ်ဖက်သားရဲ့ရင်ထဲအထိ လိုက်မကြည့်တာက ပိုကောင်းပါတယ် ...

ကိုယ်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ရဲ့သားနဲ့ ထပ်ပြီးအဝေးမခံနိုင်တော့ဘူး ကျူး။ အဲဒါ ကိုယ့်ရဲ့အပြတ်သားဆုံး စိတ်ဆန္ဒပဲ ...

ဒီ့အတွက် ကိုယ်တို့ အတူတူ ရင်ဆိုင်ကြမယ်။ အဓိက,က ဘာတွေပဲ ကြုံလာ ကြုံလာ ကျူး ကိုယ့်ကို ထပ်ပြီး လက်တွဲဖြုတ်မသွားပါဘူးဆိုတဲ့ ကတိကို ပေးပါ ကျူး"

ကျူးက ချက်ချင်းပြန်မဖြေဘဲ သက်ပြင်းကို အသာချသည်။ သူက ကျူးရဲ့လက်ဖျားလေးကို အသာဖျစ်ညှစ် လှုပ်ယမ်းရင်းမှ ...

"ပြောလေ ကျူး။ ကိုယ့်ကို ထပ်မခွဲသွားပါနဲ့တော့ ကျူးရယ်"

ကျူးက သူ့မျက်ဝန်းတွေထဲသို့ တည့်တည့်စိုက်ကြည့်ရင်းမှ အားပေးသလို ပြုံးပြသည်။ ပြီးတော့ သူ့လက်ကို သူမရဲ့လက်နှစ်ဖက်ဖြင့် အုပ်မိုးဆုပ်ကိုင်ကာ ...

"မခွဲတော့ပါဘူး ခေါင်။ Promise ! "



သူသည် "promise"လို့ ပြောလိုက်သော ကျူးရဲ့နှုတ်ခမ်းလေးကို ငေးကာ ရင်တစ်ချက် ခုန်သွားသည်။ ရေကူးကန်နံဘေး လူမြင်ကွင်းမှာမို့ ကျူးရဲ့နှုတ်ခမ်းလေးကို စိတ်ကူးထဲမှာပဲ နမ်းဖြစ်သွားပါသည်။

✧ ❤ ✧

www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောတာ သေချာလား ရွှေဝါ။ တကယ် ... တကယ် ပဲတဲ့လား"

"သြော် ... ငါ့မျက်စိနဲ့ တပ်အပ်မြင်တာပါဆိုဟာ။ လုံးဝ ကို ကြည်နူးစရာကောင်းတဲ့ လပ်(ဖ်)ဆင်း(န်)နော်။ တစ်ယောက်လက်ကို တစ်ယောက်ကိုင်ပြီး Pool Side သား မှာ ကြည်နူးနေကြတာ ...

အဲဒီ မိန်းကလေးက Sedona မှာ ရေကူးနေကြဟ။ ငါတောင် အဲဒီတစ်ယောက် အရမ်းချောတာပဲဆိုပြီး မိန်းကလေးချင်း ငေးငေးနေမိတာ။ အဲဒီနေ့ကျမှ သြော် ... သူက စောစောစီးစီး ရေကူးပြီး ဘဲနဲ့ ချိန်းတွေ့နေတာကိုး ဆိုပြီး သူ့ဘဲကိုပါ စိတ်ဝင်တစား ကြည့်မိတာ။ သူ့ဘဲက လည်း ဖြောင့်လှချည်လားပေါ့ ...





ပြီးတော့မှ ဟင် ... ဒါ ခေါင်နိုက်ပဲဆိုပြီး ငါလည်း ငါ့ကိုမမြင်အောင် ပုန်းလိုက်ရတာ။ သူတို့ကဖြင့် ပတ်ဝန်းကျင်ကိုတောင် သိပ်ဂရုမစိုက်ပါဘူး"

သွန်းသည် သူငယ်ချင်း အရင်းခေါက်ခေါက်ဖြစ်သူ ရွှေဝါရဲ့စကားတွေကို ကြားလျှင် ရင်ခွင်တစ်ခုလုံး မီးနဲ့အဟပ်ခံလိုက်ရသလို ပူပြီး ပြာတက်သွားသည်။ ရွှေဝါက Sedona က Gym မှာ မနက်တိုင်း ကစားနေကြမို့ ဒီမြင်ကွင်းကို မြင်လာတာ အဆန်းတော့ မဟုတ်ပါ။ သွန်းဟာ သူတို့နှစ်ယောက်ကို သံသယ စိတ်တစ်ဝက် အမြဲရှိသော်ငြားလည်း ဒီလောက်ကြီးထိတော့ အတင့်ရဲလိမ့်မည်ဟု မထင်ခဲ့။ ပြီးတော့ ခေါင်နဲ့ ချစ်ခဲ့ကြသည့် ချစ်သူသက်တမ်း တစ်နှစ်အတွင်းမှာ ခေါင့်ကို မိန်းကလေးတွေနဲ့ ရယ်ရယ်မောမော ရင်းရင်းနှီးနှီး နေတာမျိုးတောင် မမြင်ဘူးခဲ့။ ခေါင့်ရဲ့သိက္ခာကို အလွန်အမင်း ယုံကြည်စိတ်ချခဲ့သည်။

အခုတော့ ...။ သွန်းရဲ့မျက်လုံးထဲတွင် မျက်ရည်တွေ ချက်ချင်းပဲ စိမ့်အိုင်ပြီး ဖွဲ့လာသည်။

"သူ ... သူတို့ပုံစံတွေက ဖြစ်နေကြတဲ့ ပုံစံတွေလား"

"အေးပေါ့။ ငါတော့ အဲလိုပဲ ထင်တာပဲ။ တစ်ယောက်လက်ကို တစ်ယောက်က အပြန်အလှန် [illegible] ဟာ ... နင်ကလည်း အသိသာကြီးဟာကို"



www.burmeseclassic.com

www.burmeseclassic.com

"တောက် ... ဒါ သူတို့နှစ်ယောက် သက်သက် သူစွာမဲ့ကြတာပဲ။ အထူးသဖြင့် လှခေါင်ကျူးရင့်ပေါ့။ သူက ဘာကိစ္စ ဒါမျိုးကိစ္စကို လုပ်ရတာလဲ။ တကယ်ဆို ငါ့မျက်နှာကိုတောင် မထောက်ဦးတော့ ကိုကို့မျက်နှာကိုတော့ ထောက်သင့်တာယ် ...

သူတို့က ဘယ်လောက် အတိုင်းအတာထိ စဉ်းစားထားကြလို့ ဒီလိုမျိုး လုပ်ရဲကြရတာလဲ။ ရွှေဝါ ... ငါ ဘာလုပ်ရမလဲဟင်။ ခေါင့်ကို ဖွင့်မေးလိုက်ရမလား"

"မေးတော့ရော သူက ဝန်ခံမှာမို့တဲ့လား"

အဲဒီစကားက သွန်းကို တစ်ချက်တွေဝေသွားစေသည်။ မျက်လုံးထဲတွင် ခိုင်မာပိရိ ပြတ်သားသော ခေါင့်ရဲ့နှုတ်ခမ်းနှင့် မျက်လုံးများကို မြင်ယောင်လာမိသည်။ မေးလိုက်လို့ အမှန်အတိုင်း ဝန်ခံလိုက်လျှင်ရော အခြေအနေက ဘယ်လိုပြောင်းလဲသွားမှာတဲ့လဲ။ သွန်းနဲ့ ခေါင်ဟာ လမ်းခွဲပြတ်စဲသွားရမှာတဲ့လား။ ဟင့်အင်း ... အဲဒီလိုတော့ မဖြစ်နိုင်ပါ။ ခေါင်နဲ့ ကွဲကွာသွားဖို့ဆိုသော ဖြစ်ရပ်သည် သွန်းရဲ့အတွေးထဲမှာတောင် လက်မခံနိုင်သောကိစ္စဖြစ်သည်။

ခေါင့်ကို သွန်း ဘယ်နည်းနဲ့မှ အဆုံးရှုံးမခံနိုင်ပါ။ အရင်တုန်းကတော့ ခေါင့်ကို ချစ်တယ်ဆိုတာလောက်သာ အာရုံ





[illegible]ခဲ့လျက် ခုလို ပြဿနာတွေနဲ့ ရင်ဆိုင်ရချိန်မှာတော့ ခေါင့်ကို ဘယ်လောက်ထိ ချစ်ရတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိမြင်ခဲ့ပြီး ဖြစ်သည်။

"နင့်ကို ငါ တစ်ခု အကြံပေးမယ်"

ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်သာ အားကိုး[illegible]မို့ သွန်းက ရွှေဝါ့ကို အားကိုးတကြီး မော့ကြည့်မိသည်။ ရွှေဝါက မောင်းတင်ထားသော ချက်နှာထားဖြင့် ...

"နင် မေးချင်ရင် ခေါင်ခိုက်ကိုတော့ မမေးနဲ့။ ဟိုမိန်းကလေးကို နှစ်ယောက်ချင်းတွေ့ပြီး ပွင့်ပွင့်လင်းလင်း ဖွင့်မေးလိုက်"

"ဘာ ... ငါက ! "

"အေးလေ ... ခေါင်ခိုက်ကို မေးရင်တော့ ညာချင်ညာနေမှာပေါ့။ သူ့ကိုမေးတာက အမှန်တရားကိုသိဖို့ အနီးစပ်ဆုံးပဲလေ"

"သူက ညာခဲ့ရင်ရော"

"သူကတော့ ညာမယ်မထင်ဘူး။ ပြီးတော့ နင့် ခေါင်ခိုက်ကရော သူ့ကို ဘယ်လိုပြောထားလဲ မသိသေးတာ"

"ဘာလဲ ... နင်ဆိုလိုတာက ခေါင်ကပဲ သူ့ကို ငါ့အကြောင်း မပြောဘဲထားပြီး တွဲခုတ်ထားတယ် ထင်နေလို့လား



www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုင်လဲ၊ ဒီလိုဆို သူကလည်း ငါ့အစ်ကိုနဲ့ ဖြစ်နေတာပဲလေ။ ဩဇီမှာတည်းက ဖြစ်လာကြတာပဲ။ ကိုကိုနဲ့ ယူတောင်ယူဖို့ စီစဉ်ထားတဲ့ဟာ။ မိဘတွေချင်းသာ မတွေ့ကြရသေးတာ ကိုကိုက သူ့အကြောင်းကို အိမ်မှာ ပြောပြထားတာပဲ ...

ခေါင့်ကို ဆေးရုံမှာ သွားမေးတုန်းကလည်း သူရော ငါရော ကိုကိုရော လေးယောက်လုံး ဆေးရုံမှာ ဆုံကြတာပဲ"

"အဲဒီတုန်းက သူတို့ပုံစံတွေကို နင် သတိမထားမိဘူးလား"

"ငါက ပုံစံတွေထက် အဖြစ်အပျက်ကိုပဲ ပိုစိတ်ဝင်စားပြီး အဖြေထုတ်နေတာ၊ ဒါပေမဲ့ အဲဒီနေ့က သူတို့ပုံစံတွေက စကားသိပ်မပြောပေမယ့် လေးနက်နေသလို ရှိတာကိုတော့ ထူးထူးခြားခြား မှတ်မိနေတယ် ...

တကယ့် လူရင်းတွေပါ၊ ပြောစရာ မလိုပါဘူးဆိုတဲ့ အထာမျိုးတွေပေါ့။ သူကပဲ ငါ့ထက် ပိသလို ပိုင်သလိုနဲ့တောက်"

သွန်းက ဝမ်းနည်းစိတ်အစား ဒေါသတွေ ထွက်လို့လာလျှင် ရွှေဝါက ဖျောင်းဖျသည်။





"သိပ်လည်း ဒေါသထွက်မနေနဲ့ သွန်း။ သူ့ရှေ့မှာ ကိုယ်က ရှုံးရှုံးရှားရှား ဖြစ်ပြနေရင် တစ်ပန်းရှုံးတယ်။ အခြေအနေအရ သူက ရှုံးနေတဲ့လူလေ ...

ကိုယ့်လက်ထဲကနေ နင့် ခေါင်ကို လုထားတဲ့လူ။ လောကကြီးမှာ ဒီလိုမျက်နှာပြောင်တိုက်တဲ့ လူတွေရှိတာ သိပ်ဆန်းတဲ့ကိစ္စတော့ မဟုတ်ပါဘူး ...

ဒါပေမဲ့ ဒါက နင့်ယောက်မလောင်း ဖြစ်နေတယ်။ ဘယ်လိုလဲ ... နင့်အစ်ကို,ကိုရော နင် ပေးသိမှာလား"

သွန်း ရုတ်တရက် တွေဝေသွားသည်။ ကိုကို့ကို ဆေးသိလိုက်လို့ သွန်းနဲ့ ခေါင့်ကို သဘောမတူတော့မှာ၊ ကန့်ကွက်မှာလည်း စိုးရသေးသည်။

လောလောဆယ်မှာတော့ ကိုကို သိသွားလည်း ဘာမှအကျိုးရှိမည် မထင်ပါ။ သွန်းသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ ပြဿနာကို ဖြေရှင်းဖို့ ဆုံးဖြတ်လိုက်သည်။ မျက်လုံးထဲတွင် စူးရှထက်မြက်သော အလှတို့နှင့် ခပ်လွှင့်လွှင့် ပြုံးတတ်သူ လှခေါင်ရင့်ကျူး၏ မျက်နှာကို တရေးရေး ပြန်မြင်ယောင်လို့လာသည်။ ဒီအပြုံးတွေနဲ့ပဲ ခေါင့်ရဲ့နှလုံးသားကို အချိန်တိုတိုအတွင်းမှာ ဖမ်းစားသွားခဲ့သည် ထင်ပါရဲ့။ ဒီလို တွေးမိတော့ သွန်းရဲ့နှလုံးသားတွင် ဆစ်ခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သွန်းသည်လည်း လှပချောမောသော စာရင်းဝင်သည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။ သို့သော် ကျူး ဆိုသည့် မိန်းမကတော့ မိန်းကလေးချင်းကတောင် ငြိမ်ငေးရသည့် အလှမျိုး ပိုင်ဆိုင်ထားသူမို့ ခေါင့်ကို စိုးမိုးနိုင်သွားတာလား။ သွန်းသည် အဲဒီအတွေးကြောင့် ရင်ထဲမှာ နင့်နဲ့စွာ ခံစားလိုက်ရပါသည်။

"ကိုကို့ကိုတော့ မပြောသေးပါဘူး။ ငါ့ကိုယ်တိုင် သေချာသိအောင် လုပ်ဦးမယ်"

"ဘာလဲ ... နင်က ချောင်းဦးမှာလား"

"မချောင်းပါဘူး။ ဒီအခြေအနေမှာတော့ ဘာချောင်းစရာရှိလဲ။ သူ့ကို အမှန်အတိုင်းပဲ ပွင့်ပွင့်လင်းလင်း ဖွင့်မေးတော့မယ်"

"မေးလို့ အမှန်အတိုင်း ပြောခဲ့ရင်ရော"

အဲဒီမေးခွန်းကို သွန်း ရုတ်တရက် မဖြေနိုင်ချေ။ မျက်လုံးထဲတွင် ပြတ်သားတတ်မည့်ပုံရသည့် ကျူးရဲ့နှုတ်ခမ်းများကို ပြေးမြင်လာမိသည်။ သူက ပြတ်ပြတ်သားသား ပြောလိုက်လျှင် သွန်း ဘာလုပ်ရတော့မည်နည်း။ သွန်း ခေါင်းထဲ၌ ချာချာလည်ပြီး မူးလာသည်။ အဖြစ်သနစ်တစ်ခုကို ရင်မဆိုင် ကြည့်ရပါဘဲနှင့် ဟိုတွေး ဒီတွေး တွေးကာ စိတ်ဓာတ်တွေ ပျက်ပြားတာပဲ အဖတ်တင်သည်။ လုံလောက်သေချာသော အဖြေကထွက်





မလာ။ သွန်းသည် တစ်ယောက်တည်း အားတွေတင်းလိုက်၊ စိတ်ဓာတ်တွေ ကျလိုက်ဖြင့် ရူးသွပ်ရင်ခုန်လာသည်။

စိတ်မြန်လက်မြန်ရှိသူပီပီ ချက်ချင်းပဲ ကျူးရဲ့ဖုန်းနံပါတ်တွေကို ကောက်နှိပ်ကာ လှမ်းဆက်သွယ်လိုက်သည်။ တွေ့ဆုံကြဖို့ နေရာချိန်းစဉ်မှာ သွန်းရဲ့လက်တွေ တဆတ်ဆတ် တုန်ယင်နေခဲ့ပါသည်။ ဖုန်းချပြီးသောအခါ မျှော်လင့်တကြီး ငေးနေသော ရွှေဝါ့ရဲ့မျက်နှာကို လှည့်ကြည့်သော သွန်းနှုတ်ခမ်းများတွင် သွေးသိပ်မရှိတော့။

"သူက နောက်ထပ် နာရီဝက်နေရင် မစ္စတာဂစ်တာမှာ ဆုံမယ်တဲ့။ ငါ ဒီလိုချိန်းမှာကို ကြိုသိနေတဲ့ပုံစံပဲ ရွှေဝါ"

ရွှေဝါက ဘာမှပြန်မပြောဘဲ သွန်းကို ငေးစိုက်ပြီး ကြည့်နေသည်။ ရန်သူသည် ဘယ်လိုအင်အားကြီးလက်နက်ကို ပိုင်ဆိုင်သောကြောင့် ဒီလောက်တောင်များ Ready ဖြစ်နေရတာပါလိမ့်။ သွန်းကတော့ ရှိစုမဲ့စု လက်ဖြစ်မြားလေးတွေတောင် စစ်မရောက်ခင်တည်းက ကုန်ချင်သလိုလို ဖြစ်နေခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

သွန်းသည် စိတ်လှုပ်ရှားလာလျှင် ရင်တုန်လာသည့် ထုံးစံအတိုင်း လက်ချောင်းတွေကို တဂျွတ်ဂျွတ် ချိုးနေမိသည်။ ကော်ဖီကတော့ နှလုံးသမားမို့ သောက်မရသဖြင့် နို့အေးတစ်ခွက် သာ မှာထားသော်လည်း တစ်စက်လေးမှတောင် မထိ မတို့ရသေး။ အဲဒီအချိန်မှာပဲ မှန်တံခါးကို တွန်းဖွင့်ပြီး ဝင်လာသူက လှခေါင် ရင့်ကျူး ဖြစ်သည်။ ဆိုင်ထဲသို့ တစ်ချက်သာ ဝေ့ကြည့်လိုက်သော မျက်လုံးများသည် သွန်းရှိရာကို ချက်ချင်းလှမ်းမြင်သွားပြီး လက် တစ်ချက် လှမ်းပြကာ လျှောက်လာသည်။ အင်း ... ခေါင် ကြွေ မယ်ဆိုရင်လည်း ကြွေချင်စရာကောင်းတဲ့ မိန်းမပါပဲ။

ပုံစံကိုက ညို့အားအပြည့်ဖြင့် လှပလွန်းနေသည်။ အနက်ရောင်ဇာလက်ပြတ်အင်္ကျီကို ခရမ်းပုပ်ရောင် ပိုးစကတ်ခပ် တိုတိုဖြင့် တွဲဖက်ဝတ်ဆင်ထားကာ Cat walk လျှောက်သလို ခြေလှမ်းမျိုးဖြင့် လျှောက်လာသည်။ သွန်းကို နှုတ်ဆက်သလို





တစ်ချက်ပြုံးပြရင်းမှ မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်ကာ ဝိတ်တာ ကို ကပ်ပူချီနိုကော်ဖီတစ်ခွက်မှာသည်။ ပြီးတော့ သွန်းကို အရိုးခံ မျက်ဝန်းများဖြင့်ကြည့်ကာ ...

"သွန်း ရောက်နေတာ ကြာပြီလား။ ကျူးတော့ သွန်းနဲ့ ဖုန်းပြောပြီးကတည်းက ချက်ချင်းထ,လာလိုက်တာ"

"အင်း ... ရပါတယ်။ ရောက်တာ သိပ်မကြာသေးပါဘူး"

"သွန်း ပြောစရာရှိတယ်ဆို။ ဘာပြောမလို့လဲ ပြောလေ"

"ပြောစရာရှိတာ မဟုတ်ပါဘူး။ မေးစရာရှိတာပါ"

သူမက မျက်ခုံးတွေကို လှပစွာ တစ်ချက်ဝင့်သည်။ အင်း ... အဲဒီပုံစံတွေကပဲ ခေါင့်ကို နေ့စဉ်မြင်တွေ့စေရကာ စွဲမက်စေသလားတော့ မပြောတတ်ပါ။

"မေးလေ သွန်း။ ဘာမေးမှာလဲ"

"ရှင်နဲ့ ခေါင်နဲ့ ရည်းစားဖြစ်နေကြတယ် မဟုတ်လား"

သွန်းရဲ့ တဲ့တိုးဆန်လွန်းသော အမေးသည် သူမကို ရုတ်တရက် ရှော့ခ်ရသွားစေဟန်တူသည်။ ဘာပြန်ပြောရမှန်းမသိ ဘဲ သွန်းကို တစ်ချက်ကြည့်ပြီးမှ မျက်လုံးတွေကို လွှဲသွားသည်။ ဒီလောက်ဆို သွန်း သဘောပေါက်ပြီ။ ဒါဟာ နီးစပ်သောအဖြေ တစ်ခု ဖြစ်နေပြီဆိုတာ သွန်း သဘောပေါက်လိုက်ပြီဖြစ်သည်။

"ပြောပါ ကျူး။ ကျွန်မ အမှန်အတိုင်းပဲ သိချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူမက အနေခက်ဟန်ဖြင့် စားပွဲခုံကို စူးစူးစိုက်စိုက် ကြည့်နေသေးသည်။ ပြီးတော့မှ ပင့်သက်တစ်ချက်ကိုရှိုက်ကာ -

"ဟုတ်ပါတယ် သွန်း။ သူနဲ့ ကျုပ်က ချစ်သူတွေပါ"

အဲဒီအပြောသည် သွန်းရင်ထဲက ရေခဲမြစ်တစ်စင်းကို အပူပေးခံလိုက်ရသည့်ပမာ တအိအိနှင့် ကျဆင်းကာ အောက်ဘက်သို့ တဝုန်းဝုန်းနှင့် ပြိုကျသွားစေသည်။ သွန်းရဲ့မေးခွန်းက ရည်းစားဖြစ်နေတာလားဟု မေးခဲ့တာ ဖြစ်သော်လည်း သူမ ပြောသွားတဲ့ အဖြေက အဓိပ္ပာယ်တစ်ခုပါကာ ရက်စက်လှပေပါသည်။

အဲဒီစကားကြောင့် သွန်းသည် ရေမွန်းနေရာမှ ရေပေါ်သို့ ပြန်တက်လာသူလို ဝူးဝူးဝါးဝါး ဖြစ်သွားသည်။

"ဘ ... ဘယ်လို။ ဘယ်လို ပြောလိုက်တာလဲ လှခေါင်ရင့်ကျူး။ ခေါင်နဲ့ တို့နဲ့က ချစ်သူတွေလေ။ ဒီလိုပဲ ရှင်နဲ့ ကိုကိုနဲ့ကလည်း ချစ်သူတွေပဲ မဟုတ်လား ...

ဘယ်လိုလုပ်ပြီး ရှင်က ခေါင်နဲ့ ချစ်သူတွေ ဖြစ်သွားရတာလဲ။ ရှင်တို့ ဘာတွေလုပ်နေကြတာလဲ"

"ဆောရီးပါ သွန်း။ ကျုပ် စိတ်မကောင်းပါဘူး"

"ဘာရယ် ... ဘာစိတ်မကောင်းတာလဲ။ ဒီလိုပြောရုံနဲ့ပြီးသွားမှာလား။ ကျွန်မသာ ဖွင့်မပြောရင် ရှင်တို့ ဘယ်အချိန်ထိ ဖုံးထားကြဦးမှာလဲ"





"ကျုပ်တို့ ဖွင့်ပြောကြဖို့ အကြိမ်ကြိမ် ဆွေးနွေးခဲ့ပြီးသားပါ"

"ဘာ ... ဘာ။ ဟား ... ရှင်တို့တွေ ဦးနှောက်တော့ ကောင်းကြသေးပါတယ်နော်။ ဘာတွေလဲ။ ဘယ်လိုစိတ်ကူးနဲ့ ဒီလိုတွေ ဖောက်လွဲဖောက်ပြန် ဖြစ်နေကြတာလဲ ...

ဒီမယ် ... ရှင်တို့ ဖြစ်နေတဲ့ကိစ္စကို ရပ်တန်းက ရပ်ပါတော့ လှခေါင်ရင့်ကျူး။ ဒီလိုမှ မဟုတ်ရင် ကျွန်မ ကိုကို့ကို ဖွင့်ပြောလိုက်ရလိမ့်မယ်"

သွန်းက အကျပ်ကိုင်ပြီး ခြိမ်းခြောက်လိုက်လျှင် သူမက ကုတ်ဖဲ့ပစ်ချင်စရာ ကောင်းလောက်အောင်ကိုပင် လှပစွာ ပြုံးပြပါသည်။

"အဲဒီလို ပြောပြပေးခဲ့ရင် သွန်းကို တို့က လှိုက်လှိုက်လှဲလှဲကို ကျေးဇူးတင်မိမှာပါ"

"ဘာ ... တောက်။ ရှင် ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ လှခေါင်ရင့်ကျူး။ ရှင်တို့ လူ့စည်းကမ်း လူ့ကျင့်ဝတ်တွေကို နားမလည်ဘူးလား ...

အထူးသဖြင့် ရှင့်လို မိန်းကလေးတစ်ယောက်က ဒါမျိုးလုပ်စရာလား။ ရှင့်သိက္ခာကို ရှင် နည်းနည်းပါးပါးလောက် မငဲ့တော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



သွန်းက မှန်းမှန်းနှင့် တမင်ဖိနှိပ်ပြောသော်လည်း သူမကတော့ ကြိုတင်ပြင်ဆင်ထားသည့်အလား ထူးထူးခြားခြား နှာဟန်မပြပါ။ ဘုရားသခင် … သင်းတို့တွေ ဘယ်လောက်ထိများ ရည်ရွယ်ခြေလှမ်းနေခဲ့ကြပါလိမ့်။ သွန်း၏ဘယ်ဘက်နှလုံးဆီမှ အောင့်မျက်လို့ လာတာဖြစ်ပါသည်။

"စိတ်မကောင်းပါဘူး သွန်း။ သွန်းကို တောင်းပန်ပါတယ်။

တို့ရော၊ ခေါင်ရော ဆုံးဖြတ်ပြီးသွားပါပြီ …

တို့တွေ လက်တွဲဖြုတ်ဖို့ ဆန္ဒမရှိပါဘူး"

"ဘာ"

သွန်း၏ ဘာ,ဟူသော အော်သံကျယ်ကြီးမှာ ဆိုင်ခန်းထဲတွင် ဆောင့်ကြီးအောင့်ကြီး ထွက်ပေါ်လို့သွားသည်။ ကျူးဆိုသော မိန်းမက သွန်းကို သနားသလို အကြည့်မျိုးဖြင့် ကြည့်လာကာ မျက်ဝန်းများဖြင့် နှစ်သိမ့်အားပေးသည်။ ဟင့်အင်း … သွား။ ငါ့ကို အဲဒီလို အကြည့်မျိုးတွေနဲ့ လာမကြည့်နဲ့။ ငါဟာ သနားစရာသတ္တဝါ မဟုတ်ဘူး။

"လှခေါင်ရင့်ကျူး … ရှင် သိပ်မျက်နှာပြောင်တိုက်လွန်းပါလား။ ရှင့်အတွက် ယောက်ျားမရှားပါဘူး …

ဘာဖြစ်လို့ ခေါင့်ကိုမှရွေးပြီး ပြုစားလိုက်ရတာလဲ။ ခေါင်နဲ့ ကျွန်မတို့ရဲ့ သာယာတဲ့ဘဝလေးကို ဘာကြောင့် ဖျက်ဆီးချင်ရတာလဲ …





ရှင် ရှိးသွားတဲ့ တစ်နေ့မှာလည်း ကိုကို့လိုပဲ ခေါင့်ကို ထားခဲ့ဦးမှာပဲ မဟုတ်လား။ ရှင်က မြွေဟောက်လို မိန်းမပဲ"

သူမက ထိုင်ရာမှထကာ သွန်းကို ကရုဏာသက်သလို တစ်ချက်ကြည့်သည်။ အဲဒီလိုကြည့်တာကို သွန်း အမုန်းဆုံးပဲ ဖြစ်ပါသည်။

"သွန်း ပြောနေတဲ့ စကားတွေကို ဆက်နားထောင်နေလို့ ဘာမှအကျိုးရှိလာမှာ မဟုတ်တဲ့အတွက် တို့ကို ခွင့်ပြုပါ …

သွန်း သိချင်နေတဲ့ အဖြေအတွက် သွန်းကို တို့ အတည်ပြုပေးခဲ့ပါပြီ။ ခိုင်မာတာတစ်ခုကို ထပ်ပြောရရင် တို့ ခေါင့်ကို ဘယ်တော့မှ လက်တွဲဖြုတ်မှာ မဟုတ်ပါဘူး။ ခေါင်လည်း ဒီအတိုင်းပဲ ရှိမှာပါ …

စိတ်မကောင်းပါဘူး သွန်း။ အားလုံးအတွက် တောင်းပန်ခဲ့ပါတယ်။ တို့ သွားတော့မယ်"

သူမက ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်သွားသည်။ သွန်းသည် ခံရခက်ခြင်းများစွာ၊ နာကျင်ခြင်းများစွာ၊ ဒေါသဖြစ်ခြင်းများစွာတို့နဲ့အတူ နေရာမှာ ငုတ်တုတ် အသက်မဲ့နေသူလို ကျန်ရစ်ခဲ့သည်။ သူမ ပြောသွားသော စကားတွေထဲမှာ အပိုစာသားတစ်လုံးမှ မပါဝင်ပေမယ့် ခိုင်မာခြင်း၊ ခံရှုင့်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



နောက်မဆုတ်ခြင်းတွေ ပါဝင်နေတယ် ဆိုတာကိုတော့ သွန်းတစ်ယောက် သွေးပျက်စွာ လက်ခံထားလိုက်ရပြီဖြစ်သည်။

ဘာတဲ့ ...။ ခေါင်ကလည်း သူမနဲ့ တစ်သဘော်တည်း၊ တစ်ထပ်တည်းပဲတဲ့။ ဘယ်တုန်းကများ အဲဒီလို ဖြစ်သွားရတာတဲ့လဲ။ သူတို့ တွေ့ဆုံခဲ့တဲ့ အချိန်ဟာ အလွန်ဆုံးရှိလှ သုံးလေးလပါ။ သွန်းက တစ်နှစ်လောက် ချစ်ခဲ့ရတဲ့သူပါ။ ခေါင်ရေ သွန်းကို အဲဒီလောက်ကြီးတော့ ရက်စက်မသွားပါနဲ့။

သွန်းသည် ငိုချင်လာသော မျက်ရည်များကို အတင်းအံကြိတ်သိမ်းဆည်းကာ အိမ်သို့အမြန်ပြန်၍ အရေးပေါ် နှလုံးဆေးကို သောက်ခဲ့ရသည်အထိ ဝေဒနာဆိုးကြီးကို ပထမပိုင်း ကြုံတွေ့ခဲ့ရသည်။

✧ ❤ ✧





## ၁၃

သူသည် ဒီအခြေအနေကြီးကို မျှော်လင့်ပြီးသား ဖြစ်သော်လည်း တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ ကြုံလာရသော အခါ အင်မတန်ဘဲ စိတ်ညစ်ညူးရပါသည်။ မနေ့ကတည်းက ကျူးသည် သွန်းနဲ့တွေ့ပြီး ပြန်လာကတည်းက သူ့ထံသို့ ဖုန်းဆက်ပြီး အကျိုးအကြောင်းကို လှမ်းပြောနေပြီးသား ဖြစ်သည်။ သူ့ထံသို့ ဒီကိစ္စဟာ အနေးနဲ့အမြန် 'ရောက်လာတော့မယ် ဆိုတာကို သူ သိပြီးသားမို့ ကြိုတင်ပြင်ဆင်ထားခဲ့သော်လည်း သွန်းရဲ့နာကျင်စုတ်ပြတ်နေသော မျက်နှာကို မြင်ရတဲ့အခိုက်မှာတော့ ဘာစကားပြောလို့ ပြောရမှန်း မသိအောင် တိတ်ဆိတ်ဆွံ့အလို့ သွားသည်။ သွန်းက သူ့ကို ငိုထားဟန်တူသော မျက်ဝန်းနီနီများဖြင့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခေါင် ဘယ်လိုလဲ။ ရှင်ကရော မျက်နှာပြောင်တိုက်တိုက်နဲ့ပဲ ဝန်ခံဦးမှာလား။ ပြောပါဦး။ အဲဒါ ဘာလုပ်ကြတာလဲ ...

သူ ပြောတာတွေက အမှန်ပဲလား။ ခေါင်တို့ လက်တွဲမဖြုတ်ကြဘူး။ ရှေ့ဆက်တိုးကြမယ်၊ အဲဒါတွေက အမှန်ပဲလား ခေါင်"

သူက သက်ပြင်းတစ်ချက်ကိုချကာ သွန်းကိုကြည့်မိသည်။ သွန်းရဲ့နာကျင်ဝမ်းနည်းနေသော မျက်ဝန်းများကို သူ ကြာကြာမကြည့်ရက်ပါ။

"ကိုယ် သွန်းကို အနူးအညွတ် တောင်းပန်ပါတယ်"

"မတောင်းပန်နဲ့"

သွန်းရဲ့ ရှူးရှူးဝါးဝါး အော်ဟစ်သံသည် ပတ်ဝန်းကျင်တစ်ခုလုံး ပျံ့နှံ့သွားသည်။ အမြဲတစေ နူးညံ့အေးဆေးသော သွန်းရဲ့ပုံစံနှင့် မူကွဲစွာ ဒဏ်ရာရထားသော ကျားနာမလေးတစ်ယောက်လို ပေါက်ကွဲချင်နေသော သွန်းကို သူက စိတ်ထိခိုက်စွာ တစ်ချက်ကြည့်မိသည်။ သွန်း ဒီလိုဖြစ်ရခြင်းအတွက် သူ စိတ်မကောင်းပါ။ သူ့ပယောဂမကင်းဘူးဟု ခံစားရပါသည်။

သွန်းက နီရဲနာကျင်နေသော မျက်ဝန်းများဖြင့်ကြည့်ကာ ...





"*ဘာမှ လာမတောင်းပန်နဲ့။ တောင်းပန်တဲ့စကားလည်း* မကြားချင်ဘူး။ အဲဒါက ဘယ်လိုဖြစ်သွားရတာလဲ။ ခေါင် ... ရှင့်ကို သွန်း သိပ်ယုံခဲ့တယ်။ သိပ်ချစ်ခဲ့တယ်လေ ...

သွန်းကို သစ္စာဖောက်တဲ့ အလုပ်မျိုး ဘာကြောင့် လုပ်ရတာလဲ"

"ကိုယ် သစ္စာဖောက်တာ မဟုတ်ပါဘူး"

"ဘာရယ် ... ဟက် ... သစ္စာဖောက်တာ မဟုတ်ရင် ဘာလုပ်တာလဲ။ သစ္စာမဲ့တာလား။ ခေါင် ရှင် သူ့အလှမှာ တဒင်္ဂမျောသွားတာ မဟုတ်လား။ ဟင် ... ပြောစမ်းပါ။ သူ့အလှနဲ့ သူနဲ့ အနေနီးစပ်မှုကို သာယာသွားတာပါ၊ ဟုတ်တယ် မှလား ...

ဒါဟာ ခဏတာအတွက်ပဲ မဟုတ်လား ခေါင်။ ခေါင့်အမှားကိုသိရင် ခေါင်ပြင်ပါ။ ခေါင့်ကို သွန်း ခွင့်လွှတ်ပါတယ်။ သူ့ကို မေ့ပစ်လိုက်ပါ ခေါင်"

သူက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ကာ သွန်းကို စာနာသောအကြည့်တို့ဖြင့် ကြည့်လိုက်သည်။

"မဟုတ်ဘူး သွန်း။ သွန်း ထင်သလို မဟုတ်ပါဘူး"

"ဘာလဲ ... သူနဲ့မှ ရှင့်နှလုံးသားက တကယ်ချစ်တတ်သွားတယ်လို့ ဆိုလိုချင်တာလား။ သူက နောက်မှပေါက်ဖွားရှေ့ကြာပင်ပါ ခေါင်ရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင်နဲ့တွေ့တာ အလွန်ဆုံး သုံးလေးလပေါ့။ ဒါလေးနဲ့များ ရှင်တို့ ဘဝတစ်သက်တာလုံး ခိုင်မြဲသွားမယ်လို့ ယုံကြည်တယ်ပေါ့ ...

ရှင့်ကို သူက သိပ်ချစ်တယ်လို့ ယုံကြည်တယ်ပေါ့။ ကိုကို့ကို သစ္စာဖောက်ထားတဲ့ မိန်းမနော်။ ရှင့်ကိုလည်း ထပ်ပြီး သစ္စာဖောက်နိုင်တယ်ဆိုတာ မမေ့နဲ့"

"သွန်း ... သူက နောက်မှတွေ့ရတဲ့သူ မဟုတ်ပါဘူး"

သွန်းက သူ့ကို စူးရှသော မျက်လုံးများဖြင့်ကြည့်သည်။

"သူက ကိုယ့်ရဲ့ ပထမဆုံးချစ်ခဲ့ရတဲ့ ချစ်သူပါ"

သွန်း မျက်နှာသည် ချုခွဲလိုက်သော ဖန်ခွက်လေးတစ်ခွက်လို လုလုပပ ကွဲကြေသွားသည်။ ပွင့်အသွားသော နှုတ်ခမ်းများသည် သူ့ကို တော်တော်နဲ့ စကားမပြောနိုင်ပါ။

"ကိုယ်နဲ့ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်တည်းက ချစ်ခဲ့ဖူးကြတဲ့ ချစ်သူတွေပါ။ သူ ဩဇီကို ထွက်သွားတော့ ကိုယ်တို့ အဆက်အသွယ် ပြတ်တောက်သွားခဲ့ကြတယ် ဆိုပါတော့။ ရုံးမှာ မမျှော်လင့်ဘဲ ပြန်ဆုံဖြစ်ကြတာပါ သွန်း ...

သူရော ကိုယ်ရောမှာ နောက်ထပ် အချစ်သစ်တွေ ကိုယ်စီတွေ့ပြီးကြပေမယ့် အတိတ်ကအချစ်က အကောင်





အတိုင်း လတ်လတ်ဆတ်ဆတ် ရှိသေးတယ်ဆိုတာကို သိခွင့်ရလိုက်တယ် ...

အဲဒီအတွက် ကိုယ်တို့ကို နားလည်ပေးပါလို့ မတောင်းဆိုလိုပါဘူး။ ဒါပေမဲ့ ခွင့်ပြုပေးပါ သွန်း ...

ကိုယ်တို့ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုမှ မခွဲနိုင်လို့ပါ။ အဲဒီအတွက် ကိုယ့်ကို သွန်း ကြိုက်သလို လုပ်နိုင်ပါတယ်၊ ကြိုက်သလို ပြောနိုင်ပါတယ် ...

အရာအားလုံးအတွက် ကိုယ်ခံယူဖို့ အသင့်ပါ သွန်း"

သွန်းက သူ့ကို အင်မတန် နာကျင်နေသော မျက်ဝန်းများဖြင့် အံကြိတ်ပြီးကြည့်ကာ မျက်နှာကို ချာခနဲ လွှဲပစ်သည်။ သွန်းရဲ့အသက်ရှူသံပြင်းပြင်းမှာ သူတောင် ကြားနေရသလို ထင်မိလေသည်။

"ကိုယ် တောင်းပန်ပါတယ် သွန်း"

"ဩော် ... ဒီလို တောင်းပန်တယ် ဆိုရုံနဲ့ ပြီးရောလား ခေါင်ခိုက်ရဲ့။ အရာရာမှာ ရှင်တို့သဘောဆန္ဒ တစ်ခုတည်းနဲ့ပဲ ပြီးမယ်လို့ မျှော်လင့်ထားလား ...

ရှင်တို့နှစ်ယောက် သာယာချမ်းမြေ့စွာ ပေါင်းဖက်ကြဖို့ ကျွန်မတို့မောင်နှမရဲ့ နှလုံးသွေးတွေကို စတေးပေးရမယ်ပေါ့၊ ဟုတ်လား ...



www.burmeseclassic.com

www.burmeseclassic.com



ဒီလို လွယ်လွယ်လေးနဲ့ ဆောရီးဆိုပြီး ကျော်သ
ရင်သပ်တော့ လုပ်လို့ရမလား"

သူက ဒေါသတွေကြီးကာ အတုန်တုန် အလှုပ်လှု
ဖြစ်နေသော သွန်းကို စိတ်မသက်သာစွာ ကြည့်မိသည်။ အ
များစွာက သွန်းရဲ့ပုံစံဟာ ဒီလိုပုံစံမျိုး မဟုတ်ပါ။ အမြဲတ
နုးညံ့ကြင်နာသော အပြုံးလေးဖြင့် အေးချမ်းခဲ့တာ ဖြစ်သည်
အခုတော့ သူ့အတွက်နှင့် စိတ်တွေ ခက်ထန်ကြမ်းတမ်းခဲ့ရသေ
သွန်းအတွက် သူ ဘယ်လိုဖြေသိမ့်ပေးရမယ်မှန်း မသိတော့ပြီ

"သွန်း ... သွန်းဟာ တကယ့်ကို အဖိုးတန်ပြီး မြတ်နိ
လေးစားချင်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါ
သွန်းကို တကယ်တန်ဖိုးထားပြီး အချစ်စစ်နဲ့ ချစ်တဲ့လူ
တာ ပေါ်လာမှာပါ။ ကိုယ့်အတွက်နဲ့ သွန်းရဲ့စိတ်
ထိခိုက်နေတာမျိုး မဖြစ်စေချင်ဘူး ...

အဲဒီလို မဖြစ်ပါနဲ့ သွန်း။ သွန်းဘဝကို အကောင်
ဆုံး ရပ်တည်ပါ"

"တော်ပြီ ... ဆက်မပြောနဲ့။ ရှင် ကျွန်မကို ဘာမှလာ
ဆိုဆုံးမစရာ မလိုဘူး။ ရှင်တို့နှစ်ယောက်ကို ဒီအတိုင်းမျ
ကြည့်နေမယ် မထင်နဲ့ ...

ဒီလို လွယ်လွယ်လေး ပြီးသွားလိမ့်မယ်လည်း မထ
နဲ့"





"သွန်း"

သူက သွန်းကို တိုးတိတ်စွာ ခေါ်လိုက်လျှင် သွန်း
က အက်ကွဲနေသော မျက်လုံးများဖြင့် ကြည့်သည်။ ရှင် ဘာထပ်
လှည့်စားဦးမှာလဲ ဟူသော မျက်ဝန်းများရဲ့ ဘာသာစကားကြောင့်
သူ့စိတ်ထဲတွင် မကောင်းပါ။ ကျူးသာ သူ့ဘဝထဲသို့ ပြန်ပြီးမ
ဝင်ရောက်ခဲ့လျှင် သွန်းသည် သူ့အတွက် အထိုက်တန်ဆုံးသော
လက်တွဲဖော်တစ်ယောက် ဖြစ်လာလိမ့်မည်ဆိုတာ မမှားပါ။
သို့သော် သူ ကျူးကို ဘယ်လိုမှ မစွန့်လွှတ်နိုင်တော့။ အချစ်ကို
ရေ့တန်းတင်တယ်ပဲပြောပြော၊ ရူးမိုက်တယ်ဟုပဲပြောပြော ကျူးကို
သာ သူ လက်တွဲလိုလှပါသည်။

"သွန်းရဲ့နှလုံးသားက အမြဲတမ်း ဖြူစင်အေးချမ်းနေခဲ့တဲ့
သူပါ။ အမုန်းတရားတွေ အာဃာတတွေနဲ့ သွန်းရဲ့နှလုံး
သားကို မလောင်မြိုက်ပါနဲ့။ ကိုယ့်အတွက်ကြောင့် မပူလောင်
ပါနဲ့ သွန်းရယ်"

"ဩော် ... ပြောတတ်တယ်နော်။ ဒီပူလောင်မှုက ဘယ်
ဟာက ဖြစ်တာလဲ။ ဘယ်သူက လုပ်တာလဲ။ ဒီမှာ ...
ခေါင်ခိုက်၊ ရှင်တောင် တာဝန်မယူနိုင်တော့တဲ့ ကျွန်မရဲ့
နှလုံးသားကို ရှင် ဘာမှ ဆုံးဖြတ်ဝေဖန်ပေးနေစရာ မလို
ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတော့ မှတ်ထားလိုက်။ ဒီကိစ္စက တောင်း
ပါတယ်၊ စိတ်မကောင်းပါဘူး ဆိုတဲ့ စကားလေးနဲ့
ပြီးသွားမယ့်ကိစ္စမျိုး မဟုတ်ဘူး ဆိုတာပဲ ...
ရှင်တို့ ကစားသွားတာ ဘောလုံးတစ်လုံး မဟုတ်
ဘဲ လူတစ်ယောက်ရဲ့ အသည်းနှလုံးဆိုတာတော့ သတိ
လိုက်ပေါ့"

သွန်းက နာကြည်းဟန်အပြည့်ဖြင့် ပြောပြီး ထွက်သွားလေရာ သူသည် သွန်းရဲ့ကျောပြင်ကို ရပ်ငေးနေခဲ့မိသည်။ သူ့ရင်ထဲမှာတော့ သွန်းကို ခွင့်လွှတ်ဖို့စကားတွေ အကြိမ်ကြိမ် တောင်းဆိုနေမိခဲ့သော်လည်း အပြင်ဘက်မှာတော့ အဲဒီစကားတွေ ဟာ ဘယ်လောက်ပဲပြောပြော အရာမထင်ဘူး ဆိုတာလည်း ကိုယ့်ဟာကိုယ်တော့ သိပါသည်။ ဒါပေမဲ့လည်း ခွင့်လွှတ်တောင်း ပန်ဖို့ထက် သူ ဘာစကားမှလဲ မပြောတတ်တော့ပါ။

အချစ်ဆိုတာ အတ္တတစ်ခုဆိုလျှင် သူ့အတ္တတွေ သမုဒ္ဒရာကြီးလောက် များနေလားတော့ မပြောတတ်တော့ပါ။ အခြေအနေဟာ ဒီလောက်နဲ့ မပြီးဘူး ဆိုတာတော့ သူ ရင်ထဲ မှာ ကြိုသိလို့နေခဲ့သည်။

✧❤✧





ခေါင်းခိုက်တင် ပြဿနာနှင့် ရင်ဆိုင်နေရတာ မဟုတ် ... ကျူးသည်လည်းပဲ ဒီဘက်မှာ ကိုချမ်းနဲ့ ရင်ဆိုင်ရပါသေးသည်။ ... ချမ်းသည်လည်း သွန်းထံက အဖြစ်သနစ်အစုံကို သိပြီးသားဖြစ် ... ဖြင့် ကျူးကို တွေတွေဆိုင်ဆိုင် ထပ်မေးကာ အတည်ပြုသည်။ ... ကျူးကလည်း ဟုတ်တိုင်းမှန်ရာကို ဝန်ခံဖို့ ဝန်မလေးခဲ့။ ကိုချမ်း ... ကျူးကို ဝမ်းနည်းခံစားရသော မျက်နှာမျိုးထက် ဒေါသထွက် ... သော မျက်နှာမျိုးဖြင့်ကြည့်ကာ ...

"ကျူး ဘာဖြစ်လို့ ဒီလိုလုပ်လိုက်ရတာလဲ။ ကျူးကို ဒီလို လုပ်မယ့် မိန်းကလေးမျိုးလို့ ကိုယ် ထင်မထားခဲ့တာ အမှန်ပဲ ...

ဒါဆို မင်း ကိုယ့်ကို ချစ်ခဲ့တယ် ဆိုတာကရော ဘာလဲ။ အားလုံး အလိမ်အညာ အတုအယောင်တွေချည်း ပဲပေါ့၊ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုချမ်းကို ကျူး လိမ်ညာခဲ့တာ တစ်ခုမှ မရှိပါဘူး။ ကိုချမ်းကို သံယောဇဉ်တစ်မျိုးနဲ့ ကျူး ချစ်ခဲ့မိတာလည်း အမှန်ပါပဲ ...

ဒါပေမဲ့ ခေါင်ခိုက်က ကျူးရဲ့အချစ်ဦးပါ။ အဲဒီထက် လွဲပြီး ကျူး ဖြေရှင်းချက် တစ်စုံတစ်ရာ မပေးနိုင်တော့ပါ ဘူး"

ကိုချမ်းက ကျူးကို လှောင်သလိုလိုဖြင့် ခပ်မဲ့မဲ့ပြု ကာ ...

"ဘာလဲ ... အချစ်ဦးကို မမေ့နိုင်လို့ပါဆိုတဲ့ ဆင်ခြေကြီး ပေါ့၊ ဟုတ်လား"

"ကိုချမ်း ကြိုက်သလို ပြောပါ။ ဒါပေမဲ့ ကျူးရဲ့အချစ် တော့ မလှောင်ပါနဲ့ ...

ကိုချမ်းကို ကျူး ခွင့်လွှတ်ပါလို့လည်း မတောင်း ချင်ဘူး။ ခွင့်လွှတ်ဖို့ မလွှတ်ဖို့ ဆိုတာလည်း ကိုချမ်းကို မို့ ကျူးနဲ့ဘာမှမဆိုင်ပါဘူး။ ကိုချမ်း သိထားဖို့က အချ ဆိုတာ မိုးလေဝသခန့်မှန်းသလိုပဲ ကိုချမ်း။ ဘယ်သူမှ လိမ်ညာပြီး မပြောခဲ့ဘူး။ ဒါပေမဲ့ မှားသွားခဲ့တာပဲရှိတယ် ဒီသဘောအတိုင်းပါပဲ။ ခုကိစ္စမှာ ကျူး ကိုချမ်းကို မလိ ခဲ့ဘူး။ ကျူးရင်ထဲက တစ်စုံတစ်ရာကို အချစ်ပဲ ထင်





တယ်။ ဒါပေမဲ့ အဲဒီအချစ်ဟာ ဘယ်လိုအချစ်မျိုးလဲဆိုတာ ကျူး ကိုယ်တိုင် ရေရေရာရာ မသိနိုင်တော့ဘူး ...

ကျူးရဲ့အမှားတစ်ခုပါပဲ။ ဒါပေမဲ့ နှလုံးသားမှာ မှတ်ကျောက်တင်ခံနိုင်တဲ့ အချစ်မျိုးကတော့ ဘယ်လို အခြေအနေမျိုးမှာမဆို ပျက်ယွင်းမသွားတဲ့ အချစ်မျိုးပေါ့။ အဲဒီ အချစ်မျိုးနဲ့ ခေါင်ခိုက် တစ်ယောက်ကိုပဲ ချစ်မိသွား တဲ့အတွက် ကျူး ကိုချမ်း အနားမှာ မနေနိုင်တော့တာ ပါ"

ကိုချမ်းက ပခုံးနှစ်ဖက်ကို တွန့်ကာ ဘာမှမဖြစ်ပါ ဘူး ဟူသော အထာမျိုးဖြင့် ပြုံးသည်။ ကိုချမ်းရဲ့သဘောကို ကျူးက နားလည်ပါသည်။ သူသည်လည်း ခေသော ယောကျ်ား တစ်ယောက် မဟုတ်။ အဘက်ဘက်က ပြည့်စုံသော ယောကျ်ား တစ်ယောက် ဖြစ်သည့်အပြင် သူ့ကိုမှ သည်းသည်းလှုပ် လိုချင် နေကြသော မိန်းကလေးတွေကလည်း ဒုနဲ့ဒေးမို့ ဒီကိစ္စသည် သူ့အတွက်တော့ ကျူးကို ဘယ်လိုမှ နားလည်ခွင့်လွှတ်ပေးနိုင်မှာ မဟုတ်သည့် ကိစ္စမျိုး ဖြစ်သည်။

ကျူးကို တောင်းပန်ခယပြီး ဆွဲထားမည့်လူမျိုး မဟုတ်။ သူ့မှာလည်း မာနရှိပါသည် ဆိုတာမျိုးကို ပြချင်သော လူမျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ကိုယ်ကလည်း ကိုယ့်အနားမှာ မနေချင်တဲ့ လူတစ်ယောက်ကို ဇွတ်ခေါ်ထားဖို့ စိတ်ကူးမရှိပါဘူး။ ကိုယ် လက်တွဲချင်တဲ့ မိန်းကလေးက ရုပ်ချောတာ ပညာတတ်တာ ချမ်းသာတာထက် ကိုယ့်ကို စစ်မှန်စွာ ချစ်ဖို့ပဲ လိုအပ်တာပါ။ အဲဒီ အဓိကအချက်ကြီးက ကျူးမှာ မရှိဘူးဆိုတော့ ကိုယ်တို့ လက်တွဲဖို့က ဝေးသွားပြီပေါ့လေ ...

အင်းပေါ့ ... ကိုယ် လူကဲခတ် ညံ့သွားတာပါ။ ကိုယ်ကတော့ ပြဿနာ မရှိပါဘူး။ ကိုယ် သနားတာက ကိုယ့်ညီမလေးပဲ။ သူက တကယ့်ကို အရိုးခံစိတ်နဲ့ အဖြူထည်လေးဆိုတော့ ခံစားနာကျင်သွားမှာပေါ့ ...

ဒီလို ပိပိရိရိနဲ့ လှည့်စားခံရလိမ့်မယ်လို့ ဘယ်သူက ကြိုသိမှာလဲ။ ရှိပါစေတော့လေ၊ အိုကေပါ ကျူး။ Good lucks ! "

သူကတော့ ကျူးကို ပညာသားပါပါနှင့်ပင် နိပ်ကွပ်ကာ အသာတကြည် နှုတ်ဆက်သွားလေသည်။ ကျူးဘက်က လွယ်လင့်တကူ အဆင်ပြေသွားပေမယ့် ခေါင်ဘက်ကတော့ မပြေပါ။ အကြောင်းတရားမှာ ခေါင်နဲ့ လမ်းခွဲပြီး တစ်ပတ်အကြာ၌ သွန်းတစ်ယောက် မိုးသည်းသည်းညထဲ ခြံထဲမှာ တစ်ယောက်တည်း ဆင်းထိုင်ရင်း ခွေခွေလေး လဲကျနေတာကို အချိန်အတော်





ကြာမှ အိမ်သားတွေ တွေ့ရှိကာ ဆေးရုံသို့ ပို့လိုက်ရခြင်းပဲ ဖြစ်တော့သည်။

အဲဒီသတင်းကို ကြားသောအခါ ကျူး တစ်ယောက် တကယ်ပဲ စိတ်ထိခိုက်စွာ မျက်ရည်ကျမိပါသည်။ ကျူးတို့ရဲ့ချစ်ခြင်းသည် တစ်စုံတစ်ယောက်အတွက်တော့ အဆိပ်များဖြစ်နေပြီလား မပြောတတ်တော့ပါ။

✧ ❤ ✧



www.burmeseclassic.com

www.burmeseclassic.com



သူသည် သွန်းရဲ့သတင်းကို ကြားလျှင် ကြားချင်းပဲဆေးရုံသို့ ပန်းစည်းတစ်စည်းဖြင့် အပြေးအလွှား ရောက်သွားခဲ့သော်လည်း သွန်းရဲ့အစ်ကို ကြီးဆိုပုံကတော့ သူ့အတွက် သင်းလှသည်။ သူ့လက်ထဲမှ ပန်းစည်းကို ဆွဲယူလွှင့်ပစ်ကာ သူ့အကျီကော်လာစကေ ဆွဲဆောင့်ရင်း သွားကြားထဲကထွက်သော လေသံဖြင့် ...

"ဟေ့ကောင် ... မင်း ထွက်သွားစမ်း။ ဒီနေရာဟာ မင်းလာရမယ့် နေရာမဟုတ်ဘူးဆိုတာ မင်း မသိဘူးလား။ မင်းမျက်နှာကို ငါ မကြည့်ချင်ဘူး။ ဆွဲထိုးမိလိမ့်မယ်။ ထွက်သွား"

"မဟုတ်ပါဘူး ကိုချမ်း။ ကျွန်တော် ..."

"ဟေ့ကောင် ဆက်မပြောနဲ့တော့။ မင်းတို့လို အဆင့်အတန်းမရှိတဲ့ကောင်တွေနဲ့ စကားတုမပြောချင်ဘူး။ မင်း ထွက်





သွား ဟေ့ကောင်။ ငါ့ညီမ တစ်ခုခုဖြစ်လို့ကတော့ မင်းကို ငါ လာသတ်မယ်"

"ကျွန်တော် သူ့ကိုကြည့်ပါရစေ ကိုချမ်းရာ၊ ခွင့်ပြုပေးပါ"

"ဘာမှ ခွင့်မပြုနိုင်ဘူး။ မင်း မသွားဘူးလား ဟေ့ကောင်။ ကဲကွာ"

ကိုချမ်းက သူ့မေးရိုးရှိရာသို့ ခွပ်ခနဲ ထိုးလိုက်လျှင် သူ့မှာ နောက်သို့ ဖင်ထိုင်လျက် လဲကျသွားသည်။ အဲဒီအချိန်မှာပဲ မိန်းမကြီးတစ်ယောက်က ကိုချမ်းကို အပြေးအလွှား လာဆွဲကာ ...

"သား ကိုချမ်း။ ဟိုမှာ မင်း ညီမလေးကို လာကြည့်ပါဦး။ ဆရာမ ... ဆရာမ။ ဒေါက်တာ့ကို ခေါ်ပေးပါဦး။ ဟိုမှာ သမီးလေး ဘာဖြစ်သွားပြီလဲ မသိဘူး"

သူနာပြုဆရာမတစ်ယောက်က အခန်းထဲမှ ပြေးထွက်သွားပြီး ခဏအကြာတွင် ဆရာဝန်တစ်ယောက်က အပြေးအလွှား ဝင်ရောက်လာသည်။ သွန်းရဲ့ခုတင်ဘေးတွင် အားလုံးရှုပ်ယှက်ခတ်ကုန်ပြီမို့ သူသည် မျက်လုံးအပြူးသားဖြင့် မတ်တတ်ရပ်ကာ ငေးနေရသည်၊ ခဏကြာလျှင် သွန်းအမေရဲ့ ရှူးရှူးဝါးဝါးအော်ငိုသံကြီးက ထွက်ပေါ်လို့ လာသည်။ အဲဒီအခိုက်၌ သူ့နှလုံးခွင်တစ်ခုလုံး ဘယ်လိုဖြစ်သွားမှန်း မသိပါ။ ထုံထုံတုံ့ ဘာတာ



www.burmeseclassic.com

www.burmeseclassic.com



တာကြီးနှင့် အမျိုးအမည် မသိသော ဝေဒနာဆိုးကြီးသည် ရင်ဘတ်ထဲမှတစ်ဆင့် လည်ချောင်းဝသို့ ဆန်တက်လာကာ အပြင်သို့ ထွက်မသွားဘဲ တစ်နေသည်။

သွန်း ဒီကမ္ဘာကြီးထဲက ထွက်ခွာသွားပြီတဲ့လား။ ဟင့်အင်း ... မဖြစ်နိုင်ပါ။ သွန်းနဲ့ သူနဲ့ မတွေ့ဖြစ်တာ တစ်ပတ်ပဲ ရှိသေးသည်။ ပြီးတော့ သူနဲ့ နောက်ဆုံးတွေ့ခဲ့ကြစဉ်က သွန်းကြည့်ခဲ့သော အကြည့်များထဲတွင် တောင်းပန်တိုးလျှိုးမှုများ၊ ခွင့်လွှတ်အေးစေမှုများ မပါဝင်ခဲ့ပါ။ လွယ်လွယ်လေးနဲ့ ဖြတ်လို့ရမယ်တော့ မထင်နဲ့ ဟူသော စကားကို သူ တကယ်ပဲယုံကာ ညတိုင်း အိပ်မပျော် ဖြစ်ခဲ့ရပါသည်။

သွန်း သူ့ကို ဘယ်လိုများ ဒုက္ခပေးလေမလဲဟူသော အတွေးဖြင့် ထိတ်လန့်ခဲ့ရသည်။ ခုတော့ သွန်းက ဒီနည်းဖြင့် သူ့ကို အနိုင်ယူကာ နောင်တ,တရားတို့ကို ထွေးပိုက်စေခဲ့ပြီ။ ဟင့်အင်း သွန်း။ ဒီနည်းနဲ့တော့ အနိုင်ယူမသွားပါနဲ့။ ဒါဟာ အိပ်မက်တစ်ခု ဒါမှမဟုတ် ကြည်စားမှုတစ်ခုသာ ဖြစ်ပါစေ။

◇ ❤ ◇





နီရွှေးသော နှလုံးသားတစ်ခု၏နိဂုံး

(သို့မဟုတ်)

ဒုတိယမြောက်ချစ်သူများကို

ကိုယ်စားပြုခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



သွန်းရဲ့ ရှာပနပွဲသို့ အခြေအနေ အကြောင်းတရား များကို ထောက်ထားပြီး မသွားခဲ့သော်လည်း သွန်းတစ်ယောက် ထာဝရလဲလျောင်းရာ အုတ်ဂူလေးဆီကိုတော့ ကျူးနဲ့အတူတူ သွားရောက်ခဲ့သည်။ အဲဒီနေရာမှာပဲ သွန်းရဲ့သူငယ်ချင်းတစ် ယောက်က ပေးပို့လာသော သွန်း နောက်ဆုံးထားခဲ့သည့် စာတစ် စောင်ကို ကျူးနဲ့အတူ ဖွင့်ဖောက်ဖတ်ဖြစ်ခဲ့ပါသည်။

"ခေါင် ...

တစ်ခါတစ်ရံမှာတော့ အချစ်ဦး ဆိုတာ ပထမဦးဆုံး နဲ့ နောက်ဆုံးအချစ် ဆိုတာ ဖြစ်တတ်ပါတယ်။ ဘယ် နောက်အချစ်ကမှ အတိတ်ရဲ့အမှတ်ရစရာတွေကို မမေ့ မှိန်စေနိုင်တဲ့ အချစ်မျိုးဆိုတာ ရှိတတ်ပါတယ် ...

ဒါပေမဲ့လည်း တို့တွေရဲ့ ဘဝယန္တရား လည်ပတ် မှာ လူတစ်ဦးတိုင်းဟာ သူ ပါဝင်ရမယ့် အခန်းကို သရု





ဆောင်ကြရတာမို့ အမှတ်တရ ပန်းပွင့်တိုင်းဟာ သူ့မွှေး ရနံ့ကို နှလုံးသားမှာ ချန်ရစ်ခဲ့ကြစမြဲပါ။

ကံကြမ္မာရဲ့ နေရာချထားမှုကြောင့် ခေါင့်ရဲ့ဒုတိယ ချစ်သူအဖြစ် ဆုံတွေ့ခဲ့ရပေမယ့်လည်း ပထမအချစ်ထက် မလျော့ဘူးဆိုတာ သက်သေပြခဲ့ပါရစေ။ အဲဒါကတော့ ခေါင့်ကို ခွင့်လွှတ်ပေးခြင်းပါပဲ။

ခေါင် ပျော်ရွှင်နိုင်ပါစေ ...

ချစ်ခဲ့မိသော

သွန်း"

စာသားလေးက သိပ်မရှည်လျားသော်လည်း သူသည် စာဖတ်ပြီးသွားသောအခါ မာရသွန်ပြေးလာသူလို မောဟိုက်ပြီး သွားသည်။ သွန်းသည် သူ့ကို ခွင့်လွှတ်ခြင်းဖြင့် တစ်သက်လုံး အနိုင်ယူသွားတော့မည်ဆိုတာ သူ နားလည်လိုက်လေသည်။ ကျူးက သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ...

"ကျူး သိပ်မှားသွားပြီ ထင်တယ်။ ခုနေချိန်ခါမှာ သွန်း သာ အသက်ပြန်ရှင်လာခဲ့မယ်ဆိုရင် ခေါင့်ကို စွန့်လွှတ် ပေးဖို့ အဆင်သင့်ရှိတယ်ဆိုတာ သူ သိအောင် ပြောပြချင် လိုက်တာ"

"သူ ကြားမှာပါ ကျူး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခိုက်တွင် သူ့ပါးနားလေးသို့ လေအေးလေတစ်ချက်က ဝှေ့ခနဲ လာတိုးသွားသလို ခံစားလိုက်ရသည်။ သူ့လက်ထဲမှာ ကိုင်ထားသော စာရွက်ခေါက်လေးမှာ ပြုတ်ကျလျက်လေအဝှေ့မှာ လွင့်ပါသွားသည်။ မွှေးရနံ့လေးတစ်ခုက သူ့နှာဝသို့ တိုးဝင်လာသလိုပင်။ ဒါဟာ အမှတ်တရ ပန်းပွင့်လေးကချန်ထားပေးခဲ့တဲ့ ရနံ့လေးတစ်စင်းပဲလား။ အဲဒီရနံ့လေးသည် အလွမ်းတွေ နီရွှေးသွားဖို့ နှလုံးသားတစ်ခုလုံး အရဲခံကာ မွေလယ်ကောင်မှာ ကြွေပေးခဲ့လေသည်။

ဆုမြတ်မွန်မွန်

1:10(A.M)

10th April. 2009.

ထ

အမှတ်တရအဝိအစဉ်

မဆုမြတ်မွန်မွန်

မဆုမြတ် နှစ်ဟောင်းကုန်လို့ နှစ်သစ်ကိုကူးပြောင်းတော့မယ်နော်။ မဆုမြတ်တစ်ယောက် နှစ်သစ်မှာ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အောင်မြင်မှုသရဖူကို ထာဝရဆောင်းနိုင်စေဖို့ ဆုတောင်းပေးပါတယ်။ မဆုမြတ်ရဲ့ ထွက်ပြီးသား ဝတ္ထု use အုပ်လုံးကို ဖတ်ပြီးသွားပါပြီ။ အုပ်(၃၀)မြောက် ပုလဲရတုကို ရောက်လာပြီနော်။ ပုလဲရတုမှသည် ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတုမှသည် ရတုအဆက်ဆက်အားပေးနေပါမယ်။ တစ်ချိန်ကတော့ မဟူရာ(လှိုင်ကော်)ကူညီမွမ်းမံသည်။ ယခုက ဆုမြတ်မွန်မွန် ကူညီမွမ်းမံသည်တဲ့။ ဂုဏ်ယူပါတယ် ဆရာမလေး။ 'မဆုမြတ်' ထာဝရပျော်ရွှင်စွာနဲ့ စာတွေအများကြီး ပရိသတ်အတွက် ရေးနိုင်စေဖို့ ကျန်းမာရေးကိုဂရုစိုက်ပါ။

မဆုမြတ်ရဲ့ ပရိသတ်
နှင်းဝတ်ရည်

အမှတ် - ၅၃၀၊
အလယ်ကျွန်းရပ်၊
ဦးရေချမ်းလမ်း၊
သဘာဝစားသောက်ဆိုင်ရှေ့၊
မြိတ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

## ၏

## အမှတ်တရ အစီအစဉ်

သို့

မမမွန်

ခင်မင်လိုခြင်းများစွာဖြင့် စာရေးမိတ်ဆက်လိုက်ပါတယ်။ မမွန်ရဲ့ 'အနမ်းဆက်တိုင်း'ကို ပထမဆုံးဖတ်ဖူးတာပါ။ အနမ်းနဲ့ကိုဆွဲဆောင်မှုရှိတယ်။ စာအုပ်တိုင်းမှာ မမွန်ရဲ့ပုံလေးတွေ ပါတာလည်း အများနဲ့မတူဘဲ ထူးခြားတယ်နော်။ မမွန်ရဲ့ စာတိုင်းဖတ်ဖြစ်တယ်။ ဖတ်တဲ့စာအုပ်တိုင်းလည်း စွဲပြီးကျွန်ခဲ့တယ်။ 'ဖေဖော်ဝါရီ ၁၄' ထဲက 'မြူ'ရဲ့စိတ်ဓာတ်လေးကို ကြိုက်တယ်။ နောက်နောင်မှာလည်း မမွန် စာတွေအများကြီးရေးနိုင်ပါစေ၊ ဒီထက်ကောင်းတဲ့ သာတဲ့ အောင်မြင်မှုတွေ ရရှိနိုင်ပါစေ။

အနုပညာလောကမှာ

ထွန်းတောက်တဲ့ကြယ်လေးတစ်ပွင့်

ဖြစ်ပါစေလို့ မမွန်အတွက်

ဆုတောင်းရင်း

နိုင်

စေတနာစာပေ

၏

အမှတ်တရ အစီအစဉ်

သို့

မဂ်လာပါ 'မဆုမြတ်မွန်မွန်'

မမရဲ့ဝတ္ထုတွေကို သမီး အရမ်းစရေဇီဖြစ်လို့ ခုလိုမိတ်ဆက်စာရေးလိုက်တာပါ။မမရဲ့ဝတ္ထုတွေဟာအရမ်းဆွဲဆောင်မှုရှိတယ်နော်။ မမရဲ့စာအုပ်တွေဖတ်လိုက်တိုင်း လက်ကကိုမချချင်ဘူး။ မမ နောက်ထပ်ရေးမယ့်ဝတ္ထုတွေထဲမှာ ရှမ်းပြည်နယ်ရဲ့ အကြောင်းကို ထည့်ရေးပေးစေချင်ပါတယ်။ မမရဲ့ 'ဖေဖော်ဝါရီ ၁၄' ဆိုတဲ့စာအုပ်ကို ဖတ်ကြည့်တော့ စာအုပ်ပြီးသွားလည်း ရင်ထဲမှာ တစ်ခုခုကျန်ခဲ့တယ်။ နောက်လည်း ဒီလို ဆွဲဆောင်မှုရှိတဲ့စာအုပ်တွေ များများရေးနိုင်ပြီး မမရဲ့အနုပညာလည်း ဒီထက်မက အောင်မြင်ကျော်ကြားပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

မမရဲ့

ပြန်စာကို မျှော်နေမယ်နော်

မဟာန်ရွှေ(ဒုတိယနှစ်)

သမဝါယမကောလိပ်၊ စစ်ကိုင်း

မြမဥ္ဇူအမျိုးသမီးဆောင်

ဖုန်း ၀၇၂-၂၁၉၄၃၊ ၂၁၉[illegible]

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

သို့

ဆရာမဆုမြတ်မွန်မွန်

မဆုရဲ့ထာဝရပရိသတ်တစ်ယောက်အနေနဲ့ ရင်းနှီးစွာနဲ့ မဆုလို့ပဲ ခေါ်မယ်နော်။ မဆုရဲ့စာအုပ် (၂၇)အုပ်ထိ ဖတ်ပြီးပါပြီ။ စာအုပ်တွေထဲမှာ ကျွန်တော် အကြိုက်ဆုံးစာအုပ်ကတော့ 'အနမ်းဆက်တိုင်း' နှင့် 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်ဖူးစာ' ဆိုတဲ့ စာအုပ်နှစ်အုပ်ကို အကြိုက်ဆုံးပါ...။ မဆုတစ်ယောက် ဒီထက်မက အောင်မြင်ကျော်ကြားပါစေလို့ ဆုတောင်းရင်း ...

မျိုးကြီး တွမ်းယာ

အမှတ် (၃) ရပ်ကွက်
တပင်ရွှေထီးလမ်း
ကန့်ဘလူမြို့၊ စစ်ကိုင်းတိုင်း

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

သို့

ဆရာမ မဆုမြတ်မွန်မွန်ရှင့်...

ကျွန်မ ခင်မင်စွာဖြင့် မမြတ်လို့ ခေါ်မယ်နော်... ။ ညီမလေး နာမည်က မြတ်သံစဉ်ချိုလို့ ခေါ်ပါတယ်။ မမွန်ရဲ့ပရိသတ်တစ်ဦးပါ။ မမွန်ရဲ့ဝတ္ထု 'အချစ်ဦးနှင့်လွဲပြီးသည့်နောက် (ဖူးစာ)' ဇာတ်ကားကိုကြည့်ပြီးတဲ့နောက်မှ မမြတ်ရဲ့ဝတ္ထုတွေကို ဖတ်ချင်လာတယ်။ မမရဲ့စာအုပ်တွေဟာ အရမ်းစိတ်ဝင်စားဖို့ကောင်းတယ်။ မမရဲ့စာအုပ်တွေကို အမြဲတမ်းဖတ်တော့မယ်နော်။ မမ ဒီထက်မက အောင်မြင်ကျော်ကြားပါစေ။

မမရဲ့ထာဝရပရိသတ်

မြတ်သံစဉ်ချို

မြင်းဘက်ရပ်ကွက်
ပျော်ဘွယ်မြို့
ဘုရင့်နောင်လမ်း
(ဒေါ်ခင်မကြီးသို့)

www.burmeseclassic.com

www.burmeseclassic.com



သို့

မဆုမြတ်မွန်မွန်

ကျွန်တော် ခင်မင်လေးစားစွာဖြင့်စာရေးလိုက်ပါတယ်။ ခင်မင်စွာနဲ့ မမလို့ပဲခေါ်မယ်နော်။ မမရဲ့စာအုပ်တိုင်းဟာ (attraction) ရှိပြီး (relax) ဖြစ်စေတယ်။ အင်္ဂလိပ်စကားလုံးလေးတွေ နည်းနည်းညှပ်သုံးတာကိုလည်း အရမ်းသဘောကျတယ်။ မမရဲ့စာအုပ်တွေ အမြဲတမ်းဆက်ပြီး အားပေးနေပါတယ်။ ကျွန်တော် 'မှော်ကဗျာရွှေရုပ်' ထဲက ရွှေရုပ်ရဲ့စတိုင်လ်ကို အရမ်းသဘောကျတယ်။ မမရဲ့ (idea) ကိုလည်း အရမ်းကိုမလေးစားဘဲ မနေနိုင်ဘူး။ စာရေးဆရာမအသစ်လို့ မထင်ရအောင် အရမ်းကောင်းတယ်။ ဇာတ်လမ်း ဇာတ်ကွက် အရမ်းကောင်းတယ်။ မမကို ဆက်လက်အားပေးနေမယ်နော်။ မမ ဒီထက်မကအောင်မြင်ကျော်ကြားပါစေ။

မမကို အမြဲအားပေးနေတဲ့ ထာဝရပရိသတ်

မောင်ရဲနောင်စိုးဝင်း

၂၇လမ်း(၇၇x၇၈)
ကြားအေးရိပ်မွန်တိုက်တန်း
အခန်း C2 A8
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း – ၀၂ ၆၀၅၂

သို့

မမမွန်

ညီမလေးက မမမွန်ရဲ့ပရိသတ်တစ်ဦးပါ။ ညီမလေးတို့ဆိုင်မှာ မမမွန်ရဲ့စာအုပ်တွေကို လစဉ်ဝယ်တင်ဖြစ်ပါတယ်။ မမမွန်ရဲ့အရေးအသားတွေကို ညီမလေးကိုယ်တိုင်ကလည်း အရမ်းကြိုက်မိနေပါတယ်။ ညီမလေးတို့ဆိုင်က ပရိသတ်တွေကလည်း မမမွန်ရဲ့စာအုပ်တွေကို အရမ်းအားပေးကြတာပဲ။ မမမွန်ရေးတဲ့စာအုပ်ထဲက 'စိတ်ကူးကဲ့ကော်နဲ့ အမြတ်နိုးဆုံးနှင်းပွင့်များ' စာကို ကြိုက်ပါတယ်။

မမမွန်ကို အမြဲထာဝရအားပေးနေပါမယ်။ ဒီထက်မက အောင်မြင်ပါစေလို့လည်း ဆုတောင်းပေးနေပါမယ်။

မမမွန်ရဲ့ပရိသတ်
မထက်နဝေ(သော်တာစာပေ)

C/Oဦးကြည်မြင့်+ဒေါ်ချွေချွေ
လျှပ်စစ်ရှာနံ
စက်မှု(၁)ဘီလပ်မြေစက်ရုံ
(မြင်းကောင်းတံခါး)
ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရ အသိအစဉ်

သို့

ဆရာမ

ခင်မင်စွာဖြင့် စာရေးလိုက်ပါတယ်။ ဆရာမရဲ့ 'Feb 14' 'ချစ်သူ၏နှလုံးသားရပ်ဝန်းတွင် မိုးခေါင်းနေသည်' စတဲ့ စာအုပ်တွေရဲ့ Style က တစ်မျိုးပြောင်းလဲပြန်ပြီနော်။ နောက်ဆုံးထွက်တဲ့ စာအုပ်မှာ အခန်းတစ်ခန်း အဖွင့်ရောက်တိုင်းကဗျာလေးတွေ အဆိုအမိန့်လေးတွေကို သဘောကျမိတယ်။ ဆရာမရဲ့ အရေးအသား အသုံးအနှုန်းတွေက ပိုမြင့်လာသလို ဇာတ်လမ်းဖန်တီးမှုကလည်း အများနဲ့မတူ ဇာတ်လမ်းတွေဖြစ်နေတတ်ပါတယ်။ ဒီထဲက အများနဲ့မတူတဲ့ style လေးတွေရဲ့ပိုင်ရှင် ဖန်တီးရှင်ဆရာမကို ပိုလိုခင်မင်လေးစားရပါတယ်။

ဆရာမကို အားပေးနေသူ

လှိုင်း

စေတနာစာပေ
၏
## အမှတ်တရ အသိအစဉ်

သို့

မဆုမြတ်ကို ညီမ အရင်မိတ်ဆက်ပါရစေ။ ညီမက ထွေးအိဖြူပါ။ ပထမနှစ်(ရူပဗေဒ)တက်နေပါတယ်။ မဆုမြတ်ရဲ့ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' စာအုပ် အရမ်းဖတ်လို့ကောင်းပါတယ်။ ညီမက လစဉ်ထုတ်တဲ့မဆုမြတ်ရဲ့စာအုပ်တွေကိုမလွတ်တမ်းဖတ်ပါတယ်။ မဆုမြတ် စာအုပ်တိုင်းမှာ ဇွဲဆောင်မှုအပြည့်ရှိတယ်။ နောက်ထွက်မည့်စာအုပ်တွေမှာ 'အဆင့်မြင့်ရည်းစားစကား' ဝတ္ထုမျိုးရေးပေးစေချင်ပါတယ်။ နောက်ထွက်မည့် စာအုပ်တွေကိုလည်း စောင့်နေမယ်နော်။

အစ်မရဲ့ထာဝရပရိသတ်

ထွေးအိဖြူ

အမှတ် (၆၇၄)၊ ကျက်သရေလမ်း၊
ကြက်စားပြင်ရပ်၊
ထားဝယ်မြို့။
ဖုန်း – [illegible] ၂၂၁၂၂

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရ အချိုအချဉ်

သို့

မဆုမြတ်

ဝါဆိုက စာအုပ်ဖတ်ရတာ အရမ်းဝါသနာပါတာပါ။ မဆုမြတ်ရဲ့ထွက်ခါစ စာအုပ်တွေကို မဖတ်ဖြစ်ခဲ့ဘူး။ နောက်ပိုင်းမှာတော့ ထွက်တဲ့စာအုပ်တိုင်း ဖတ်ဖြစ်ပါတယ်။ မဆုမြတ်ရဲ့ စာအုပ်တွေထဲမှာ 'ချစ်သူတို့၏အခမ်းနားဆုံးအရာ' 'ချစ်ခြင်း၏ ဟန်ဆောင်ခြင်း အတတ်ပညာ' ဆိုတဲ့စာအုပ်တွေကိုကြိုက်တယ်။ မဆုမြတ်က ခုဆိုရင် စာပေလောကမှာ အောင်မြင်နေပါပြီ။ နောက် ဒီထက်ပိုပြီး အောင်မြင်မှာပါ။

မဆုမြတ်တစ်យောက် စာပေလောကမှာ လင်းလက်တောက်ပတဲ့ ကြယ်တစ်ပွင့်ဖြစ်ပါစေ။

ဝါဆို
3rd Year(Law)

အမှတ်–၂၃၊ ဘုံကျောင်းလမ်း
(၁၂) ညိကွဲ၊ သခင်စာအေ
မြင်ဦးလွင်မြို့။

သို့

မဆုမြတ်မွန်မွန်

မမရဲ့စာအုပ်တွေကို ညီမလေး မဖတ်ဖူးဘူး။ ညီမလေးရဲ့ သူငယ်ချင်းကနေ နှင် ဆုမြတ်မွန်မွန်ရဲ့စာအုပ်ကို ဖတ်ကြည့်ပါလားတဲ့။ အရမ်းကောင်းတယ်တဲ့။ ညီမလေးက စဖတ်တာက 'ကြယ်ကလေးရဲ့နှင်တံ' အဲဒီစာအုပ်က အရမ်းကောင်းတာပဲ။ ညီမလေးက မမဆီကို ပထမဆုံး စာရေးဖူးတာဆိုတော့ အမှားပါရင် ခွင့်လွှတ်ပါ။ 'မမ' အမြဲပြုံးပျော်နိုင်ပါစေ။ စာအုပ်တွေလည်း အများကြီးရေးနိုင်ပါစေလို့ ဆုတောင်းလျက်...

မမ ဒီထက်မက
အောင်မြင်ကျော်ကြားပါစေ...

မိုးမိုးရှိန်

ညည–၂၁၊ အမှတ်–၂၆/၈၊
သင်ပန်းကုန်းလမ်းဆုံး
အောင်သိဒ္ဓိလမ်း

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

အမှတ်တရ [illegible]

သို့

မဆု

ကျွန်တော်က မဆုရဲ့ပရိသတ်တစ်ဦးပါ..။ မဆုက အရမ်းတော်တာပဲနော်။ မဆုရဲ့စာအုပ်တွေက စာဖတ်ပရိသတ်တွေကို စွဲဆောင်နိုင်စွမ်းအပြည့်ရှိတယ်။ 'မန္တလေးသားနဲ့'လိမ္မော်ပင်ပျိုလေးရဲ့ကောင်းဘွိုင်' အဲဒီနှစ်အုပ်ကို အရမ်းကြိုက်ပါတယ်။

စာပေလောကမှာ အမြဲတမ်း အောင်မြင်ပါစေလို့ .....
ဆုတောင်းရင်း...

မဆုရဲ့ထာဝရပရိသတ်

ရာဇာဝင်း
ပထမနှစ်(Civil)
နည်းပညာကောလိပ်၊ မြင်းခြံမြို့

ရာဇာဝင်း
ဦးခင်မောင်ဝင်း+ဒေါ်စန်းမြင့်
ရိုးကန်ရွာ၊ ဝမ်းတွင်းမြို့နယ်၊
မန္တလေးတိုင်း။

စေတနာစာပေ
၏

အမှတ်တရ [illegible]

သို့
မမဆုမြတ်မွန်မွန်

ညီမလေး စာရေးလိုက်ပါတယ်။ မမ ရေးတာတွေ အားလုံးကြိုက်တယ်။ 'ကြွင်းကျန်ရစ်သောသစ္စာ' ကို တကယ်ကြိုက်တယ်။ 'လမင်းခေတ်က ချစ်ခြင်း၏ယဉ်ကျေးမှု' ကိုလည်း သဘောကျတယ်။ မမစာအုပ်တွေထဲမှာ ဟာသ plot လေးတွေ ပါတာကို ပိုကြိုက်တယ်။ 'ပန်းတစ်ပွင့်၏မှုပိုင်ရာသီဥတု' ကိုလည်း ကြိုက်တယ်။

မမ စာပေလောကမှာ Top Starဖြစ်ပါစေလို့ဆုတောင်းလျက်ပါ မမရယ်

လေးစားခင်မင်ခြင်းများစွာဖြင့်

ခင်မွန်စိုး

စိုးမေတ္တာဆေးဆိုင်၊ K.T ကြက်စာ၊
ဈေးတောင်ဘက်၊ ရန်နိုင်အေးရပ်ကွက်၊
ထန်းတပင်၊ စီးကုန်း၊ ကန့်ဘလူမြို့နယ်၊
ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

# အမှတ်တရအမှာစာ

သို့

မင်္ဂလာပါ 'မမဆုမြတ်မွန်မွန်'

မမကို ညီမလေး အရမ်းခင်ချင်ပါတယ်။ ပထမတစ်စောင်ပို့ပြီးပြီနော်။ အခုလည်း မမရဲ့စာအုပ်တွေကို အားပေးနေဆဲပါ။ နောင်တွင်လည်း ထွက်ရှိသမျှစာအုပ်တွေကို ရှုစားအားပေးနေမှာပါ။ မမရဲ့စာအုပ်က ဘယ်သူ့စာအုပ်နဲ့မှမတူအောင် စွဲဆောင်မှုအပြည့် ရှိပါတယ်။ မမကို ထာဝရခင်မင်လေးစားလျက်ပါနော်။

မမကို ထာဝရခင်ချင်တဲ့
မမရဲ့
တစ်နယ်မြေမှ ညီမလေး

နှင်းအိဝေ (ခ) နှင်းအိမြူ

ဝန်းမော်မြို့
သီရိရပ် ၁၈/၇၇

စေတနာစာပေ

၏

အမှတ်တရအမှာစာ

သို့

မမဆုမြတ်မွန်မွန် အတွက်

မမဆုမြတ်လို့ ခေါ်မယ်နော်။ သီလား ကျွန်တော်က မမဆုမြတ်ရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ သီလား မိတ်ဆက်စာကို ဒါပထမဆုံးအကြိမ် ရေးဖူးတာမို့လို့ အမှားပါရင် ကျွန်တော်တောင်းပန်ပါတယ်။ ကျွန်တော်က မမရဲ့ဆယ်အုပ်မြောက်ဖြစ်တဲ့ 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ' ဆိုတဲ့စာအုပ်ဖတ်ပြီး ကျွန်တော့်အသည်းမှာ စွဲသွားပါတယ်။ ပြီးတော့ အဲဒီစာအုပ်ကို ကျွန်တော် ထပ်ပြီး တလဲလဲဖတ်ချင်သွားပါတယ်။ မမဆုမြတ်ရဲ့ စာအုပ်တွေကို မဖတ်ရရင် မနေနိုင်အောင် စွဲနေပါတယ်ခင်ဗျား။ ဒါကြောင့် မမဆုမြတ်က ကျွန်တော့်ကို မမဆုမြတ်ရဲ့ စာဖတ်ပရိသတ်တစ်ယောက်အဖြစ် အသိအမှတ်ပြုပေးပါ။

မမဆုမြတ် စာပေလောကမှာ
အမြင့်မားဆုံးဖြစ်ပါစေ ဆုတောင်းလျက်

ဇော်ရှင်း
အမှတ်(၁)လမ်း၊ မြို့သစ်ရပ်၊
ရောဝတီတိုင်း၊ ကြာခင်းမြို့နယ်၊
ဘားအံမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရ အစီအစဉ်

သို့

ဆရာမ ဆုမြတ်

ကျွန်တော် ဆရာမ ဆုမြတ်ကို အမြဲအားပေးနေတဲ့ ပရိသတ်တစ်ယောက်ပါ။ ဆရာမရဲ့ထွက်ပြီးစာအုပ်အားလုံးကို ဖတ်ပြီးပါပြီ။ အရမ်းကောင်းပါတယ်။ ဆရာမ ဆုမြတ်ရဲ့စိတ်ကူး ဖန်တီးမှုတွေဟာ အရမ်းကို ကောင်းပါတယ်။ စာအုပ်တစ်အုပ် ဖတ်ပြီးတိုင်းလည်း ရင်ထဲ တစ်မျိုးကြီးခံစားရပါတယ်။

ဆရာမဆုမြတ်ကို ထာဝရအားပေးမဲ့

မင်းထွန်း

အမှတ် (၂၁၂)၊ မြတ်လေးလမ်း
ဉာဏရပ်ကွက်
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။

စေတနာစာပေ
၏
## အမှတ်တရ အစီအစဉ်

သို့

မင်္ဂလာပါ မမဆုမြတ်မွန်

မမလို့ပဲ ခေါ်ပါရစေ။ မမ ဒီထက်မက အောင်မြင်ပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ်။ မမဆီကို စာစရေးတာဆိုတော့ အမှားပါရင် ခွင့်လွှတ်ပေးပါဗျာ။ မမရဲ့စာအုပ်ကို ဖတ်ရတာ အရသာလည်း ရှိတယ်။ ဗဟုသုတလည်း ရတယ်။ [illegible]ရမ်းလည်းကြိုက်တယ်။ ထူးခြားတာတစ်ခုက စာသားတွေက မထပ်ဘူး။ idea လည်းကောင်း၊ ဟာကွက်လည်းမရှိ၊ ကောင်းတယ်ဆိုတော့ မမ အောင်မြင်တာပေါ့။ မမကို အမြဲလေးစားနေပါတယ်။

မမ ဆုမြတ်မွန်မွန်
ထာဝရအောင်မြင်နိုင်ပါစေ။

ထွန်းထွန်းဝင်း၊
TT - Mech - 9၊
နည်းပညာတက္ကသိုလ်(မှော်ဘီ)

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မဆုမြတ်

မြတ်နိုးက မဆုမြတ်ရဲ့ပရိသတ်တစ်ယောက်ပါနော် ။ မဆုမြတ်ကိုပထမဆုံးအနေနဲ့မိတ်ဆက်စာရေးတာပါ။ မဆုမြတ်ရဲ့စာအုပ်တွေက ဖတ်လို့အရမ်းကောင်းပါတယ်။ မမရဲ့စာအုပ်တွေကို အမြဲအားပေးနေမှာပါ။

စာပေလောကမှာ အမြဲဆထက်ထမ်းပိုး အောင်မြင်ကျော်ကြားပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

မမကို အမြဲတမ်းအားပေးနေမဲ့

ညီမလေး
မေမြတ်နိုး

၁-၁၁၈-၂၁၂(၂၀၀၉)
ပဲခူးဒိဂရီကောလိပ်

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

သို့

မမြတ်

မမြတ်ရဲ့စာအုပ်ကို အမြဲဖတ်ပါတယ်။ စာရေးမယ်လို့ ထည့်စိတ်ကူးရှိခဲ့ပါတယ်။ ဒါပေမဲ့ 'အသည်းကြိုးဝတ်ရည်'စာအုပ်ကိုဖတ်ပြီး ရင်ထဲမှာ တစ်ခုခုကျန်ခဲ့သလိုပဲ။ မမြတ်ရဲ့ idea ကို အရမ်းနှစ်သက်မိတယ်။ ဖတ်တဲ့စာအုပ်တိုင်းမှာ တစ်ခုခုကျန်ခဲ့တယ်။ ညီမကတော့ 'အနမ်းဆက်တိုင်း' နဲ့ 'အသည်းကြိုးဝတ်ရည်'ကို အကြိုက်ဆုံးပါပဲ။

မမြတ်ရဲ့စာအုပ်ထွက်တိုင်း အားပေးနေမှာပါ။

မမြတ်ရဲ့ထာဝရပရိသတ်

မေစုလှိုင်

အမှတ် (၃၂)၊ စံပယ်လမ်း၊
၇-လွှာ(ညာ)၊
အလုံမြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

လေးစားရပါသော … မဆုမြတ်

မဆုမြတ်ရဲ့စာအုပ်အားလုံးကို ကြိုက်ပါတယ်။ မဆုမြတ်ရဲ့ အရေးအသားတွေက သိပ်ကောင်းတာပဲ။ မဆုမြတ်က အရမ်းလည်းချောတယ်။ 'နူးညံ့ခြင်းပြိုင်ပွဲ' နဲ့ 'အလွမ်းတိုင်းမရပ်တဲ့ သံယောဇဉ်ရထား' ကို အကြိုက်ဆုံးပါပဲ။ မဆုမြတ် စာပေလောကမှာ အောင်မြင်တဲ့ ကြယ်တစ်ပွင့်ဖြစ်နိုင်ပါစေ။

ဆုတောင်းလျက်

S.Y.W

ပထမနှစ်၊ ရူပဗေဒ

၁–ရူပ–၆၉

ဟင်္သာတတက္ကသိုလ်

မရွှေရည်ဝင်း

အမှတ်–၁၄၁၄

တက္ကသိုလ်လမ်း၊

ဟင်္သာတမြို့။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

ခင်မင်လေးစားမှုတွေရော၊ အထင်ကြီးလေးစားမှုတွေရော၊ နူးညံ့သိမ်မွေ့တဲ့ ဆုတောင်းတွေရော mix လုပ်ပြီး 'မဆု'လို့ခေါ်လိုက်မယ်နော်။

မဆုရဲ့ စာအုပ်တွေမှာ ကပ်ထားတဲ့ Titleတွေရဲ့ထူးခြားမှုတွေကို သတိထားမိရဲ့လား။ နာမည်က အရှည်ကြီး ဒါပေမဲ့ အရမ်းလှနေတယ်လေ။ ဒီလို idea မျိုး ဘယ်စာအုပ်မှာမှမတွေ့ဖူးဘူး။ နောက်ပြီး မရဲ့ 'အဆင့်မြင့်ရည်းစားစကား' စာအုပ်အဖုံးက အရမ်းလန်းတယ်။ Romantic ဆန်းနေတော့ heart ရဲ့ဗဟိုတည့်တည့်ကနေ စာအုပ်လေးကို မဖြစ်ဖြစ်အောင်ဖတ်ဖို့အချက်ပေးသံကြားလိုက်ရတယ်။ 'မ'ရေ ခံစားမှုအမျိုးမျိုး character အမျိုးမျိုး နှလုံးသားအမျိုးမျိုးရှိတဲ့ ဇာတ်ဆောင် ဇာတ်ကောင်တွေကို ဖန်တီးတဲ့ 'မ'တစ်ယောက်ခဲ့ 'မ'ရဲ့ Life က 'you love to live' လား 'you live to love' လား မပြောတတ်ဘူးနော်။

ခမ်းနားရိပ်ငြွန်

၁၅၀၀/ခ၊

ပန်းသစ်ရွှေလမ်း၊

ပန်ဟိုက်ရပ်ကွက်(၄),

နမ္မတူးမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

သို့

မမဆုမြတ်မွန်မွန်ရှင့်၊ ကျွန်မက ဆရာမရဲ့ပရိသတ်တစ်ဦးပါ။ မမရဲ့စာအုပ်တွေ အရမ်းဖတ်လို့ကောင်းတယ်။ ဆရာမစာအုပ်ကို လူတိုင်းအရွယ်စုံကြိုက်ကြပါတယ်။ မမရဲ့ဝတ္ထုတွေက 'အနမ်းဆက်တိုင်း' ဝတ္ထုနဲ့ 'ရင်ခွင်ဆီသို့လှေကားထစ်များ' ဝတ္ထုကို အရမ်းကြိုက်တယ်။ နောင်လည်း ဒီလိုဝတ္ထုကောင်းလေးတွေ များများရေးပါနော်။ မမ ဒီထက်မက အောင်မြင်သောဆရာမကောင်းတစ်ယောက်ဖြစ်ပါစေ။ မမ အောင်မြင်တဲ့ စာရေးဆရာမကောင်းတစ်ယောက် ဖြစ်ပါစေ။

မမရဲ့
ထာဝရပရိသတ်

ငုဝါထွေး

မြင်းဘက်ရပ်(ပျော်ဘွယ်)
ဘုရင့်နောင်လမ်း
(ဒေါ်ခင်မကြီးသို့)

## စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

သို့

အစ်မဆုမြတ်မွန်မွန်

ခင်မင်စွာနဲ့ စာရေးလိုက်ပါတယ်။

ကျွန်တော် ပထမတစ်ခါ စာထည့်ဖူးတယ်။ 'မန္တလေးသား' စာအုပ်မှာ ဖော်ပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အစ်မရဲ့စာအုပ် တစ်အုပ်ထွက်တိုင်း စာတစ်စောင်ရေးချင်တာ။ အစ်မကို အင်တာဗျူးထားတာလည်း ဖတ်ရတယ်။ အစ်မ ဟောပြောလွဲတွေတက်နေရပြီနော်။ ဝမ်းသာပါတယ်။ ဒီထက်မက တဖြည်းဖြည်းနဲ့ အောင်မြင်ပါစေလို့ ဆုတောင်းပေးတယ်နော်။

အစ်မဆုမြတ်မွန်မွန်ရဲ့
ပရိသတ်
ဝင်းလှဲလှဲဖြိုး

၃၈ – ၁၇၃
စာတုဗေဒရွာနံ
ပြည်တော်သာသိုလ်

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

သို့

မဆုမြတ်

မပလို့ပဲခေါ်မယ်နော်။ ညီမလေးက မရေးဘူးတော့ အမှားပါရင် ခွင့်လွှတ်ပေးပို့ တောင်းပန်ပါတယ်။ မမရဲ့စာအုပ်တွေက အရမ်းကောင်းလွန်းတော့ မချီးကျူးဘဲကို မနေနိုင်တော့အောင်ဖြစ်ရပါတယ်။ လက်ကန်ပို့စာအုပ်ဆိုင်သွားရတာလည်း ခဏခဏပဲပေါ့။

မမဆုမြတ် ယခုထက်ပို၍ အောင်မြင်ပါစေလို့ ဆုတောင်းလျက်ပါ ... ။

မမရဲ့ထာဝရပရိသတ်
ဟိုပင်သူ

မဖြူဖြူမြင့်
မသတ ၄/၁၀၂
မြရွှေရောင်လမ်း၊ မြကျွန်းသာ
ကချင်ပြည်နယ်၊ ဟိုပင်၊

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

သို့

မမဆုမြတ်မွန်မွန်

'ဝဿန်'ကတော့ ဒီနှစ် (၁၀)တန်း ဖြေထားပါတယ်။ အိမ်က ဝတ္ထုဖတ်တာ မကြိုက်ပေမဲ့ 'ဝဿန်'က မမရဲ့ဝတ္ထုအားလုံးလိုလို ဖတ်ဖြစ်ပါတယ်။ အရမ်းကောင်းပါတယ်။ အပိုအလိုမရှိဘူး အရမ်း perfect ဖြစ်တယ်။ မမရဲ့စာအရေးအသားတွေက မိတ်ဆက်ချင်လောက်အောင် attractive ဖြစ်တယ်။ ချစ်စရာကောင်းတဲ့ မမ ဒီထက်မက ကျော်ကြားတဲ့ နိုင်ငံကျော် Best seller ဖြစ်ပါစေလို့ ...

ဆုတောင်းရင်း

ညီမလေး
နှင်းဝဿန်ထွန်း(ခ) ချွေးချွေး

ရွှေသူဌေးရပ်ကွက်၊
ကူမဲမြို့၊
မန္တလေးတိုင်း။
ဖုန်း – ၀၅၅ ၆၂၃၈

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

အမှတ်တရ အငိအဝဥ

သို့

မဆုမြတ်မွန်မွန်

ကျွန်တော်ကတော့ မဆုမြတ်ရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ လစဉ် ၁၅ ရက်ကျော်တာနဲ့ အစ်မရဲ့နောက်ထပ်ထွက်မဲ့ စာအုပ်တွေကို မျှော်ရတာ အမောပါပဲ။ အစ်မရဲ့စအုပ်ကို ဖတ်ချင်လွန်းလို့ စာအုပ်ဆိုင်ပိုင်ရှင်အိမ်ကို သွားယူရတာလည်းအမောပါပဲ။ အစ်မရဲ့ပရိသတ်တွေများလွန်းလို့ သူများထက်အရင်ဆုံးဦးအောင်ဖတ်ရလို့ စာအုပ်ဆိုင်မှာ အမြဲမှာနေလို့ စာအုပ်ဆိုင်ပိုင်ရှင်လည်း နားငြီးနေလောက်ပါပြီ။ အစ်မရဲ့စာအုပ်က တောင်တွင်းကြီးမှာ အကြိုက်များလို့ အရမ်းငှားရပါတယ်။ အစ်မရဲ့စာအုပ်ကို ဗွီဒီယိုရိုက်နေပြီဆိုလို့ အရမ်းဝမ်းသာမိပါတယ်…။ (အချစ်ဦးနှင့်လွဲပြီးသည့်နောက်… ဖူးစာ) အစ်မရဲ့အောင်မြင်မှုအတွက်လည်း ဂုဏ်ယူမိပါတယ်။ အစ်မရဲ့လုံးချင်းစာအုပ်တွေ အမြဲအောင်မြင်မှုနဲ့ တည်တံ့နေပါစေလို့ ဆုတောင်းလျက်…

တင်ထွန်းအောင်

ဦးဝင်းနိုင်+ဒေါ်ကြည်ကြည်ဝင်း
ဉောင်ပင်လှ(ဗိုးခွဲစက်)
ပြည်လမ်း၊ တောင်တွင်းကြီးမြို့။
ဖုန်း ၀၆၃–၅၀၁၉၆

စေတနာစာပေ

၏

အမှတ်တရ အဝိအဝဥ

မဆုမြတ်

ညီမလေးက စာရေးဆရာတွေအများကြီးဖတ်ဖူးပေမဲ့ မဆုမြတ်ကို ပထမဆုံးစာရေးဖူးတာပါ။ မရဲ့စာအုပ်တွေတိုင်းမှာ မိတ်ဆက်စာတွေ ထည့်ပေးထားတယ်နော်။ ယွန်းကတော့ အဲဒီလို ထည့်ပေးတာကြိုက်တယ်။

မရဲ့အနုပညာကတော့ တကယ့်ကိုပြောင်မြောက်ပါတယ်။ လေးစားပါတယ်။ ‘လသုံးစင်းနဲ့ကခုန်ခြင်း’ကိုလည်းအရမ်းကြိုက်ပါတယ်။ မိန်းမတစ်ယောက်ရဲ့ ထက်မြက်မှုကို ဖော်ထုတ်ပြထားတာ ဘာတစ်ခုမှ ဟာကွက်မရှိအောင်ပါဘဲ ‘မ’ရဲ့အနုပညာကိုတော့ ချီးကျူးပါတယ်။

‘မ’ အောင်မြင်တဲ့ လမ်းခရီးမှာ သရဖူတွေများစွာဆောင်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

ပျော်ရွှင်ပါစေ
မေသခင်ဦး (ခ) ယွန်း

အမှတ် (၈/၄၉)၊
သမိုင်းဘူတာရုံလမ်းသွယ်၊
(၂)ရပ်ကွက်၊
သခင်မင်း(၂)စားသောက်ဆိုင်တော၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

သို့

ဆရာမ ဆုမြတ်မွန်မွန်

ခင်မင်စွာဖြင့် စာရေးလိုက်ပါတယ်။ ကျွန်မက ဆရာမရဲ့ ပရိသတ်တစ်ဦးပါ။ ဆရာမရဲ့စာအုပ်တွေကို အမြဲအားပေးနေပါတယ်။ ဆရာမ စာအုပ်တွေ စောင့်ဖတ်ရင်း ဆရာမ ဒီထက်မက အောင်မြင်ပါစေလို့ ဆန္ဒပြုလျက် ...

အမြဲတမ်း ဆရာမရဲ့ပရိသတ်တစ်ဦး
ဖြစ်နေမဲ့

အေးသီရိဖြိုး (၈) စနိုး

ရ.က(၄) န.မ (၈)
နိုင်ရွှေဝါလမ်း၊
အိမ်အမှတ် (၁၆)၊
လားရှိုးမြို့၊
ရှမ်းပြည်မြောက်ပိုင်း။

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

ပထမဆုံး ညီမလေး မိတ်ဆက်စာရေးလိုက်ပါတယ်နော်။ ညီမလေးတို့က မဆုမြတ်ရဲ့စာဖတ်ပရိသတ်ပါနော်။ မဆုမြတ်ရဲ့ဝတ္ထုတွေထဲမှာဆိုရင် 'ကြယ်ကလေးရဲ့နှင်တံရယ်'၊ 'အငြိုးမြစ်' ရယ်၊ 'လသုံးစင်းနဲ့ကခုန်ခြင်း'ရယ်၊ 'လိမ္မော်ပင်ချိုရဲ့ကောင်းဘွိုင်'ရယ် အကုန်ကောင်းတယ်။ ညီမလေးတို့က မဆုမြတ်ရဲ့ဝတ္ထုကို ထွက်တိုင်း အမြဲအားပေးနေကျပါ။ မဆုမြတ်မွန်မွန် ထာဝရဝတ္ထုကောင်းကောင်းလေး ရေးနိုင်တဲ့ ဆရာမကြီး တစ်ယောက်ဖြစ်ပါစေလို့ ဆုတောင်းရင်း...

မဆုမြတ်မွန်မွန်ရဲ့ ထာဝရပရိသတ်

သုစာအေး

အေးသာယာ(၇)လမ်း၊
ရွှေဖူးပွင့်စာပေအနီး၊
မုံရွာမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစ်အစဥ်

သို့

မမ

သမီးက(၁၀)တန်းကျောင်းသူတစ်ယောက်ပါ။ 'မမ'ရဲ့ ဝတ္ထုတွေကို စဖတ်ခဲ့တာ (၈)တန်းကျောင်းသူဘဝတုန်းကမို့ သမီးအကြိုက်ဆုံးဝတ္ထုကတော့ 'အဆင့်မြင့်ရှည်းစားစကား' ပါ။ 'မမ'ရဲ့ဝတ္ထုတွေထဲက ဇာတ်ကောင်တွေပြောတဲ့စကားတွေက အရမ်းလန်းတယ်။ ဒါကလည်း စာရေးဆရာမရဲ့စိတ်ကူးတွေက လန်းလို့ပေါ့နော်။ သမီး အကြိုက်ဆုံးကတော့ 'ကိုယ်ယောင်ဖျောက်တဲ့နှင်းဆီတို့ရဲ့သခင်' ဝတ္ထုပါ။ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ဝတ္ထုထက အားပေးလာတဲ့ ပရိသတ်တစ်ယောက်အဖြစ် အသိအမှတ်ပြုပေးပါ။

မခင်နီနီကျော်(၈)သဲသဲ

အမှတ် (၆)၊
အနောက်ပိုင်းရပ်ကွက်၊
ဗိုလ်ချုပ်လမ်း၊
ပန်းတနော်မြို့။

စေတနာစာပေ

၏

အမှတ်တရအစ်အစဥ်

သို့

မဂ်လာပါ "မမွန်"

စာမရေးတာကြာလို့ မှတ်မိသေးရဲ့လား မသိဘူးနော်။ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ဇာတ်သိမ်းကို ဆက်ပြီးဖတ်ရလို့ အတိုင်းမသိ ဝမ်းသာကျေနပ်မိပါတယ်။ အခုထွက်တဲ့ 'အသည်းကြီးဝတ်ရည်' စာအုပ်ကိုဖတ်ပြီးတော့ စိတ်ထဲမှာတစ်မျိုးဖြစ်နေတယ်။

မမွန်

ကို

အမြဲထာဝရခင်မင်အားပေးလျက်

M.T.Z
ပေါ်တော်မူဘုရားရှေ့၊
ကျုံဒိုး၊
ကရင်ပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ

## ၏

## အမှတ်တရ အဓိအစဉ်

သို့

မင်္ဂလာပါ 'မမဆုမြတ်' ခင်မင်လေးစားစွာနဲ့ 'ထူး' စာရေးလိုက်ပါတယ်။ 'ထူး'က 'မမ'ဆီကို စာရေးမယ် ရေးမယ်နဲ့ မရေးဖြစ်ခဲ့ဘူး။ 'ထူး'က 'မမ'ရဲ့ဝတ္ထုတွေအကုန်လုံးကိုလည်း 'ထူး' အရမ်းကြိုက်တယ်။ တစ်ခါဖတ်ပြီးတာနဲ့ လက်နေမချချင်ရလောက်အောက်ကို'မမ'ရဲ့ဝတ္ထုတွေက အရမ်းဆွဲဆောင်မှုရှိတယ်။ 'မမ'ရဲ့ ဝတ္ထုထဲက ဇာတ်ကောင်နာမည်လေးတွေက ဆန်းဆန်းလေးနဲ့ကိုလှတယ်။ 'မမ'ရဲ့ဝတ္ထုထဲက ကဗျာလေးတွေကို 'ထူး' အရမ်းသဘောကျတယ်။ 'မမဆုမြတ်' တစ်ယောက် စာပေလောကမှာ အောင်မြင်မှုသရဖူပေါင်းများစွာနဲ့ ထူးချွန်ထက်မြက်သော စာရေးဆရာမ ဖြစ်ပါစေလို့ ထာဝရ ဆုတောင်းရင်း

'မမ'ကို ကမ္ဘာဆုံးတိုင်အောင်
အားပေးနေတဲ့
'ထူး'

'ထူး'ရဲ့လိပ်စာက

ထူးဝေခွင်
လက်မှုလုပ်ငန်းပညာကျောင်း
ရန်ကုန်တိုင်း

## စေတနာစာပေ

## ၏

## အမှတ်တရ အဓိအစဉ်

သို့

မဆုမြတ်မွန်မွန်

ညီမက အစ်မရဲ့ပရိသတ်တစ်ဦးပါ။ အစ်မ စာအုပ်တွေထဲက 'ပန်းတစ်ပွင့်၏မူပိုင်ရာသီဥတု' ကို အရမ်းကြိုက်လို့ စာအုပ်ဆိုင်ကနေတောင်ဝယ်ထားတယ်။ ညီမလည်းထွက်သမျှစာအုပ်ကို မပြတ်ဖတ်လာတာ အရမ်းကြိုက်ပါတယ်။ အပျော်လှုငယ်ဟာသလေးတို့၊ မင်းသားနဲ့မင်းသမီး မတည့်တာကနေ ကြိုက်သွားတာတို့ ရေးပါနော်။ ပြီးတော့ မင်းသားနဲ့မင်းသမီးကို အိမ်ထောင်မရှိဘဲ အပျိုစစ်စစ်တွေရေးပေးပါ။ အစ်မဆုမြတ်မွန်မွန်တစ်ယောက် စာပေလောကမှာ အောင်မြင်မှုများစွာကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

ထာဝရပရိသတ်

မမဥူသင်း

အမှတ် (၃၇၉၁)၊ အခန်း(၆၀)၊
တပ်နယ်(က)လိုင်းဗဟိုနိုင်ငံရေး၊
မင်္ဂလာခုံမြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မငယ်

အိမ့်ရဲ့ အဌမမြောက်စာလှာပါ မငယ်။ အခုဆို တော်တော်အောင်မြင်နေပြီနော်။ ဂုဏ်ယူပါတယ် မငယ်။ လေးလည်းလေးစားတယ်။ မငယ်ရဲ့အရေးအသားတွေ၊ idea တွေကို အရမ်းကြိုက်တယ်။ စကားလုံးတွေလည်း အရမ်းပြောင်မြောက်တယ်နော်။ မငယ် ဒီထက်မက အောင်မြင်ကျော်ကြားပါစေလို့ နေ့ဖြူကနေ ဆုတောင်းနေမယ်နော်။

ထာဝရ
ကောင်မလေး

နငယ်အိမ့်
အမှတ်–၁၅၄/ဓ၊
၁၁–ရပ်ကွက်၊ ၃–လမ်း၊
နေပြည်တော်မြို့နယ်၊ ရောဝတီတိုင်း။

စေတနာစာပေ

၏

အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ 'မမ' အတွက် ဆုတောင်းပေးလိုက်တယ်နော်။ 'မမ'ရဲ့ စာအုပ်တိုင်းကို မဖတ်ဖြစ်ခဲ့ပေမယ့် ဖတ်သမျှစာအုပ်တွေကိုတော့ အရမ်းကြိုက်မိပါတယ်။ 'ချစ်သူ၏နှလုံးသားရပ်ဝန်းတွင် မိုးခေါင်နေသည့်' စာအုပ်ကတော့ အကြိုက်တကာ့ အကြိုက်ဆုံးပါ။ စာအုပ်ထဲမှာပါတဲ့ ကဗျာကိုလည်း ကြိုက်လို့ ညီမရဲ့ကဗျာစာအုပ်ထဲမှာ ကူးယူထားမိပါတယ်။

'မမ' ဒီထက်မက အောင်မြင်ပါစေလို့ ဆုတောင်းရင်း

ဖြူဖြူဆန်း
ဖြူးဖြိုး

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မမမွန်
မင်္ဂလာပါ

ညီမလေးကမမမွန်ရဲ့ပရိသတ်တစ်ဦးပါ။ ညီမလေးက မမမွန်ရဲ့စာအုပ်တွေအားလုံးကို ကြိုက်ပါတယ်။ မမမွန်ရဲ့ပုံလေးက အရမ်းချစ်စရာကောင်းတယ်နော်။ မမမွန်က ရုပ်လည်းချောသလို စာရေးလည်းကောင်းတယ်။ မမမွန် စိတ်ချမ်းသာခြင်းနှင့် ပြည့်စုံပြီး နိုင်ငံကျော်စာရေးဆရာမကြီးတစ်ယောက်ဖြစ်ပါစေလို့ ဆန္ဒပြုလျက် ...

မမမွန်ရဲ့ ထာဝရပရိသတ်

အင်ကြင်း

အမှတ်(၃)ရပ်ကွက်
အားကစားကွင်းအနီး
ဝမ်းတွင်းမြို့။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

'မမြတ်မွန်'လို့ပဲ ခေါ်ပါရစေနော်။

'မ'ရဲ့ဝတ္ထုတွေကို October 2008 မှာထွက်တဲ့ စာအုပ်ကစပြီး ဖတ်ဖူးတာပါ။ အဲဒီအချိန်ကစပြီး 'မ'ရဲ့ဝတ္ထုတွေကို လတိုင်းဖတ်ပါတယ်။ ကျွန်တော်က စကားပြောတိုင်း English စာလုံးတွေ ညှပ်ညှပ်ပြောတဲ့ 'မ'ရဲ့ဝတ္ထုတွေကို အရမ်းသဘောကျတယ်။ 'မ'က အရမ်း talling ကြွယ်တယ်နော်။ စာအရေးအသားလည်း အရမ်းကောင်းသလို ရုပ်ရည်ကလည်း အရမ်းချောတာပဲ။ အရမ်းသဘောကျတယ်။ 'မ'ရဲ့ဝတ္ထုတွေကိုလည်း အရမ်းကြိုက်ပါတယ်။ မမြတ်ရဲ့နောက်ထွက်မဲ့ စာအုပ်တွေကိုလည်း အမြဲအားပေးနေမှာပါ။ 'မ' တစ်ယောက် ဒီ့ထက်ပိုပြီး ကောင်းတဲ့စာတွေကို ရေးနိုင်တဲ့ စာရေးဆရာမတစ်ယောက်ဖြစ်ပါစေလို့ ကျွန်တော် ဆုတောင်းလိုက်ပါတယ်။

မမြတ်မွန်ကို အမြဲအားပေးနေမယ့်
ပရိသတ်တစ်ဦးဖြစ်တဲ့

*Nyi Ma Lay*

မဆွေဇင်မြင့်
အမှတ် (၁၁) ရပ်ကွက်၊
၅-လမ်း၊ ပ[illegible]မြို့၊
မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

သို့

'မဆု'ကို ခင်မင်ရင်းနှီးစွာ ခေါ်ခွင့်ပြုပါနော်။

မင်္ဂလာပါ 'မဆု'... ရှင်သန်ခွင့်ရတဲ့ဘဝရဲ့ နေ့ရက်တိုင်းမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ကျွန်တော်ရဲ့စာလေးကို ရေးသားလိုက်ပါတယ်။ 'မဆု'ရဲ့ဝတ္ထုတွေကို ရုပ်ရှင်၊ ဗီဒီယိုအဖြစ် ပြန်လည်ရိုက်ကူးနေတဲ့အတွက် 'မဆု'ကို ပိုပြီး ဂုဏ်ယူမိပါတယ်။ လေးစားမိပါတယ်။ 'ဝတ္ထု ဆုမြတ်မွန်မွန်' ဆိုတာနဲ့ အဲဒီရုပ်ရှင်ဟာဖတ်ပြီးသားဝတ္ထုဖြစ်နေရင်တောင် ကျွန်တော် ငှားကြည့်လိုက်တယ်။ ရုပ်ရှင်ကြည့်နေချိန် စိတ်ထဲမှာကျိတ်ပြီး ချီးကျူးမိတယ်။ 'ဩော်ငါ့သိပ်နှစ်သက်တဲ့ဝတ္ထုဆရာမလေးဟာ ဒီလောက်တောင်အောင်မြင်နေပါလား'၊ 'မဆု'ရဲ့အချိန်တိုင်းခြေလှမ်းတိုင်းမှာ အောင်မြင်ခြင်းတွေနဲ့ ပြည့်နှက်နိုင်ပါစေလို့... ဆုတောင်းရင်း .... ။

နေမင်းထွန်း

အမှတ်-၆
မြစနှလမ်း၊ ဒုံကနီရပ်
မုံ့ပြီ
မွန်ပြည်နယ်။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

သို့

မမမွန်

မင်္ဂလာပါ။ ခင်မင်လေးစားစွာနဲ့ မမမွန်လို့ပဲ ခေါ်ပါရစေ။ ကျွန်တော် မိတ်ဆက်စာ တစ်ခါမှမရေးဘူး။ ပထမဆုံးမိတ်ဆက်စာမို့ အမှားအယွင်းပါရင် ခွင့်လွှတ်ပေးပါ။ မမမွန် idea တွေ အရမ်းကောင်းတယ်နော်။ စကားအသုံးအနှုန်းတွေ ဇာတ်အိမ်တည်ဆောက်ပုံတွေ အရမ်းခေတ်မီတယ်။ မမရဲ့စာအုပ်ကိုဖတ်ပြီးတိုင်း ရင်ထဲမှာ စွဲကျန်ခဲ့တာချည်းပဲ။ 'ချစ်သူတို့ရဲ့အခမ်းနားဆုံးအရာ'က စဖတ်မိတာ။ အဲဒီကစပြီး မမွန်လက်ရာတွေကိုအသည်းစွဲသွားတာ။ စာပေလောကဟာ ကောင်းကင်ကြီးဖြစ်မယ်ဆိုရင်တော့ စာရေးဆရာမတွေက ကြယ်စင်တွေပေါ့နော်။ မမမွန် အဲ့ဒီအထဲက အတောက်ပဆုံး ကြယ်စင်တစ်ပွင့်ဖြစ်ပါစေ။ အောင်မြင်မှုတွေနဲ့အတူ ထာဝရပျော်ရွှင်ပါစေလို့ ဆုတောင်း

လျက် ...

မမရဲ့ထာဝရပရိသတ်
ဈာန်မင်းသော်

အမှတ် (၅၃)၊
ဗိုလ်မြတ်ထွန်းလမ်း၊
ရွှေကူရပ်ကွက်၊ ဟသ်ာတမြို့၊
ဧရာဝတီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစ်အစဉ်

သို့

မမဆုမြတ်

မိတ်ဆက်စာတစ်ခါမှ မရေးဘူးလို့ အမှားပါရင် ခွင့်လွှတ်ပါ။ မမရဲ့စာအုပ်တွေကို အရမ်းကြိုက်တယ်။ မမက စာရေးတဲ့နေရာမှာ သိပ်တော်တာပဲ။ idea လည်း မြင့်သားနော်။ လေးလည်း လေးစားတယ်။ ခင်လည်း ခင်တယ်နော်။

ညီမလေး

အေးသဉ္ဇာလင်း

BURMESE CLASSIC .com

စေတနာစာပေ

၏

အမှတ်တရအစ်အစဉ်

သို့

မင်္ဂလာပါ မဆုမြတ်မွန်မွန်။

ညီမ မဆုမြတ်မွန်မွန်ကိုအစ်မလို့ပဲခေါ်ပါရစေ။ အစ်မရဲ့ စာအုပ်လေးတွေက အရမ်းကိုကောင်းပါတယ်။ ညီမလေး အစ်မရေးတဲ့ 'ချစ်ခြင်း၏ဟန်ဆောင်ခြင်းအတတ်ပညာ' စာအုပ်ကို ဖတ်ရတဲ့အခါ ညီမကိုယ်တိုင် ခံစားရသလိုမျိုးပဲ။ ညီမရင်ထဲမှာ အရမ်းကိုခံစားခဲ့ရတယ်။ အဲဒီဝတ္ထုကို အရမ်းကြိုက်တယ်။ အစ်မ ဝတ္ထုစာအုပ်လောကမှာ အောင်မြင်ကျော်ကြားနိုင်ပါစေလို့ ဆုတောင်းလျက် ...

အစ်မရဲ့ အချစ်ဝတ္ထုစာအုပ်ကို
စောင့်မျှော်နေမည်...

သုသုသွယ်
အမှတ် (၁၀၂)၊ သစင်လမ်း၊
မြစ်ငယ်ရပ်၊ မြိတ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စာပေ နှစ်ခြိုက်သူ စာဖတ်သူ

၏

## အမှတ်တရ အစီအစဉ်

သို့

မမလို့ပဲခေါ်မယ်နော်။

သမီးတို့က မမရဲ့အမာခံပရိသတ်တွေပါ။ မမရဲ့ထွက်ပြီးသမျှ စာအုပ်အားလုံး ဖတ်ပြီးသွားပါပြီ။ မမရဲ့စာအုပ်တွေကို ဖတ်နေရတဲ့အချိန်ဆိုရင် ဘာမှကို မလုပ်ချင်တော့ဘူး။ အဲဒါ မမရဲ့ စွမ်းအားထက်တဲ့ idea တွေကြောင့်ပဲ ထင်တယ်နော်။ မမရဲ့စာအုပ်တိုင်းက မတူညီတဲ့ ဆန်းသစ်မှုတွေနဲ့ ပရိသတ်တွေရဲ့ရင်ထဲကို အလွယ်တကူ ဝင်ရောက်နိုင်တယ်နော်။ သမီးတို့က 'ပန်းတစ်ပွင့်၏မှုပိုင်ရာသီဥတု' ကို အရမ်းကြိုက်တယ်။ အဲဒီထဲက စာသားတွေက အရမ်းလန်းတယ်။ မမတစ်ယောက် စာပေလောကမှာ အတောက်ပဆုံး ကြယ်တစ်ပွင့်အဖြစ် ထာဝရထွန်းလင်းနိုင်ပါစေလို့ ...

အစဉ်အားပေးနေမဲ့
သိရီ ၊ ဝိုင်းလေး ၊ ငယ်ငယ်

အမှတ် (၇၆၂)၊
ဆေးရုံကွက်သစ် (၃)လမ်း၊
တောင်ကုတ်မြို့။

BURMESE CLASSIC .com

စာပေ နှစ်ခြိုက်သူ စာဖတ်သူ

၏

## အမှတ်တရ အစီအစဉ်

သို့

မဆုမြတ်မွန်မွန်

အစ်မလုံးချင်းဝတ္ထုတွေမထွက်ခင် မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုဂါကတည်းက စိတ်ဝင်စားခဲ့ပါတယ်။ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်(ဖူးစာ)' စဖတ်ဖြစ်တယ်။ ဖတ်ပြီတော့ ရင်ထဲကို ရောက်ရှိသွားတယ်လို့ ခံစားရတယ်။ အဲဒီနောက်ပိုင်းထွက်သမျှ အကုန်ဖတ်ဖြစ်တယ်။ အခု နောက်ဆုံးထွက်တဲ့ 'ဖေဖော်ဝါရီ ၁၄' အထိ ဖတ်ပြီးသွားပြီ

လေးစားလျက်

အေးအေးနွယ်

အမှတ်-၂၆၃(ခ)၊
စိတ္တကျော်သူလမ်း၊
၇၀-ရပ်ကွက်၊
ဧ/၁၀၊

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါရှင်

ဆရာမဇာတ်လမ်းတွေ အရမ်းကြိုက်တယ်။ အရေးအသား အရမ်းကောင်းပါတယ်ရှင်။ ဇာတ်သိမ်းပိုင်းကိုတော့ရစေချင်ပါတယ်။ 'အနမ်းဆက်တိုင်း'၊ 'လသုံးစင်းနှင်းကခုန်ခြင်း'၊ 'နှုးညံ့ခြင်းပြိုင်ပွဲ' အရမ်းကောင်းပါတယ်။ စိတ်ထဲမှာတကယ့်ကိုခံစားရသလိုပဲ ကောင်းလွန်းလို့စွဲနေတယ်။ အနမ်းဆက်တိုင်းကိုအခွေငှားကြည့်ဖြစ်ပါတယ်။ တအားကို ကောင်းပါတယ်ရှင်။ ဆရာမရဲ့အရေးအသား၊ အယူအဆ၊ တအားကိုကောင်းပါတယ်ရှင်။ အဆင့်မြင့်ပါတယ်ရှင်။ ဆရာမ ဆက်ကြိုးစားသွားပါနော်။ အိန္ဒြေက ဆရာမရဲ့အမာခံပရိသတ်တစ်ယောက်ပါ။ ထာဝရအားပေးနေမယ် ..... ။

ရှင်လန်းပါစေ ...
နန်းအိန္ဒြေမြတ်မွန်(ခ)အိန္ဒြေ

ရန်ကြီးအောင်ဈေးအနီး
၄၃၆၊ မြစ်ကြီးနားမြို့၊
ကချင်ပြည်နယ်။

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

သို့

မဆုမွန်

ခင်မင်လေးစားစွာဖြင့် ပထမဆုံးစာရေးလိုက်ပါတယ်။ မဆုရဲ့ဝတ္ထုတွေက အရမ်းကောင်းပါတယ်။ မဆုမွန်ရဲ့ 'အကြင်နာများ ကောင်းကင်ယံသို့ လွှင့်တင်ထားသည်' ဝတ္ထုကိုဖတ်မိတဲ့အချိန်ကစပြီး မဆုမွန်ရဲ့ ထွက်သမျှ ဝတ္ထုတွေကို အကုန်ဖတ်တော့တာပဲ။ အားလုံးကို ကောင်းတယ်။

မဆုမွန် စာပေလောကမှာ အောင်မြင်မှု သရဖူကိုဆွတ်ခူးနိုင်ပါစေ။

မဆုကောဇင်

၈၈/၅/၆၀(ခ)
ချမ်းမြသာစည်မြို့နယ်၊
အောင်ပင်လယ်၊
မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မဆုမြတ်မွန်မွန်

သမီးက မဆုမြတ်မွန်မွန်ရဲ့ ပရိသတ်တစ်ဦးပါ။ ပထမဦးဆုံး မိတ်ဆက်စာမှာ အမှားပါရင် ခွင့်လွှတ်ပါ။ မဆုမြတ်ရဲ့ စာအုပ်တွေက အရမ်းကောင်းတာပဲ။ မဆုမြတ်ရဲ့စာတွေကို ဖတ်နေရတဲ့အချိန်မှာ အရမ်းရင်ခုန်ရတယ်။

မမရဲ့ပရိသတ်တစ်ဦးအနေနဲ့ အသိအမှတ်ပြုစေချင်ပါတယ်။

မဝင်းမာရွှေ

အမှတ်(၁) သပြုချိုင်
စောမကျိုလမ်း၊ ရမ်းဗြဲမြို့၊
ရခိုင်ပြည်နယ်။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

'မမ'

ငွန်း ရှိသေစွာ စာရေးလိုက်ပါတယ်။ 'အလွမ်းတိုင်းမရပ်တဲ့သံယောဇဉ်ရထား' စာအုပ်မှာ ငွန်းရဲ့မိတ်ဆက်စာပါတော့ မမကို အရမ်းကျေးဇူးတင်ပါတယ်။ မမရဲ့ဝတ္ထုစာသားတွေက ပရိသတ်ကို ဖွဲ့ဆောင်မှုအားကောင်းရုံမကဘူး။ တစ်ဖက်တစ်လှမ်းကနေ မမျှော်လင့်တဲ့အရာတွေကိုလည်း ဖန်တီးပေးနိုင်ပါတယ်။

မမရဲ့ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျပါစေလို့
ဆုတောင်းဂါရဝပြုရင်း

နှင်းအိချော(ခ) ငွန်ငွန်း

အမှတ်–၁၆၅၊ မောရဂီဝါရပ်၊
၇၅–လမ်း(၃၅×၃၄)ကြား၊
ချမ်းအေးသာစံမြို့နယ်၊
မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမမွန်

ပထမဆုံးအကြိမ်ရေးတာမို့ အမှားပါရင် ခွင့်လွှတ်ပါ သမီးက မမရဲ့ပရိသတ်တစ်ယောက်ပါ။ မမရဲ့ထွက်သမျှစာအုပ်တွေကို အမြဲဖတ်ပါတယ်။ စာအုပ်တိုင်းကလည်း တစ်မျိုးစီကောင်းပါတယ်။ မမ သမီး အမြဲအားပေးနေမှာပါ။

မမမွန် ရတုဆက်ဆက် အောင်မြင်မှုသရဖူ ဆောင်းနိုင်ပါစေလို့ ဆန္ဒပြုရင်း ...

မမကိုချစ်တဲ့ညီမငယ်

ယုလေး

1st Year (Eco)

မုံရွာစီးပွားရေးတက္ကသိုလ်

BURMESE CLASSIC .com

www.burmeseclassic.com